


# ကမ္ဘာကျေးဇူးရှင် ဂျော့ဝါရှင်တန် ကားဗား

# George Washinton Carver

Henry Thomas

ဦးတင်ဦး (ကျူရှင်)

2012.GRAPHIC DESIGN : KYAW MINN MOUNG

- ❒ "ဘယ်လောက်များများ လုပ်ခဲ့တယ် ဆိုတာက အရေးမကြီးဘူး။ ဘယ်လောက်ကောင်းအောင် လုပ်ခဲ့တယ် ဆိုတာက အရေးကြီးတယ်"
- ❒ "ကိုယ့်ကိုယ်ကို သနားနေသူဟာ ကိုယ့်ကိုယ်ကို ဖျက်ဆီးနေသူသာ ဖြစ်တယ်"
- ❒ "ပျော်ရွှင်စွာ နေလိုက ဘာလုပ်ရမည်ကို သိဖို့ လိုသည်သာမက ဘာမှမရှိဘဲ နေတတ်ဖို့လည်း လိုသည်။"
- ❒ "သူ့တပည့်များထံမှ သူ လိုချင်သည်မှာ *အကောင်းဆုံး အားထုတ်မှု* ဖြစ်သည်။ *အကောင်းဆုံးနီးပါး*ကို လိုချင်သည် မဟုတ်။ *နီးပါး* ဟူသော စကားသည် သူ့အဖို့ အသုံးကျလှသော စကား မဟုတ်။"

---

"ရှေ့ ဝါရှင်တန် ကားဇားဏ် ဥက္ကာပါရမီမျိုး၊ ဖွဲ့ ဝီရိယမျိုး၊ စိတ်ဓာတ်မျိုး အပြည့်မဟုတ်သော်တောင်မှ တစ်ဝက်လောက် ရှိအောင် ကြိုးစားနိုင်ကြမည်ဆိုလျှင် လူ့ဘဝကို အဖိုးတန်အောင် နေထိုင်သွားနိုင်သည့် သူတစ်ယောက် ဖြစ်လာနိုင်ပါသည်။"

ဘာသာပြန်သူ၏ အမှာစာ ... မှ။

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဦးတင်ဦး (ကျူရှင်)

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိဒေသ အတွင်းရှိ ညောင်ပင်သာရွာ၌ အဖ ဦးဂေါ်ရာ၊ အမိ ဒေါ်သန်းတို့က ၁၉ ဇန်နဝါရီ ၁၉၄၁ တွင် ဖွားမြင်သည်။ အမည်ရင်း ဦးတင်ဦး ဖြစ်သည်။ ၁၉၅၉ တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ထိုနှစ်တွင်ပင် ပျဉ်းမနား သကြားစက်တွင် အောက်တန်းစာရေးအဖြစ် စတင် လုပ်ကိုင်သည်။ ၁၉၆၇ တွင် ရန်ကုန်သို့ ရာထူးတိုးဖြင့် ပြောင်းလာပြီး အထည်အလိပ်လုပ်ငန်း ရုံးချုပ်၌ လုပ်ကိုင်ရင်း လုပ်သားကောလိပ်တွင် ဆက်လက် ပညာသင်ခဲ့သည်။ ၁၉၇၂ တွင် ဒဿနိကဗေဒ အဓိကဖြင့် ဝိဇ္ဇာဘွဲ့ရသည်။

၁၉၇၂ တွင်ပင် ဒေသန္တရ စက်မှုလက်မှု၊ လျှပ်စစ်နှင့် ဘွိုင်လာ စစ်ဆေးဦးစီးဌာနသို့ ပြောင်းရွှေ့ပြီးနောက် မန္တလေးတွင် အမှုထမ်းသည်။ ဝမ်းတွင်းမြို့နယ် စက်မှုလက်မှုရုံးနှင့် မကွေးတိုင်း စက်မှုလက်မှုရုံး၊ ထို့နောက် မန္တလေးတိုင်းစက်မှုလက်မှုရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် အငြိမ်းစား ယူခဲ့သည်။ သာဝတ္ထိ တွဲဖက် အထက (၁၉၈၀ – ၈၅)၊ ရေနီ တွဲဖက် အထက (၁၉၈၅ – ၉၀) တို့တွင် တွဲဖက် အထက်တန်းကျောင်းဆရာအဖြစ် ဆောင်ရွက်ရင်း သာဝတ္ထိ နေအိမ်တွင် ၂၀၀၂ အထိ အင်္ဂလိပ်စာ ကျူရှင်ဖွင့်၍ အတန်းစုံ သင်ပေးခဲ့သည်။ ၂၀၀၂ မှ ယခုအထိ မြန်မာတိုင်း(မ်)တွင် ဘာသာပြန်အရာရှိအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၆၀ – ၇၀ ကာလအတွင်း 'ပျဉ်းမနား မောင်သန္တာ' ကလောင်အမည်ဖြင့် ကဗျာများ ရေးသားခဲ့ဖူးသည်။ ၁၉၉၇ တွင် မြားနတ်မောင် မဂ္ဂဇင်းသို့ ပေးစာတစ်စောင် ရေးမိရာမှ 'ဦးတင်ဦး (ကျူရှင်)' ဟူသော ကလောင်အမည် ခံယူပြီး ၁၉၉၈ မှစ၍ စာပေလောကသို့ ပြန်ဝင်ခဲ့သည်။ ဝတ္ထုအချို့နှင့် အများစုအားဖြင့် ဆောင်းပါးများ ရေးသားလာခဲ့ရာ ယခုအခါ ဆောင်းပါး ၁၂၆၀ ကျော် ရေးသားခဲ့ပြီး ဖြစ်သည်။ ထုတ်ဝေပြီး ဆောင်းပါးပေါင်းချုပ်များမှာ **သမိုင်းစရိုက်တချို့ အကိုက်ခံရခြင်း** (၂၀၀၄)၊ **ဆင်တစ်ကောင်တည်းအပေါ် နှစ်ယောက်အတူစီး၍ စီးချင်းထိုးကြခြင်း** (၂၀၀၅)၊ **အကြောင်းမကောင်းသည့် ပြောင်းလဲခြင်း သံသရာများ** (၂၀၀၅)၊ **ဆိုင်းဘုတ်ကြီးကြီး စိတ်ဓာတ်** (၂၀၀၆)၊ **ပညာတတ်ခြင်း မတတ်ခြင်း** (၂၀၀၆)၊ **ပစ်စလက်ခတ် နေထိုင်ခြင်း** (၂၀၀၇)၊ **မိသားစု** (၂၀၀၈)၊ **မတော်တဆ လူ့ဘဝ** (၂၀၁၀)၊ **အကောင်းမြင် အမှန်တွေး** (၂၀၁၁)၊ **အတွေ့အကြုံနှင့် အတွေးအမြင်** (၂၀၁၁)၊ **နှလုံးသားနှင့် ကြည့်ပါ** (၂၀၁၁) တို့ ဖြစ်ကြသည်။ ထုတ်ဝေပြီး ဘာသာပြန် စာအုပ်များမှာ **နောက်ဆုံးအချိန် နောက်ဆုံးစကား** (၂၀၁၀)၊ **ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ပြဿနာ ဖြေရှင်းခြင်းဆိုင်ရာ မဟာဗျူဟာများ** (၂၀၁၁)၊ **ယနေ့ပင် ကောင်းဆောင် လုပ်** (၂၀၁၁) တို့ ဖြစ်ကြသည်။

'၅၉ မှ ၁၃ သို့ အလွန် မေတ္တာမိုးကြီး ဖြိုးဖြိုးသွန်' ဝတ္ထုတိုမှာ ၂၀၀၇ တွင် ဂျာမန်ဘာသာသို့ ပြန်ဆိုထုတ်ဝေခြင်း ခံခဲ့ရသည်။

## ၂၀၁၁-၂၀၁၂ ထုတ် ရာပြည့်စာအုပ်များ

၃၁၉။ ဆတိုင်းမှတ် ဦးကုလား၏ ခေမာဝှရ ဝတ္ထု
၃၂၀။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲပေါင်းချုပ်
၃၂၁။ စစ်ကိုင်း ဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ
၃၂၂။ ရွှေတောင်သီဟသူ၏ ရတနာ့ကြေးမုံ
၃၂၃။ မဟာဆွေ၏ တို့မေမေ
၃၂၄။ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ဝိမုတ္တိရသကျမ်း
၃၂၅။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ စာဏကျနီတိ လမ်းညွှန်ဖတ်စာ[၃ တွဲ ပေါင်းချုပ်]
၃၂၆။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ
၃၂၇။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းခွေး
၃၂၈။ တင်မောင်မြင့်၏ နွေကန္တာ [ DEEP SUMMER by Gwen Bristow ]
၃၂၉။ ဂုဏ်ဝင်း (မြန်မာပြန်)၏ တွမ်ဆောယား၏ စွန့်စားခန်းများ
၃၃၀။ တင့်တယ် ၏ ကမ္ဘာပလ
၃၃၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ တွင်းသင်း မြန်မာရာဇဝင်သစ် [ပထမတွဲ]
၃၃၂။ ခင်မြဇင်၏ ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ
၃၃၃။ မင်းကြီး မဟာသိရိဇေယသူ၏ ပိဋကတ်တော်သမိုင်း
၃၃၄။ ညိုဝင်း၏ မှောင်လွန်းသော ညများ
၃၃၅။ ဇန်းမော်တင်အောင်၏ ရိုးမတိုက်ပွဲ
၃၃၆။ များပုံ လှမိုးနွယ်၏ ကေသာရစ်ခွေ ပန်ပါလေ
၃၃၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ နီတိမဥ္ဇရီကျမ်း
၃၃၈။ မောင်မောင်ဖြူ၏ ရှေးဦးကာလ မြူထသောခါ
၃၃၉။ ပီမိုးနင်း၏ နေညိုညို
၃၄၀။ ကျော်အောင် (မြန်မာပြန်)၏ နှလုံးလှ ဆရာဝန်
၃၄၁။ ပီမိုးနင်း၏ နေရိရိ
၃၄၂။ မောင်သိန်း၏ သီ ကြား စေ
၃၄၃။ မောင်ဘသင်၏ မောင်တာဒေနော [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲ ပေါင်းချုပ်]
၃၄၄။ ဇော်ဂျီ (-နှင့် အခြား)၏ ကဲ့ကော်မြိုင်စာတမ်း
၃၄၅။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ် (ညောင်ရမ်းဆက်)၊ တတိယတွဲ
၃၄၆။ မောင်ခင်မင် (ဓနုဖြူ)၏ မောင်ရှပ်ဆိုးနှင့် မယ်မဒ္ဒီ ရှသစာတမ်းများ
၃၄၇။ တင်မောင်မြင့်၏ ပြစ်မှုနှင့် ပြစ်ဒဏ် [Crime and Punishment by Fyodor Dostoevsky]
၃၄၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမာလာကျမ်း
၃၄၉။ ပုလိပ်အရာရှိတစ်ဦး၏ ကိုယ်တွေ့စုံထောက်မှု
[လက်ပံတောင်ရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု]

## ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၃၅၁။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၅၂။ မြင့်သန်း၏ ကဘ(ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ
၃၅၃။ လင်းယုန်သစ်လွင် ၏ ဘုံကျွန်
၃၅၄။ ပြည့်စုံ၏ ပန်းရုံ
၃၅၅။ မင်းရှင် ၏ လမ်းပေါ်မှာ [ဖြည့်စွက်ထုတ်ဝေခြင်း]

ရာပြည့်စာအုပ် ၃၅၀

ဦးတင်ဦး (ကျူရှင်)

# ကမ္ဘာ့ကျေးဇူးရှင်
# ဂျော့ ဝါရှင်တန် ကားဗား

**George Washington Carver**

**HENRY THOMAS**

**ရာပြည့်စာအုပ်တိုက်**

အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁- ၃၇၇၉၅၂(ဆိုင်)

စာမူ ခွင့်ပြုချက်အမှတ် [၄၀၁ ၀၁၅ ၀၇ ၁၁]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၄၀၀ ၂၉၂ ၀၃ ၁၂]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
(စက်တင်ဘာ ၂၀၁၂)
အုပ်ရေ [၅၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တာဆောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

မျက်နှာဖုံး ပန်းချီ
ကျော်မင်းမောင်

❑

တန်ဖိုး
၁၅၀၀ ကျပ်

၉၂၃.၂

တင်ဦး၊ ဦး၊ (ကျူရှင်)
ကမ္ဘာ့ကျေးဇူးရှင် ဂျော့ဝါရှင်တန်ကားဗား/ဦးတင်ဦး (ကျူရှင်)
– ရန်ကုန်၊ ရာပြည့်စာပေ၊ (ပ) ကြိမ်၊ စက်တင်ဘာ ၂၀၁၂။
၁၅၀–စာ၊ ၁၃ x ၂၁ စင်တီ။
(၁) ကမ္ဘာ့ကျေးဇူးရှင် ဂျော့ဝါရှင်တန်ကားဗား
(၂) မူရင်းစာအုပ်အမည် – George Washington Carver by Henry Thomas

# မာတိကာ


| | | |
|---|---|---|
| - | အမှာစာ | ၈ |
| ၁။ | ကလေး ပြန်ရဖို့ မြင်းတစ်ကောင်နှင့် ရွေးရ | ၉ |
| ၂။ | သစ်ပင် ဆရာဝန်ကလေး | ၁၅ |
| ၃။ | မိုးကုပ်စက်ဝိုင်း ဟိုမှာဘက်က ကမ္ဘာ | ၂၄ |
| ၄။ | ၁၀ နှစ်သားတွင် လမ်းသစ်ထွင်သူ | ၃၂ |
| ၅။ | အလင်းရှိရာသို့ ခရီးနှင် | ၄၀ |
| ၆။ | ကိုယ့်ကိုယ်ကို သနားသည် ဆိုတာ အသုံးမကျသော စကားပါ | ၄၉ |
| ၇။ | နောက်ဆုံးတော့ လမ်းပေါက်တည့်သွားသည် | ၅၆ |
| ၈။ | ကောလိပ်ကျောင်းသား ကျော့ကားဗား | ၆၁ |
| ၉။ | ကျွန်ုပ်တို့ လူမျိုးကို ကူညီလှည့်ကြဘိ | ၇၂ |
| ၁၀။ | လှည်းပေါ်က ကောလိပ်ကျောင်း | ၈၅ |
| ၁၁။ | ရှုံးနိမ့်ခြင်းသည် အောင်မြင်ခြင်းအတွက် ခြေတစ်လှမ်း | ၉၁ |
| ၁၂။ | ဖုံးကွယ်နေသော ရတနာများ | ၉၈ |
| ၁၃။ | '၁၀ မိနစ်ပဲ အချိန်ပေးမယ်' | ၁၀၈ |
| ၁၄။ | ကျွန်တော် ရောင်းတာက လူသားအချင်းချင်း ချစ်ကြည်နားလည်မှုပါ ခင်ဗျား | ၁၂၁ |
| ၁၅။ | စော်ကားခံရမှုများနှင့် ဂုဏ်ပြုမှုများ | ၁၃၀ |
| ၁၆။ | နှစ်၏ အထူးခြားဆုံးလူ | ၁၃၉ |
| ၁၇။ | နေဝင်ချိန်နှင့် ညချမ်းကြယ် | ၁၄၆ |

# အမှာစာ

စာဖတ်သူများ၏ လက်ဝယ်သို့ ရောက်ရှိနေသော ဤစာအုပ်ကား ကျွန်တော်၏ ဒုတိယမြောက် ဘာသာပြန်စာအုပ် ဖြစ်ပေသည်။

ဤစာအုပ်နှင့် ပတ်သက်၍ ကျွန်တော့်မှာ ပြောစရာစကား များများ မရှိပါ။ သို့ရာတွင် လူငယ် စာဖတ် ပရိသတ်များကိုမူ ဤစာအုပ်မျိုး ဖတ်ကြည့်ထိုက်သည် ဟုတော့ ပြောလိုပါသည်။ ရဲဘော်ဝါရှင်တန်ကားဗား၏ ဉာဏ်ပါရမီမျိုး၊ ခွဲ ဝီရိယမျိုး၊ စိတ်ဓာတ်မျိုး အပြည့် မဟုတ်သော်တောင်မှ တစ်ဝက်လောက် ရရှိအောင် ကြိုးစားနိုင်ကြမည် ဆိုလျှင် လူ့ဘဝကို အဖိုးတန်အောင် နေထိုင်သွားနိုင်သည့် သူတစ်ယောက် ဖြစ်လာနိုင်ပါပေသည်။

ရာပြည့်ဦးစိုးညွှန့်၏ တိုက်တွန်း မေတ္တာရပ်ခံချက်ကြောင့် ဤစာအုပ်ကို ကျွန်တော် ဘာသာပြန်ဖြစ်သွားသည် ဖြစ်ရာ ထိုအတွက် ဆရာဦးစိုးညွှန့်ကို ကျေးဇူးတင်ပါသည်။ ကျွန်တော့်စာများကို အားပေး ဖတ်ရှုနေကြသော စာဖတ်ပရိသတ်တို့အားလည်း ကျေးဇူးတင်နေရပါပေသည်။

**ဦးတင်ဦး (ကျူရှင်)**

၂၀၁၁ ခုနှစ် မေလ (၁၇) ရက်။



# အခန်း (၁)

## ကလေးပြန်ရဖို့ မြင်းတစ်ကောင်နှင့် ရွေးရ

ဂျော့ ဝါရှင်တန် ကားဗားသည် ကျေးကျွန် မိသားစုမှ ပေါက်ဖွားလာသူ ဖြစ်သည်။ သူ၏ မွေးလ၊ မွေးရက် အတိအကျကို မည်သူမျှ မှတ်မထား။ သူ့ကို မွေးသည်မှာ ၁၈၆၄ ခုနှစ်ခန့်တွင် ဖြစ်သည် ဟူ၍လောက်သာ ပြောနိုင်ကြသည်။ သူ လူ့လောကထဲသို့ လူ့အဖြစ် ရောက်လာသည်မှာလည်း ယုန်ကလေးတစ်ကောင်၊ ရှဉ့်ကလေးတစ်ကောင် မွေးလာသည်နှင့် ဘာမျှ မခြား။ မည်သူမျှ စိတ်ဝင်စားလှသည် မဟုတ်ပါ။ သို့ရာတွင် ကားဗား ကြီးလာသောအခါ ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော သိပ္ပံပညာရှင်ကြီး တစ်ဦး ဖြစ်လာခဲ့လေသည်။

သူ၏ အအောင်မြင်ဆုံး အလုပ်ကား မြေပဲနှင့် ပတ်သက်၍ ဖြစ်သည်။ သူ့ခေတ်၊ သူ့အခါတုန်းကမူ ယခုအခါ peanut ဟု ခေါ်သော မြေပဲကို အမေရိကန် တောင်ပိုင်း၌ goober ဟု ခေါ်ဝေါ်ကြပေသည်။ ကားဗား၏ သက်တွေ့ စမ်းသပ်မှုလုပ်ငန်းများ မတိုင်ခင်ကမူ မြေပဲ ဟူသည် ဘာမှ အသုံးမကျသောအပင်၊ ဝက်စာကျွေးဖို့လောက်သာ အသုံးဝင်သောအပင်

ဟူ၍ လူအများက မြေပဲကို နှာခေါင်းရှုံ့ကြပါသည်။ သို့ရာတွင် ကားဗားသည် လက်တွေ့ စမ်းသပ်မှုတွေ အောင်မြင်အောင် လုပ်လာနိုင်ပြီးသည့်အခါ ထို အသုံးမကျဘူး ဆိုသည့် မြေပဲမှနေ၍ ထုတ်ကုန် အမျိုးပေါင်း သုံးရာ ထုတ်ယူနိုင်ခဲ့သည်။ ထိုအပင်ကိုပင် စီးပွားကုန်ထုတ်လုပ်ငန်းတစ်ခု အနေသို့ ရောက်အောင် စိုက်ပျိုးလာနိုင်ခဲ့သဖြင့် အမေရိကန် တောင်ပိုင်းမှ တောင်သူ လယ်သမားများသည် တစ်နှစ်လျှင် ဒေါ်လာ သန်း ၂၅၀ ကျော် ဝင်ငွေ ရအောင် လုပ်နိုင်ခဲ့လေသည်။

အောက်ကျနောက်ကျ လူတန်းစားထဲမှ လူတစ်ဦး၏ ပါရမီဉာဏ်ထူး ကြောင့် ယခင်က လူတွေ နှာခေါင်းရှုံ့ခဲ့ကြသော အပင်သည် ကမ္ဘာကျော် သော အဆင့်သို့ ရောက်ခဲ့လေသည်။ တစ်နေ့တွင် ဒေါက်တာကားဗားသည် အယ်လ်ဘားမား ပြည်နယ်မှ တပ်စ်ကီးဂီး တက္ကသိုလ်တွင် သူ၏ တပည့် ကျောင်းသားများအား ဟောပြောပို့ချနေရင်း မြေပဲနှင့် ပတ်သက်၍ သူ လုပ် ကိုင်ချင်စိတ် ရှိလာပုံအကြောင်းကို ပြောပြသည်။ အမြဲသဖြင့် ဘာသာရေး ကိုင်းရှိုင်းနေတတ်သူ ကားဗားက သူ့အဖြစ်အပျက်ကို ဤသို့ ပြောပြသည်။

'ဆရာက ဓာတ်ခွဲခန်းထဲ ဝင်သွားပြီး အခုလို ပြောပါတယ်။ "အို … ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်၊ စကြဝဠာကြီးကို ဘာအတွက် ဖန်ဆင်း ခဲ့သလဲ ဆိုတာကို တပည့်တော်အား ပြောပြပါလော"

'ဒီအခါ ထာဝရ ဘုရားသခင်က အခုလို ပြန်ပြောတယ်။ "ချစ်သား၊ သင်သည် ကိုယ့်ပမာဏနှင့်မမျှ သိချင်တာက များလှစွတကား။ ကိုယ်နှင့် တန်ရာမျှလောက်သာ မေးပါလား"

'ဒီအခါ ဆရာက "အရှင် ဖန်ဆင်းရှင်ဘုရား၊ လူသားမျိုးနွယ်ကို အဘယ်အတွက် ဖန်ဆင်းတော်မူခဲ့ပါသနည်း" လို့ မေးပါတယ်။

'အဲဒီတော့တစ်ခါ ထာဝရ ဘုရားသခင်က ဒီလို ပြန်ပြောပါတယ်။ "ကောင်ကလေး၊ သင်သည် အမေးအမြန်း ထူနေပြန်၏တကား။ သင် သိနိုင်တာနှင့် တန်ရုံမျှလောက်သာ မေးပါလော။ သင်တောင်းတာ များလွန်း နေဆဲပင် ဖြစ်သည်"

'ဒီအခါ ဆရာက ဒီလို မေးပါတယ်။ "ရှင်တော်ဘုရား၊ မြေပဲကို ဘယ်အတွက် ဖန်ဆင်းထားပါသနည်း"

'ဒီတော့ ထာဝရ ဘုရားသခင်က အခုလို ဖြေကြားပါတယ်။ "ဒီ မေးခွန်းသည်ပင်လျှင် သင့်ဉာဏ်နှင့်မမျှ များလွန်းနေသေးတော့သည်။ သို့ပင်

ဖြစ်သော်လည်း ငါ ဘုရားသခင်က သင့်အား မြေပဲ လက်တစ်ဆုပ် ပေးလိုက်ပါအံ့။ မြေပဲကို အခွံခွာနည်းကိုလည်း ပြလိုက်ပါအံ့။ ခွာထားသော အခွံကို ပြန်ပြီး ဈေးသွားအောင် လုပ်ပုံကိုလည်း ပြလိုက်ပါအံ့"

'အခု ပြောပြလိုက်တဲ့ ဟာကတော့ ဘုရားသခင်က ဒီမြေပဲပင်က ထုတ်ယူနိုင်တဲ့ နည်းတွေကို ဆရာ့ကို သင်ပြပေးလိုက်တဲ့အတိုင်း ဆရာ မြေပဲကနေ ထုတ်ကုန်ပစ္စည်းတွေ ထုတ်ယူလာနိုင်ခဲ့ပုံ အကြောင်းပါပဲ'

ကားဗားက သူ လုပ်ခဲ့သမျှ လက်တွေ့ စမ်းသပ်မှုတွေကို သူသည် သူ၏ ဓာတ်ခွဲခန်း စားပွဲ၌ ထာဝရ ဘုရားသခင်နှင့် အတူလက်တွဲ၍ လုပ်ခဲ့ခြင်း ဖြစ်သည်ကို သူ့တပည့် ကျောင်းသားများ သိစေချင်ကြောင်း ပြောပြခဲ့လေသည်။

*

ဂျော့ဝါရှင်တန် ကားဗား၏ ဘဝအစကို ကြည့်လိုက်ပါလျှင် တစ်ချိန်၌ ဤသို့သော အောင်မြင်သည့် သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာလိမ့်မည်ဟု တွေးဝံ့ကြမည် မဟုတ်ပါပေ။ ကားဗားသည် မွေးခါစ လေးငါးလသား အရွယ်လောက်မျှလောက်မှာပင် ပြန်ပေးအဆွဲခံရကာ ကံကောင်း၍ မသေခဲ့သူ ဖြစ်သည်။ အမေရိကန် ပြည်တွင်းစစ်ကြီး ပြီးခါနီး အချိန်လောက်တွင် တောပုန်း သူပုန်ဂိုဏ်းများ၏ ခိုးဆိုးတိုက်ခိုက်မှုများ နိုင်ငံ အနှံ့အပြား၌ ပေါ်ပေါက်သည်။ ၁၈၆၅ ခုနှစ် ဇန်နဝါရီလ၏ နှင်းတွေခဲနေသော ညတစ်ညတွင် ဂျော့၏မိခင် မေရီသည် မစ်ဇူရီပြည်နယ် ဒိုင်းမွန်းဂရို့ဗ်မြို့ရှိ သူတို့၏ ကျေးကျွန်တို့အတွက် ပေးထားသော အခန်းငယ်ကလေးထဲ၌ သားကလေးကို ပုခက်လွှဲ၍ သိပ်နေသည်။ ဂျော့ကလေးသည် ချောင်းတဟွပ်ဟွပ်နှင့် တညည်းညူညူ ဖြစ်နေ၏။ ပြည်တွင်းစစ်ကြီးအတွင်း၌ ငတ်ကြ ပြတ်ကြ၊ အအေးဒဏ်ကို ခံကြရခြင်းတို့မှာ ဆင်းရဲသားများ၏ အတိဒုက္ခတွေထဲမှ တစ်စိတ်တစ်ပိုင်း ဖြစ်ရာ ဂျော့ကလေးမှာ ထိုပြည်တွင်းစစ်၏ အတိဒုက္ခဒဏ် ခံရပြီး ထိုသို့ ဖြစ်နေခြင်းပင်။

မကြာသေးမီကပင် မေရီသည် ကြေကွဲဖွယ် သတင်းဆိုးကို ရထား၏။ သူ၏ ခင်ပွန်းသည် အနီးအနားရှိ စိုက်ခင်းထဲတွင် အလုပ်လုပ်ရင်း သစ်လုံးကြီးတစ်လုံး ပိ၍ သေဆုံးသွားပြီ ဟူသော သတင်း ဖြစ်ပေသည်။ အားထားရာ လင်သား မရှိတော့သောအခါ မေရီမှာ ကလေးသုံးယောက်နှင့်

ကျန်ရစ်ခဲ့လေသည်။ ကလေးတွေမှာ ငယ်လှသေးသည်။ သားကလေး နှစ်ယောက်နှင့် သမီးကလေး တစ်ယောက်တို့ ဖြစ်သည်။ ဂျော့ကလေးမှာ ထိုသုံးယောက်သော ရင်သွေးများတွင် အငယ်ဆုံး ဖြစ်သည်။ ချူချာလွန်းသည့် ကလေးကလေး ဖြစ်ရာ၊ သက်ဆိုးရှည်မည်ဟုပင် ထင်မထားကြပေ။

မေရီသည် ဂျော့၏ ပုခက်ကို မီးဖိုအနီးသို့ ရွှေ့နေစဉ် ရုတ်တရက် တံခါးပွင့်လာ၏။ သူတို့၏ပိုင်ရှင် ဂျာမန်ကြီး မိုးဇက် ကားဗားသည် အခန်းထဲသို့ အပြေးဝင်လာသည်။ 'မေရီ၊ ပြေး ပြေး' ဟု အော်ပြောသည်။ 'မျက်နှာဖုံးစွပ် မြင်းစီး လူဆိုးတွေဟေ့' ဟု ဆိုကာ လယ်သမားကြီး ကားဗားသည် အကြီးကလေး ဂျိမ်းကို အိပ်ရာခုတင်ပေါ်မှ လှမ်းဆွဲယူကာ အမှောင်ထုထဲသို့ ပျောက်ကွယ်သွားလေသည်။

သို့ရာတွင် မေရီသည် ကြောက်လွန်း၍ ကြက်သေသေကာ စိုင်စိုင်ကြီး ရပ်နေသည်။ မိနစ် အနည်းငယ် ကြာပြီးနောက် မေရီ၏ပိုင်ရှင် ဂျာမန်ကြီး ကားဗားသည် ကျေးကျွန်များ အခန်းသို့ ပြန်ရောက်လာသည့်အခါ မေရီနှင့် ဂျော့ကို မတွေ့ရတော့ပေ။ မေရီ၏ သမီးကလေး အလောင်းကိုသာ တံခါး၏ အပြင်ဘက်တွင် တွေ့ရလေသည်။ မေရီတို့ သားအမိကား ထွက်ပြေးသွားပုံ ရပေသည်။

ရက်အတော်ကြာချိန်အထိ ၎င်းတို့ သားအမိ၏ သတင်းကို မကြားရပေ။ သို့ရာတွင် နောက်ဆုံး၌ အိမ်နီးချင်း တစ်ဦးထံမှ သတင်းရသည်။ ထိုအိမ်နီးချင်းသည် လူဆိုးများနှင့် ဆက်သွယ်မိခဲ့သည် ဆို၏။ 'ခင်ဗျားရဲ့ မြင်းကို ပေးရင် မေရီနဲ့ သူ့သားကလေးကို သူတို့ ပြန်ပေးလိမ့်မယ်' ဟု ထို အိမ်နီးချင်းက ပြောလေသည်။

မိုးဇက် ကားဗားသည် ချီတုံချတုံ ဖြစ်နေသည်။ သူသည် သဘောနလုံးကောင်းသူတစ်ဦး ဖြစ်သည်ကား မှန်၏။ သို့ရာတွင် သူ့မြင်းနှင့် မေရီတို့ သားအမိကို အလဲအလှယ် ပြုဖို့ကိုမူ သူ လုပ်နိုင်မည် မထင်။ စစ်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ခံလိုက်ရပြီးနောက်တွင် အဖိုးတန်ပစ္စည်း ဟူ၍ ဤမြင်းသာ သူ့မှာ ကျန်တော့သည်။ သူ့လယ်ယာလုပ်ငန်းကို ပုံမှန်ဖြစ်အောင် ပြန်လုပ်ရန်အတွက် ဤမြင်းကို မုချ လိုပေသည်။ သို့ရာတွင် တစ်ဖက်က ကြည့်ပြန်တော့ မေရီသည် ကျေးကျွန်ကောင်းတစ်ဦး ဖြစ်နေ၏။ သူ့ကိုလည်း သနားမိသည်။ ကလေးငယ်ကလေးကတော့ ထားပါတော့။ သည်မျှ ချူချာလှသည့် ကောင်ကလေးသည် အသုံးဝင်လောက်စရာလည်း မရှိတော့

ပါ။ သို့ရာတွင် ဤ ဘာမဟုတ် ညာမဟုတ် "အသုံးမကျ" သူကလေးသည် ပင်လျှင် လူသားတစ်ဦး ဖြစ်နေပြန်၏။ ကားဗားသည် ကရုဏာမသက်ဘဲ မနေနိုင်ပြန်ပေ။ သို့ဖြင့် နောက်ဆုံးတော့ 'အေးပေါ့လေ၊ မေရီနဲ့ ကျောကလေး အတွက် ငါ့မြင်းကိုပဲ ပေးရတော့မှာပေါ့' ဟု ကားဗားက ပြောလိုက်လေ သည်။

အိမ်နီးချင်းသည် ကားဗား၏ မြင်းကို စီး၍ ထွက်ခွာသွားပြီး သီတင်း တစ်ပတ်ခန့် အကြာတွင် ပြန်ရောက်လာသည်။ သူနှင့်အတူ ယူဆောင်လာ သည်ကား သူ၏ ကုတ်အင်္ကျီထဲတွင် ထည့်၍ ထုပ်လာသော အထုပ်တစ်ထုပ် ဖြစ်၏။ ထိုအထုပ်ထဲတွင်ကား တအီအီ ငိုနေသော ကလေးငယ်ကလေး။ အသက်ပင် ရှိသေးသော်လည်း အလွန်တရာ ဖျားနာနေသော ကလေးငယ် ကလေး ဖြစ်ပေသည်။

'ရှေးယူရမယ့် ပဋ္ဌည်းနဲ့ ကျွန်တော် ရောက်သွားတဲ့အခါ မေရီကို ဘယ်မှာမှ မမြင်မတွေ့ရတော့ဘူး။ သူတို့ သူ့ကို မြစ်အကြောက် ခေါ်ဆောင် သွားပြီး ကျွန်အဖြစ် ရောင်းပစ်လိုက်ကြတာ ဖြစ်မယ်။ ဒါပေမဲ့ ကလေးလေး ကိုတော့ လူဆိုးနှစ်ယောက်နဲ့အတူ ထားခဲ့တာကို တွေ့ရပါတယ်' ဟု အိမ် နီးချင်းက ပြန်ပြောပြသည်။

'မြင်းကကော' ဟု ကားဗားက စိုးရိမ်တကြီး မေးသည်။

'သူတို့က မြင်းကိုပေးမှ ကလေးကို ပေးမယ်လို့ပဲ ပြောနေကြတယ် လေ' ဟု အိမ်နီးချင်းက ပြန်ဖြေလေသည်။

ဤသို့ဖြင့် ကားဗားသည် မြင်းကောင်းတစ်ကောင်ကို ဆုံးရှုံးခဲ့ပြီး ချူချာချာ ကျွန်ကလေးငယ်ကလေးကို ရလိုက်လေသည်။ သို့ရာတွင် သူ၏ ဇနီး ဆူဇန်က စို့ရွဲနေသော မနှစ်မြို့ဖွယ် အထုပ်ကလေးကို ထွေးပိုက်ယူ လိုက်ပြီး 'ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ အသက်ရှင်နေဆဲတော့' ဟု ပြော လေသည်။

ဤသို့ သေကံမရောက် သက်မပျောက်ဘဲ ကယ်သူနှင့် တွေ့ခဲ့ပြီး နောက် သီတင်းပတ် အတော်ကြာမျှ ကလေးငယ်လေးသည် ရပ်နားသည် မရှိသလောက်နီးပါး ချောင်းတဟွပ်ဟွပ် ဆိုးနေလေသည်။ သူ နေကောင်း လာသည့်အခါတွင်ကား အသံမထွက်တော့သလောက် ဖြစ်သွားလေသည်။ ချောင်းဆိုးရောဂါကြောင့် ကလေးငယ်၏ အသံထွက်စေသော အကြောအမျှင် များ ထိခိုက်ကုန်သည်။ မတ်တတ်ရပ် လမ်းလျှောက်တတ်သည့် အရွယ်သို့

ရောက်လာသော အခါတွင်မှ အသံကလေး ထွက်လာနိုင်သည်။ ကလေးငယ်ကလေးသည် ကြုံလိုလှပေရာ လေတိုးလျှင် လဲတော့မလောက်ပင် ဖြစ်ပါပေသည်။

သို့ရာတွင် သူ့လျှာက မပြောတတ်သည်ကို သူ့မျက်လုံးများက ပြောတတ်သည်။ 'ကျွန်မဖြင့် ဒီလောက် အသိဉာဏ်ထက်တဲ့ မျက်လုံးမျိုးကို တစ်ခါမှ မမြင်ဖူးခဲ့ပါဘူးရှင်' ဟု ဆူဇန်က ပြောလေသည်။

'ဘယ်လောက် အသိဉာဏ်တွေ ထက်မြက်တဲ့စိတ်ပဲ ဖြစ်ဖြစ် ဒီလောက် ကြုံလှီသေးငယ်တဲ့ ခန္ဓာကိုယ်အတွင်း ပိတ်မိနေမှတော့ ဘယ်မှာ အသုံးကျနိုင်တော့မလဲကွာ' ဟု ကားဗားက ပြောသည်။

'ဘုရားသခင်က သိပါတယ်ရှင်၊ ကျွန်မတို့ကို မွေးကျွေးစောင့်ရှောက်ဖို့ ရှင်တော်မြတ်က ယုံကြည်ပုံအပ်ခဲ့တာပေကပဲ' ဟု ဇနီးဖြစ်သူက ပြန်ပြောသည်။

'ကဲပါ ... ကောင်းပါလေ့ဗျာ၊ ငါကလည်း ယုံကြည်စွာနဲ့ပဲ နေသွားပါမယ်'

'ကျွန်မကလည်း အဲဒီလိုပါပဲရှင်' ဟု ဆူဇန်က ပြောလိုက်သည်။

ဤသို့အားဖြင့် ကားဗားတို့ မောင်နှံသည် မေရီ၏ သတင်းအစအနလည်း မရတော့ပေရာ ဂျော့ကလေး၏ အမိအဖ နှစ်ပါး အဖြစ်သို့ ရောက်ခဲ့ရလေသည်။ ကလေးကလေးကိုလည်း ကားဗား ဟူသော သူတို့၏ မိသားစုအမည်ဖြင့် မှည့်ခေါ်ကာ သူတို့၏ နှလုံးသားများထဲ၌ ကြင်နာယုယသောနေရာတစ်နေရာ ပေးထားခဲ့ကြလေသတည်း။



## အခန်း (၂)

## သစ်ပင် ဆရာဝန်ကလေး

ကာလအတန်ကြာသောအခါ ကျော့၏ အသံထွက်စေသော အကြောအမျှင်များသည် ပြဿနာမရှိတော့ပေ။ အသံထွက်လာသည်။ သူ၏အသံကား အာခေါင်ခြစ်သံနှင့် ပြောသော အသံမျိုး ဖြစ်နေပြီး အသံရှိန်က မြင့်သည်။ သို့ရာတွင် ယခုအခါ ယခင်ကလို မဟုတ်တော့ဘဲ စကားတော့ ပြောနိုင်ပြီ ဖြစ်သည်။

စကားပြောနိုင်၊ ပြောတတ်သည်နှင့် တစ်ပြိုင်နက် မေးခွန်းတွေ မေးတော့သည်။ ဘယ်ဟာက ဘာကြောင့် ဖြစ်တာလဲ ဟူ၍ အရာရာကို သိချင်နေတော့သည်။ "ဘာကြောင့် နေက အရောင်ထွန်းလင်းရတာလဲ။ မိုးက ဘာကြောင့် ရွာတာလဲ။ ဘာကြောင့် သက်တံများနှင့် သစ်ပင်များသည် အရောင်တွေ အများကြီး မရှိကြတာလဲ။ ဘာကြောင့် လူတွေက ညိုမည်းတဲ့ အသားအရောင်ရှိတဲ့ ကလေးများကို ရယ်စရာ လုပ်ကြပြီး ဘာကြောင့် ညိုမည်းသော ပန်းပွင့်ကလေးတွေကိုတော့ ရယ်စရာ မလုပ်ကြတာလဲ။ ကျွန်တော် အဲဒါတွေ ဘာကြောင့် ဖြစ်ရတယ် ဆိုတာကို ပြောနိုင်ချင်လိုက်တာ"

သူသည် သစ်ပင်တွေ အမျိုးမျိုး၊ ပိုးမွှားတွေ အမျိုးမျိုးကို အိမ်ထဲသို့ ယူလာပြီး 'အန်တီဆူဇန်၊ ကျွန်တော့်ကို ရှင်းပြစမ်းပါဦး' ဟု ပြောတတ်သည်။ သို့ရာတွင် သူ့အဒေါ် ဆူဇန်ကမူ သူ သိလိုတာတွေကို မဖြေတတ်ပါပေ။ ထို့ကြောင့် သူသည် ငါ့ဘာသာ သိအောင်လုပ်တော့မည်ဟု ဆုံးဖြတ်သည်။ သူသည် အိုဇုတ်တောင်ကုန်း၏ တောင်ခြေတွင် ဥယျာဉ်တစ်ခုကို ဖျိုးသည်။ အိုဇုတ်တောင်ကုန်းမှာ ကာဗားတို့အိမ်မှ သိပ်မဝေးလှပါ။ သူသည် သူ၏ ထိုဥယျာဉ်ထဲတွင် သစ်ပင်ကလေးတွေကို ဂရုတစိုက် စောင့်ရှောက်သည်။ ထိုသစ်ပင်ကလေးတွေ ကြီးထွားလာသည့် အသံကို နားထောင်၏။ သစ်ပင်ကလေးတွေ နာဖျားသောအခါ ပြုစု စောင့်ရှောက်ပေးသည်။

ထိုဥယျာဉ်မှာ လျှို့ဝှက်ဥယျာဉ် ဖြစ်သည်။ ပထမတွင် ထိုဥယျာဉ် ရှိမှန်းကို အန်ကယ်မိုးဇက်လည်း မသိ။ [ဂျော့က မစ္စတာ ကာဗားကို အန်ကယ်မိုးဇက်ဟု ခေါ်သည်။] အန်တီဆူဇန်လည်း ဘာမျှ မသိခဲ့။ နောက်တော့ ကာဗားတို့ ဇနီးမောင်နှံသည် သိချင်လာ၏။ အဘယ်ကြောင့်ဆိုသော် သူသည် မနက် မနက်ဆိုလျှင် အိမ်က အစောကြီး ထွက်ထွက်သွားပြီး မှောင်မှ ပြန်ပြန်လာသောကြောင့် ဖြစ်သည်။ တစ်နေ့တွင် လယ်သမားကြီး ကာဗားက 'မင်းတစ်ယောက်တည်း တောထဲ ထွက်ထွက်သွားပြီး ဘာတွေ လုပ်နေတာလဲ' ဟု မေးကြည့်လေသည်။

'ကျွန်တော်က ကျွန်တော့်ရဲ့ ဥယျာဉ်ဆေးရုံမှာ နေတယ်လေ။ အဲဒီမှာ ကျွန်တော်က မမာကျန်းတဲ့ သစ်ပင်ကလေးတွေကို ပြုစု စောင့်ရှောက်ပေးတယ်' ဟု ဂျော့က ဖြေသည်။

'ငါတောင် မင့်ဆေးရုံကို သွားချင်လာတယ်' ဟု မစ္စတာကာဗားက ပြောသည်။

'ရပါတယ်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ' ဟု ဂျော့က ပြန်ပြောသည်။

ဂျော့သည် သူ၏ ပိန်လှီသော လက်ကလေးကို ကာဗား၏ နူးညံ့ညံ့ လက်သီးဆုပ်ကြီးအတွင်းသို့ ထိုးထည့်ကာ နှစ်ဦးသား မေပယ်ပင်၊ သစ်ကြားပင်၊ ဟာစ်ကရီပင်နှင့် ဝက်သစ်ချပင်တို့ ပေါက်ရောက်နေသော သစ်တော မြေကို ဖြတ်လျှောက်လာခဲ့ကြသည်။ လယ်သမားကြီး ကာဗားသည် သူ့ ခြေလှမ်းကို အားအင်လည်း နည်းဆဲ၊ လူစဉ်လည်း မမီရှာသော ဂျော့၏ ခုန်ဆွခုန်ဆွ ခြေလှမ်းများနှင့် အညီဖြစ်အောင် လျှောက်လာခဲ့ရသည်။ ချောင်းဆိုးသည့်ဒဏ် ကြာရှည်ခံရခဲ့သဖြင့် စကားပြောလိုက်လျှင် ခပ်ထစ်ထစ်

ဖြစ်နေသော ဂျော့၏ စကားကိုလည်း မနည်း ဂရုစိုက်၍ နားထောင်လာခဲ့ရသည်။

ဂျော့က အန်ကယ်မိုးဇက်အား သူ၏ ဥယျာဉ်ကို သူ မည်မျှ ဂရုစိုက်ကြောင်းကို ပြောပြနေ၏။ 'ဆောင်းရာသီမှာဆိုရင် ကျွန်တော်က သစ်ပင်ကလေးတွေကို သံဘူးတွေထဲမှာ ထည့်ပြီး အအေးဒဏ်က အကာအကွယ်ရအောင် မြေကြီးနဲ့ ဖုံးထားတယ်။ နွေဦး ရောက်လာတော့ ဖုံးထားတဲ့ မြေကြီးကို ဖယ်ပြီး သစ်ပင်လေးတွေကို ထုတ်၊ နေရောင်ထဲမှာ ကစားစေတယ်'

'ဒါပေမဲ့ မင်းက အဲဒီအပင်လေးတွေကို ညကျတော့ ဘယ်လို စောင့်ရှောက်သလဲ' ဟု အန်ကယ်ကားဗားက မေးသည်။ 'အိုဇတ်တောင်ကုန်းတွေပေါ်မှာ နွေဦးရာသီ ညများဆိုရင် နှင်းတွေ ခဲတယ်ဆိုတာ မင်း အသိသားပဲ'

'ညကျတော့ တစ်ခါ ဖုံးပေးရတာပေါ့။ ကျွန်တော် အိပ်ရာ ဝင်တဲ့အခါ ကျွန်တော့်ကိုယ်ကို ဖုံးအုပ် အိပ်သလိုမျိုးပေါ့'

'ဒါပေမဲ့ မင်း ဒါတွေကို ဘယ်လို သိလာခဲ့တာလဲ'

'သူတို့ကို စောင့်ကြည့်နေရင်း၊ သူတို့ကို ချစ်ရင်းနဲ့ သိလာတာပေါ့'

စကားတပြောပြောနှင့် လျှောက်လာလိုက်တာ သူတို့နှစ်ဦး ယခု လျှို့ဝှက်ဥယျာဉ်သို့ ရောက်လာကြပေပြီ။ သူ့ဥယျာဉ် ဆိုသည်မှာ မြေကွက်တစ်ကွက်ပါပဲ။ သို့ရာတွင် သစ်တော ဟူသော ကြမ်းပြင်ပေါ်၌ ရောင်စုံကော်ဇောတစ်ချပ် ဖြန့်ခင်းထားသလို တည်နေခြင်း ဖြစ်ပါသည်။ ဂျော့သည် နီလာပန်းပင်တစ်စု၏ရှေ့တွင် ဒူးထောက်ချလိုက်သည်။ ပန်းပင်အမြစ်များ၏ ပတ်ပတ်လည်ရှိ မြေများကို တယုတယဖြင့် ပွတ်ချပေးလိုက်ပြီး နူးညံ့လှသော ပန်းပွင့်ကလေးများကို နေရောင်ခြည်နှင့် ဝေးအောင် ပြုထားသလို ရှိနေသော ငှက်မွေး ငှက်တောင် သဏ္ဍာန်ရှိ ပန်းပင်ကလေးများကို ဘေးသို့ တွန်းဖယ်ပေးလိုက်သည်။ 'ဒါတွေက ကျွန်တော့်ရဲ့ မမာမကျန်း အပင်ကလေးတွေပေါ့၊ ကျွန်တော်က သူတို့ကို အထူး ဂရုစိုက်ပြီး ပြုစု စောင့်ရှောက်ပေးရတယ်လေ' ဟု ဂျော့က ရှင်းပြလေသည်။

သူသည် သစ်ပင်ကလေးများကို ယုယစွာ ပြုပြင်ပေးရင်း သူ၏ အသံအောကြီးဖြင့် တေးသီချင်း သီကျူးပေးလေသည်။ လယ်သမားကြီး ကားဗားသည် တစ်ခုခု ပြောလိုက်မည် ပြုလိုက်ရာ၊ ဂျော့က သူ့လက်ချောင်းကလေးများကို နှုတ်ခမ်းနား ကပ်ပြကာ အသံမပြုရန် သတိပေးလိုက်၏။ နောက်ဆုံးတော့ သူသည် မြေကြီးပေါ်မှ ထ ရပ်လိုက်ကာ 'အန်ကယ်မိုးဇက်၊ ကျွန်တော်တို့ အိမ်ပြန်လို့ ရပါပြီ' ဟု ပြောလိုက်သည်။

'မင်း သီချင်းဆိုနေတုန်းမှာ မင်းက ငါ့ကို ဘာကြောင့် သီချင်းဆိုခွင့် မပေးတာလဲ'

'ဘာကြောင့်တုံးဆိုတော့ နီလာပန်းကလေးတွေက ကျွန်တော့် သီချင်းသံကို နားဆင်ချင်ကြလို့ပေါ့၊ သူတို့က အဲဒီအတိုင်း ပြောတယ်လေ'

'မဟုတ်တာကွာ'

'အန်ကယ်မိုးဇက်ကလည်း ဟုတ်တယ်ဗျ၊ သူတို့က တကယ်ပြောတာ။ ပန်းကလေးတွေက ကျွန်တော့်ကို စကားပြောတယ်။ ဒီတောထဲမှာ ရှိရှိသမျှ သက်ရှိအရာတွေဟာ ကျွန်တော့်ကို စကားပြောကြတယ်။ သူတို့ ပြောတာကို ကျွန်တော်က ရှင်းရှင်းကြီး ကြားရတာ အန်ကယ်မိုးဇက်ရဲ့။ အန်ကယ်မိုးဇက်လည်း ဂရုတစိုက် နားထောင်မယ်ဆိုရင် သူတို့ ပြောတာကို ကြားနိုင်ပါတယ်'

တကယ်ကို ထူးဆန်းသော ကလေးကလေးပေပဲဟု အန်ကယ်မိုးဇက်နှင့် အန်တီဆူဇန်တို့က တွေးကြသည်။ သို့ရာတွင် ဂျော့ကလေးသည် တို့ကို ကူပါဦးဟု ဆိုလိုက်လျှင် စိတ်အားထက်ထက်သန်သန်ဖြင့် ကူညီချင်သည့် ကလေး ဖြစ်သည်။ သူသည် ကြီးလိုက်လာနေသော သစ်ပင်ကလေးတွေ မကျန်းမမာ ဖြစ်တာ ဘာကြောင့် ဖြစ်သည်၊ မည်သို့ ကုသပေးရမည်တို့ကို တကယ်ပင် သိနားလည်ပုံ ရနေလေသည်။

တစ်စတစ်စနှင့် အိမ်နီးနားချင်း လယ်သမားများသည် သူတို့၏ မမာကျန်းသော အပင်များကို "လက်ဆိပ်တက်သည်"၊ "သူ ကုလိုက်ရင် ပျောက်သည်" ဟု ဆိုရမည်ဖြစ်သော ထူးခြားအံ့သြဖွယ် ဤကလေးကလေး ထံသို့ ယူဆောင်လာကြတော့သည်။ တစ်ခါတစ်ရံတွင် ပုံမှန်အတိုင်း အလုပ် လုပ်ပုံမရသော သူတို့၏ သီးပင်ကို လိုက်ကြည့်ပါဦးဟု အိမ်နီးချင်းများက ပြောလာကြသည်။ 'သစ်ပင် ဘာဖြစ်တာလဲဟင် … ဂျော့' ဟု မေးကြ၏။ ထိုအခါ သူက ထိုသူများ အလျင်က သတိမထားမိခဲ့သော အချက်တစ်ခုခုကို ထောက်ပြတတ်၏။ သစ်ကိုင်းတွေကို ပိုးကောင်အုပ်က ကိုက်ဖြတ်စားပစ် နေလို့ဗျ … စသည်ဖြင့် ထောက်ပြလိုက်ခြင်းမျိုး ဖြစ်သည်။ ထိုအခါ ထို မမာကျန်းသော အကိုင်းများကို သူတို့က ခုတ်ဖြတ်ပေးလိုက်သည်။ သစ်ပင် များသည်လည်း ပြန်လည် ကျန်းမာလာကြလေသည်။

'ပိုးတွေ ကျနေတယ်လို့ မင်း ဘယ်လိုလုပ် သိသလဲကွာ' ဟု အိမ်နီး နားချင်းများက မေးကြသည်။



'ကျွန်တော်က မြင်တော့ သိတာပေါ့ခင်ဗျ' ဟု သူက ပြန်ဖြေသည်။

'တို့တောင် မမြင်ခဲ့ဘဲနဲ့ကွာ၊ မင်းက ဘယ်လိုလုပ် အဲဒီပိုးတွေကို မြင်နိုင်ခဲ့ပါလိမ့်'

'ကျွန်တော်က ကြည့်တော့ မြင်တာပေါ့ဗျ'

မှန်ပါပေသည်။ ကြည့်သောသူ မြင်၏ ဆိုဘိသကဲ့သို့ လူများသည် ကြည့်မည် ဆိုပါက များစွာသော အရာတို့ကို မြင်မိကြမည်သာတည်း။

ဂျော့သည် ပြုပြင်ပေးရတာမျိုးကို အလွန် ဝါသနာပါသည်။ တစ်ခါက အိမ်နီးနားချင်း ကလေးသူငယ် အချို့သည် ငှက်သိုက်တစ်ခုကို ဖျက်ဆီးပစ်လိုက်သောအခါ ဂျော့သည် မူလ နေရာမှာပင် နောက်ထပ် ငှက်သိုက်တစ်ခုကို တည်ဆောက်ပေးလေသည်။ 'ဒီလိုဆိုတော့ ညမှာ သူတို့အသိုက် သူတို့ ပြန်လာတဲ့အခါ နွေးနွေးထွေးထွေး နေစရာ ရသွားတာပေါ့' ဟုလည်း ပြောလေသည်။

ကျေးလက်ဒေသရှိ သစ်ပင်၊ ပန်းမန်များနှင့် တောသတ္တဝါတို့၏ ဘဝကို အထူးတလည် စိတ်ဝင်စားသည် ဆိုပေမဲ့ ဂျော့မှာ အခြားသော ကလေးငယ်များနှင့် ကစားနိုင်သည့် အချိန်လည်း အများပင် ရှိပေသည်။ သူသည် မေတ္တာပြည့်ဝသောသူ ဖြစ်သကဲ့သို့ပင် တကယ် ပျော်တတ်သူလည်း ဖြစ်ပေသည်။ လူကောင်ကလေးက သေး၊ ချူလည်း ချူချာသူဟု ဆိုရသော်လည်း သူသည် အနီးတစ်ဝိုက်၌ သူ့ထက် ပိုမြန်အောင် သစ်ပင်တက်တတ်သူ မရှိပေ။ အမှန်မှ သူသည် ခန္ဓာကိုယ်က အရိုးပေါ် အရေတင်၊ ဦးခေါင်းက ကြီးကြီး၊ မေးစေ့လည်း မပါ၊ ပါးစပ်က ပြုံပြုံ သဏ္ဌာန် စာကလေး ငှက်ပေါက်စကလေးနှင့် တူလှပေသည်။

ခန္ဓာကိုယ်က ပိန်ပါးပါးဖြစ်၍ သူတို့၏ အပြေးပြိုင်ပွဲများတွင် သူ့ထက်ကြီးသူ ကောင်ကလေးတွေထက် သူက ပို၍ မြန်မြန်ပြေးနိုင်သည်။ အခြားကလေးတွေသည် လမ်းမှာတွေ့သော စည်းရိုးများကို ကျော်၍ တက်ကြရ၏။ ဂျော့ကား သူတို့လို အပေါ်ကကျော်၍ တက်စရာ မလို။ တိုင်များအကြားရှိ အပေါက်ကျဉ်းထဲမှ တိုးဝင်သွားရုံမျှနှင့် ပြီးသည်။

သို့ရာတွင် သူ ဝင်ပြိုင်သည့် အပြေးပြိုင်ပွဲတစ်ခုတွင် သူ ဝမ်းနည်းကြေကွဲ ဖြစ်ရသည်။ သူ့ခေါင်းကို အပေါက်ကျဉ်းထဲသို့ ထိုးထည့်လိုက်ရာ ပြန်လည် လှုးလွန့်တိုးထွက်လို့ မရတော့ပေ။ သူသည် သူ့ခန္ဓာကိုယ် တစ်နေ့တခြား ကြီးလိုက်လာသည်ကို သတိမထားမိ။ သူ့သူငယ်ချင်းများ အိမ်ပြန်

လာကြစဉ် သူ့ကို တွေ့လိုက်ကြတော့မှ တိုင်တစ်ခုကို ဖြတ်ယူကာ သူ့အား ကယ်ဆယ်လိုက်ကြရသည်။

သူ သဘောအကျဆုံး အားကစားများထဲတွင် ကလေးများ ကစားလေ့ရှိသော ဟော်ကီ ကစားနည်းတစ်မျိုး ပါဝင်သည်။ ထိုကစားနည်းမှာ ပါဝင်ကစားသည့် ယောကျာ်းကလေးများသည် တစ်ဖက်စီတွင် တန်းစီ၍ သံဖြူနှင့်လုပ်သည့် စည်သွတ်ဘူးခွံကို ထိပ်တွင် ဖုပါသော တုတ်များဖြင့် ရိုက်ကြရသည်။ ဟိုဘက်က ရိုက်လိုက်သည်ကို သည်ဘက်က ပြန်ရိုက်ကြရသည်။ ရော်ဘာဒိုးပြားကို တစ်ဖက်သင်း၏ စည်းကို ကျော်ဖြတ်သွားအောင် ရိုက်နိုင်သည့် အသင်းက အနိုင်ရပေသည်။ ဂျော့သည် ကစားကြသူများတွင် အမာကျောဆုံး ကစားသမား ဖြစ်ရာ၊ အမြဲတမ်း လုံးထွေးလုကြသည့် အထဲမှာ ရောက်နေတတ်သည်။ သံဘူးခွံက သူ ပြေးလွှားလာစဉ်မှာ လာလာထိရှသွားသဖြင့် သူ့ ညို့သကျည်းများမှာ အမာရွတ်တွေ တရမန်းကြမ်းနှင့် ဖြစ်နေတော့သည်။

တစ်ခါတစ်ရံတွင် သူ့အစ်ကို ဂျင်မ်သည်လည်း သူနှင့်အတူ ဝင်ကစားတတ်၏။ သူတို့ ညီအစ်ကိုနှစ်ယောက်စလုံးသည် အလောင်းအစား ဝါသနာပါကြသည်။ အန်ကယ်မိုးဇက်သည် သူတို့မှာ ပါလာသော ဤအပြစ်အနာအဆာကို ပျောက်သွားအောင် အတတ်နိုင်ဆုံး ကြိုးစားသည်။ အလွယ်နှင့် မရ။ သူတို့ထက်ကြီးသော ကောင်လေးတစ်ယောက်နှင့် တွေ့တော့မှပဲ အလောင်းအစား ပြုခြင်းသည် မကောင်းမှန်း သိသွားတော့သည်။ သူတို့ထက်ကြီးသော ကောင်လေး ဆိုသည်မှာ "ဒစ်" ဟု အမည်ရှိသော ကောင်လေး ဖြစ်သည်။ အန်ကယ်မိုးဇက်၏ တူကလေး တစ်ယောက်ပင်။ တစ်ခါတွင် ထို တူကလေးသည် သူ့ဦးလေး၏ လယ်တောသို့ အလည်အပတ် ရောက်လာသည်။ ဂျော့တို့ ညီအစ်ကိုနှစ်ယောက်ကို သူ့ဘေးသို့ လှမ်းခေါ်ယူသည်။ 'ဟေ့ ဂျင်မ်နဲ့ ဂျော့၊ ဒီကို လာကြစမ်း။ မင်းတို့နဲ့ ငါဆင့် ၂၀ တမ်း အလောင်းအစား လုပ်မယ်။ မင်းတို့က မင်းတို့ရဲ့ ဖိနပ်တွေကို ကြိုက်သလောက်တင်းအောင် ဖိနပ်ကြိုးတွေ စည်းပြီး အိမ်ကို သုံးပတ် ပတ်ပြေး။ သုံးပတ် စေ့တဲ့အခါ မင်းတို့ ဖိနပ်ကြိုးတွေ ပြေနေစေရမယ်'

ဂျင်မ်နှင့် ဂျော့တို့က စိန်လိုက်ဟု ဆိုကာ အလောင်းအစားကို လက်ခံလိုက်သည်။ မိမိတို့ ဖိနပ်တွေကို စီးလိုက်ကာ သားရေနှင့် လုပ်ထားသော ဖိနပ်ကြိုးတွေကို မြဲမြံစွာ စည်းကြသည်။ အိမ်ကို သုံးပတ် ပတ်ပြေး၏။

သုံးပတ် စေ့သွားသောအခါ သူတို့၏ ဖိနပ်ကြိုးများမှာ မြဲမြံစွာ စည်းနှောင်လျက်သားပင်။ ဘယ်လိုမှ ပြေမသွားပါ။

'ကျုပ်တို့ နိုင်ပြီ၊ ကျုပ်တို့ နိုင်ပြီ' ဟု ဂျော့တို့ ညီအစ်ကိုက အော်သည်။

ဒစ်က ရယ်လျက် ပြော၏။ 'ဘာလို့ နိုင်ရမှာလဲကွ။ ငါ ပြောတဲ့အတိုင်းပဲ ဖြစ်ဖြစ်နေတာပဲကို။ ငါ ပြောတာက ဖိနပ်ကြိုးတွေ ပြေ့နေ (ပြည့်နေ) စေရမယ်လို့ ပြောထားတာပဲ။ ကြည့်ပါလား၊ မင်းတို့ ဖိနပ်တွေမှာ ဖိနပ်ကြိုးတွေနဲ့ ပြေ့နေတာပဲဟာ'

"ပြေ" နှင့် "ပြေ့" ကို နားကြားမှားအောင် ကပ်ရှပ်ထားခြင်းပင်။ ဂျင်မ်က 'ဒါ သက်သက်ညစ်တာပဲ' ဟု ဆိုကာ ရှုံးကြေးကို မပေး။ သို့ရာတွင် ဂျော့ကမူ တစ်မျိုး ယူဆ၏။ 'ဒါ မှုတပါတယ်၊ အလောင်းအစားလုပ်ရမယ်လို့ ဘယ်သူကမှ အတင်းအကျပ် လုပ်ခိုင်းတာမှ မဟုတ်တာဘဲ။ ကိုယ် လောင်းချင်မိလို့ လောင်းလိုက်တာ။ အခု ရှုံးသွားတော့ ပေးရုံပေါ့'

ဂျော့ကလေးသည် သူ့စုတင်အောက်က သေတ္တာကို သွားဖွင့်သည်။ ထိုသေတ္တာထဲမှာ ဆင့် ၂၀ ရှိ၏။ လယ်တောထဲ၌ တောက်တိုမည်ရ အလုပ်ကလေးတွေ လုပ်ပေးခြင်းအတွက် ငွေအကြွေများကို စုဆောင်းထားခြင်းပင်။ ယခုတော့ သူ့မှာ ရှိသမျှ ငွေကြေးနေသည် ကုန်ပါလေတော့ပြီ။ ထို့အတူ လောင်းကစား ပြုချင်သော စိတ်သည်လည်း ထိုနေ့မှ စ၍ ကုန်သွားပါလေ၏။

ဂျော့သည် မွေးကတည်းက အငြိမ်မနေ။ လှုပ်ရှားနေရမှ ကျေနပ်သူဖြစ်၍ သူ့ခန္ဓာကိုယ်သည် ဘယ်အခါတွင်မှ နားနေသည် မရှိ။ သူ့လက်တွေကို ကြည့်လိုက်လျှင် အမြဲသဖြင့် တစ်ခုခုကို လှမ်းဆွဲနေတတ်သည်။ ခုတစ်မျိုး၊ တော်တော်ကြာတစ်မျိုး ဆော့နေရမှ ဟူသော ကလေးမျိုး ဖြစ်၏။ သို့ရာတွင် အချိန် အများစုမှာတော့ အသုံးကျတာမျိုးကို လုပ်နေခြင်းမျိုးဖြစ်ပါသည်။ အန်တီဆူဇန် အပ်ချုပ်နေတာကို သေသေချာချာ စောင့်ကြည့်နေပြီး သူ့ဘာသာသူ ပြော၏။ "ငါလည်း အပ်ချုပ်တတ်ပါတယ်" ထို့ကြောင့် လယ်တောခြံဝင်းထဲသို့ သွားကာ ကြက်ဆင် ငှက်တောင်တစ်ခုကို ကောက်သည်။ ဆူးထစ်တွေကို သပ်ချပစ်လိုက်သည်။ ငှက်တောင်ကို အပ်အဖြစ် သုံးကာ ခြေအိတ်တွေ၊ လက်အိတ်တွေကို ထိုးလေသည်။

သူသည် အားလပ်ချိန် အများစုကို ဇာပန်းထိုးခြင်း၊ သစ်သားကို

ဖျင်ခြင်းတို့ဖြင့် ကုန်စေသည်။ သူပိုင် ပစ္စည်းတွေထဲတွင် အရှားပါးဆုံး ပစ္စည်းတစ်ခုကား မောင်းချဓား ဖြစ်သည်။ ထို မောင်းချဓားမှာ အန်ကယ် မိုးဇက်က သူ့အား လက်ဆောင်အဖြစ် ပေးထားခြင်း ဖြစ်သည်။ သူသည် ထိုမောင်းချဓားဖြင့် ပန်းပုဆရာကဲ့သို့ အလှတန်ဆာပစ္စည်း၊ အသုံးအဆောင် ပစ္စည်း အမျိုးမျိုး ဖြစ်အောင် လုပ်လေသည်။ သူ ဖန်တီးသော အနုပညာ မြောက် ဖန်တီးချက်များအနက် သူ သဘောအကျဆုံး၊ သူ့စိတ်မှာ အပျော် ရဆုံး ပစ္စည်းတစ်ခုမှာ မသန်မစွမ်း ဖြစ်နေသော အိမ်နီးနားချင်း ကောင်လေး တစ်ယောက်အတွက် လုပ်ပေးသော ချိုင်းထောက် ဖြစ်ပေသည်။ 'ထာဝရ ဘုရားသခင်က အဲဒါလေး လုပ်ပေးလိုက်ပါလို့ ပြောတယ်' ဟု သူက ပြော လေသည်။

သို့ရာတွင် ဂျော့သည် တစ်ခါတစ်ရံကျတော့လည်း အကစားမှာ စိတ်သန်နေသဖြင့် ထာဝရ ဘုရားသခင် စကားကို နားယူဖို့ မေ့လျော့နေ တတ်သည်။ သူသည် သူ့ထက် အသက်ကြီးသူ လူငယ်ကလေးတွေနှင့် ငှက်ပစ်ထွက်သည်။ သူသည် သေနတ်ပစ်တတ်သူ မဟုတ်။ သို့ရာတွင် သူသည် ငှက်ကို ကျောက်ခဲနှင့် ပစ်ချရာ၌ "ဝိဇ္ဇာ" ဖြစ်သည်။ သူသည် လယ်တောခြံဝင်းထဲသို့ ရောက်လာကာ ပဲစေ့၊ ဂျုံစေ့ စသည်များကို ကောက် စားတတ်သော ငှက်ကလေးများကို ပစ်ရတာကို အလွန် သဘောကျသည်။ တစ်နံနက်တွင် သူသည် ခြံဝင်းထဲ ဝင်လာသော ငှက်ကလေး တစ်ကောင်ကို ကျောက်စရစ်ခဲ တစ်လုံးဖြင့် ချိန်၍ ပစ်လိုက်ရာ၊ လက်က ဘယ်မျှ ဖြောင့် သနည်းဆိုသော် ငှက်ကလေး ခေါင်းတစ်ခြမ်း ပွဲသွားလေသည်။ သူသည် ကျောက်ခဲမှန်ပြီး ကျလာသော ငှက်ဆီသို့ ပြေးကာ ငှက်ကလေး၏ ခန္ဓာ ကိုယ်ကို တစ်စစီ ကောက်ယူ၍ လက်ထဲမှာ ထည့်ထားလိုက်လေသည်။

ငှက်ကလေး၏ ခန္ဓာကိုယ်မှ သွေးတို့သည် သူ့လက်ချောင်းကလေး များပေါ်တွင် စီးကျသည်ကို တွေ့မြင်ရသည့်အခါ သူသည် မျက်ရည်မဆည် နိုင် ရှိုက်ကြီးတငင် ငိုကြွေးမိလေသည်။ ထိုနေ့မှစ၍ တောပစ်ဝါသနာလည်း သူ့မှာ ကုန်ခန်းသွားလေသည်။



## အခန်း (၃)

## မိုးကုပ်စက်ဝိုင်း၏ ဟိုမှာဘက်က ကမ္ဘာ

တစ်နှစ်တစ်ကြိမ် ဆိုသလို မိုးဇက်ကားဗားသည် သူ့ဂျုံများကို နီယိုရှီမြို့ရှိ ဂျုံကြိတ်စက်သို့ ယူဆောင်သွားလေ့ရှိသည်။ နီယိုရှီမြို့သည် သူ့လယ်တောမှ ရှစ်မိုင်ခန့် ဝေးသည်။ ထိုသို့ ဂျုံရောင်း သွားသည့်အခါ ဂျော့ကို သူနှင့်အတူ ခေါ်သွားလေ့ရှိသည်။

ဂျော့၏အသက်မှာ ကိုးနှစ်လောက်မျှသာ ရှိသေးရာ ကိုးနှစ်သား တစ်ယောက်၏ ဘဝတွင်ကား ထိုသို့သော နေ့မှာ ပျော်စရာနေ့ပင် ဖြစ်တော့သည်။ နီယိုရှီသို့ ရောက်သွားသည် ဆိုလျှင်ပင် ဂျော့၏ မျက်လုံးများ ကျွတ်ကျတော့မလောက် ဖြစ်သွားသည်။ လူ့ရွာ လူ့လောကတွင် ဤမျှ များပြားသော လူတွေ ရှိနေကြောင်းကို သူ ယခင်က မသိရှိခဲ့ဖူးသေးပေ။ လမ်းတွေအပေါ်၌ သွားလာနေကြသော မြင်းဆွဲလှည်းတွေ၊ ရထားလုံးတွေကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။ စတိုးဆိုင်ကြီးတွေကလည်း ဆိုင်းဘုတ်အကြီးကြီးတွေနှင့်။ ဘာစာတွေ ရေးထားမှန်းကား သူ မဖတ်တတ်။ အန်ကယ်မိုးဇက်က ပြောသည်။ ဟောဟို အုတ်တိုက်နီနီကြီးက တရားရုံးကြီးတဲ့။ ပန်းခြံကလည်း အလယ်မှာ ရေပန်းများနှင့်။ တောင်သူလယ်သမားများ

သည့် ဂျုံကြိတ်စက် အပေါက်ဝနားတွင် သူတို့ ယူဆောင်လာသော ဂျုံအိတ်များကို ချနေကြသည်။ သူသည် ထိုအရာများ အားလုံးကို တအံ့တဩဖြင့် ကြည့်သည်။

သူ အထူးတလည် စိတ်ဝင်စားသည်ကား ဆေးရောင်တွေ ခြယ်ထားသည့် မြင်းဆွဲလှည်းကြီး ဖြစ်၏။ ထိုလှည်း၏ ဘေးတွင် လူတစ်ယောက်က မတ်တတ်ရပ်ကာ သူ့အနီးတွင် ဝိုင်းအုံနေကြသော လူပျိုင်းအုပ်ကြီးကို စကားပြောနေ၏။ ထိုလူ၏ ပုံပန်းက ဂျော့ကို ဖမ်းစားသည်။ ထိုလူ၏ နှုတ်ခမ်းမွေးကလည်း အထူးကြီး ဖြစ်၏။ နှုတ်ခမ်းမွေး ကွေးကွေးက အထက်သို့ တက်နေပုံမှာ သူ၏ နှာခေါင်းပွကြီးကို ထောက်ကန်ပေးထားသကဲ့သို့ ရှိသည်။ ထိုလူ၏ စူးရှသော မျက်လုံးအစုံကလည်း ကိုယ့်ကိုများ ကြည့်လိုက်ပါလျှင် ထွင်းဖောက်ဝင်သွားမည့်ပမာ ရှိနေလေသည်။

ဂျော့တို့ တူဝရီးနှစ်ယောက်၏လှည်း ထိုလူကြီး စကားပြောနေရာ အနီးသို့ ရောက်သွားသောအခါ မစ္စတာကားဗားက သူ့အပါးတွင် ထိုင်လျက်ရှိသော ဂျော့ကို ပြောသည်။ 'ဒီလူက ဆေးရောင်းတဲ့လူလေ။ ဆေးအတုတွေကို ဇွဲ ပါး ရောဂါ အကုန်ပျောက်တယ်ဆိုပြီး လူတွေကို လိမ်လုံးနဲ့ ရောင်းဖို့ ကြိုးစားနေသူပေါ့'

'သူပြောတာ နားထောင်ကောင်းတယ်ဗျ။ အန်ကယ်မိုးဇက် ကျွန်တော် သူပြောတာ နားထောင်ချင်တယ်။ နားထောင်ခွင့်ပေးနော်' ဟု ဂျော့က ပြောသည်။

'အေးပါကွာ၊ မင်း နားထောင်ချင်လည်း နားထောင်ပါ။ မင်း နားထောင်ပြီးရင် ငါတို့ ဂျုံကြိတ်စက်မှာ ဆုံကြမယ်နော်' ဟု မစ္စတာကားဗားက ပြန်ပြောသည်။

လယ်သမားကြီး ကားဗားသည် လှည်းကို ခဏရပ်ပေးလိုက်သည်။ ဂျော့သည် ထိုင်နေသော နေရာမှ လျှောဆင်းကာ လူအုပ်ထဲ မြွေတစ်ကောင် လျှောဝင်သွားသကဲ့သို့ တိုးဝင်သွားလေသည်။ ဆေးသမား ရှေ့တည့်တည့်သို့ ရောက်တော့မှသာ ရပ်လိုက်သည်။ လူလိမ်သည် ပုလင်းကြီးတစ်လုံးထဲတွင် ထည့်ပြထားသည့် အဆီတစ်မျိုး၏ အံ့ဖွယ် အာနိသင်တွေကို ပြောပြနေလေသည်။ 'ဟောဒီအဆီနဲ့ ခင်ဗျားတို့ ရောဂါ အမျိုးမျိုးကို ကုလို့ရတယ်။ အပုပ်နံ့ထွက်တဲ့ ရောဂါမှ စလို့ ကူးစက်တတ်တဲ့ ရောဂါမျိုးတွေအထိ ကုလို့ရတယ်။ ဒီအဆီ ဘယ်ကရတယ် ထင်သလဲ။ ဟိုဂင်္ဂါမြစ်ကမ်းမှာ ပေါက်တဲ့

အပင်တစ်မျိုးရဲ့ အမြစ်တွေက ထုတ်ယူ ရရှိတာ။ ဂင်္ဂါမြစ် ဆိုတာ ကြားဖူးတယ် မဟုတ်လား။ ဟိန္ဒူတွေ အမြင့်အမြတ်ထားရာ မြစ်ကြီးပေါ့။ ဟောဒီအဆီကို ဟောဒီလိုလေး လောင်းထည့် ....'

ဆေးရောင်းသမားသည် လူအုပ်၏ ထိပ်မှာ ရောက်နေသော ဂျော့ကို ရုတ်တရက် မြင်လိုက်သည့်အခါ သူ၏ စူးရှသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်လိုက်သည်။ ထို့နောက် 'ဟေ့ သူငယ် ... ငါ့ကို ပြောစမ်း၊ မင့်မှာ ခွေးရှိသလား' ဟု မေးလိုက်သည်။

ဂျော့သည် သူ၏ ဘေးဘီကို လှည့်ကြည့်လိုက်ပြီးနောက် ဆေးသမားဘက်သို့ လှည့်လိုက်သည်။ ထိုလူကမူ သူ့အား စိုက်ကြည့်နေဆဲ ဖြစ်၏။ 'ကျွန်တော့်ကို မေးတာလား ခင်ဗျာ' ဟုလည်း ပြောလိုက်သည်။

'ဟုတ်တယ်၊ မင်းကို မေးနေတာ။ မင့်မှာ ခွေးရှိသလားလို့' ဟု ဆေးသမားက အော်ပြောလိုက်သည်။

ဂျော့သည် သူ့ကိုမှ ဤမျှ အာရုံစိုက်မိလေသလောဟု တွေးကြောက်မိပြီး 'ဟုတ်ကဲ့ ရှိပါတယ်။ ခွေးတွေကတော့ အန်ကယ်မိုးဇက်မှာ အတော်များများ ရှိတော့ သူက စပန်နီယယ် ခွေးကလေး တစ်ကောင်ကို ကျွန်တော့်အတွက် သတ်သတ် ပေးထားပါတယ်' ဟု ပြန်ပြောလိုက်သည်။

'ကောင်းပြီ သူငယ်လေး၊ မင့်ခွေးကို ငါ့ဆီ ခေါ်ခဲ့ပါ။ ငါ မင်းကို ထူးဆန်းတာကို ပြပေးမယ်။ မင့်ခွေးရဲ့ အမြီးကို ငါ ဖြတ်ပစ်ပြီး အဲဒီ ပြတ်တဲ့ အမြီးငုတ်တိုနေရာမှာ ဟောဒီ မှော်အဆီ ခြောက်စက်ကို ဖျန်းလိုက်မယ်။ မင့်ခွေးရဲ့အမြီး ပြန်ပေါက်လာလိမ့်မယ်'

ဂျော့သည် သူ့ကို ဟားဖတ်အဖြစ် ရယ်စရာ အလုပ်ခံရကြောင်း သိလိုက်၍ ထွက်ပြေးရန် ကြိုးစားသည်။ သို့ရာတွင် လူအုပ်ကြီးက သူ့ကို ကြည့်ပြီး ရယ်ကြရသဖြင့် သူ့ကို ထွက်ခွင့်မပေး။ 'ဆရာ ခင်ဗျာ၊ ဆရာ့ရဲ့ မှော်အဆီက ဟောဒီ ကောင်လေးရဲ့ အသားရောင်ကို ပြောင်းပစ်လို့ မရဘူးလား' ဟု တစ်ယောက်က မေးလေသည်။

'ဟာ သိပ်ပြောင်းနိုင်တာပေါ့' ဟု ဆေးသမားက ရယ်၍ ပြောသည်။

'အဲဒီလိုဆိုရင် ဘယ်လို ပြောင်းမှာလဲ' ဟု နောက်တစ်ယောက်က မေးလိုက်သည်။

'အဆီက ထိလိုက်ရင် သေသွားနိုင်တာ ဆိုတော့ ဒီကောင်လေးကို သရဲဖြူကလေးအဖြစ် ပြောင်းသွားအောင် လုပ်ပေးနိုင်မှာပေါ့' ဟု တတိယလူက ပြောပြန်သည်။

ထိုသို့ ပြောနေချိန်တွင် ဂျော့သည် သူ့ကို လှောင်ပြောင် ရယ်မောနေသူများကြားမှ လွတ်အောင် လုပ်လာနိုင်ခဲ့သည်။ သူသည် ဂျုံကြိတ်စက်သို့တိုင် လမ်းမကြီးအတိုင်း ပြေးလာခဲ့ကာ တအီအီ ငိုသံဖြင့် မစ္စတာကားဗား၏ လက်နှစ်ဖက်အတွင်းသို့ သူ့ကိုယ်ကို ပစ်သွင်းဝင်လိုက်သည်။ 'အန်ကယ် မိုးဇက်၊ ကျွန်တော့်ကို ပြောစမ်းပါ၊ လူတွေက ဘာကြောင့် ကျွန်တော့်ရဲ့ အသားအရောင်ကို ရယ်စရာ ပြက်လုံးမျိုး လုပ်ကြတာလဲ ... ဟင်' ဟု မေးလိုက်သည်။

'ဂျော့ရာ ... ကိုယ်ကျင့်စာရိတ္တ မကောင်းတဲ့ လူတွေကလွဲလို့ ဘယ်သူမှ အဲဒါမျိုးကို မလုပ်ပါဘူး။ စိတ်ကောင်း စေတနာကောင်း ရှိကြတဲ့ လူတွေကတော့ တစ်ဦးအပေါ် တစ်ဦး အကြင်နာတရား ထားကြပါတယ်'

ဤဖြစ်ရပ် ဖြစ်ပြီးနောက် မကြာမီပင်မှာ ဂျော့သည် သူ့အပေါ် ကြင်ကြင်နာနာ ဆက်ဆံရုံမက ပညာသင်ရန်ပါ အားပေး တိုက်တွန်းသည့် လူတစ်ဦးနှင့် တွေ့ခဲ့ရလေသည်။ ထိုသူကား "ဟာမန်းဂျေးဂါး" ဆိုသူတည်း။ ဆွစ်လူမျိုး ဖြစ်၏။ စပျစ် စိုက်ပျိုးရေးကို အထူးပြု လေ့လာထားပြီး မစ်ဇူရီပြည်နယ်၌ စပျစ်ခြံများ စိုက်ပျိုးကြရန် အခြား တောင်သူ လယ်သမားများကိုလည်း ဆွဲဆောင်ခဲ့သူ ဖြစ်သည်။ မိုးဇက်ကားဗားသည်လည်း စပျစ်စိုက်ပျိုးခြင်းကို စိတ်ဝင်စားလာသည်။ တစ်နေ့တွင် ကားဗားသည် ဂျော့ကို ခေါ်ပြီး အိုဇုတ်ဒေသတွင် စံပြဖြစ်နေသော မစ္စတာဂျေးဂါး၏ စပျစ်ခြံကို သွားကြည့်ခဲ့သည်။

ဂျေးဂါး၏ခြံသို့ရောက်ဖို့ နာရီအတော်ကြာကြာ သွားရသည်။ ဂျေးဂါး စပျစ်စိုက်ပျိုးရာနေရာက မိုးကုပ်စက်ဝိုင်း၏ ဟိုမှာဘက်အလွန်တွင် ရှိနေသော ကမ္ဘာသစ်တစ်ခုကဲ့သို့ ဖြစ်နေသည်။ သူတို့ သွားသည့် အချိန်မှာ အေးစိမ့်စိမ့် ဆောင်းဦးတစ်နံနက်တွင် ဖြစ်သည်။ နေသည် ကြက်သွေးရောင် တိမ်တိုက်တွေကြားမှ ထွက်ပြူစအချိန် ဖြစ်၏။ ကျေးသံ ငှက်သံ၊ ပိုးကောင် မွှားကောင်တို့၏ ဖြည်းကြေးလိုက်သည့် တေးဂီတသံက နားဝင်ပီယံ ရှိလှသလို ကောက်ရိုးပုံအနံ့နှင့် ပန်းသီးမှည့်တို့၏ အနံ့များမှာလည်း နှာဝမှာ တစ်မျိုး သင်းနေသည်။ သစ်ပင်များသည် ဆောင်းဦးရာသီ၏ နီ၊ ဝါ၊ ခရမ်း အရောင်များ လွှမ်းနေသော ဝတ်စုံကို ဆင်မြန်းထားဘိသို့ ကျက်သရေတွေ တိုးလျက် ရှိပေရာ၊ စိတ်ကူးယဉ်တတ်သည့် ကလေးငယ်တစ်ဦးအဖို့ ပျော်စရာ ပွဲတော်ကြီးတစ်ခု ပမာပါတည်း။

သို့ရာတွင် သူတို့နှစ်ဦး တောင်ကုန်းတစ်ခု၏ ထိပ်သို့ ရောက်လာပြီး သူတို့၏ရှေ့မှာ အစိမ်းရောင် ကမ္ဗလာထည် ခင်းဖြန့်ထားသကဲ့သို့ တည်နေသော မစ္စတာဂျေးဂါး၏ စပျစ်ခြံကို မြင်တွေ့လိုက်ရသည့်အခါ ကျေးငှက်တို့၏ ဂီတသံနှင့် ဆောင်းဦးရာသီ၏ တောတောင်အလှတို့ကို မေ့သွားတော့သည်။ စပျစ်ခြံသည် တောင်ကုန်းနံဘေးတစ်လျှောက်၌ တစ်တန်းပြီး တစ်တန်း၊ တစ်တန်းပြီး တစ်တန်းဖြင့် တောင်ကြားချိုင့်ဝှမ်းထဲသို့တိုင် ဆင်းသွား၏။ ခြံ၏ အောက်ခြေတွင် အဖြူရောင် အိမ်ကလေးတစ်လုံး တည်နေ၏။ အိမ်ရှေ့တွင် ပန်းဥယျာဉ်တစ်ခုလည်း ရှိနေသည်။ ဂျော့သည် သူ့တစ်သက်တွင် ဤသို့သော ဥယျာဉ်မျိုးကို မမြင်ဖူးခဲ့သေးပါပေ။ ဥယျာဉ်ကို မှန်များဖြင့် ကာရံထားပြီး ထိပ်ပိုင်းတွင်လည်း မှန်ဖြင့်ပင် မိုးထားသည်။ မစ္စတာ



ဖန်လုံအိမ်ထဲမှာ သစ်ပင်မျိုးစုံနှင့် ဒေါက်တာကားဗား

ရာပြည့်စာအုပ်တိုက်

ဂျေးဂါးသည် သူတို့နှစ်ဦးအား နှုတ်ဆက်ရန် ထွက်လာပြီး ပြောသည်။
'ဒါကတော့ ကျွန်တော့်ရဲ့ ဖန်လုံအိမ်ပေါ့'

'ကျွန်တော် ဒီမှာ တစ်သက်လုံး နေချင်လိုက်တာ' ဟု ဂျော့က ပြောသည်။ သူသည် လှည်းပေါ်မှ ဆင်းလျှင်ဆင်းချင်း စပျစ်ပင်များကြားတွင် ဒူးထောက်ထိုင်လိုက်သည်။ စပျစ်ပင်များကို တစ်ပင်ချင်း သေသေချာချာ ကြည့်သည်။ သူတို့ တိုးထွက် ပေါက်လာရသော မြေကြီးကို စစ်ဆေးကြည့်၏။ မကျန်းမာသော အပင်များကို စားပစ်တတ်သည့် ပိုးမွှားကလေးတွေ အန္တရာယ်မှ ကင်းစင်ပါရဲ့လား ဟူ၍ အရွက်ကလေးတွေကြားမှာ လိုက်ကြည့်သည်။

'ဒီကလေး သစ်ပင်တွေအကြောင်း အတော်ကလေး နားလည်ပုံ ရတယ်' ဟု ဂျေးဂါးက မိုးဇက်ကားဗားအား တိုးတိုးကပ်ပြောသည်။

'သူက ကျွန်တော့်ထက် အများကြီး ပိုသိတယ်ဗျ၊ ဟော ... နားထောင်၊ နားထောင်' ဟု မစ္စတာကားဗားက ပြောလိုက်သည်။

ဂျော့သည် စပျစ်ပင်ကလေးများကို လှည့်လာနေရင်း သစ်ပင်ကလေးများကို အသံတိုးတိုးလေးနှင့် သီချင်းဆိုပြနေသည်။

'ဒီကလေးက ထူးခြားတော့ ထူးခြားတဲ့ ကလေးတစ်ယောက်ပဲ' ဟု ဂျေးဂါးက ပြောသည်။

'ဟုတ်တယ်' ဟု ကားဗားက ခေါင်းညိတ်ပြပြီး 'သူကတော့ သစ်ပင်တွေကို နားလည်နိုင်သလို သစ်ပင်တွေကလည်း သူ့ကို နားလည်နိုင်တယ်လို့ ပြောတာပဲဗျာ' ဟု ဆက်ပြောလိုက်သည်။

မိုးဇက်ကားဗားနှင့် မစ္စတာဂျေးဂါးတို့သည် ဂျော့အား စပျစ်ခြံထဲမှာ ထားရစ်ခဲ့ကြပြီး လျှောက်လာခဲ့ကြသည်။ မိုးဇက်ကားဗားက ဂျော့၏မိခင် ဆုံးပါးခဲ့ပုံ၊ ကလေးငယ်လေးသည် ရောဂါ ကြာရှည်လေးမြင့် ခံစားခဲ့ရပုံ၊ အထိမခံ ရှေ့ပန်းကန် သဘောမျိုး ရှိခဲ့ပုံတို့နှင့်တကွ သက်ရှိအားလုံးကို ချစ်တတ်ပုံများကို ဂျေးဂါးအား ပြောပြသည်။

'ဒီကလေးကို ပညာသာ ကောင်းကောင်း သင်ပေးလိုက်မယ်ဆိုရင် ဒီကလေးဟာ ထွန်းထွန်းပေါက်ပေါက်တစ်ယောက် ဖြစ်လာနိုင်တယ်ဗျ' ဟု ဂျေးဂါးက ပြောသည်။

'ခင်ဗျား ပြောတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သူ့ပညာရေးအတွက်က အခက်ရှိနေတယ်။ ကျွန်တော်တို့နေတဲ့ နေရာမှာက လူမည်းကလေးများ နေနိုင်တဲ့ ကျောင်းရယ်လို့ မရှိဘဲ ဖြစ်နေတယ်။ လူဖြူကလေးတွေ နေကြတဲ့

ကျောင်းတွေကလည်း လူမည်းကလေးတွေကို ခွင့်ပြုကြတာ မဟုတ်ဘူး' ဟု မိုးဇော်ကားဗားက ပြန်ပြောသည်။

'ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင် လူမည်းကလေးတွေ နေလို့ရတဲ့ ကျောင်းရှိရာကို ဒီကလေးကို ပို့ပေးလိုက်မှာပဲ'

'အေးပေါ့လေ ... သူ နည်းနည်းကြီးလာတဲ့ တစ်နေ့မှာတော့ ခင်ဗျားပြောသလို ဖြစ်ချင် ဖြစ်လာမှာပါ' ဟု မိုးဇော်ကားဗားက ပြောလိုက်သည်။

၎င်းတို့နှစ်ဦးသည် စပျစ်ခြံသို့ ပြန်လာခဲ့ကြသည်။ သူတို့ ပြန်ရောက်လာချိန်အထိ ဂျော့ကတော့ သစ်ပင်တွေနှင့် အလုပ်များနေဆဲပင်။ 'ဂျော့ရေ၊ အိမ်ထဲ လာဦးလေကွာ၊ မင်းကို လက်ဆောင်တစ်ခု ပေးချင်လို့ပါကွ' ဟု မစ္စတာဂျေးဂါးက ပြောသည်။

ဂျော့၏ မျက်လုံးသည် စိတ်လှုပ်ရှားမှုဖြင့် လင်းလက်သွားသည်။ 'တကယ့်လက်ဆောင်လား' သူသည် အရင်က လက်ဆောင်ဟူ၍ မရဖူးသလောက်ပင်။ ဘယ်လို လက်ဆောင်များပါလိမ့်။

နောက်တော့ အဖြေပေါ်သွားသည်။ လက်ဆောင်ကား စာအုပ် တစ်အုပ် ဖြစ်၏။ စာလုံးပေါင်း သတ်ပုံစာအုပ်ဟု မစ္စတာဂျေးဂါးက ပြောသည်။ ဂျော့သည် ဂျေးဂါး ပေးသော စာအုပ်ကို လိုလိုချင်ချင်ဖြင့် သူ့လက်နှစ်ဖက်နှင့် ကိုင်ယူကာ ရင်မှာ ထွေးပိုက်ထားလေသည်။ ထို့နောက် သူ့မျက်နှာ ညှိုးသွားသည်။ 'ကျွန်တော်က စာမှ မဖတ်တတ်တာပဲ' ဟု ပြောလေသည်။

'အေ ဘီ စီ ဒီ ကို အန်ကယ်မိုးဇော်ကို သင်ပေးခိုင်းပေါ့ကွ။ မင်း အေ ဘီ စီ ဒီ ၂၆ လုံး တတ်လာရင် ရှေ့ဆက်ပြီး စကားလုံး အမျိုးမျိုးကို စာလုံးပေါင်း တတ်လာတော့မှာပေါ့'

ဂျော့သည် စာအုပ်၏ ပထမ စာမျက်နှာကို လှန်လိုက်သည်။ လူတစ်ယောက် တောင်ပေါ်သို့ တက်နေသည့်ရုပ်ပုံ ပါသည်။ တောင်ထိပ်တွင် အိမ်တစ်လုံး ရှိနေပြီး ထိုအိမ်ပေါ်သို့ နေရောင်က ဖြာကျနေသည်။ 'ဒါက ဘာအိမ်လဲဟင်' ဟု ဂျော့က မေးသည်။

'ဒါ ပညာ့ဗိမာန်လို့ ခေါ်သကွ' ဟု မစ္စတာဂျေးဂါးက ပြောကာ၊ ဂျော့၏ တွန့်လိမ်လိမ် ဆံပင်များကို ပွတ်သပ်ရင်း 'တစ်နေ့သောအခါမှာ မင်းဟာ အဲဒီအိမ်ထဲကို ရောက်သွားမှာကွ' ဟု ပြောလိုက်လေသည်။

ထိုနေ့မှစ၍ တောင်ထိပ်ကို ရောက်အောင်တက်ပြီး ပညာ့ဗိမာန်ထဲသို့ ရောက်ရန်မှာ ဂျော့၏အိပ်မက် ဖြစ်လာခဲ့လေသည်။ ယခု လောလောဆယ်

မှာမူ အေ ဘီ စီ ဒီ အက္ခရာများကို ကျက်မှတ်၍ သူ လက်ဆောင်အဖြစ် ရထားသော စာအုပ်ထဲရှိ စကားလုံးများကို စာလုံးပေါင်းခြင်းမျှလောက်နှင့် ပင် ကျေနပ်နေရလေသည်။ စာလုံးပေါင်းနည်းကို သူ တတ်လာသောအခါ အန်ကယ်မိုးဇက်နှင့် အန်တီ ဆူဇန်တို့က စကားလုံးများကို အသံထွက်တတ် အောင် သင်ပေး၏။ ဤသို့ဖြင့် သူသည် ပထမတန်းသို့ မတက်မီကပင်လျှင် စကားလုံး ဝေါဟာရ အတော်များများကို တတ်နေခဲ့ပေပြီ။

အထူးသဖြင့် ဂျော့ အချစ်မြတ်နိုးဆုံး စကားလုံး နှစ်လုံးမှာ God (ထာဝရဘုရားသခင်) နှင့် Good (ကောင်းမွန်ခြင်း) တို့ ဖြစ်သည်။ 'အဲဒီ စကားလုံး နှစ်ခုကို ကြည့်ကွ။ သူတို့ဟာ တစ်ခုနဲ့တစ်ခု နီးစပ်နေသလို အသံချင်းကလည်း ခပ်ဆင်ဆင်' ဟု အန်ကယ်မိုးဇက်က ပြောသည်။

'ဘာ့ကြောင့် ဒီလို ခပ်ဆင်ဆင် ဖြစ်နေရသလဲဆိုရင် သူတို့နှစ်လုံးက တစ်ခုနဲ့တစ်ခု တူနေလို့ပဲ။ God ဆိုတာက good တယ်လေ' ဟု အန်တီ ဆူဇန်က ရှင်းပြသည်။

'ဒါဆို God (ထာဝရဘုရားသခင်) က လူအားလုံး အပေါ်မှာ good (ကောင်း) သလား' ဟု ဂျော့က မေးသည်။

'ကောင်းတာပေါ့ကွ'

'ယောက်ျား၊ မိန်းမ၊ ကလေးမကျန် အားလုံးကိုလား'

'အေးပေါ့ကွယ့်'

'လူမည်းတွေအပေါ်လည်း ကောင်းတယ်လား'

'ထာဝရဘုရားသခင်က အသားအရောင် မခွဲခြားပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ငါတို့အားလုံးဟာ ဖြူဖြူမည်းမည်း သူ့ရဲ့ သားသမီးတွေ ဖြစ်လို့ ပါပဲ။ သူက တို့ရဲ့ အဖဘုရားသခင်လေ'

'ကျွန်တော်နဲ့လည်း ဖခင်တော်တယ်ပေါ့၊ ဟုတ်လား အန်တီဆူဇန်'

'ဟုတ်တာပေါ့ ဂျော့ရယ်၊ ဘုရားသခင်ဟာ မင်းဖခင်ပေါ့'

'တစ်နေ့သောအခါမှာ ကျွန်တော့်ရဲ့ အဖဘုရားသခင်က ကျွန်တော့် အတွက် ဂုဏ်ယူစေရမယ်' ဟု ဂျော့က ပြောလေသည်။



## အခန်း(၄)

## ၁၀ နှစ်သားတွင် လမ်းသစ်ထွင်သူ

နီယိုရှိတွင် လူမည်းကလေးများအတွက် ကျောင်းတစ်ကျောင်းရှိရာ ဂျော့က သူတို့ကျောင်းသို့ သွားပါရစေဟု ပြောသည်။ ပထမတော့ အန်ကယ်မိုးဇက်ရော အန်တီဆူစန်ပါ သူတို့ကို ခွဲသွားမည်ကို မလိုလားကြ။ ဂျော့မှာ ၁၀ နှစ်သားအရွယ် ရှိလာသော်လည်း သူ့ကို ကြည့်ရသည်မှာ ခပ်ညက်ညက်ကလေး၊ ပိန်လှီလှီကလေး ဖြစ်နေ၍ ရှစ်နှစ်သား အရွယ်ထက် ပိုမကြီးဟု ထင်ရသည်။ လူကောင်ကသေး၊ ခန္ဓာကိုယ်က အင်အားနည်းသည် ဆိုပေမဲ့ ဂျော့၏စိတ်က အလွန်ပြင်းလေသည်။ နောက်ဆုံး၌ အန်ကယ်မိုးဇက်နှင့် အန်တီဆူစန်တို့၏ အကြောင်းပြချက်များကို သူကပင် အနိုင်ရသွားခဲ့လေသည်။

ထို့ကြောင့် သူသည် ရှည်လျားခက်ခဲသည့် ပညာရှာဖွေရေး ခရီးလမ်းကို တစ်ကိုယ်တည်း ထွက်လာခဲ့သည်။ အန်တီဆူစန်က သူ့ကို အပေါ်ဝတ်ကုတ်အကျႌ တစ်ထည်နှင့် ဘောင်းဘီရှည် တစ်ထည်တို့ကို ပေးလိုက်၏။ သူ့ယောကျ်ား၏ ကုတ်အကျႌနှင့် ဘောင်းဘီရှည်တို့ကို အကျႌလက်တွေ၊ ဘောင်းဘီခြေထောက်တွေကို ဖြတ်၍ ပြန်ချုပ်ပေးလိုက်သည့် အဝတ်အစားများပါပေ။ သူ၏ လက်မောင်းများနှင့် ခြေထောက်များက သေးသေး၊ ကုတ်

အကျီနှင့် ဘောင်းဘီရှည်တို့၏ လက်များက မွမွ ဖြစ်နေရာ အကျီလက်၊ ဘောင်းဘီခြေထောက်များ ဖတ်လတ်ကျနှင့်ပင် နီယိုရှိသို့ ရောက်လာခဲ့လေသည်။ လမ်းဘေးမှ သူ့ကို မြင်တွေ့ကြသော လယ်သမားများက "ရယ်စရာ တေလေကလေး" ကို မြင်ရသည့်အခါ ကျိတ်ရယ်မိကြသည်။ သို့ရာတွင် ဂျော့သည် သူတို့ကို ဂရုမထား။ ဘယ်မှာလျှင် ဂရုထားနိုင်မည်နည်း။ သူ့မှာ ရည်မှန်းချက်ကြီးနှင့်၊ ယုံကြည်မှု အပြည့်နှင့် မဟုတ်လော။ လူချမ်းသာကြီးလည်း ဖြစ်လာခဲ့ပြီ မဟုတ်လော။ သူ အိမ်မှ ထွက်မလာမီ အန်တီဆူဇန်က သူ့အိတ်ကပ်ထဲသို့ တစ်ဒေါ်လာလုံးကို ထည့်ပေးလိုက်သည် မဟုတ်လော။



ဂျော့သည် အနာဂတ်အတွက် ဒွိဟ သံသယ ဘာမျှမထား။ အန်ကယ်မိုးဇက်သည် သူ့အား တောင်သူလုပ်ငန်းဆိုင်ရာ တတ်စရာများကို လိုအပ်သမျှအားလုံး လေ့ကျင့်ပေးလိုက်ပြီး ဖြစ်၏။ အန်တီဆူဇန်ကလည်း မီးဖိုဆောင်ထဲမှာ မီးဘယ်လိုဖို၊ ဘယ်လို မီးထိုးရသည် ဆိုတာများနှင့်တကွ ချက်နည်းပြုတ်နည်း၊ ချုပ်လုပ်နည်းများကိုပါ သင်ပေးလိုက်ပြီ ဖြစ်၏။ 'မင်းရဲ့ စားဝတ်နေရေးအတွက် လုပ်နိုင်တဲ့ အလုပ်တွေ အများကြီး မင်းတွေ့သွားမှာပါ' ဟု အန်တီဆူဇန်က ပြောသည်။ 'ပြီးတော့လည်း အကယ်၍များ မင်းဟာ ဟိုရောက်လို့ အခက်အခဲတွေ သိပ်တွေ့နေရတယ်ဆိုရင် ဒီအိမ်ဟာ မင်း အချိန်မရွေး ပြန်လာနိုင်တဲ့အိမ်ပဲ ဆိုတာကို မင်း မှတ်သွားပါ' ဟုလည်း အန်တီဆူဇန်က သူ့ကို ချစ်ခင်ယုယစွာဖက်လျက် ပြောလိုက်ပြီး ဖြစ်လေသည်။

ဖုန်ထောင်းထောင်း ထ နေသော လမ်းတစ်လျှောက်အတိုင်း လာခဲ့စဉ် သူသည် အန်ကယ်မိုးဇက်နှင့် အန်တီဆူဇန်တို့ကို နောင် ၁၀ နှစ် ကြာသော အခါတွင်မှ ပြန်တွေ့ရမှာပါကလား ဟူ၍ မသိခဲ့။

နီယိုရှိသို့ သူရောက်ရှိသွားချိန်၌ ညနေအတော်စောင်း၍ မိုးတောင်ချုပ်ပေတော့မည်။ မြို့သို့မရောက်မီ လမ်းတွင် နားပြီး ပေါင်မုန့်ကြမ်း နည်းနည်းနှင့် အန်တီဆူဇန် ထုပ်ပေးလိုက်သော လိုးထားသည့် ဝက်သား အချပ်ကလေး တစ်ချပ်ကို စားခဲ့သည်။ ထို့ကြောင့် ဆာလောင်ခြင်းတော့ မဖြစ်။ သို့ရာတွင် ဘယ်လို အိပ်ရမည်နည်း။

ကံအားလျော်စွာပင် နီယိုရှိ မြို့စွန်မှ လမ်းမတစ်ခုအတိုင်း လျှောက်လာစဉ် တင်းကုပ်တစ်ခု၏ တံခါးပွင့်နေသည်ကို တွေ့ရသည်။ သူသည် အထဲသို့ ဝင်သွားပြီး လှေကားရှိရာသို့ လျှောက်သွားသည်။ လှေကားအတိုင်း တက်သွားရာ တင်းကုပ်၏ အထက်ထပ်သို့ ရောက်သွားသည်။ သူသည် မြက်ခြောက်ပုံတစ်ခုပေါ်တွင် ကိုယ်ကို ပစ်လှဲချလိုက်ရာ ဘယ်လိုကဘယ်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည် မသိလိုက်တော့ပါပေ။

သူသည် အရုဏ်မလာမီ နိုးလာပြီး လမ်းထဲသို့ ထွက်လာသည်။ ယခုသော်ကား သူ ဆာလောင်လာပေပြီ။ နံနက် အိပ်ရာထ အစာကို စားရအောင် ဘာလုပ်ရပါ့မလဲဟု စဉ်းစားသည်။ ဆေးတို့ ဘာတို့ သုတ်ထားခြင်းမရှိသော အိမ်ကလေးတစ်လုံး၏ အနီးရှိ ထင်းပုံပေါ်တွင် သူ ထိုင်နေ၏။ ပွင့်လျက်ရှိသော ပြတင်းပေါက်မှ ဝက်ဆားနယ်ခြောက်ကို ကြော်နေသည့် အနံ့က

နှာဝလာတိုးရာ သွားရည်ယိုလာသည်။ သူသည် စပ်ထိတ်ထိတ်ဖြင့် တံခါး ခေါက်လိုက်ရာ တောင့်တင်းသန်မာသော အသားညိုညို မိန်းမကြီးတစ်ဦး တံခါးလာဖွင့်၏။

အမျိုးသမီးကြီးသည် သူ့ရှေ့မှောက်၌ ရယ်စရာကောင်းသည့် ပုံပန်း သဏ္ဌာန်နှင့် ရပ်နေသော ဂျော့ကို တွေ့လိုက်ရသည့်အခါ ခွက်ထိုးခွက်လန် ရယ်မိမလိုတောင် ဖြစ်သွားသည်။ သို့ရာတွင် ကြည့်လိုက်သည့် ဂျော့၏ မျက်လုံးထဲ၌ ဆာလောင်မွတ်သိပ်နေဟန်ကို တွေ့လိုက်ရသဖြင့် ပြုံးရုံသာ ပြုံးလိုက်မိတော့သည်။ ပြုံးလိုက်စဉ်မှာ ပါးပြင်တစ်ခုလုံး ပါးရေလိပ်တွေ တက်သွားသည်။ 'မင်း ကြည့်ရတာ နံနက် အိပ်ရာထ အစာကို မစားရသေးဘဲ အဆာခံနေရတယ်နဲ့ တူတယ်။ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ကဲ့ပါခင်ဗျာ' ဟု ဂျော့က အသံကျယ်ကျယ်နှင့် ပြောလိုက်ပြီး 'ဒါပေမဲ့ အဲဒီ နံနက်စာအတွက် ကျွန်တော် တစ်ခုခုကို လုပ်ပေးချင်ပါတယ်' ဟု ဆက်ပြောလိုက်သည်။

'ကဲပါ၊ အရင်စားလိုက်ပါဦး သားလေးရဲ့၊ စားသောက်လိုက်တော့ အလုပ်လုပ်ဖို့ ပိုတောင့်တင်းလာတာပေါ့'

ဤအမျိုးသမီးကြီးမှာ ချစ်စရာကောင်းသည်။ သူက လူမည်းအမျိုး သမီး ဖြစ်သော်လည်း သူ့ကိုမြင်တော့ အန်တီဆူဇန်ကို အလွန် သတိရစရာ ဖြစ်တော့သည်။ သူတို့ နှစ်ဦးစလုံးသည် နွေးထွေးသော မျက်လုံးများ ရှိကြ ရာ၌ တူကြသလို သူတို့၏ အဝတ်အစားများက မီးပူတိုက်ပြီးစများဖြစ်၍ စင်ကြယ်တောက်ပနေကြရာ၌လည်း တူကြပေသည်။ သူက သူ့အမည်သည် "မာရီယာဝပ်ကင်း" ဖြစ်ကြောင်း ပြောသည်။ သူသည် မွေးကင်းစ ကလေး များကို လူ့ပြည်လူ့ရွာ ရောက်လာအောင် ကူညီပေးရသူဟု ဆိုသော ဝမ်းဆွဲ ဆရာမ ဖြစ်ပါသတဲ့။ ဂျော့က ဝမ်းဆွဲဆရာမ ဆိုတာ ဘာကိုခေါ်မှန်း မသိ ကြောင်း ပြော၍ သူက ရှင်းပြခြင်း ဖြစ်သည်။ သူ၏ခင်ပွန်း "အင်ဒီ" ဆိုသူမှာ ရပ်ရွာ လူမှုအသိုင်းအဝိုင်းတွင် အလုပ်အမျိုးမျိုးကို လုပ်သူဟု ဆိုပါသည်။ ယခုတော့ သူ့ခင်ပွန်းသည် အလုပ်ကိစ္စတစ်ခုဖြင့် တစ်နေရာ သွားနေသည်။ အိမ်မှာ မရှိပေ။

ထို့နောက် ဂျော့က သူ့အကြောင်းကို မာရီယာ ဝပ်ကင်းအား ပြောပြ သည်။ ဂျော့၏ ဘဝနောက်ကြောင်း ဆုံးသွားသောအခါ 'ဒီလိုဆိုရင် မင်း တို့နဲ့အတူလာနေပြီး နီယိုရှိုကျောင်းကို တက်ပေါ့ကွ။ မင်း တို့သား လုပ်လို့

ရတယ်။ အင်ဒီနဲ့ ငါတို့က သားသမီး မရှိကြဘူးကွယ့်။ ပြီးတော့ မင်းရဲ့ ဟိုအမေကို ခေါ်သလို ငါ့ကိုလည်း အန်တီမာရီယာလို့ ခေါ်ပေါ့' ဟု အမျိုးသမီးကြီးက ပြောလေသည်။

ယခုသော်ကား ကျော်သည် ဒုတိယအမေကို တွေ့သွားလေပြီ။ ဘယ်လိုနည်းနှင့်ကြည့်ကြည့် အန်တီမာရီယာသည် အမေသုံးဦးတွင် ချစ်စရာ အကောင်းဆုံး ဖြစ်ပေသည်။ သူသည် အမြဲသဖြင့် သူတစ်ပါးအကျိုးအတွက် ဆောင်ရွက်ပေးဖို့ အသင့်ဖြစ်နေတော့သည်။ သူ၏ ဝမ်းဆွဲဆရာမအလုပ်သည် မကြာခဏ ခရီးဝေးသို့လည်း သွားရသောအလုပ် ဖြစ်သည်။ နိုင်ငံအတွင်း မိုင် ၁၀၀ လောက် အရပ်အထိ သွားရသည်။ ယခုသော် ကျော်က သူတို့နှင့် အတူလာနေပြီဖြစ်၍ သွားစရာရှိသည်ကို စိတ်ချလက်ချနှင့် သွားနိုင်တော့ပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အိမ်ကို စိတ်ချရသူလက်ထဲ ထည့်ထားနိုင်ခဲ့၍ ဖြစ်သည်။ 'မိန်းကလေးတစ်ယောက် ရှိနေတာထက် ငါ့မှာ ကျော် ရှိနေတာက ပိုကောင်းသေးတယ်။ ကျော်က ကြမ်းတိုက်၊ ပန်းကန်ဆေး၊ မီးပူတိုက် အလုပ်တွေ အားလုံးမှာ တကယ်တော်တာပဲ' ဟု မာရီယာဝပ်ကင်းက ပြောတတ်သည်။

ကျော်ကားဗားသည် မာရီယာ၏အိမ်တွင် နေရင်းဖြင့်ပင် သူ၏ စားဝတ်နေရေးအတွက် ဝင်ငွေရနေသည်။ ပညာသင်ယူဖို့ အချိန်တွေလည်း အများကြီးရသည်။ ကျော် တက်ရသည့် ကျောင်းမှာ ဝပ်ကင်းတို့ လင်မယား၏အိမ်နှင့် ဝင်းထရံမျှလောက်သာခြားသော ပြုလဲတော့အုံ တဲမျိုး ဖြစ်သည်။ စာသင်ခန်းဟူ၍ တစ်ခန်းသာ ပါသည်။ ထိုတစ်ခုတည်းသော စာသင်ခန်းအတွင်း၌ ကလေးငယ် ၇၅ ယောက်တို့သည် ခုံတန်းလျား အမြင့်ကြီးတွေပေါ်မှာ ထိုင်ကြရသည်။ ဆရာ၏အမည်ကို "မစ္စတာဖရော့စ်" ဟု ခေါ်သည်။ သူ၏ခေါင်းမှာ ဘိလိယက် ဘောလုံးပမာ ပြောင်နေသည်။ ဆရာဖရော့စ်သည် ပညာအတတ်ကြီး မဟုတ်သော်လည်း ကလေးငယ်များကို "အ" လေးလုံး အခြေခံကို ကောင်းစွာပေးနိုင်သူ ဖြစ်ပါ၏။ "အ" လေးလုံး ဆိုသည်မှာ အဖတ်၊ အရေး၊ အတွက်နှင့် အရိုသေတို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။ အရိုသေ ဟူသည် ရိုသေလေးစားထိုက်သူကို ရိုသေ လေးစားတတ်အောင် သင်ပေးခြင်း ဖြစ်ပါ၏။

ကျော်သည် ကြားရက်များတွင် သူ့ကျောင်းကို ချစ်မြတ်နိုးရသည်။ တနင်္ဂနွေနေ့တွင် ဝတ်ပြုဆုတောင်းခြင်းကို ချစ်ခင်မြတ်နိုးရသည်။ ဝတ်ပြုဆုတောင်းခြင်းကို အာဖရိကန် မက်သဒစ် ဘုရားရှိခိုးကျောင်းမှာ လုပ်ရ

သည်။ တရားဟော ဓမ္မဆရာသည် သမ္မာကျမ်းစာကို မဖတ်တတ်။ သို့ရာတွင် သူသည် "ထာဝရ ဘုရားသခင်၏ နှလုံးသားကို ဘယ်လို ဖတ်ရမည်ဟူသည်ကိုကား သိရှိသူ" ဖြစ်သည်ဟု နောင်သောအခါတွင် ရော့က ပြောသည်။ ဓမ္မဆရာသည် လူကောင်းတစ်ဦး ဖြစ်ရာ ရော့က သူ့ကို လွန်စွာ လေးစား သဘောကျလေသည်။

အန်တီမာရီယာနှင့် အန်ကယ် အင်ဒီတို့သည် ဘာသာရေး ကိုင်းရှိုင်းကြသူများ ဖြစ်သည်။ "ခရစ်ယာန်များ အော်ခွင့်ရှိတယ်ဆိုတာ သက်သာကင်းစွာနှင့် ယုံကြည်ကြတာ" ဟူသော ဓမ္မတေးသီချင်းအတိုင်း ဘာသာရေးကို တကယ်ယုံကြည်ကြသူများ ဖြစ်သည်။ သူတို့သည် ဘုရားရှိခိုးကျောင်းထဲ၌ သူတို့၏ ဓမ္မတေးများကို ကျယ်လောင်စွာ သီဆိုကြရာ ရော့ကလည်း သူတို့နှင့်အတူ အသံစူးစူးဝါးဝါးဖြင့် သီဆိုတတ်လေသည်။ သို့ရာတွင် သူတို့သည် ကျန်သော အချိန်များတွင်မူ အိမ်မှာ ဆိတ်ဆိတ်နေကြလေသည်။ 'တနင်္ဂနွေနေ့ဆိုတာ စကားမပြောဘဲ တရားမှတ်နေရတဲ့ နေ့ပဲ' ဟု အန်တီမာရီယာက ရှင်းပြသည်။ အန်တီမာရီယာ၏ နမူနာကောင်းကို အတုယူပြီး ရော့ကားဗားသည် နောင်တွင် သူ့ဘဝတစ်လျှောက်လုံး၌ စကားမပြောဘဲ တရားဘာဝနာ စီးဖြန်းနေလေ့ရှိသော စိတ်အကျင့်ကို ရရှိခဲ့လေသည်။

ရော့ကားဗား နီယိုရှို လူမည်းကျောင်းသို့ ရောက်ရှိပြီး မကြာမီမှာပင်လျှင် သူ့အစ်ကို ဂျင်မ်သည်လည်း သူ့နောက် လိုက်လာသည်။ သူတို့ညီအစ်ကို နှစ်ယောက်စလုံးမှာ အသံတု လုပ်ရာတွင် မွေးကတည်းက တော်လာသူများ ဖြစ်ကြသည်။ ရယ်ရွှင်ဖွယ် စာညွန့်ပေါင်း တစ်အုပ်ကို ၁၀ ဆင့်ပေး၍ ဝယ်ကာ ခေတ္တ ကျောင်းဆင်းချိန်များတွင် အသံတုဖြင့် ရွတ်ဆိုပြခြင်းဖြင့် အခြားကလေးများအား တဟားဟားနှင့် ရယ်နေကြအောင် ပြုတတ်ကြသည်။

သို့ရာတွင် ဂျင်မ်သည် ရော့နှင့် အတူတူ ကြာကြာမနေခဲ့ပါ။ သူက ကြီးလည်း ကြီးလွန်း၊ အားလည်း ကောင်းလွန်း၏။ ဂနာငြိမ်သူ မဟုတ်။ တစ်နေရာတည်းတွင် ကြာရှည်နေတတ်သူ မဟုတ်သဖြင့် နီယိုရှိုမှ ထွက်ခွာ၍ ဟိုဟိုသည်သည် လျှောက်သွားလေသည်။ ရော့သည် သူနှင့် တစ်ခါတစ်ခါ စာရေး အဆက်အသွယ်လုပ်မည် ဆိုလျှင်လည်း သီတင်းပတ်ပေါင်းများစွာ အဆက်အသွယ် မလုပ်နိုင်ဘဲ ရှိတတ်သည်။ ကိုယ့်အသက်ရှင် ရပ်တည်

နိုင်ရေးအတွက် ကြိုးစားပမ်းစား လုပ်ကိုင်ပါသော်လည်း စာပို့တံဆိပ်ခေါင်း အတွက်ကား ငွေကုန်မခံနိုင်ပေ။

ဂျော့သည် နီယိုရှိမှ လူများအတွက် တောက်တိုမည်ရ အလုပ်များ လုပ်ပေးပြီး အိမ်ပြန်ရောက်လာသည့်အခါ အန်တီမာရီယာအား သူ ဘာတွေ ဘာတွေ အများကြီး လုပ်ခဲ့ကြောင်းကို မကြာခဏ ကြွားလေ့ရှိသည်။ သို့ရာတွင် အန်တီမာရီယာက ''အန်ဒီ၊ တော် ဘယ်လောက်များများ လုပ်ခဲ့ကြောင်းတွေ ပြောမနေပါနဲ့၊ ဘယ်လောက် ကောင်းအောင် လုပ်ခဲ့တာပဲ ပြောပါ" ဆိုတဲ့ အန်ဒီ့ကို ငါ ပြောနေကျ စကားအတိုင်းပဲ။ ဂျော့ရေ မင်းလည်း မင်း အကြွားတွေကို တော်ပါတော့' ဟု သူ့စကားကို အတိုနှင့် ဖြတ်ပစ်တတ်သည်။

တစ်နေ့တွင်တော့ ဂျော့သည် ခါးသီးသော အတွေ့အကြုံ တစ်ခုကို ရလိုက်သဖြင့် ဤစကားများ၏ အရေးပါပုံ သိလာခဲ့ရသည်။ သူသည် ငန်းဘဲမ တစ်ကောင်ကို ဥတစ်ဒါဇင်ပေါ်တွင် ဝပ်စေသည်။ တကယ့် အဖြေ ရလဒ်ကောင်းလည်း ရပါ၏။ ၁၂ ဥ စလုံးသည် အကောင်ပေါက်လာခဲ့သည်။ ဘဲငန်း ဖောက်သည့် ဥဖောက်ခြံ အနီး၌ ဟင်းသီးဟင်းရွက် ခြံကလေး တစ်ခုကို စိုက်ပျိုးထားသည်။ ဤဟင်းသီးဟင်းရွက် ခြံကလေးမှာ သူ အလွန်ဂုဏ်ယူရသော ခြံကလေး ဖြစ်သည်။ ဘဲငန်းပေါက်ကလေးများ မဝင်နိုင်အောင်လည်း ထိုဥယျာဉ်ခြံ ပတ်ပတ်လည်တွင် ခြံစည်းရိုးတစ်ခု ကာထားလိုက်သည်။

သို့ရာတွင် အချို့ ခြံစည်းရိုးတိုင်များက ဟ နေပေရာ စိမ်းနေပြီး အရည်ရွှမ်းနေသော ဆလတ်ရွက်ကလေးများမှာ ဆာလောင်နေသော ဘဲငန်းလေးများ ထိုးဆိတ်စားချင်စရာ ဖြစ်နေသည်။ အန်တီမာရီယာက ဂျော့အား ဝင်းထရံကို ပြင်ဖို့ သတိပေးသေးသည်။ သို့ရာတွင် ဂျော့သည် တခြားကိစ္စများနှင့် အလုပ်ရှုပ်သွား၍ အန်တီမာရီယာ၏ သတိပေးချက်အတိုင်း လိုက်နာဖို့ မေ့သွားလေသည်။ "ဒါလုပ်ဖို့ အချိန်အားရမယ့် မနက်ဖြန်ကျမှပဲ လုပ်တော့မယ်" ဟု အချိန်ရွှေ့မိလေသည်။

အချိန်အားရသော နောက်တစ်နေ့ ရောက်လာသော အခါတွင်မူ အခါနှောင်းသွားခဲ့ပေပြီ။ အချို့ကလေးများက သူ့ကို ကျောက်ဒိုးပစ် ကစားရအောင်ဟု လာခေါ်သည်။ ငြင်းလို့မရနိုင်သော ဖိတ်ခေါ်ချက် ဖြစ်၏။ သူသည် ဤအနီးတစ်ဝိုက်တွင် အတော်ဆုံး၊ အကောင်းဆုံး ကစားသမားတစ်ဦး

ဖြစ်သည်။ ဂျော့သည် အခြား ကစားသူများ၏ ဂေါလီလုံးများကို အိတ်ကပ်ထဲ ထည့်ရ၊ ထိုဂေါလီလုံးများကို ပြန်ထုတ်ရနှင့် အချိန်များ ကုန်သွားသည်။


ထိုအခါတွင်မှ သူ့ခေါင်းထဲမှာ ကျိုးပျက်နေသော ခြံစည်းရိုးကိစ္စ ရုတ်ခြည်း ပေါ်လာသည်။ သတိရရချင်း အိမ်သို့ အမြန် သုတ်ပြေးလာသည်။ ဟင်းသီးဟင်းရွက်ခြံ တစ်ခုလုံးသည် မစ္စတာဖရော့စ်၏ ခေါင်းပမာ ပြောင် တလင်း ခါသွားခဲ့လေပြီ။ ဘဲငန်းပေါက်စကလေးများသည် ဟ နေသော ခြံစည်းရိုး တိုင်များကြားထဲ ဖြင့်ဝင်ကာ ဟင်းရွက်တွေအားလုံးကို စားပစ် လိုက်ကြပါပြီတည်း။

ဤကိစ္စသည် ဤမျှနှင့် မပြီးသေးပါ။ ဘဲငန်းကလေးများသည် သူ၏ အမျက်ဒေါသဒဏ်မှ လွတ်ရန်အနေဖြင့် အနီးရှိ ရေကန်ထဲမှာ သွားပုန်းနေကြ သည်။ ကန်စပ်အထိရောက်အောင် သူတို့နောက် လိုက်သွားရာ စိုရွှဲနေသော မြက်ဖုတ်ပေါ်တွင် ချော်လဲသဖြင့် လူပါ ရေကန်ထဲသို့ လိမ့်ကျသွားခဲ့လေ သည်။

အိမ်ပြန်ရောက်လာသောအခါ ဒေါသလည်းထွက်၊ ရွှံ့တွေ ရေတွေ နှင့်လည်း ညစ်ပေလာ၊ ရှက်ကလည်း ရှက်မိသည်။ အန်တီမာရီယာမှ သူ့ကို အပြစ်မပေးပါ။ 'မင်း သင်ခန်းစာတော့ ရသွားပြီလို့ ထင်ပါတယ်' ဟုသာ ပြောသည်။ ထို့နောက် 'အခု အဝတ်အစားတွေ ချွတ်လိုက်ဦး၊ ပြီးတော့ လျှော်ဖွပ် မီးပူတိုက်လိုက်။ အဲဒါတွေ ပြီးသွားရင် မင်း ဟင်းသီးဟင်းရွက် ခြံကို အားလုံး အစက ပြန်လုပ်ချည်' ဟု ပြောလေသည်။

နောက်တစ်နေ့မနက်တွင် နံနက် အိပ်ရာထစာ စားကြသည့်အခါ ဂျော့သည် ရှက်နေပုံရသည်။ ကြက်ဥနှင့် ဝက်သားခြောက်တို့ဖြင့် စီမံထား သော နံနက် အိပ်ရာထစာမှ ထ လိုက်သည့်အခါ ဤသို့ ပြောလေသည်။ 'ကျွန်တော် အန်တီမာရီယာ ပြောခဲ့တာကို သတိရပါတယ်။ ဘယ်လောက် များများ လုပ်ခဲ့တယ် ဆိုတာက အရေးမကြီးဘူး။ ဘယ်လောက် ကောင်း ကောင်း လုပ်ခဲ့တယ် ဆိုတာက အရေးကြီးတယ် ... ဆိုတဲ့ စကားလေ'

အန်တီမာရီယာက ပြုံးလျက် 'ဟုတ်တာပေါ့၊ နောက်တစ်ခုလည်း မှတ်ထားဦးကွယ့်။ ဘဲငန်းတွေ ဥ မဖောက်ခင် မင်းရဲ့ ခြံစည်းရိုးကို အရင် ပြင်တဲ့' ဟု ပြောလိုက်သတည်း။



## အခန်း (၅)

## အလင်းရှိရာသို့ ခရီးနှင်

ဂျော့သည်လည်း သူ့အစ်ကို ဂျင်မ်လိုပင် ဂနာငြိမ်သူ မဟုတ်ပေ။ သို့ရာတွင် သူ ဂနာမငြိမ်ခြင်းမှာ စိတ်ဂနာမငြိမ်ခြင်း ဖြစ်၏။ သူသည် သူ နားလည်၍ မရနိုင်သော ကမ္ဘာကြီး၏ အမှောင်ထုထဲ၌ လမ်းပျောက်နေသော ခရီးသွားနှင့် ပမာတူသည်။ သူသည် အလင်းရောင် ပို၍ ပို၍ ရအောင် အမြဲထာဝရ ရှာနေသူနှင့်လည်း တူနေပေသည်။ အသက် ၁၃ နှစ်အရွယ် ရောက်လာသည့်အခါ နီယိုရှိမှ ကျောင်းကလေးသည် သူ့ကို နောက်ထပ် ပညာတွေ မပေးနိုင်တော့ ဟူ၍ သူ ယူဆလာခဲ့သည်။ ကင်းဆတ်ပြည်နယ်တွင် သည့်ထက် ကောင်းသည့် ကျောင်းများ ရှိကြောင်း သူ ကြားသိထားသည်။

ကံကောင်းသည်ဟု ဆိုရမည်။ နီယိုရှိမှ မိသားတစ်စုသည် ဖို့ထ်စကော့သို့ ပြောင်းမည် လုပ်နေသည်။ ဂျော့က သူတို့နှင့်အတူ သူ့ကိုပါ ခေါ်သွားဖို့ ပြောသည်။ အန်ကယ်အန်ဒီနှင့် အန်တီ မာရီယာတို့နှင့် ခွဲသွားဖို့ ဆိုတာကလည်း ဂျော့အဖို့ ခပ်ခက်ခက် ဖြစ်သည်။ ပညာရှာချင်သောကြောင့်သာ ခွဲရမည် ဖြစ်၏။ ကိုယ် ချစ်ခင်ရသူတွေနှင့် တခွဲတည်း ခွဲနေရခြင်းသည်ပင်လျှင် ထာဝရ တည်နေမည့် သူ၏ ကံကြမ္မာပေလောဟု ထင်စရာ ဖြစ်နေတော့သည်။

ဝမ်းနည်းစရာထဲမှာ ရယ်စရာ တွေ့ရ ဆိုသလို စိတ်ဝင်စားဖွယ်ရာ

အပေးအယူ ကိစ္စတစ်ခုက ပေါ်ခဲ့သေးလေသည်။ အန်ကယ်အန်ဒီက သေတမ်းစာတစ်ခု ရေးထားသည်။ ထိုသေတမ်းစာထဲ၌ သူ သေသွားသော် သူ့မှာရှိသမျှ စည်းစိမ်ကို ဂျော့အား ပေးထားလေသည်။ တစ်ဖန် ဂျော့ ကလည်း အားကျမခံဟု ဆိုရမည်လား မသိ၊ သူ့မှာရှိသမျှ ငွေကြေး တစ်ပြား၊ နှစ်ပြားကို အန်ကယ်အန်ဒီအား ပေးရန်ဟု သူ့သေတမ်းစာထဲမှာ ရေးထား ခဲ့ပြန်လေသည်။

ဤသို့ဖြင့် ဂျော့သည် မြို့သစ်တစ်ခုသို့ ထွက်လာခဲ့ကာ မျက်နှာစိမ်း တွေနှင့် တွေ့ပြန်ရသည်။ အလင်းဆီသို့သွားရာ ခက်ခဲပင်ပန်းသော အတက် ခရီးကို ဆက်လက် တက်ခဲ့ရပြန်လေသည်။

နီယိုရှီနှင့် ဖို့ထိစကော့သည် ၇၅ မိုင် ဝေးသည်။ အိမ်ထောင် ပရိ ဘောဂတွေ တင်ဆောင်လာသည့် ဝန်က အဆမတန် များလှရာ ထိုခရီးကို သိတင်းတစ်ပတ်ကျော်ကြာ သွားရသည်။ သူတို့ ခရီးပန်းတိုင်သို့ ရောက် လာသောအခါ ဂျော့ ပထမဦးဆုံး လုပ်ရသည်ကား စားဖို့ တစ်ခုခုနှင့် အိပ် စရာနေရာ ရှာဖွေရခြင်း ဖြစ်လေသည်။ တစ်အိမ်ပြီး တစ်အိမ်၊ တံခါးတွေ တစ်ပေါက်ပြီး တစ်ပေါက် သွားကာ တံခါးပေါက် အတော်များများ ခေါက်ခဲ့ သော်လည်း အချည်းနှီးပင်။ အိမ်တစ်အိမ်သို့ ရောက်သည့်အခါတွင်မူ အိမ်ဖော် တစ်ယောက် လိုသတဲ့။ အိမ်ရှင် အမျိုးသမီးကြီးက 'အဒေါ်နာမည်က မစ္စက် ပေးန်ပါ။ အတော်ကြီးတဲ့ မိန်းကလေးမျိုး ကျတော့လည်း မတတ်နိုင်ဘူး' ဟု ပြောသည်။

'ဒါပေမဲ့ ကျွန်တော်က အိမ်မှုကိစ္စတွေ ကောင်းကောင်း လုပ်တတ် ပါတယ် ခင်ဗျာ။ မိန်းကလေးထက်တောင် ပိုကောင်းအောင် လုပ်နိုင်ပါလိမ့် ဦးမယ်။ ကျွန်တော်က လျှော်ဖွပ် မီးပူတိုက်တတ်ပါတယ်။ စာထိုးပန်းထိုး အချုပ်အလုပ်လည်း လုပ်တတ်ပါတယ်။ အိမ်ကို သန့်ရှင်းအောင်လည်း လုပ်တတ်၊ ပြင်စရာရှိရင် ပြင်တတ်ပါတယ်။ ဥယျာဉ်ခြံရှိရင် ဥယျာဉ်ခြံကို လည်း ပြုစု စောင့်ရှောက်တတ်ပါတယ်။ ဒါ့အပြင် တောင်သူလုပ်ငန်း တောက်တိုမည်ရ အလုပ်မျိုး မှန်သမျှလည်း လုပ်တတ်ပါတယ်' ဟု ဂျော့က ပြောလိုက်သည်။

မစ္စက်ပေးန်သည် သူ့ကို လျှို့ဝှက်အပြုံးဖြင့် ကြည့်ပြီး အကဲခတ် သည်။ 'လူကလေး လက်မလောက်နဲ့ လုပ်တတ်တဲ့ အလုပ်တွေက များလှ ပါကလား' ပြောလိုက်သည်။

'ဒါပေမဲ့ အဲဒီအလုပ်တွေ အားလုံးကို တကယ် လုပ်တတ်တာပါ ခင်ဗျ၊ ခိုင်းကြည့်ပါ'

'ကဲ ပြောစမ်းပါဦး ကလေးရဲ့၊ မင်း ချက်ပြုတ်တတ်လို့လား' မစ္စက်ပေးန်သည် ဤမေးခွန်းကို မေးလိုက်လျှင်တော့ သည်ကောင်လေး တပ်လန့်ပြေးလိမ့်မည်ဟု ထင်ပြီး ထိုသို့ မေးလိုက်ခြင်း ဖြစ်၏။

သို့ရာတွင် ဂျော့ကမူ အားပါးတရနှင့် ဖြေလေသည်။ 'ချက်တတ်တာပေါ့ ခင်ဗျ'

'ကောင်းပြီလေ၊ အဒေါ်က မိသားစုအတွက် ညစာကို ပြင်ဆင်မလို့ကွယ့်။ တို့ယောကျ်ားက အလွန် အစားကြီးတဲ့သူကွယ့်။ သူက အရသာကျတော့လည်း ဆန်းဆန်းပြားပြားတွေ ကြိုက်သေးတယ်။ မင်း သူ့စိတ်ကြိုက်ဖြစ်အောင် ချက်ပြုတ်နိုင်ပါ့မလား'

ဂျော့သည် ထိုမေးခွန်းကို ကြားလိုက်သည့်အခါ ကြောင်တက်တက်တောင် ဖြစ်သွားသေးသည်။ သူ ချက်တတ် ပြုတ်တတ်သည်က သာမန်ရိုးရိုးအစားအစာမျိုးသာ ဖြစ်၏။ ထူးထူးခြားခြား ဆန်းဆန်းပြားပြား ညစာပွဲကြီးလိုမျိုးကိုမူ သူ ချက်ပြုတ်တတ်သည် မဟုတ်ပေ။ သို့ရာတွင် သူက အကြံတစ်ခု ရလိုက်သည်။ 'မစ္စက်ပေးန် ခင်ဗျာ၊ အဒေါ်က ဘယ်လို ချက်ရတယ် ပြုတ်ရတယ်လို့သာ ပြပေးပါ။ ကျွန်တော် အဲဒီ ပြပေးတဲ့နည်းအတိုင်း တထေရာတည်း တူအောင် ချက်ပြုတ်ပေးပါမယ်။ အဒေါ့်ယောကျ်ားလည်း ကျွန်တော့်လက်ရာကို အဒေါ့်လက်ရာလိုပဲ သဘောတွေ့သွားနိုင်ပါတယ်' ဟု ပြောလိုက်သည်။

'ဒီစိတ်ကူး ကောင်းတယ်ဟော့' ဟု မစ္စက်ပေးန်က သူ့အကြံကို သိပုံမရဘဲ သဘောတူလေသည်။ မစ္စက်ပေးန်သည် ရောမွှေစရာ ရှိတာကို ရောမွှေပြီး ဘီစကွတ်မုန့်များကို ဖုတ်ပြ၏။ အသားကို ကြာရှည်ခံအောင် လုပ်ပြသည်။ ပူတင်းထဲသို့ ထည့်ရမယ့် အမည် (အမယ်) ပစ္စည်းများကို ထည့်ရမည့် ပမာဏအတိုင်း ထည့်ပြသည်။ ဂျော့ကလည်း သူ လုပ်ပြတာကို ဂရုစိုက်ကြည့်ပြီး သူ လုပ်ပြသည့်အတိုင်း လိုက်လုပ်သည်။ ကြည့်ရှုလေ့လာတတ်သည့် မျက်စိကလည်း ရှင်၊ မှတ်ဉာဏ်ကလည်း ကောင်းသူ ဖြစ်လေရာ ဂျော့သည် မစ္စက်ပေးန် လုပ်ပြသည့်အတိုင်း တစ်သဝေမတိမ်း လုပ်တတ်သွားလေသည်။

နောက်နေ့တွင်ကား ညစာကို သူ့ဘာသာသူ တစ်ယောက်တည်း

ချက်ပြုတ်တတ်သွားလေသည်။ 'အလိုလေးတော်၊ မင်း စီမံထားတဲ့ ညစာကတော့ အကောင်းဆုံးပါပဲလေ' ဟု အာမေဍိတ်သံနှင့် ပြောလိုက်သံ ကြားလိုက်ရသည့်အခါ ငါ အောင်ပြီ ဟု အောက်မေ့မိလေသည်။

'ဒီညစာကို စီမံတာ ငါ မဟုတ်ဘူး။ ဂျော့ကားဗား စီမံတာပေါ့' ဟု မစ္စက်ဝေးန်က ရယ်မောပြောလိုက်သည်။

ဤသို့ဖြင့် ဂျော့သည် မစ္စက်ဝေးန်တို့၏ အိမ်တွင် "ထမင်းချက်ချုပ်ကြီးနှင့် အကူအလုပ်သမား" ရာထူး ရသွားခဲ့သည်။ သီတင်းပတ် အနည်းငယ် အတွင်းမှာပင် သူသည် မုန့်ဖိုကို ကျွမ်းကျင်နိုင်နင်းလာသည်။ ဖို့ထ်စကော့မြို့မှာ ကျင်းပသည့် ပေါင်မုန့်ဖုတ် ပြိုင်ပွဲတွင် ဆုတွေလည်း အတော်များများ ရရှိခဲ့လေသည်။

မုန့်ဖုတ်တာတို့၊ အခြား လုပ်ငန်းတာဝန်တို့က သူ့အချိန်၏ တစ်စိတ်တစ်ပိုင်းသာ ကုန်ပါသည်။ သူ့အလုပ်ရှင်များက သူ့ကို ကျောင်းတက်ခွင့်ပေးသည်။ သူသည် မီးဖိုဆောင်မှာ တော်သကဲ့သို့ပင် ကျောင်းမှာလည်း တော်ပေသည်။ အမှန်မှု ဂျော့ကားဗားသည် ဘာကိုပဲ လုပ်ရ လုပ်ရ၊ ထိုအလုပ်ကို အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် လုပ်တတ်သူ ဖြစ်ပေသည်။ တစ်မနက်တွင် သူ့ဆရာမက အတန်းထဲမှာ အိုဖုတ်တောင်တန်းအကြောင်းကို ပြောပြလေရာ သူသည် အိမ်ကို အလွန် လွမ်းမိလေသည်။ ထို့ကြောင့် မစ်ဇူရီ ပြည်နယ်ရှိ ဒိုင်းမွန်းဂရို့ဗ်တွင် နေစဉ်က သူ မှတ်မိသော ရှုခင်းတစ်ခုကို ပန်းချီပုံကြမ်း ရေးဆွဲနေမိလေသည်။

ထိုစဉ် သူ့အမည်ကို ခေါ်လိုက်သည့် 'ဂျော့ကားဗား' ဟူသော အသံကို သူ ရုတ်တရက် ကြားလိုက်ရသည်။

'ဟုတ်ကဲ့ မစ္စဖော့စတား'

'မင်း ဆရာမ ပြောနေတာကို အာရုံမစိုက်ဘူး'

သူ အနေရအထိုင်ရ ခက်သွားသည်။ သူ့ကိုကြည့်ပြီး အခြားကလေးများက တခစ်ခစ် ရယ်ကြသည်။ ဂျော့သည် ဘာကို ဆို၍ ဘာကို ပြောလိုက်ရမည် မသိ ဖြစ်ကာ 'မဟုတ်ပါဘူး ဆရာမ' ဟု ပြန်အော်မိလေသည်။

'မင့်စာရွက်ကို ဒီကို ယူခဲ့စမ်း၊ မင်း ဘာလုပ်နေတယ် ဆိုတာ ဆရာမ ကြည့်ချင်တယ်'

ကြောက်ကြောက်လန့်လန့်နှင့် သူသည် စာသင်ခုံတန်းများအကြားရှိ လမ်းအတိုင်း တရှပ်ရှပ်တိုက်၍ မစ္စဖော့စတား၏ စားပွဲသို့ သွားသည်။

ဆရာမသည် သူ့လက်ထဲမှ စာရွက်ကို ဆွဲယူလိုက်ကာ ကြည့်လိုက်၏။ 'ကောင်းစောင်းက ဥယျာဉ်ခြံတစ်ခုနဲ့ တူနေပါလား' ဟု ဆရာမက ပြောလိုက်သည်။

'ဟုတ်ပါတယ် ဆရာမ၊ ဥယျာဉ်ခြံပါပဲ' ဟု ပြောလိုက်ရာ သူ့အသံမှာ တုန်နေသည်။ ကြိမ်လုံးစာတော့ မိတော့မှာပဲ၊ သို့မဟုတ်လျှင်လည်း နှုတ်ဖြင့် ပြင်းပြင်းထန်ထန် ပြောဆိုတော့မှာပဲဟု သူ မျှော်လင့်ထားမိ၏။ သို့ရာတွင် ကြိမ်ဖြင့်လည်း မရိုက်၊ နှုတ်ဖြင့်လည်း ကြိမ်းမောင်းပြစ်တင် မပြောဘဲ ဆရာမက နူးညံ့ပျော့ပျောင်းစွာ ပြောလေသည်။ ဆရာမ၏အသံသည် ထိတ်လန့်နေသော သူ့နှလုံးအိမ်ကို ယုယစွာ ပွတ်သပ်ပေးလိုက်ဘိသကဲ့သို့ ရှိတော့သည်။ 'ဟယ် ... ဂျော့၊ တကယ့် ပါရမီထူး ရှိကြောင်းကို ပြလိုက်တဲ့ ပုံပါကလား။ မင်း ပန်းချီဆွဲနည်း သင်ခန်းစာတွေ သင်ယူသင့်တယ်'

ကလေးများသည် သူ့ကို ဆက်လက်၍ ရယ်မောခြင်း မပြုတော့ပေ။ ဆရာမ မစ္စဖော့စတားက လူသွား စင်္ကြံလမ်းအတိုင်း အတန်းထဲတွင် လျှောက်ကာ ဂျော့၏ပုံကို ကလေးများအား ပြသလိုက်သဖြင့် ကလေးငယ်များသည် လေးစား သဘောကျစွာ ကြည့်ကြသည်။

ပုံကို မြင်လိုက်သောအခါ 'သူက တကယ့် ပန်းချီဆရာပဲဟေ့' ဟု ကောင်ကလေးတစ်ယောက်က ပြောသည်။

'ဆရာမလည်း မင်းနဲ့ တသဘောတည်းလို့ ပြောရမယ်ကွယ့်' ဟု မစ္စဖော့စတားက ဖြေသည်။ ထို့နောက် ဂျော့ဘက်သို့ လှည့်ကာ 'ဆရာမ မစ္စဘာလိတ်နဲ့ ပြောကြည့်မယ်။ သူ့ရဲ့ ပန်းချီအတန်းမှာ မင်းကို ခေါ်နိုင်မလားလို့ သူ့ကို ပြောကြည့်မယ်' ဟု ဆက်ပြောသည်။

မစ္စဘာလိတ်သည် အလွန် ဝမ်းမြောက်စွာဖြင့်ပင် သူ့အတန်းမှာ ဂျော့ကို တက်ခွင့်ပြုလိုက်သည်။ ဤသို့ဖြင့် ဂျော့သည် စာအပြင် ပုံဆွဲနည်းပါ သင်ယူခဲ့လေသည်။

အချိန်အတန်ကြာသောအခါ ပန်းချီဆွဲနည်းပါ သင်ရသည်။ သူ့မှာ ဆေးဘူးများဝယ်ရန် ပိုက်ဆံမရှိ၍ မြေနီ၊ မြေဝါ ရွှံ့စေးများမှနေ၍ ကိုယ့်ဘာသာ ဆေးရောင်များ ရအောင်စပ်ယူသည်။ ဘယ်ရီသီးများ၊ သစ်သီးပုပ်များနှင့် ဟင်းသီးဟင်းရွက်များမှနေ၍ ပေါင်းခံချက်ယူကာ အရောင်တင်ဆီ ရအောင် လုပ်ယူသည်။ ဤသို့ ပြုနိုင်ခြင်းကား ဂျော့မှာ တီထွင်ဉာဏ်ရော အနုပညာစိတ်ပါ ရှိသောကြောင့်ပင်။ သူသည် အလွန် ငယ်သေးစဉ် အကာလေး

ဘဝကတည်းကပင် သူ့စဉ်းစားဉာဏ်နှင့် ကမ္ဘာလောကအကြောင်းကို နားလည်လိုသောဆန္ဒ ပြင်းပြလာခဲ့သူ ဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ ကိုယ့်လက်ကိုယ့်ခြေနှင့် ကိုင်တွယ်လုပ်ကိုင်လိုက်ချင်သူ ဖြစ်သည်။ တစ်နေ့တွင်တော့ သူ၏ ဂုဏ်ယူဖွယ် အကောင်းဆုံးနေ့မျိုး ရောက်လာလေသည်။ မစ္စဘာလိတ်က သူ ဆွဲထားသည့် ပုံများနှင့် ပန်းချီကားများကို တစ်ကျောင်းလုံးက ကျောင်းသားများ ကြည့်ရှုနိုင်အောင် ပြပွဲလုပ်၍ ခင်းကျင်းပြသခဲ့သည်။

သို့ပင်ဖြစ်သော်လည်း ဂျော့သည် ထိုကျောင်း၌ ကြာကြာမနေခဲ့ပေ။ တစ်နေ့ခင်းတွင် သူသည် တောက်တိုမည်ရ အလုပ်တစ်ခုဖြင့် ဆေးဆိုင်တစ်ဆိုင်သို့ သွားမည်လုပ်နေတုန်း ထိတ်လန့်ဖွယ် မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရရာမှ ဖို့ထ်စကော့မြို့တွင် ဆက်လက် မနေဝံ့တော့လောက်အောင် ဖြစ်သွားခဲ့လေသည်။

ကုန်စုံဆိုင်သို့ သွားသည့်အခါ ထိုမြို့၏ အကျဉ်းထောင်ကို ဖြတ်သွားရသည်။ ထိုနေ့က ထောင်၏ရှေ့တွင် လူအုပ်ကြီးသည် နီဂရိုး အကျဉ်းသားတစ်ဦးအား ထောင်အတွင်းမှထုတ်၍ တရွတ်တိုက် ဆွဲလာသည်။ ထိုလူအုပ်ကြီးထဲမှ အချို့လူများက လူမည်းအား တုတ်များနှင့် ရိုက်ကြ၏။ အချို့ကလည်း ပြည်သူ့ရင်ပြင်တွင် မီးပုံကြီးတစ်ခု ဖြစ်လာအောင် မီးမွှေးကြသည်။ ဂျော့သည် လူမည်း အကျဉ်းသားကို မီးရှို့သည့်အချိန်တိုင်အောင် စောင့်ပြီး ကြည့်မနေတော့။ ကြောက်လွန်း၍ တုန်ကာ အိမ်သို့ ပြေးလာခဲ့သည်။ ကိုယ့်ပစ္စည်းကလေး အနည်းငယ်ကို ဆွဲယူကာ ဤမျှ ရက်စက်ကြမ်းကြုတ်သောအရပ်ကို နေ၍ မဖြစ်တော့။ ခွန့်၍ ပြေးခဲ့လေသည်။

သူသည် နူးညံ့သိမ်မွေ့မှုနှင့် အလင်းရောင်ကို ထပ်မံ ရှာဖွေရန်အတွက် နောက်တစ်ကြိမ် ခြေသလုံးအိမ်တိုင်ဘဝ ရောက်ခဲ့ရပြန်ပေပြီ။ နောက်ထပ်နှစ်အနည်းငယ်ကြာအောင် ဟိုဟိုသည်သည် လှည့်လည်သွားခဲ့ရပြန်ပေပြီ။ ကင်းဆက်စီးတီးသို့ရောက်၊ အိုလိတ်သ်သို့ရောက်၊ မင်နီယာပိုးလစ် (ကင်းဆက်ပြည်နယ်) သို့ ရောက်နှင့် ထိုမြို့များတွင် ကြုံရာကျပန်း အလုပ်အမျိုးမျိုးကို လုပ်ခဲ့ရ၏။ သို့ရာတွင် ရောက်လေရာ အရပ်၌ ပညာသင်ယူခွင့် ရနိုင်ရေးကိုကား မျက်ခြည်အပြတ်မခံ၊ အမြဲတမ်း အာရုံစိုက် ကြိုးပမ်းခဲ့သည်။ အထက်တန်းကျောင်း ပြီးခါနီး အချိန်တွင်ကား သူသည် ရုတ်တရက် ထွားလာသည်။ တစ်နှစ်လောက်သာ စောင့်လိုက်ရသည်။ သူ့အရပ်သည် ငါးပေကျော်ကျော်ကလေးမှ ခြောက်ပေနီးပါးအထိ ဖြစ်လာခဲ့သည်။

ယခုသော် သူသည် လောကအလယ်၌ တစ်ကောင်ကြွက်သာ ဖြစ်နေတော့သည်။ တစ်နေ့တွင် သူ့အစ်ကို ဂျင်မ် ဆုံးသွားပြီဖြစ်ကြောင်း သတင်းရသည်။ ကျောက်ပေါက်၍ သေဆုံးခြင်းပင်။ ဖေယက်တီဗီးလ်တွင် သေဆုံးသွားခြင်း ဖြစ်သည်။ သူ့မိသားစုထဲမှ သူနှင့် တွယ်နှောင်ထားသော တစ်ခုတည်းသော နောက်ဆုံး ကြိုးမျှင်ကလေးသည် ပြတ်တောက်သွားသည့်နယ် ဖြစ်ပေရာ ဂျော့အဖို့ ပြင်းထန်သော လောကဓံ၏ ထိုးနက်ချက် တစ်ခုပါပေ။ သို့ရာတွင် ဂျော့သည် ကိုယ်တိုင်ကလည်း စိတ်ရင်းကောင်းရှိသူ ဖြစ်ရာ တူသောအကျိုးပေးသည်ဟု ဆိုသကဲ့သို့ သူ့အပေါ် သွေးရင်းသားရင်းပမာ စေတနာထားနိုင်ကြသည့် စိတ်ရင်းကောင်း ရှိသူများနှင့် အမြဲတမ်း တွေ့ရတတ်ပေသည်။

ခြေသလုံးအိမ်တိုင် အဖြစ် ဟိုဟိုသည်သည် လှည့်လည်သွားလာရင်း သူ၏ စတုတ္ထမြောက် "အမေ" တစ်ဦးကို တွေ့ရပြန်သည်။ ထို စတုတ္ထအမေကား အန်တီ လူစီဆေးမား ဆိုသူ ဖြစ်သည်။ အန်တီ လူစီဆေးမားသည် "မင်နီယာပိုးလစ်မြို့တွင် အကောင်းဆုံး အဝတ်လျှော်သမနှင့် မီးပူတိုက်သမား" ဖြစ်ပေသည်။ မစ္စက်ဆေးမား၏ သင်ကြားပြသမှုဖြင့် သူသည် ကျွမ်းကျင်သော ပင်းမင်းသမား ဖြစ်လာခဲ့ရာ နောက်ဆုံးတွင် သူ့အလုပ်ကောင်း မှန်သမျှကို ဂျော့အား လွှဲနိုင်သည့် အခြေအနေသို့ ရောက်ခဲ့သည်။ 'ဂျော့၊ အဲဒီ အတွန့်အလိပ်တွေနဲ့ ဘောင်းဘီ အောက်နားစမျိုးတွေကို ဘယ်သူဘယ်ဝါမှ မင်းလောက် ကောင်းအောင် မီးပူ မတိုက်တတ်ဘူး။ အတွန့်လိပ်တွေ အကြားထဲမှာ မီးပူကို ထိုးထည့်ပုံဟာ သတိထားစရာပဲ' ဟု အန်တီ လူစီက ပြောသည်။

မကြာလိုက်ပါချေ။ ဂျော့သည် ကိုယ်ပိုင် ပင်းမင်းဆိုင် ထောင်လာနိုင်သည်။ သူ ပင်းမင်းဆိုင် ထောင်ထားစဉ်အတွင်း အနီးဝန်းကျင်မှ လယ်သမားများက စာတွေ ရေးကြသည်။ မိမိတို့ အဝတ်အစားများကို လျှော်ဖွပ်ဖို့ လာယူပါဟု စာတွေရေးကြခြင်း ဖြစ်သည်။ နောက်မှ သိရသည်မှာ ထိုစာမျိုးအချို့သည် သူ့ဆီ မရောက်ဘဲ အခြားသူထံ ရောက်ကုန်သည်။ ထိုမြို့မှာက သူနှင့်အမည်တူ ဂျော့ကားဗား နောက်တစ်ယောက် ရှိသေး၏။ ထိုကားဗားက သူ့လို လူမည်း မဟုတ်၊ လူဖြူ ဖြစ်သည်။ သူ့ထံ ရေးသည့် စာတွေကို လူမှားပို့၍ ထိုလူဖြူက လက်ခံရရှိနေ၏။ ဤမှားယွင်းမှုကြောင့် ဂျော့မှာ ဖောက်သည်အတော်များများ ဆုံးရှုံးသွားသည်။ ထို့ကြောင့် ဂျော့သည် ဂျော့

ကားဗားချင်း မမှားအောင် အမည်နှစ်ခု အလယ်တွင် W (ဒဗ္ဗလျူ) ကို ထပ်တိုးလိုက်သည်။ အန်တီလူစီက ထို ဒဗ္ဗလျူ၏ အရှည်က ဘာလဲဟု မေးသည်။ ကျေနပ်လောက်ဖွယ် အဖြေကို သူ ပြန်မပေးနိုင်ခဲ့ပေ။ 'ကျွန်တော် လည်း ရမ်းသန်းပန်းသန်းနဲ့ အဲဒီအမည်ကို ကောက်ထည့်ခဲ့တာပဲ အန်တီ လူစီရယ်' ဟုသာ ပြန်ပြောနိုင်သည်။

'ဒါဆို အဲဒီ W က Washington (ဝါရှင်တန်) လို့ ယူလိုက်ပေါ့ကွယ်။ မင်းက သိပ်ရိုးသူပဲ။ မင်းရဲ့ ဒဗ္ဗလျူကို မြင်ရတော့ အန်တီက တို့ရဲ့ ပထမ ဦးဆုံး သမ္မတကြီးကို သွား သတိရမိတယ်'

'အန်တီရဲ့ အကြံပေးချက်အတွက် ကျေးဇူးတင်ပါတယ်။ အန်တီ ပြောသလိုပဲ ကျွန်တော့်ဒဗ္ဗလျူကို ဝါရှင်တန် လုပ်ပစ်လိုက်တော့မယ်' ဟု ဂျော့က ပြုံး၍ ပြောလေသည်။

ထို့ကြောင့် ထိုနေ့မှစ၍ သူသည် သူ့နာမည်ကို ဂျော့ဝါရှင်တန် ကားဗားဟု လက်မှတ်ရေးထိုးခဲ့လေသည်။

*

မင်နီယာပိုးလစ် အထက်တန်းကျောင်း၏ ကျောင်းဆင်း လက်မှတ်ပေးပွဲ အချိန် ရောက်လာခဲ့ပေပြီ။ ဂျော့ကားဗားသည် သူ့အတန်းတွင် ထိပ်ဆုံး နေရာနားတွင် ရောက်သည်။ သို့ရာတွင် သူသည် ထိုပွဲသို့ မတက်ရောက်ခဲ့။ ဝတ်စုံသစ်တစ်စုံ ဝယ်ရန် ငွေကြေးမတတ်နိုင်၍ ဖြစ်သည်။ သူ စုဆောင်း ထားသော ငွေအများစုမှာလည်း လက်ဆောင်ပစ္စည်းတွေ ဝယ်ခြမ်းရသည် နှင့် ကုန်သွားခဲ့သောကြောင့် ဝတ်စုံ မဝယ်နိုင်ခဲ့ခြင်းပင်။

သူသည် ထိုလက်ဆောင်ပစ္စည်းတွေကို ဝယ်ယူခဲ့ခြင်းမှာလည်း အတိတ်ကာလ၌ သူနှင့်အတူတူ နေထိုင်လာခဲ့သူ လူအမျိုးမျိုးတို့ထံ ပို့ပေးရန် ဖြစ်သည်။ သူသည် ဆောင်းဦးရာသီတွင်ဖွင့်မည့် ကောလိပ်ကျောင်းသို့ မတက်မီ တွင် ထိုသူများထံသို့ သွားရန် စိတ်ဦးလျက်ရှိသည်။ သူသည် ကင်းဆတ် ပြည်နယ် ဟိုင်းလန်း တက္ကသိုလ်သို့ ဝင်ခွင့်လျှောက်လွှာ ပို့ထားသည်။ သူ၏ ထောက်ခံချက် စာရွက်စာတမ်းများကို ကျေနပ်ဖွယ် ရှိကြောင်းလည်း ပြန်ကြားချက် ရထားသည်။ ၎င်းတို့ တက္ကသိုလ်က သူ့အား သူတို့ တက္ကသိုလ် ကျောင်းသားတစ်ဦးအဖြစ် စာရင်းသွင်းထားလိုက်နိုင်၍ "ဂုဏ်ယူ" ပါကြောင်း လည်း ပြန်ကြားစာ၌ ဖော်ပြထားသည်။

နွေရာသီသည် ပျော်ရွှင်စရာ အိပ်မက်တစ်ခုနှယ် ကုန်ဆုံးသွားခဲ့ပေပြီ။ ရှေးဖြစ်ဟောင်းတွေ ပြန်လည် အောက်မေ့ဖွယ် ဖြစ်သလို သူ၏ လူဖြူ "မိဘ" များရော၊ လူမည်း "မိဘ" များပါ သူတို့၏ "လူလားမြောက်လာသည့် သားကလေး" ၏ အောင်မြင်မှုကို ကြားရပြီး ပျော်ရွှင်မိကြပေလိမ့်မည်။

ထိုနှစ် ပညာသင်နှစ်အတွက် ကောလိပ်ကျောင်း ဖွင့်ပွဲနေ့တွင် ဂျော့သည် ကောလိပ်ကျောင်း ဥက္ကဋ္ဌ ဒန်ကင်ဘရောင်း၏ ရုံးခန်းတွင် သွားရောက်သတင်းပို့သည်။ ဒေါက်တာဘရောင်းသည် စာရွက်အချို့နှင့် အလုပ်များလျက် ရှိသည်။ ဂျော့က ပြတင်းပေါက်မှနေ၍ ကောလိပ်ကျောင်း၏ ပရိဝုဏ်ကို လှမ်းကြည့်လိုက်သည်။ သည်နေရာ သည်ဌာနသို့ ရောက်လာအောင် သူ အဘယ်မျှ ကြိုးစားခဲ့ရပါသနည်း၊ အဘယ်မျှ ခရီးပေါက်အောင် လျှောက်ခဲ့ရပါသနည်း။ ဒေါက်တာ ဘရောင်း မော့ကြည့်လိုက်ချိန်၌ သူ့မျက်လုံးအစုံ၌ အရောင်များ ရွှန်းလက်နေသည်။ သူ့နှလုံးသည် တဒုန်းဒုန်းနှင့် ခုန်လျက် ရှိသည်။

'ဆို ... ဆရာ ဘာလုပ်ပေးရမလဲ' ဟု ဒေါက်တာ ဘရောင်းက မေးသည်။

'ကျွန်တော်က ဂျော့ဝါရှင်တန် ကားဗားပါ ဆရာကြီး ခင်ဗျာ။ ကျွန်တော့်ကို ဟိုင်းလန်း တက္ကသိုလ်က လက်ခံထားပါပြီ။ အခု ကျွန်တော် မှတ်ပုံတင် စာရင်းသွင်းဖို့ လာတာပါ'

'ဝမ်းနည်းပါတယ် သူငယ်လေး၊ တစ်ခုခု မှားသွားတယ် ထင်ပါတယ်။ ကျုပ်တို့ ဟိုင်းလန်းတက္ကသိုလ်မှာ နီဂရိုးတွေကို လက်မခံပါဘူး'

ဂျော့ကားဗားသည် လှည့်ပြန်လာခဲ့သည်။ သူ့မျက်လုံးမှာ မျက်ရည်တွေ ဖုံးနေသဖြင့် တံခါးပေါက် ဘယ်နားမှာ ရှိသည်ကိုပင် ကောင်းစွာ မမြင်တော့။

ဤသို့ဆိုပါလျှင် လျှောက်လှမ်းလာခဲ့သော ခရီးက အဆုံးသို့ ရောက်သွားပါပြီကော။



## အခန်း (၆)

# ကိုယ့်ကိုယ်ကို သနားသည် ဆိုတာ အသုံးမကျသော စကားပါ

ဂျော့ကားဗားသည် စိတ်ပျက်ဝမ်းနည်းပင် ဖြစ်သော်လည်း ခွေလဲမနေပါ။ သေတော့မလောက် အနေမျိုးလည်း လုပ်မနေပါ။ ပညာ ဆက်သင်ခွင့်ရဖို့ ဆိုလျှင် ကြုံလာသော အခက်အခဲများကို တွန်းလှန် တိုက်ခိုက်သွားရန် အရေးကြီးပေသည်။ သူ့မှာ ကိုယ့်ကိုယ်ကို သနားနေတတ်သည့် စိတ်မျိုးလည်း မရှိ၊ ထိုသို့ ကိုယ့်ကိုယ်ကို သနားနေဖို့လည်း အချိန်မရှိပေ။ "ကိုယ့်ကိုယ်ကို သနားနေသူဟာ ကိုယ့်ကိုယ်ကို ဖျက်ဆီးနေသူသာ ဖြစ်တယ်" ဟု သူက ပြောသည်။ ထို့ကြောင့် ဂျော့ကားဗားသည် ကိုယ့်ကိုယ်ကိုတော့ မဖျက်ဆီးပြီဟု ဆုံးဖြတ်လိုက်သည်။

သူ့ဘဝ စောစောပိုင်းကာလကတည်းက ဂျော့သည် ပိတ်ထားသော တံခါးတိုင်းမှာ ဖွင့်ထားသော တံခါးနှစ်ပေါက် ရှိသည် ဟူသော အချက်ကို သိရှိ နားလည်ခဲ့သည်။ ယခု ကောလိပ်ကျောင်းသို့ တက်ခွင့်မရသေးဘူး ဆိုက ရှိစေဦး၊ တခြား လုပ်စရာတွေကို ရှာလုပ်သွားနိုင်သည်။ "ဟိုင်းလန်း တက္ကသိုလ်က သူ့ကို ပယ်လိုက်သည်" ဟူသော သတင်းကြောင့် လူအများ အပြား၏ ကရုဏာသက်မှုကို သူ ခံယူရရှိလိုက်သည်။ ထိုအချိန်မှာ သီးနှံများ

ရိတ်သိမ်းချိန် ဖြစ်ရာ တောင်သူလယ်သမား အများအပြားက သူတို့ ကောက်ပဲသီးနှံ ရိတ်သိမ်းရာတွင် ကူညီ လုပ်ကိုင်ပေးဖို့ သူ့ကို ငှားရမ်းကြသည်။ သူသည် ငွေကြေး စုမိရန်နှင့် အားလပ်သည့် အချိန်တွင် စာကျက်ရန်အတွက် သည်အလုပ်ကို ခဏတစ်ဖြုတ်တော့ လုပ်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ နောက်နှစ် သို့မဟုတ် နောက်လာမည့် နှစ်လောက်ဆိုလျှင် နောက်ထပ် ကောလိပ်တစ်ခုသို့ ဝင်ခွင့်လည်း ရကောင်း ရလာမည်ဟုလည်း တွေးထားလိုက်သည်။

တစ်နေ့တွင် သူသည် လယ်ကွင်းထဲ၌ အလုပ်လုပ်နေစဉ် အစိုးရက ကင်းဆတ်ပြည်နယ် အနောက်ပိုင်းတွင် မြေတွေကို ပေးနေကြောင်း သတင်းကြားလိုက်ရသည်။ ထိုမြေများပေါ်တွင် အခြေချ နေထိုင်သူများကို "ဓားမဦးချ လယ်မြေအိုးအိမ်သမားများ" ဟု ခေါ်ကြသည်။ ဂျော့သည် ဤ ဓားမဦးချ လယ်မြေအိုးအိမ်များ ရရှိမည်ဆိုလျှင် သည်အကြံသည် အကြံကောင်းဖြစ်မည်ဟု ယူဆ၏။ ကိုယ်ပိုင် အိုးအိမ်လည်း ရ၊ ကိုယ် ဝါသနာ အလွန်ပါသည့် သစ်ပင်များ စိုက်ပျိုးနိုင်မည့် အခွင့်အလမ်းလည်း ရလာမည်ဟု တွေးလေသည်။

ထို့ကြောင့် သူသည် နက်စ်ခရိုင် နယ်ပယ်အတွင်းရှိ ဘီးလားမြို့ အနီးမှ ဧက ၁၆၀ ရှိသော လယ်ကွင်းကို ချပေးရန် လျှောက်ထားလိုက်သည်။ သူ ထိုနေရာသို့ ရောက်သွားသည့်အခါ "မြို့" ဆိုသည့် နေရာတစ်ခုလုံးတွင်မှ အိမ်လေး နှစ်လုံးလောက်နှင့် "ဖရန့်ဘီးလား" ဆိုသူ ပိုင်သော စတိုးဆိုင်ကလေး တစ်ခုသာ ရှိလေသည်။ မိုင်နှင့်ချီသော ပတ်ပတ်လည် ဒေသ၏ အများစုမှာ ထွန်ယက်လုပ်ကိုင် စားသောက်ခြင်း မရှိသော ဖုန်းဆိုးမြေများ ဖြစ်သည်။ ဤဒေသတွင် လာရောက် အခြေချ နေထိုင်ကြမည့် ဓားမဦးချ လယ်မြေအိုးအိမ်သမားများသည် ထိုဖုန်းဆိုးမြေများကိုပင် ခုတ်ထွင် တီကျင်း၍ လယ်ယာဥယျာဉ်များ အဖြစ်သို့ ထွန်ယက် စိုက်ပျိုးသွားရဖို့ ရှိပေသည်။

ဂျော့ကားဗား ဘီးလားသို့ ရောက်လာချိန်မှာ ၁၈၈၆ ခုနှစ် ဆောင်းဦးရာသီတွင် ဖြစ်သည်။ ထိုအချိန်မှာ စိုက်ပျိုးချိန် ဖြစ်နေ၍ ဂျော့သည် နေစရာ မြက်ဖုတ် အိမ်ကလေး တစ်လုံးကို ဆောက်သည်။ နွေဦးရာသီ ရောက်လာသည့် အချိန်အထိ အနီးအနားမှ စိုက်ပျိုး မွေးမြူရေးခြံတွင် သွားရောက် အလုပ်လုပ်ရသည်။

ထိုနှစ် ဆောင်းရာသီမှာပင် ကင်းဆက်ပြည်နယ်က ပရေရီ မြက်ခင်းများပေါ်၌ အသက်တောင် ပါသွားမလောက် ပြင်းထန်သည့် နှင်းမုန်တိုင်းကို ကြုံလိုက်ရခြင်း ဖြစ်ပေသည်။

နေ့မှာတော့ လင်းလင်းကျင်းကျင်းပင်။ အေးသည်ကတော့ အပူချိန်မှာ ရေခဲမှတ်အောက် သုံးဆယ်ဒီဂရီအထိ ရောက်သည်။ ဂျော့၏ အလုပ်ရှင် "မစ္စတာစတီလီ" သည် ကုန်ပစ္စည်းများ ဝယ်ယူရန် လာနက်ဒ်မြို့သို့ ထွက်သွားသည်။ 'ငါ သီတင်းတစ်ပတ်လောက်ကြာမှ ပြန်ရောက်မယ်ဟေ့။ ညတိုင်း ပစ္စည်းတွေကို သိမ်းသိမ်းဆည်းဆည်း လုပ်ထားနော်။ ဒီနယ်မှာ နှင်းမုန်တိုင်းက အချိန်မရွေး ကျလာနိုင်တာမို့ မှာရတာ' ဟု စတီလီက မှာကြားသည်။

'ဟုတ်ကဲ့ပါ၊ ပြောထားတဲ့အတိုင်း လုပ်ပါမယ်'

'ပစ္စည်းတွေကို သိမ်းဆည်းပြီးတဲ့အခါ မင်း အိမ်ထဲမှာပဲ နေပါ။ ပရေရီ မြက်ခင်းပြင်ကြီးပေါ်က နှင်းမုန်တိုင်းထဲမှာ ပျောက်ဆုံးသွားဖို့ အလွယ်လေးနော်'

'ကျွန်တော် မကြောက်ပါဘူး' ဟု ဂျော့က ရယ်၍ ပြောသည်။ 'အရင်ကလည်း နှင်းမုန်တိုင်းကို မြင်ဖူးပါတယ်' ဟုလည်း ပြောလိုက်သည်။

မစ္စတာ စတီလီသည် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး 'မင်း မတွေ့ဖူး၊ မကြုံဖူးပါဘူး။ နောက်တော့မှ ငါ သတိမပေးဘူးလို့ မပြောနဲ့'

မစ္စတာ စတီလီ ထွက်သွားသောအခါ ဂျော့သည် မီးလင်းဖိုတွင် ထည့်ဖို့ လောင်စာ သွားကောက်ရန် အလုပ်သမား အဖွဲ့ကို လယ်ကွင်းထဲသို့ ခေါ်သွားသည်။ ဤလောင်စာတွင် နေကြာရိုးခြောက်များ ပါသည်။ နေကြာရိုးခြောက်များသည် မီးထဲမှာ အရည်ပျော်သွားသောအခါ ဝင်းတောက်ပြီး အနွေးဓာတ်ကို ပေးသည်။ ဂျော့သည် နာရီများစွာကြာအောင် လောင်စာကို တူး၊ လှည်းပေါ်တင်နှင့် လုပ်နေခဲ့သည်။ နေ့ ၂ နာရီလောက်တွင် သူ အလုပ်လုပ်နေရာမှ ကောင်းကင်ကို မော့ကြည့်လိုက်သည့်အခါ မိုးကုပ်စက်ဝိုင်းပေါ်တွင် ပြာနမ်းနမ်း တိမ်တိုက်တစ်ခုကို မြင်ရသည်။ သို့ရာတွင် ဂရုမစိုက်မိ၊ သတိမထားမိဘဲ ကိုယ့်အလုပ်ကိုယ် ဆက်၍ လုပ်နေမိလေသည်။

နောက်တစ်နာရီလောက် အကြာတွင် ကောင်းကင်ကို ကြည့်လိုက်သည့်အခါ တိမ်တိုက်ကြီးသည် ကြီးသည်ထက် ကြီးပြီး နီးသည်ထက်



နီးလာနေလေသည်။ "ပြန်တော့မှပဲ ကောင်းမယ်ထင်တယ်" ဟု ဂျော့သည် သူ့ဘာသာသူ ပြောမိသည်။

သူသည် လောင်စာကို အိမ်သို့ သယ်ဆောင်လာကာ တင်းကုပ်ထဲသို့ သွင်းထားလိုက်သည်။ ယခုအခါ တိမ်တိုက်သည် ကောင်းကင်၌ ပြန့်သွားပြီး နှင်းပွင့်တွေကို အဖွေးလိုက် အဖွေးလိုက် ပစ်ကြဲနေပေပြီ။ ထိမှန်လိုက်ကလည်း စပ်ဖျဉ်းဖျဉ်းနှင့် နာကျင်စေသော နှင်းပွင့်များပေပင်။ သူသည် မိနစ်အနည်းငယ်မျှ ရပ်ပြီး ကျလာတော့အံ့သော မုန်တိုင်းကို ကြည့်နေမိသည်။ အလွန် ကြည့်လို့ကောင်းသည့် ရှုခင်းတစ်ခုပေပင်။ တစ်လောကလုံးသည် နှင်းပွင့် ကန့်လန့်ကာကြီး ချလိုက်သဖြင့် မှောင်မိုက်သွားပြီး မိုက်မိုက်တုန် စိမ့်အေးသည့် လေတို့ကလည်း တဖိုးဖိုး တိုက်လာလေသည်။

ဂျော့သည် တင်းကုပ်နှင့် အိမ်အကြားက လမ်းတစ်ဝက်တွင် ရောက်နေ၏။ ဟိုဘက်သို့လည်း ကိုက်ငါးဆယ်နီးပါး၊ သည်ဘက်သို့လည်း ကိုက်ငါးဆယ်နီးပါး ကွာဝေးပေမည်။ သို့ရာတွင် သူသည် ဘယ်နားရောက်နေပြီလဲဟု ကြည့်လိုက်သည့်အခါ တင်းကုပ်ကိုလည်း မမြင်ရ၊ အိမ်ကိုလည်း မမြင်ရတော့ပေ။ သူသည် ခြေရာလမ်းကြောင်း မထင်သည့် အဖြူရောင် ပင်လယ်ကြီးထဲ၌ လမ်းပျောက်နေလေပြီ။

မမြင်စမ်းတမ်းဖြင့်ပင် သူ သွားလိုသည့်ဘက်ဟု ထင်ရသောဘက်သို့ လမ်းရှာ၍ သွားကြည့်သည်။ လက်ကိုမြှောက်၍ မျက်နှာရှေ့နား ကပ်ထားသည်ကိုပင်လျှင် လက်ဟု မမြင်ရတော့ပေ။ ကံအားလျော်စွာပင် သူသည် အိမ်၏အပြင်၌ သွားလာလျှင် သူ၏ အာရုံငါးပါးတို့က ကျင့်သားရထားသည်။ လေ၏အသံကို အာရုံစိုက်၍ နားစွင့်လိုက်၊ နှင်းပွင့်တွေ စွေစောင်း ရိုက်ကျနေပုံကို ကြည့်လိုက်သည့်အခါ သူသည် သူ ရောက်နေသည့်နေရာသည် ဘယ်နေရာဖြစ်၍ အိမ်သည် ဘယ်နေရာတွင် ရှိမည်ကို အကြမ်းဖျင်း တွေး၍ရသွားသည်။

ထိုသို့ အိမ်ရှိမည့်အရပ်ကို ခန့်မှန်းတွေးကြည့်နိုင်သည့်တိုင် ကိုက်အနည်းငယ်မျှသာရှိသော အိမ်ဆီသို့ တစ်နာရီကျော်မှ ရောက်ခဲ့လေသည်။ အိမ်တံခါးအတွင်းသို့ ဒယီးဒယိုင်နှင့် လှမ်းဝင်နိုင်ခဲ့ချိန်တွင်ကား သူသည် အားအင် ကုန်ခန်းနေခဲ့လေပြီတည်း။

နောက်ရက်အတန်ကြာ မစ္စတာ ဗေါ်လီ ပြန်ရောက်လာသောအခါ ဂျော့က သူ့အလုပ်ရှင်အား ပြောပြလေသည်။

'ဆရာ ပြောတာ မှန်လိုက်လေဗျာ။ ကျွန်တော် တွေ့ဖူးတဲ့ ပထမဦးဆုံး တကယ့်နှင်းမုန်တိုင်းက ကျွန်တော် မြင်ဖူးလိုက်တဲ့ နောက်ဆုံး နှင်းမုန်တိုင်း ဖြစ်သွားတော့မလို့'

*

နွေဦး ရောက်လာသောအခါ ဂျေဘ့သည် သူ၏ ဖားမဦးချ လယ်မြေအိုးအိမ်သို့ ပြန်လာခဲ့သည်။ ဆိုးရွားပြင်းထန်လှသော ဆောင်းရာသီ ကျော်သွားသောအခါ အိမ်မကိဆိုးမှ နီးထလိုက်သည့်အလား "ကန္တာရသည် နှင်းဆီသို့ ပွင့်" နေသည်ကို မြင်တွေ့ကြရလေသည်။ ဤနေရာသို့ ရောက်လာပြန်ရာတွင်လည်း ဂျေဘ့သည် ကိုယ့်ကိုယ်ကို သနားမနေနိုင်ပါ။ ကိုယ့်ဖားမဦးချမြေပေါ်တွင် ကိုယ့်အလုပ်ကို ကိုယ် လုပ်ရခြင်းသည် ဝမ်းနည်း စိတ်ပျက်ခြင်းကို ကုစားပေးနိုင်သည့်နယ် ရှိပေသည်။ သူသည် သူ့လယ်တွေကို ထွန်ယက်သည်။ အိမ်၏ တောင်ဘက်ခြမ်းတွင် အဖီချ၍ သစ်ပင်များ စိုက်ပျိုးရန် မှန်လုံဆောင်ကလေးတစ်ခု တည်ဆောက်သည်။ သူ၏ ဤဥယျာဉ်ထဲ၌ ကုန်းပြင်မြင့်တွင် ပေါက်ရောက်သော လှပသည့် နွေဦးပန်းကလေးများကို စိုက်ပျိုးလေသည်။ အားလပ်ချိန်ကလေးများတွင် စာပေပညာ ဆည်းပူးခြင်း၊ ပန်းချီဆွဲခြင်းတို့ကို ပြုသည်။ သူ ဆွဲထားသော ပန်းပွင့်ပုံတွေကို မြင်ကြရသည့် သူများက သူ့ပုံတွေသည် ပန်းပင်တွေကို တုပထားတာလား၊ သို့မဟုတ် ပန်းပင်တွေသည် သူ့ပန်းချီကားကို တုပထားတာလားဟုတောင် မခွဲခြားနိုင်ကြောင်း ပြောကြသည်။

သို့ရာတွင် ဂျေဘ့ကားဖားကတော့ ထုံးစံအတိုင်း ဂနာမငြိမ်တော့ပြန်ပေ။ ပြောင်းရတော့မည့်အချိန် ဆေးရောက်ဖို့ အမှတ်စဉ် ရေတွက်နေဘိသကဲ့သို့ ရှိနေတော့သည်။ ကောလိပ်ကျောင်းတက်ပြီး သူ တတ်သည့် ပညာဖြင့် သူ့လူမျိုးရော သူ့ကိုယ်သူပါ ကူညီပေးမည် ဟူသော ရည်းမှန်းချက်ကား သူ့မှာ ရှိနေဆဲပင် ဖြစ်သည်။ "တစ်နေ့သောအခါမှာ ငါသည် လူဖြူကျောင်းတွေကို တက်ခွင့်မရကြသော ငါ၏ညီနောင် လူမည်းတွေအတွက် ကျောင်းတစ်ကျောင်းမှာ စာသင်ပြသွားမည်" ဟူ၍ သူက ကြေညာလေသည်။

လူမည်းများအတွက် အကြီးမားဆုံး လိုအပ်ချက်မှာ ၎င်းတို့သည် ယခုထက်ပို၍ ကောင်းစွာ စိုက်တတ်ပျိုးတတ်သော တောင်သူလယ်သမားများ ဖြစ်လာရေး ဖြစ်သည်ဟု သူက ယူဆသည်။ သို့ရာတွင် သူတို့ကို

သင်ပြမပေးနိုင်မီ သူကိုယ်တိုင်က ယခုထက်ပို၍ ကောင်းမွန်စွာ စိုက်တတ်ပျိုးတတ်သော တောင်သူလယ်သမား ဖြစ်နေမှ ဖြစ်ပေမည်။ ပရေရီ မြက်ခင်းလွင်ပြင်ကြီးသည် စိုက်ဖို့ပျိုးဖို့ထက် ထိုင်ကြည့်နေဖို့သာ ကောင်းသည်။ စိုက်ပျိုးထုတ်ကုန်များ ထုတ်လုပ်ပေးနိုင်လောက်သည့် သည့်ထက် မြေဆီသြဇာ ကောင်းမွန်သော နေရာမျိုးကို ရှာဖွေရန် ဤပရေရီ မြက်ခင်းလွင်ပြင်ကြီးကို စွန့်ခွာမှ ဖြစ်ပေတော့မည်။ ထို့ကြောင့် သူသည် သူ၏ လျှောက်ထားချက်ကို စွန့်ထားရစ်ခဲ့ကာ သူ့စိတ်ကူးထဲမှာရှိသော မြေမျိုးကို ရှာဖွေရန် ထွက်ခွာလာခဲ့လေသည်။ သူသည် သူနှင့်အတူ ကန္တာရပန်းများ၏ နမူနာတော်တော်များများကိုလည်း ယူပြီး ထွက်လာခဲ့ရာ၊ အိုင်အိုဝါးပြည်နယ် ဝင်းတားဆက်မြို့သို့ ရောက်ရှိလာလေသည်။ သူသည် အနီးဝန်းကျင်မှ လယ်သမားများအတွက် ဖန်လုံအိမ်တစ်ခု ဖွင့်လှစ်ပေးနိုင်မည်ဟု မျှော်လင့်ကာ ဝင်းတားဆက်တွင် ကာလအတန်ကြာ အခြေချ နေထိုင်ခဲ့သည်။

ထုံးစံအတိုင်း သူ့စိတ်ကူး အိပ်မက်တွေ အကောင်အထည်ဖော်ရန် အတွက် သူ့မှာ ငွေကြေး မရှိခဲ့ပြန်ပေ။ ကိုယ် ကြိုက်နှစ်သက်ရာကို မရနိုင်သောအခါ သူသည် သူ ရနိုင်တာကိုပဲ ကြိုက်နှစ်သက်ရတော့မည်ဟု သဘောပေါက်ခဲ့ရပြန်ပေသည်။ သူသည် စောင့်ရဲသော သတ္တိရှိသူ ဖြစ်သည်။ ရှုလ်ဇ်ဟိုတယ်မှ အလုပ်တစ်ခုကို လက်ခံပြီး ထမင်းချက် လုပ်ခဲ့ပြန်လေသည်။



## အခန်း (၇)

## နောက်ဆုံးတော့ လမ်းပေါက်တည့်သွားသည်

ရှလ်ဖ် ဟိုတယ်မှာ ထမင်းချက်အဖြစ် လုပ်ကိုင်နေစဉ်က ဂျော့သည် သစ်သားတဲထဲ၌ တစ်ယောက်အိပ် ခေါက်ခုတင်ပေါ်တွင် အိပ်သည်။ အစား အသောက်အတွက် အခမဲ့ဖြစ်၍ ရသမျှ လခအားလုံးနီးပါး သူ စုမိသည်။ ယခုသော် သူသည် ပိန်ရှည်ရှည်ကြီး ဖြစ်လာရာ လေတိုက်တိုင်း ညွတ်ကျ နေသည့် ပဲသီးတောင့်ပုံ ပေါက်နေသည်။ လယ်ယာစိုက်ခင်းများပေါ်တွင် အဆက်မပြတ် လုပ်ကိုင်လာရသောကြောင့် လည်းကောင်း၊ စားဖိုဆောင် ထဲ၌ မီးဖိုပေါ်တွင် ကုန်း၍ လုပ်ကိုင်လာရသောကြောင့် လည်းကောင်း သူ့မှာ လက်ပြင်ကုန်းလာသည်။ ဤချို့ယွင်းချက် ပျောက်သွားရန်အတွက် သူ သည် နေ့စဉ်နေ့တိုင်း သူ့ကျောပေါ်မှာ ဟုတ်ချောင်းတစ်ခုကိုတင်၊ တုတ် ချောင်းကို လက်နှစ်ဖက် ကွေးကိုင်လျက် ခရီးဝေးဝေး လမ်းလျှောက်သည်။

သို့ရာတွင် သူ့ပခုံးများက ကွေးကျနေသော်လည်း သူ၏ အတွင်း ဝင်နေသော မေးစေ့ကမူ မျက်နှာ၏ ကျန်အစိတ်အပိုင်းများနှင့်အတူ လိုက်လံ ဖွံ့ဖြိုးခြင်း မရှိသဖြင့် သူသည် ရိုသေလေးစားဖွယ်ပုံမျိုး ဖြစ်နေသည်။ အဘယ် ကြောင့်ဆိုသော် သူက နှုတ်ခမ်းမွေးလည်း ထားသောကြောင့် သူ့ပုံက ပို၍ ဣန္ဒြေသိက္ခာကြီးသည့်ပုံ ပေါက်နေသောကြောင့်တည်း။

ဝင်းတာဆက်မှ လူများသည် သူက သူတို့အပေါ် လေးလေးစားစား ဆက်ဆံကြသလိုပင်၊ သူတို့ကလည်း သူ့ကို လေးလေးစားစား ဆက်ဆံကြသည်။ တနင်္ဂနွေနေ့တိုင်း အနီးဆုံး ဘုရားရှိခိုးကျောင်းသို့ သူ သွားပြီး အခြားသူများနှင့်အတူ ဓမ္မတေးများကို သီဆိုသည်။ သူ့အသံက ခပ်စူးစူး ဖြစ်သော်လည်း အခြားသော ဝတ်ပြုသူများအား ဆွဲဆောင်နိုင်လောက်သော ချိုသာသော အရည်အသွေးတော့ ရှိသည်။

တနင်္လာနေ့ နေ့လယ်တွင် ဟိုတယ် စားဖိုဆောင်၌ အလုပ်လုပ်နေစဉ် သူ့ထံ လူတစ်ယောက် ရောက်ရှိလာသဖြင့် သူ အံ့အားသင့်သွားသည်။ 'ကိုယ့်နာမည်က ဒေါက်တာ ဂျော့မိလ်ဟိုလန်ပါ' ဟု ထို အပြုံးမျက်နှာနှင့် မုတ်ဆိတ်မွေးထူထူ ပုဂ္ဂိုလ်က ပြောသည်။ 'ကိုယ့်အိမ်သားက ဒီ ဘုရားရှိခိုးကျောင်း တေးသံစုံကျူး အဖွဲ့ရဲ့ ခေါင်းဆောင်ပါ။ သူက မင်း မနေ့က ဓမ္မသီချင်း ဆိုနေတဲ့အသံကိုကြားပြီး မင်းကို ကနေ့ညမှာ ကိုယ်တို့အိမ်ကို ဖိတ်ခဲ့ဖို့ ပြောလို့ပါ' ဟု ထိုပုဂ္ဂိုလ်က ဆက်ပြောသည်။

'ကျေးဇူးပါပဲ ခင်ဗျာ၊ ကျွန်တော် ဝမ်းပန်းတသာနဲ့ လာခဲ့ပါမယ်'

မိလ်ဟိုလန်တို့အိမ်သို့ ဂျော့ ရောက်သွားရခြင်းသည် သူ့အဖို့ ကမ္ဘာသစ်တစ်ခု ပွင့်သွားလိုက်သလို ရှိသည်။ မစ္စက်မိလ်ဟိုလန်သည် ဥရောပတွင် ဂီတပညာ ဆည်းပူးလာခဲ့သူ ခပ်ငယ်ငယ် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူသည် ယဉ်ကျေးသိမ်မွေ့သူတစ်ဦး ဖြစ်သည်။ ဂျော့ ပညာကို အငမ်းမရ လိုချင်ပုံကို သူက နားလည်သည်။ ထို့ပြင် ဂျော့မှာ သူ တစ်ခါမှ မတွေ့ဖူးသေးသော ဂီတပါရမီမျိုး ရှိကြောင်းကို သိထားသူလည်း ဖြစ်သည်။ မစ္စက်မိလ်ဟိုလန်သည် ဂျော့အား စန္ဒရားရှိရာသို့ ခေါ်သွားသည်။ ဂျော့သည် သူ့ဘဝတွင် စန္ဒရားကို ယခုမှ ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်ပေသည်။ မစ္စက်မိလ်ဟိုလန်က တီး၊ သူက သီဆိုပေးလေသည်။ သီချင်းဆိုပြီးသွားသောအခါ မစ္စက်မိလ်ဟိုလန်သည် ရှိုပင်၊ ဘီတိုဗင်နှင့် ဘာရမ်းစ်တို့၏ တီးလုံးများထဲမှ သူ အကြိုက်ဆုံး တီးလုံးများကို တီးရင်း ဂျော့မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ သူ တီးတာကို နားထောင်နေစဉ် ဂျော့၏ မျက်နှာသည် ရွှန်းလက်နေပြီး မျက်လုံးများတွင် မီးရောင်တောက်နေသည်ကို မစ္စက်မိလ်ဟိုလန် တွေ့ရလေသည်။

နောက်ဆုံးတော့ မစ္စက်မိလ်ဟိုလန်သည် ဂျော့ဘက်သို့ လှည့်၍ 'မစ္စတာကားဗား' ဟု ပြောလိုက်သည်။ သူ့ကို "မစ္စတာ" ဟု တပ်ပြီး ခေါ်သူ

များမှာ မရှိသလောက်ဖြစ်၍ ဂျော့ စိတ်ထဲ၌ အတော်ကြီး မနှောင့်နှေးသွား လေသည်။

'ရှင့်မှာ ဂီတပါရမီထူး ရှိတယ်လို့ ကျွန်မ ထင်တယ်။ ကျွန်မ ရှင့်ကို စန္ဒရားတီး သင်ပေးရမလား ဟင်'

'ဟုတ်ကဲ့ပါ ခင်ဗျာ' ဟု အပျော်ကြီး ပျော်နေသူ ဂျော့က ပြန်ပြော သည်။ သို့ရာတွင် သူ၏ ဆင်းရဲမွဲတေမှုကို သတိရလိုက်သည့်အခါ 'အို ... မဖြစ်သေးပါဘူး ခင်ဗျာ၊ ကျွန်တော် စန္ဒရားသင်လောက်အောင် ငွေကြေး မတတ်နိုင်ပါဘူး' ဟု ထစ်ထစ်ငေါ့ငေါ့နှင့် ဆက်ပြောလိုက်သည်။

'ပိုက်ဆံပေးစရာ မလိုပါဘူးရှင့်။ ကျွန်မက ရှင့်ရဲ့ ပင်ကိုပါရမီ တိုးတက်လာစေမယ့် အခွင့်အလမ်း ရရင်ပဲ တော်ပါပြီ'

ဂျော့သည် ဘာကိုမျှ အလကား လိုချင်သူ မဟုတ်ရာ ခေါင်းမာမာ ဖြင့်ပင် ပြန်ပြောသည်။ 'မစ္စက် မီလ်ဟိုလန် ခင်ဗျာ၊ ကျွန်တော် မသင်ယူ နိုင်ပါဘူး' ဟု ပြောလိုက်သည်။ ဤသို့ ပြောပြီးမှ အကြံဉာဏ် ရလာဟန်ဖြင့် 'ဒါပေမဲ့ ကျွန်တော် အကြံတစ်ခုရပြီ' ဟု ပြောလိုက်ပြန်သည်။ နံရံတွင် အကြမ်းရေးဆွဲထားသော ပုံများကို သူ မြင်သည်။ မစ္စက် မီလ်ဟိုလန် ကလည်း ထိုကားများမှာ သူ့ဘာသာသူ ဆွဲထားသော ကားများဖြစ်ကြောင်း ပြောပြထားသည်။

'ကျွန်တော့်ကို ဂီတ သင်ခန်းစာတွေ သင်ပေးမယ်ဆိုရင် ကျွန်တော်က ခင်ဗျားကို ပန်းချီသင်ခန်းစာတွေ သင်ပေးမယ်လေ'

'သဘောတူတယ်၊ သဘောတူတယ်' ဟု မစ္စက်မီလ်ဟိုလန်က ပြော သည်။

ဂျော့သည် ရက်ပြုံး ပြုံးလျက် 'ဒါပေမဲ့ ဒီအလဲအလှယ်ကတော့ မမျှတ ဘူး ဆိုတာ အခုကတည်းက ပြောထားရမယ်နော်။ ကျွန်တော်က ပန်းချီ ဆရာစစ်စစ် မဟုတ်ဘူး။ ဝါသနာရှင်မျှသာ ဖြစ်တယ်' ဟု ပြောလိုက်သည်။

'အို ... ကျွန်မကလည်း ဝါသနာရှင်အဆင့်ထက် မပိုတဲ့ ဂီတသမား ပါ' ဟု ပြောကာ သူ့လက်ကို ဂျော့ထံသို့ ဆန့်ထုတ်ပေးလိုက်သည်။

'ကျွန်တော် ခင်ဗျားကို နောက်တစ်နည်းနဲ့ ကူညီနိုင်ဦးမယ် ထင်ပါ တယ်' ဟု ဂျော့က ရက်စနိုး အမူအရာနှင့် ပြောသည်။ 'ကျွန်တော့်ကို လူ တွေက မြက်တို့ ပန်းတို့ စိုက်ပျိုးတဲ့နေရာမှာ သိပ်တော်တာပဲလို့ ပြောကြ

ပါတယ်။ ခင်ဗျားက ခွင့်ပြုမယ်ဆိုရင် ခင်ဗျား ဥယျာဉ်ခြံထဲမှာ လာပြီး ကျွန်တော် ကူညီနိုင်ပါတယ်' ဟု ဆက်ပြောလိုက်သည်။

'ဝမ်းသာလိုက်တာရှင်' ဟု မစ္စက် မီလ်ဟိုလန်က အော်ပြောလိုက်သည်။

ဤသို့ဖြင့် ဂျော့ကားဖားသည် မီလ်ဟိုလန်တို့ အိမ်သို့ မကြာခဏ ရောက်လာသူ ဖြစ်သွားသည်။ သူသည် ရက်တတ်သော်လည်း ဟာသဉာဏ် ရှိသူ ဖြစ်ရာ၊ မီလ်ဟိုလန်တို့ အိမ်တွင် ပါတီပွဲများ ရှိပါလျှင် မီလ်ဟိုလန် တို့၏ အဖော်အလှော် မိတ်ဆွေ ဖြစ်နေတော့သည်။ ခရစ္စမတ် ပွဲတော် ရောက်လာသောအခါ ဂျော့သည် ဆန်တာကလော့စ်လို ဝတ်ဆင်ကာ မီလ် ဟိုလန်တို့ မိသားစုကို လက်ဆောင်များ ဝေငှသည်။

ဤသို့အားဖြင့် မီလ်ဟိုလန်တို့သည်ပင်လျှင် ဂျော့၏ ပညာရေးကို ဆက်ပေးသူများ ဖြစ်သွားသည်။ တစ်နေ့တွင် မီလ်ဟိုလန်တို့ မောင်နှံက သူ့အား အိုင်အိုဝါပြည်နယ် အင်ဒီယာနိုလာရှိ ဆင်ပဆမ် ကောလိပ်ကျောင်း သို့ တက်ရန် ပြောကြသည်။ ဤကောလိပ်ကျောင်းမှာ ဘုန်းတော်ကြီး မက် သယူး ဆင်ပဆမ် တည်ထောင်ခဲ့သောကျောင်း ဖြစ်၏။ ဆင်ပဆမ်မှာ အခြားသူ မဟုတ်၊ အေဘရာဟမ် လင်ကင်း၏ သေတပန် သက်တဆုံး မိတ်ဆွေကြီး ဖြစ်သည်။ 'ကျွန်မတို့ တူတစ်ယောက်ဟာ အဲဒီကျောင်းက ကျောင်းသားတစ်ဦးပဲ။ ကျွန်မ အဲဒီတူဆီ ရှင့်အကြောင်း စာရေးထားတယ်။ သူ့ဆီကလည်း စာပြန်လာတယ်။ ရှင့်ကို သူတို့ကျောင်းက လက်ခံလိမ့်မယ် တဲ့။ အသားအရောင်က အတားအဆီး မဟုတ်တော့ပါဘူး'

'မင်္ဂလာရှိလိုက်တဲ့ သတင်းဗျာ' ဟု ဆိုကာ ဂျော့သည် ပျော်ရွှင် မြူးထူးစွာဖြင့် အခန်းထဲ လှည့်ပတ်၍ က လေသည်။

'ကျွန်မတူက ပြောတယ်။ အဲဒီ ကောလိပ်ကျောင်းမှာ ပန်းချီဌာနနဲ့ ဂီတဌာန ရှိတယ်တဲ့။ ရှင် အဲဒီ နယ်ပယ်နှစ်ခုထဲက တစ်ခုခုကို အထူးပြု သင်ယူနိုင်တာပေါ့'

'အို ... နေပါဦး၊ စိုက်ပျိုးရေးဌာနကော ရှိသတဲ့လား'

'ဒါတော့ မသိဘူးရှင်၊ အဲဒါကိုတော့ မမေးလိုက်မိဘူး' ဟု မစ္စက် မီလ်ဟိုလန်က ဖြေလေသည်။

ဂျော့ စိတ်အားလျော့သလို ဖြစ်သွားသည်။ သက်ရှိ အပင်များနှင့် အလုပ်လုပ်ခြင်းသည် သူ၏ အကြီးဆုံးနှင့် ပထမဦးဆုံး ဝါသနာ မဟုတ်

လော။ ဆင်ပဆမ် ကောလိပ်တွင် စိုက်ပျိုးရေးဌာန မရှိပါက ဘယ့်နှယ် လုပ်ရဦးပါအံ့။

သူ့ခေါင်းထဲ အတွေးတစ်ခု ပေါ်လာပြန်သည်။ မည်သို့ပင်ဖြစ်စေ သူသည် ဆင်ပဆမ် ကောလိပ်သို့ သွားမည်။ သူတို့ ဘာပဲ သင်ပေးပေး၊ သင်ပေးတာကိုပင် သင်ယူတော့မည်။ သူ့ဘဝတွင် သူသည် ပန်းချီဆရာပဲ ဖြစ်လာမလား၊ ဂီတပညာရှင်ပဲ ဖြစ်လာမလား၊ စိုက်ပျိုးရေး ပညာရှင်ပဲ ဖြစ်လာမလား၊ သူ ဘာဖြစ်လာမည် ဆိုတာကိုကား ဘုရားသခင် ဆုံးဖြတ်သည့်အတိုင်း ရှိစေတော့ ဟူ၍ ထားလိုက်ရတော့သည်။ "ထာဝရ ဘုရားသခင်သည် ယခင့်ယခင်က ငါ့ကို ရှေ့ဆောင်ခဲ့သည့် နည်းတူပင် ငါ့အား ကောင်းရာမှန်ရာသို့သာ ရှေ့ဆောင်မည်ဟု ငါ နားလည်သည်"

ဂျော့သည် ၂၅ မိုင်ခန့် ဝေးသော ဆင်ပဆမ် ကောလိပ်သို့ ခြေကျင် ထွက်ခွာလာခဲ့သည်။ ထိုနေ့ကား ၁၈၉၀ ပြည့်နှစ် စက်တင်ဘာလ၏ နေရောင်ထွန်းလင်းသော နေ့တစ်နေ့ ဖြစ်သည်။ သူသည် စိတ်နှလုံးထဲမှာ တေးသီရင်း လျှောက်လာခဲ့သည်။ သူသည် ပထမအရစ် ကျောင်းလခ ပေးနိုင်လောက်သည့် ငွေပမာဏမျိုး စုထားပြီး ရှိသည်။ အနာဂတ်အတွက်ကား တွေးကြောက်မနေ။ အထက်တန်းကျောင်းသား ဘဝတုန်းက သူ ဖတ်ဖူးသော စာကို ပြန်သတိရသောကြောင့် ဖြစ်သည်။ "ပျော်ရွှင်စွာ နေလိုက ဘာလုပ်ရမည်ကို သိဖို့ လိုသည်သာမက ဘာမှမရှိဘဲ နေတတ်ဖို့လည်း လိုပေသည်" တဲ့။



## အခန်း (၈)

## ကောလိပ်ကျောင်းသား ဂျော့ကားဗား

ဆင်ပဆမ် ကောလိပ်သို့ ရောက်လာသောအခါ ဂျော့ကားဗား၏ ပထမဆုံး ပြဿနာမှာ စားစရာနှင့် နေစရာ ကိစ္စ ဖြစ်သည်။ ကျောင်းလခ ပေးစရာရှိတာကို ပေးလိုက်ပြီးသောအခါ သူ့အိတ်ထဲတွင် ၁၂ ဆင့်သာ ကျန်တော့သည်။ သူသည် ဤကျန်ငွေကလေးနှင့် ပြောင်းနှင့်လုပ်သော အစာနှင့် အမဲအဆီခဲတို့ကို ဝယ်ကာ သူ့ရှိစုမဲ့စု ပစ္စည်းကလေးများကို တက္ကသိုလ် ပရဝဏ်နှင့် မလှမ်းမကမ်းရှိ လူမနေသော တဲတစ်လုံးသို့ ယူလာခဲ့သည်။ ဤတဲတွင် စွန့်ပစ်ထားသော ကုန်သေတ္တာခွံများဖြင့် အခန်းကလေး ကာ၍နေသည်။ ပြောင်းနှင့် အမဲဆီခဲ ရောရာ အစားအစာကလေးဖြင့် လေးငါးခြောက်ရက်လောက် အသက်ရှင်နေနိုင်အောင် ရှိတာလေးနှင့် စား၍ နေရသည်။

တစ်ချိန်တည်းမှာပင် သူသည် အားလပ်သည့် အချိန်တွင် လုပ်နိုင်မည့် အလုပ်ကို ထွက်ရှာသည်။ စည်ပိုင်းတစ်ခု ရလာရာ အထက်ပိုင်းကို ဖြတ်လျက် အဝတ်လျှော်ဇလုံ ဖြစ်အောင် လုပ်ရသည်။ ထို့နောက် ကျောင်းသားများ၏ အဝတ်အစားများကို "မြန်၊ ကောင်း၊ ဈေးချို" လျှော်ဖွပ် မီးပူတိုက်ပေးမည်ဟု ကြေညာလိုက်သည်။

သူ့အဝတ်အစား တိုက်ပေးပါ၊ ငါ့အဝတ်အစား တိုက်ပေးပါဟု

"အော်ဒါ" များ လိုမ့်ဝင်လာရာ အငတ်ဘေးမှ လွတ်သွားလေတော့သည်။ အချိန်အတန်ကြာလာသောအခါ ကျောင်းသားများက သူ့အလုပ်ကို သဘောကျလာ၏။ သူ၏ အေးအေးဆေးဆေး နေတတ်ပုံနှင့် ညဏ်ကောင်းပုံတို့ကိုလည်း လေးစားလာကြသည်။ သူတို့ အဝတ်အစားတွေကို တွန်း၍ ပင်းမင်းအပ်ကြရာ ထမင်းသုံးနပ်ကို ဒူးနန့်စားသွားနိုင်တော့သည်။

သို့ရာတွင် အိမ်ထောင်ပရိဘောဂ အတွက်ကား သူ့မှာ ပိုက်ဆံ မရှိသေး။ ထမင်းစားချိန်တွင် သူက သေတ္တာသေးကလေး တစ်လုံးပေါ်တွင်ထိုင်၊ စားစရာများကို နည်းနည်းပိုကြီးသော သေတ္တာပေါ်တွင် တင်၍ စားရသည်။ ညမှာမူ ကြမ်းပြင်ပေါ်တွင်ပဲ အိပ်ရလေသည်။

သည်လိုနှင့် တစ်နေ့တွင် သူ စာသင်ခန်းမှ သူ့တဲသို့ ပြန်လာစဉ် သူ အိပ်ပျော်မသွားအောင် ကိုယ့်ကိုယ်ကို ဆိတ်ဆွဲလာရသည်။ မစ္စက် မိလ်ဟိုလန်ထံသို့ ရေးသော စာတွင် သူက သူ ကြုံရသော ဖြစ်ရပ်ကို ဤသို့ ပြောပြဖူးသည်။ "ကျောင်းသားတွေက ကျွန်တော့်အပေါ် အတော်ကြီး သဘောကောင်းကြပါတယ်။ ကျွန်တော့်မှာ အလုပ်ကိုသာ သိပ်လုပ်နေတယ်၊ အိမ်နဲ့ တူတန်တဲ့ဟာမျိုး မရှိဘူးလို့ စိတ်ထဲမှာ သူတို့ ဆုံးဖြတ်ကြပါတယ်။ အဲဒီလို ဆုံးဖြတ်ပြီး ပိုက်ဆံ ပိုင်းထည့်ကာ ကျွန်တော့်မှာ လိုနေတဲ့ စားပွဲ၊ ကုလားထိုင်၊ ခုတင် အစရှိတဲ့ ပရိဘောဂ တစ်စုံလုံးကို ဝယ်ပေးကြပါတယ်။ ကျွန်တော် မရှိတုန်း အဲဒါတွေကို ကျွန်တော့်တဲထဲ သွင်းထားခဲ့ကြတယ်။ ကျွန်တော် ပြန်ရောက်တဲ့အခါကျမှ အဲဒါတွေကို တွေ့ရတာပါ"

ဤသို့ သူ့မှာ လိုသော ပစ္စည်းတွေကို လာထားပေးသွားကြသူများသည် မည်သူမည်ဝါ ဟူ၍ သူ ဘယ်တော့မှ မသိခဲ့ရပါလေ။ ဤအကြောင်းကို ကျောင်းသားများအား မေးသည့်အခါ တစ်ယောက်ပြီး တစ်ယောက် မသိကြောင်းသာ "ဘူး" ကွယ် ပြောကြလေသည်။

ဂျော့သည် အိမ်ထောင်ပရိဘောဂများသာ မက ဤသို့သော လက်ဆောင်မျိုးတွေ အတော်များများ ရဖူးလေသည်။ မကြာခဏ ဆိုသလိုပင် သူ အိမ်ပြန်ရောက်လာသည့်အခါ တံခါးအောက်တွင် ဟောပြောပွဲလက်မှတ်၊ ပဒေသာကပွဲ လက်မှတ်၊ အားကစားပွဲ လက်မှတ် အစရှိသော "အမည်မဲ့" လက်မှတ်များကို တွေ့ရတတ်လေသည်။ ဂျော့သည် သူတစ်ပါးက ကိုယ့်အပေါ် ကောင်းတာကို အသွားသာရှိ အပြန်မရှိသော "ယူပက္ခန္တာ" သမားသက်သက် မဟုတ်လေရာ သူကလည်း မိမိ၏ စာသင်ဖက် ကျောင်း



သား အဖော်များကို ကိုယ်ကျိုးမငဲ့ဘဲ ပြန်လည်တုံ့ပြန်၍ ဝန်ဆောင်မှု အများ အပြား ပေးခဲ့လေသည်။

အကျဉ်းချုံး၍ ပြောရသော် ဂျော့သည် ဆင်ပဆမ် ကောလိပ်ကျောင်း တက်ရသည်မှာ အလွန် ဝမ်းသာ ပျော်ရွှင်ရလေသည်။ သူ့ကို ကျောင်းသား များကသာ ကြိုက်နှစ်သက်ကြသည် မဟုတ်၊ ဆရာများကလည်း ကြိုက် နှစ်သက်ကြသည်။ သူ၏ အခန်းတစ်ခန်းသာရှိသော တဲသည် "ဂိုဏ်း" သမားများ၏ စိတ်ကြိုက်စုဝေးရာ နေရာဌာန ဖြစ်သည်။ ဤအခန်းမှာပင် သူသည် ကျောင်းသားများ၏ အဝတ်များကို တိုက်ချွတ်ပေး၏။ သူ၏ အံ့ လောက်ဖွယ် သစ်ပင်နှင့်စပ်ရာ သုတအဖြာဖြာနှင့် ဘဝအပေါ် ရှုမြင်တတ်ပုံ များတို့ဖြင့် ဖျော်ဖြေပေး၏။

ဆရာများက သူ၏ တိုးတက်မှုကို ကြည့်ပြီး ဝမ်းမြောက်အားရ ဖြစ် ကြသည်။ ဆရာတစ်ဦးကမူ မစ္စတာ မီလ်ဟိုလန်ထံသို့ ရေးသောစာ၌ ဂျော့ သည် "ခွဲလုံ့လ ရှိသည်၊ ရှင်းလင်းစွာ နားလည်နိုင်စွမ်းရှိသည်၊ သူမတူသော သည်းခံစိတ်ရှိသည် ဟူသော အရည်အချင်းများနှင့် ပြည့်စုံသည့် တကယ် တော်သော ကျောင်းသားတစ်ဦးဖြစ်ကြောင်း" ဖော်ပြထားသည်။ သူသည် ဂီတ နှင့် ပန်းချီတို့ကို အထူးပြု သင်ယူပြီး လူမျိုးပေါင်းစုံ ပါသည့် လေးယောက်တွဲ ကို ဖွဲ့စည်းထားသည်။ လေးယောက်တွဲ ဟူသည် တရုတ် တစ်ယောက်၊ ဂျပန် တစ်ယောက်၊ အမေရိကန် လူဖြူတစ်ယောက်နှင့် သူ ဖြစ်သည်။ ၎င်းတို့သည် ပန်းချီကား အများအပြားကို ရေးဆွဲပြီး ကားဗား ပန်းချီလက်ရာစုံ တွင် ယခုတိုင် ချိတ်ဆွဲပြထားဆဲ ဖြစ်သည်။

သို့ပင်ဖြစ်သော်လည်း သူ့စိတ်မှာတော့ ငါသည် မှားသည့်ဘက်ကို လိုက်မိခဲ့ပြီဟု ယူဆနေ၏။ တစ်နေ့တွင် ထိုကိစ္စကို သူ၏ ပန်းချီဆရာ မစ္စအက်တာအမ်ဘဒ်အား ပြောပြမိသည်။ 'မစ္စဘဒ်၊ ပြောစမ်းပါ၊ ကျွန်တော် ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်သလားဟင်'

'မစ္စတာကားဗား၊ ရှင်ဟာ အကောင်းဆုံးတွေထဲက တစ်ယောက် ပါပဲ။ ရှင့်ဉာဏ်ပါရမီနဲ့ဆိုရင် ပါရီမှာ သွားသင်ယူလေ့လာလို့ ရနိုင်တယ်။ ဥရောပမှာရှိတဲ့ ကျော်ကြားတဲ့ ပန်းချီခန်းတွေသွား၊ ပြန်လာတဲ့အခါ အမေ ရိကန်နိုင်ငံမှာ တကယ်အောင်မြင်တဲ့ ဘဝမျိုးနဲ့ ပြန်လာလို့ ရနိုင်ပါတယ်'

'ဒါပေမဲ့ ကျွန်တော်က ကျွန်တော့်ရဲ့ လူမျိုးကို ပန်းချီနဲ့ ဘယ်လို အကူအညီပေးလို့ ရနိုင်မလဲ'

သူသည် သူ၏ ရှည်သွယ်သွယ် လက်များကို ကြည့်သည်။ သည် လက်တွေနှင့် သူ ဘယ်လောက် လုပ်နိုင်ပါမလဲဟု တိုင်းတာဆုံးဖြတ်ရန် ကြိုးစားသည့်အနေဖြင့် ကြည့်ခြင်း ဖြစ်သည်။ 'မစ္စဘဒ် ခင်ဗျာ၊ ကျွန်တော် ပြောလိုတာက ကျွန်တော်ဟာ ကျွန်တော့်လူမျိုး အများအပြားကို ပန်းချီ ဆွဲနည်း သင်ပေးလို့ ရနိုင်မယ် မဟုတ်ဘူး။ ဒါပေမဲ့ မြေပေါ်မှာ ဘယ်လို စိုက်ပျိုးရမယ် ဆိုတာကိုတော့ သူတို့ အများစုကို သင်ပေးလို့ ရနိုင်မယ် ဆိုတာပါ' ဟု ဂျော့က ပြောသည်။

'ကျွန်မ နားလည်ပါတယ် မစ္စတာကားဗား' သူကလည်း သူ့လက် နုနုကလေးများကိုကြည့်ရင်း ပြန်ပြောသည်။ 'ကျွန်မက ရှင်ဟာ ရှင့်ရဲ့ ပန်း တွေနဲ့ လုပ်နေကိုင်နေပုံကို စောင့်ကြည့်နေခဲ့တာပါ။ ရှင်ဟာ ဥယျာဉ်မှူး ကောင်း တစ်ယောက်ရဲ့ အရည်အချင်းကောင်းမျိုး ရှိသူပါ'

'အဲဒီလိုဆိုရင် မစ္စဘဒ် အနေနဲ့ ကျွန်တော် ဘာလုပ်သင့်တယ်လို့ အကြံပေးပါဦး'

မစ္စက်ဘဒ်သည် ခဏတာမျှ အတွေးထဲ နစ်သွားသည်။ ထို့နောက် မော့ကြည့်လိုက်ပြီး သူ့လက်ကို ဂျော့၏ ပခုံးပေါ်တင်ကာ 'ရှင် တခြား တက္ကသိုလ်တစ်ခုကို သွားတက်သင့်တယ်လို့ ကျွန်မ ထင်တယ်။ စိုက်ပျိုးရေး ကို အထူးပြု သင်ကြားပေးတဲ့ တက္ကသိုလ်မျိုးပေါ့'

'ကျွန်တော်လည်း အဲဒီလိုပဲ စဉ်းစားနေတာ မစ္စက်ဘဒ်'

'အဲဒီလို တက္ကသိုလ် ပြောင်းတက်မယ် ဆိုရင်တော့ ကောင်းတဲ့ အစီ အစဉ်ပဲလို့ ကျွန်မ ယူဆတယ်' ဟု မစ္စက်ဘဒ်က တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလေသည်။ လူတစ်ယောက်အတွက် ဤသို့သော အရေးကြီးသည့် ဆုံး ဖြတ်ချက်မျိုးကို ပြောရသည်မှာ လွယ်သည် မဟုတ်သောကြောင့်ပင်။ 'တကယ်တော့ ရှင့်အဖို့ရာမှာလည်း ပန်းချီဆရာ တစ်ယောက်အစား လယ် သမားတစ်ယောက် ဖြစ်လာရမယ့် ကိစ္စဆိုတာ တကယ့်ကို စွန့်လွှတ်စွန့်စား လုပ်ရမယ့် အလုပ်တစ်ခု ဖြစ်နိုင်တယ်လေ'

'ကျွန်တော်တော့ အဲဒီလို မထင်ပါဘူး မစ္စက်ဘဒ်။ လယ်ယာစိုက်ပျိုး ရေးက ပန်းချီဆွဲတာထက်တောင် ပိုကောင်းသေးတဲ့ အလုပ်လို့ ထင်ပါ တယ်။ တခြားဟာကို မကြည့်နဲ့၊ ပန်းတစ်ပွင့်ကို ကြည့်ပါ။ ပန်းချီဆရာက ဆေးနဲ့ ရေးခြယ်ဆွဲတာပဲ ရှိတယ်။ လယ်သမားက ပန်းဖြစ်လာအောင် စိုက်ပျိုးတာ။ ပန်းချီဆရာက ပန်းရဲ့ပုံတူကို ကူးယူရုံမျှပဲ လုပ်တာပါ။ ဒါပေမဲ့

လယ်ယာစိုက်ပျိုးရေးသမားက ပန်းကို ပန်းအဖြစ် ရောက်လာအောင် အသက်သွင်းပေးတာ'

'ရှင်က ပန်းချီဆရာအဖြစ်က လယ်သမားအဖြစ်ကို ကူးပြောင်းသွားမယ်ဆိုတော့ အဲဒါဟာ ကျွန်မကိုလည်း ထိခိုက်တာပဲရှင့်' ဟု မစ္စက်ဘဒ်က ရယ်မောရင်း ပြောသည်။ 'စဉ်းစားကြည့်လေ၊ ကျွန်မကလည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တကယ့်ပန်းချီဆရာ အကျော်အမော်ကြီး တစ်ယောက်ရဲ့ ဆရာမလို့ ဖြစ်နိုင်သေးတာ မဟုတ်လား'

ဂျော့ကလည်း သူ့ဆရာမနှင့်အတူ ရောၡ ရယ်လိုက်သည်။ 'ကျေးဇူးတင်ပါတယ် မစ္စက်ဘဒ်၊ တခြားတက္ကသိုလ် တစ်ခုခုကို ဖြစ်နိုင်သမျှ မြန်မြန် ကျွန်တော် ပြောင်းပါတော့မယ်'

'ကျွန်မအထင်တော့ ရှင်နဲ့ သင့်မယ့်နေရာက အိုင်အိုဝါ စိုက်ပျိုးရေး တက္ကသိုလ်ပဲ ဖြစ်မယ်။ အမ်(စ်)မြို့မှာ ရှိတယ်လေ။ ကျွန်မအဖေဆီ ရှင့်အကြောင်း စာရေးပေးမယ်။ အဖေက အဲဒီတက္ကသိုလ်မှာ ပါမောက္ခတစ်ဦးပဲ'

'ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး ခင်ဗျာ' ဟု ဂျော့က ပြောသည်။

'စိုက်ပျိုးသိပ္ပံ ပညာရှင်ကြီးတစ်ဦး ဖြစ်လာအောင် လုပ်ပြီး ကျေးဇူးဆပ်ပေါ့ရှင်။ အဲဒီအခါကျတော့ ရှင့်ရဲ့ ကြိုးကျယ်ထင်ရှားမှုတွေက သမီးဖြစ်သူ အက်တာ အစား ဖခင်ဖြစ်သူ ပါမောက္ခ ဂျေအယ်လ်ဘဒ်ဆီ ကူးပြောင်းသွားချင် သွားမှာပေါ့'

မစ္စက်ဘဒ်သည် ပြောထားသည့်အတိုင်း သူ့အဖေထံ စာရေးပေးသည်။ ဂျော့၏ ဆရာများက ထောက်ခံပေးလိုက်သော ထောက်ခံချက်များကိုလည်း ထိုစာနှင့်အတူ ထည့်ပေးလိုက်သည်။ နောက်နှစ်တွင်ကား ဂျော့သည် အိုင်အိုဝါပြည်နယ် စိုက်ပျိုးရေးနှင့် စက်မှုလက်မှု အတတ်ပညာ ကောလိပ်ကျောင်းသား ဖြစ်သွားခဲ့လေသည်။

ဂျော့သည် စိုက်ပျိုးရေးကိုပင် အထူးပြု လေ့လာရန် ဆုံးဖြတ်လိုက်သဖြင့် သူ ရယူမည်ဆိုလျှင် နောက်ထပ် အသက်မွေးမှု ဘဝတစ်မျိုး ရနိုင်သေးသော်လည်း ထိုအခွင့်အလမ်းကို စွန့်လွှတ်လိုက်ရလေသည်။ ဘော့စတွန်မြို့ရှိ နယူးအင်္ဂလန် ဂီတကောလိပ်က သူတို့ဆီမှာ တက်ရောက် သင်ယူပါက ပညာသင်ထောက်ပံ့ကြေး ပေးမည်ဟု ကမ်းလှမ်းခံရသေးသည်။ သို့ရာတွင် သူသည် သစ်ပင်များ၏ သဘာဝကို လေ့လာသင်ယူခြင်းတွင်သာ

အားစိုက် ဆောင်ရွက်သွားတော့မည်ဟု ဆုံးဖြတ်လိုက်သဖြင့် ထိုကမ်းလှမ်းချက်ကို လက်မခံခဲ့တော့ပေ။

အိုင်အိုဝါ တက္ကသိုလ်သို့ သူ တက်ရောက်ရသည့် အချိန်မှာ နွေဦးရာသီ ဖြစ်သည်။ ကျောင်းပညာသင်ကာလသည် ဝါရှင်တန်၏ မွေးနေ့မှ ကျေးဇူးတော်နေ့အထိ ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများသည် လယ်သမားများ စိုက်ရေးပျိုးရေး မလုပ်နိုင်သော ဆောင်းရာသီတွင် ကျောင်းပိတ်ရက်ရှည် ရကြသည်။

ကျောင်းဝင်မှတ်ပုံတင် စာရင်းသွင်းပြီးလျှင် သွင်းပြီးချင်း သူ တွေ့လိုက်ရသည်ကတော့ အနိဋ္ဌ အတွေ့အကြုံပါပေ။ ဤကျောင်းတွင် နီဂရိုးများအတွက် ထမင်းစားခန်းလည်း မထား၊ အိပ်စရာ နေရာလည်း မထား။ ကျောင်းသားများ ထိုင်ကြသည့် စားပွဲမှာ သူ ထိုင်လိုက်သည့်အခါ သူ့ကို ခပ်ပြတ်ပြတ်ပင် ပြောသည်။ ထိုနေရာသည် လူမည်းများအတွက် မဟုတ်တဲ့။ 'မင်း မြေအောက်ခန်းမှာ ကျေးကျွန်တွေနဲ့ အတူသွားစားပါ' ဟု ပြောသည်။ ကောလိပ်ကျောင်း၏ အဆောင်များမှ အခန်းတစ်ခန်း ရရန် လျှောက်ထားသော အခါတွင်လည်း ကျေးကျွန်များနှင့် အတူနေရမည်ဟုသာ ပြန်ပြောပြန်လေသည်။

သို့ရာတွင် သူသည် စိတ်ပျက်မှုကို မျိုသိပ်၏။ "ဒီလောက်တော့ ငါ ခံနိုင်ပါတယ်" ဟု သူ့ကိုယ်သူ ပြောသည်။ သူသည် မြေအောက်ခန်းသို့ သွားသည်။ ကျောင်းအလုပ်ရသည်။ ထမင်းစားသည့်အခါ လယ်ယာ အလုပ်သမားများနှင့်အတူ စားသည်။ မြေအောက်ခန်း ကြမ်းပြင်ပေါ် အိပ်သည်။

သို့ရာတွင် ရက်အနည်းငယ် ကြာသောအခါ ဆရာတစ်ဦး ဖြစ်သူ ပါမောက္ခဂျိမ်းဂျီဝီလ်ဆင်က သဘောထားကြီးစွာဖြင့် ဖိတ်ခေါ် ကမ်းလှမ်းသည်။ 'ငါ့ရုံးခန်းမှာ အခန်းလွတ်တွေ ရှိတယ်ကွ။ မင်း အဲဒီအထဲမှာ ခေါက်ခုတင်လေး ချပြီး နေပေါ့' ဟု ပြောလေသည်။

ဂျော့သည် ဖိတ်ခေါ်မှုကို ဝမ်းပန်းတသာဖြင့် လက်ခံလိုက်သည်။ ပါမောက္ခ ဝီလ်ဆင်၏ သဘောထားကြီး ရက်ရောမှုကို တုံ့ပြန်သည့်အနေဖြင့် သူသည် စားပွဲ ကုလားထိုင်တွေကို ဆေးသုတ်ပေး၊ ကြမ်းတိုက်ပေးကာ သူ၏ ပန်းချီကားများကို နံရံမှာ ချိတ်ထားပေးလိုက်သည်။ ဝီလ်ဆင်နှင့် ကားဗားတို့ နေထိုင်ရာသည် ကောလိပ်ကျောင်း၏ ပြစရာ ပြခန်းပမာ ဖြစ်ခဲ့လေသည်။

ဤသည်ကား ဆရာနှင့် တပည့်တို့အကြား တစ်သက်တာလုံး တည်ရှိသွားမည့် မိတ်ဆွေဖြစ်မှု၏ နိဒါန်းအစတည်း။ နောင် နှစ်အနည်းငယ် ကြာသောအခါ ပါမောက္ခ ဝီလ်ဆင်သည် သမ္မတ မကင်းလီ လက်ထက်၊ သမ္မတ သီအိုဒိုရုစဗဲ့ လက်ထက်နှင့် သမ္မတ တပ်ဖ်တို့ လက်ထက်များတွင် လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ အမေရိကန် လယ်သမားများ တွေ့ကြုံရသော အချို့ ပြဿနာများနှင့် ပတ်သက်၍ ဝီလ်ဆင်က ဂျော့ကားဗားအား အကူအညီ တောင်းခဲ့လေသည်။

ဂျော့ကားဗားသည် အိုင်အိုဝါ တက္ကသိုလ်သို့ တက်ရချိန်၌ အသက် ၂၇ နှစ်နီးပါး ရှိနေပေပြီ။ သို့ဖြစ်၍ သူက အခြား အများစု ကျောင်းသားများထက် ပို၍ ရင့်ကျက်နေပေပြီ။ မကြာမီမှာပင် သူသည် ဘာသာရေးဘက်မှာရော၊ ပညာရေးဘက်မှာပါ ခေါင်းဆောင် ဖြစ်လာသည်။ ယခုသော် အခြားကျောင်းသားများသည် သူ့အား ထမင်းစားဆောင်သို့ လက်ခံလာကြပေပြီ။ သူ့အား စာပေ ကလပ်တစ်ခု၏ ခေါင်းဆောင်အဖြစ်လည်း ရွေးချယ်တင်မြှောက်ကြသည်။ သမ္မာကျမ်းစာ လေ့လာရေးအတွက် စီစဉ်ကျင်းပသော ကောလိပ်ကျောင်းပေါင်းစုံ ညီလာခံသို့လည်း သူ့ကိုပင် ကိုယ်စားလှယ်အဖြစ် ခန့်ထားကြသည်။

သို့ရာတွင် သူ့အဖို့ ရင်အခုန်ရဆုံး၊ စိတ်အလှုပ်ရှားရဆုံး အလုပ်တစ်ခုမှာ တက္ကသိုလ် အရန်တပ်ရင်းထဲသို့ ဝင်ရခြင်း ဖြစ်သည်။ ကြေးကြယ်သီးကြီးတွေနှင့် အပြာရင့်ရောင် ယူနီဖောင်းကို ဝတ်ဆင်လိုက်ရသည့်အခါ သူ့စိတ်မှာ မိမိနိုင်ငံ ကာကွယ်ရေးအတွက် ဗော်လံတီယာ တပ်သားတစ်ယောက် အနေဖြင့် အရိုးကြေကြေ အရေခန်းခန်း အမှုထမ်းလိုစိတ်များ တဖွားဖွား ဖြစ်လာသည်။ အချိန်တန်၍ ရာထူးများ တိုးပေးမှုများ ခံရသည့်အခါ သူသည် သူ့ကံကိုတောင် သူ မယုံနိုင်အောင် ဖြစ်ရသည်။ အမေရိကန်ပြည်ထောင်စု အရန်တပ်တွင် နီဂရိုး အရာရှိတစ်ဦး၊ ဗိုလ်ကြီး ဂျော့ဝါရှင်တန်ကားဗား ဖြစ်လာခဲ့ပါပကော။ ထိုရာထူးသို့ တိုးပေးသည်ဟု ပထမဦးဆုံးအကြိမ်အဖြစ် ကြားသိလိုက်ရသည့်အခါ သူ့ရင်ထဲမှာ ဝမ်းသာလွန်း၍ဘုရားပွဲ လှည့်နေလေတော့သည်။

သို့ရာတွင် သူသည် သူ၏ အောင်မြင်မှုများထဲမှာ မျောပါမသွားနိုင်သူဖြစ်သည်။ သူသည် သူ့အလုပ်ကို သူ ဆက်လုပ်သည်။ သူ့စကားအတိုင်း သုံးရသော် "ဘုရားသခင်၏ စပျစ်ခြံထဲမှ အညတရ အစေခံ"တစ်ဦး အလုပ်ကို

ဆက်လုပ်သည်။ သူသည် အခြား ကျောင်းသားများထက် စော၍ ထ သည်။ ကျောင်း၏ ဖန်လုံအိမ်ကို ကြည့်ရှု စောင့်ရှောက်ခြင်း၊ ဓာတ်ခွဲခန်းထဲမှာ ကြည့်ရှုလေ့လာရန်အတွက် တောထဲမှ အပင်များကို စုဆောင်းခြင်း စသော အလုပ်များကို အခြားကျောင်းသားများ မထသေးခင် လုပ်ခြင်း ဖြစ်သည်။ သူ၏ သတ်မှတ် ဆုံးဖြတ်ချက်အရသော် အလေ့ကျ အပင်နှင့် စိုက်ပျိုးသော အပင်သည် ဘာမျှ မခြားနားလှပေ။ "ပေါင်းပင်ဆိုတာလည်း နေရာမှား ပေါက်တဲ့ ပန်းပင်ပါပဲ။ ပေါင်းပင်ရော ပန်းပင်ပါ ဘုရားသခင်ရဲ့ ကရုဏာ တော် လက်ထဲမှာ ပေါက်ကြရတာချည်း ဖြစ်ပါတယ်" ဟု သူက ဆိုသည်။

တစ်မနက်မှာ သူသည် နွံညွန်ထူသော ကွင်းထဲမှ အပင်နမူနာများကို လိုက်ရှာနေ၏။ ထိုစဉ် ချုံပုတ်တွေကြား တွန်းဖယ်၍ သွားနေသော ကလေး တစ်ယောက်နှင့် တွေ့သည်။ 'သတိထားနော်၊ အဲဒီအထဲမှာ ရေဝင်နေတဲ့ ကျင်းတွေ ရှိတယ်။ ကျင်းထဲ ကျသွားဦးမယ်' ဟု သူက ပြောသည်။

သို့ရာတွင် ကောင်ကလေးက သူ ပြောတာကို မကြား၍လား၊ သို့ မဟုတ် ဂရုမထား၍ပဲလား မသိ။ ပြေးမြဲသာ ဆက်ပြေးနေသည်။ မကြာလိုက် ပါချေ။ "ပလုံ" ဟူသော အသံကို ကြားလိုက်ရသည်။ ဂျော့သည် ထိုနေရာသို့ ပြေးသွားသည်။ ကောင်လေးကို တွင်းထဲမှ အခက်အခဲ မရှိဘဲ ဆွဲတင်လိုက် နိုင်သည်။

'သတိထားလို့ ငါ ပြောနေလျက်နဲ့။ ဒီနားတစ်ဝိုက်မှာ သဲဗွက်တွေ ရှိတယ်ကွ။ မင်း စုပ်ယူခံရပြီး နွံထဲ နစ်မြုပ်သေသွားနိုင်တယ်'

'ဟုတ်ကဲ့ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ ကျွန်တော် အသက်ရှင် လျက် ပါပဲ။ ခင်ဗျားကို ကျေးဇူးတင်ပါတယ်'

'နောက် ဒီလို မလုပ်တော့ဘူးလို့ ငါ့ကို ကတိပေးပါ'

'ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကတိပေးပါတယ်'

ကားဗားသည် ကောင်လေး၏ မျက်နှာကို ကြည့်လိုက်သည်။ မြင်ဖူး နေသော မျက်နှာမျိုး ဖြစ်သည်။ ယုံကြည်ချက်ရှိသော၊ ရိုးသားသော၊ မကြောက် တတ်သော မျက်နှာမျိုး ဖြစ်သည်။ ကောင်လေးသည် နွံရေတွေနှင့် ညစ်ပေ နေသည့်ကြားမှပင် ပြုံး၍ 'ကျွန်တော့်နာမည် ဟင်နရီဝေါလေ့စ်ပါ' ဟု ပြော လေသည်။

'ပါမောက္ခ ဝေါလေ့စ်နဲ့များ ဆွေမျိုးစပ်သလား'

'ဟုတ်ကဲ့၊ သူက ကျွန်တော့်အဖေပါ'

ဂျော့သည် ရွှဲစိုနေသော ကောင်လေး၏ ပခုံးကို သိုင်းဖက်လိုက်သည်။ 'ဟင်နရီ၊ မင်းနဲ့ သိရတာ ဝမ်းသာသကွာ။ ငါနာမည်က ဂျော့တဲ့၊ ဂျော့ကားဗားပါ။ ငါက မင်းအဖေရဲ့ တပည့်တစ်ယောက်ပဲကွ။ မင့်အဖေက တကယ်တော်တဲ့ ဆရာကောင်းတစ်ယောက်လို့ ငါ ထင်တယ်'

'ဟုတ်ကဲ့ပါ ခင်ဗျာ။ သူက ကမ္ဘာပေါ်မှာ အတော်ဆုံး၊ အကောင်းဆုံး ဖခင်တစ်ယောက်လည်း ဖြစ်ပါတယ်'

'မင့်စကား ကြားရတာကို လုံးဝ မအံ့သြဘူး။ ကဲ ... လာကွာ၊ မြန်မြန် လုပ်၊ အိမ်ပြန်ကြရအောင်။ ရေချိုးပစ်လိုက်ရင် မင့်မှာ ဘာမှ ဘေးဥပဒ်ရှိမယ် မထင်ပါဘူး' ဟု ဂျော့က ပြောလိုက်သည်။

ဤကား ဂျော့ အိုင်အိုဝါးပြည်နယ် ကောလိပ်ကျောင်းသား ဘဝ တုန်းက နေခဲ့သောအခါ အမေရိကန် အစိုးရထဲတွင် အဆင့်မြင့်ရာထူး မျိုးသို့ ရောက်သွားမည့် သူတစ်ဦးနှင့် သိကျွမ်းခဲ့ရပုံတည်း။ ရွှံ့ညွှန်တွင်း ထဲမှ သူ ကယ်ဆယ်ပေးခဲ့သူ ဟင်နရီအက်ဒွပ်ဝေါလေ့စ်သည် သမ္မတ ဖရင် ကလင် ရူစဗဲ့ လက်အောက်၌ ဒုတိယ သမ္မတအဖြစ် ရွေးကောက်တင်မြှောက် ခံခဲ့ရသည်။ သူတို့နှစ်ဦး ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံပြီးနောက် နှစ် များစွာ ကြာသောအခါ ဟင်နရီ ဝေါလေ့စ်က ဤသို့ ရေးခဲ့သည်။ "ကလေး ဘဝတွင် ကျွန်တော်သည် အရပ်ရှည်သော သိပ္ပံပညာရှင် ဂျော့ကားဗား သွားရာပါသည့် အဖော်တစ်ယောက် ဖြစ်ခဲ့သည်။ သူက သူ့ပန်းပင်တွေကို ရေလောင်း ပေါင်းသင် လုပ်နေလျှင်လည်း ကျွန်တော်က သူ့နောက်က တကောက်ကောက်၊ တောထဲအနှံ့ လျှောက်သွားလျှင်လည်း ကျွန်တော်က သူ့နောက်က တကောက်ကောက် ဖြစ်သည်။ ထိုအခါက ကောင်လေးဆီသို့ သူ ယူလာသမျှတို့မှာလည်း ဒဏ္ဍာရီ နတ်သမီး တိုင်းပြည်မှ တွေ့လာသော တွေ့ရှိမှုများ ပမာပင်တည်း။"

ဂျော့ကားဗားသည် ကုတ်အင်္ကျီ ရင်ဘတ်ပေါ်တွင် အမြဲတမ်း ပန်း တစ်ပွင့်ကို ဆင်လေ့ရှိသည်။ သဘာဝ၏ ရနံ့နှင့် အရောင်တို့ကို သတိရနေ စေသည့် သဘောဖြင့် ထိုသို့ ဆင်ယင်ခြင်းပင်။ သို့ရာတွင် ဂျော့သည် သူ့ အဝတ်အစားများကို ဂရုစိုက်သူကား မဟုတ်ပေ။ သူသည် ဝတ်စုံသစ် ဝယ် လာနိုင်သည့် အခါမျိုးတွင်လည်း တစ်နှစ်လည်း သည်ဝတ်စုံ၊ နောက်တစ်နှစ် လည်း သည်ဝတ်စုံ၊ သည်တစ်ထည်ကိုပင် "ဒါချည်းပဲ" တပ်တလဲလဲ ဝတ် နေတတ်သည့် "ကိုဒါဝတ်" ဖြစ်သည်။ "ကျွန်တော်က အဖြူထည် အရိုး

သမားပဲ။ ရိုးရိုးရေးတဲ့ စာအတွက် လူတပတ စာအုပ်မျိုး မလိုပါဘူး" ဟု သူက ပြောတတ်သည်။ တစ်ခါတွင်တော့ သူ့မိတ်ဆွေ သူငယ်ချင်းများက ပြောလွန်းမက ပြောလှ၍ သူ အရွံ့ပေးကာ အဝတ်သစ် အစားသစ်ကို ဝတ်ခဲ့ရလေသည်။ ထိုတစ်ခါမှာ သူ့ကောလိပ်က ပေးသည့် ဘွဲ့ကို လက်ခံယူရမည့် ဘွဲ့နှင်းသဘင်နေ့တွင် ဖြစ်ပါ၏။ တက္ကသိုလ် ပရဝဏ်ကို ဖြတ်လျက် စုဝေးသဘင်ခန်းမသို့ စီတန်း၍ လျှောက်ကြရမည်ဖြစ်ရာ သူသည် ဘွဲ့ယူရာတွင် ဆောင်းသော ဦးထုပ်ပြားတို့၊ ဘွဲ့ဝတ်စုံတို့ကိုပါ ဝတ်ဆင်ခဲ့ရခြင်း ဖြစ်လေသည်။

သို့ရာတွင် သူ၏ အတန်းဖော်များနှင့်အတူ ချီတက်သည့်အခါတွင်မူ သူ့ရင်ထဲမှာ အတော်ကလေး ပျော်ရွှင်လိုက်လှဲ ဖြစ်မိသည်။ ချီတက်သွားကြသည့် ကျောင်းသားများတွင် အသက်ကြီးကြီးနှင့် ဘွဲ့ယူဦးထုပ်က ပန်းဖွားကို ဘက်မှား၍ ချပြီး လျှောက်လာသူမျိုးကား သူ့တစ်ယောက်တည်းကိုသာ တွေ့ရပါလေသည်။

သူ၏ နမော်နမဲ့နိုင်မှုကို ပြောပြကြသည့်အခါ ကျော့သည် ဟက်ဟက်ပက်ပက် ရယ်လေသည်။ ထိုနေ့သည်ကား ကျေးကျွန်တစ်ယောက်အဖြစ် မွေးဖွားလာသူတစ်ဦး ဖြစ်ခဲ့သူ ထူးချွန်ထက်မြက်သည့် လူငယ်ပညာရှင်တစ်ဦးအတွက် အတိုင်းမသိ ပျော်ရသောနေ့ ဖြစ်ပါပေသည်။ သူသည် သူ့အတန်း၏ ကဗျာဆရာတစ်ဦး အနေဖြင့် ကိုယ့်ပင်ကိုဉာဏ်ဖြင့် ကိုယ်ရေးဖွဲ့ခဲ့သော ကဗျာတစ်ပုဒ်ကို ဖတ်ခဲ့သည်။ သူ့ပန်းချီကား အတော်များများသည် စုဝေးသဘင် ခန်းမထဲ၌ ချိတ်ဆွဲပြသ ခံရသည်။ ညနေပိုင်းတွင် ညစာ စားကြရာတွင် သူ့အား ပါမောက္ခ စားပွဲသို့ ဖိတ်ကြားခြင်းကို ခံခဲ့ရသည်။

ဤနောက်ဆုံး ဂုဏ်ပြုနည်းအတွက် သူသည် လွန်စွာ အံ့အားသင့်မိသည်။ 'ကျွန်တော့်ကိုမှ ဘာကြောင့်များ ဆရာတွေနဲ့ အတူတူစားဖို့ ရွေးချယ်ဖိတ်ကြားကြတာလဲ' ဟု သူက မေးကြည့်သည်။

သူ့ကို ဖိတ်ကြားခဲ့သူ ပါမောက္ခ ဝီလ်ဆင်က ပြုံး၍ 'ဘာကြောင့်ဖိတ်ရသလဲ ဆိုရင် မင့်ကို တို့ရဲ့ ဆရာများ အဖွဲ့ထဲမှာ အဖွဲ့ဝင်တစ်ဦးအဖြစ် ရွေးချယ်လိုက်ကြလို့ပါပဲ' ဟု ပြောလေသည်။



## အခန်း (၉)

# ကျွန်ုပ်တို့လူမျိုးကို ကူညီလှည့်ကြဘိ

ဂျော့သည် အိုင်အိုဝါ တက္ကသိုလ်တွင် နည်းပြတစ်ဦး ဖြစ်လာသည်။ သူ၏ တာဝန်များအနက် မှန်လုံအိမ်ကို စောင့်ရှောက်ရခြင်းလည်း ပါသည်။ ဤအလုပ်တွင် သူသည် ကိုင်းဆက် မျိုးကူးသော နည်းဖြင့် ဟင်းသီးဟင်းရွက် ပင် အမျိုးအစားသစ်များ ထွက်ပေါ်လာရေးအတွက် အံ့ဩဖွယ် လက်တွေ့စမ်းသပ်မှုများကို လုပ်ခဲ့သည်။ သူသည် တောပိုင်းဒေသ အနှံ့သွား၍ အပင်အမျိုးမျိုးကို ရှာဖွေ စုဆောင်းသည်။ သူ စုဆောင်းရရှိသည့် အပင် နမူနာများမှာ နှစ်သောင်းခန့် ရှိသည်။ သူသည် ယခုအချိန်တွင်လည်း သူ ကလေးဘဝကတည်းက မေးလာခဲ့သော မေးခွန်းများကို အလွန် စိတ်ဝင်စားသည်။ “ဘာဖြစ်လို့ ဒါက ဒီလို ဖြစ်ရတာလဲ” ဟူသော မေးခွန်း ဖြစ်သည်။ သူ၏ အသည်းစွဲ ကဗျာတစ်ပုဒ် ရှိသည်။ တဲနီဆင်၏ Fragment (တစ်ပိုင်းတစ်စ) ဟူသော ကဗျာ ဖြစ်၏။

နံရံပေါက်ထဲက ပန်းကလေး
အပေါက်ထဲမှ ငါ ဆွဲယူခူး
ငါ့လက်ထဲမှာ အမြစ်ရော ပင်စည်ပါ ငါ ကိုင်ထား
ပန်းကလေးရယ် ငါ သိချင်စမ်းလှ

အမြစ်ရော ပင်စည်ပါ အားလုံးပေါင်းပါ မင်းဘာလဲ
ဘုရားသခင်ဆိုတာ ဘာပါလဲ
လူသားဆိုတာ ဘာပါလဲ
ငါ သိချင်လှ အလွန်ပဲ။

ကျွန်ုပ်တို့သည် အရာဝတ္ထု တစ်ခု၏ အသုံးမှန်သည် လောကထဲ၌ ဘာပဲ ဟူ၍ မသိမီ ထိုအရာဝတ္ထုကို ဂဃနဏ သိနားလည်အောင် ပြုကြရမည်ဟု ဂျော့က ပြောသည်။ သူသည် အပင်အမျိုးမျိုး၊ တိရစ္ဆာန် အမျိုးမျိုး၊ ပိုးမွှားအမျိုးမျိုး၊ ကျောက်အမျိုးမျိုးနှင့် သတ္တုအမျိုးမျိုးတို့နှင့် အကျွမ်းတဝင် ဖြစ်အောင် ပြုသည်။ ထို အပင်၊ အကောင်၊ ဝတ္ထုပစ္စည်း စသည်တို့ကို သူ၏ "မိတ်ဆွေများ" ဟု သူ ခေါ်လေ့ရှိသည်။ သူသည် ထို သူ၏ မိတ်ဆွေများ၏ လျှို့ဝှက်ချက်များကို သိအောင် ကြိုးစားသည်။ "သဘာဝ၏ အထွေထွေ အပြားပြား ရှိသော သတ္တဝါန်များနှင့် ရင်းနှီးပြွမ်းတီးအောင် ပြုသော အလုပ်မျိုး မလုပ်ဘဲနှင့် တစ်ရက် တစ်နေ့မှ ကုန်လွန်သည်ဟု မရှိဖူးခဲ့" ဟု သူ ရေးခဲ့ဖူးသည်။

အပင် စိုက်ပျိုးသမားအဖြစ် လူသိများသော သူ၏ ကျော်စောသတင်းသည် ပြည်နယ်တစ်ဝန်းလုံးသို့ ပျံ့နှံ့နေရာ၊ သူ့အား လယ်သမားများ၏ ညီလာခံများနှင့် ဥယျာဉ်ခြံ ကလပ်အသင်းများက လာရောက် ဟောပြောပေးရန် ဖိတ်ကြားကြသည်။ "မစ္စတာကားဗားသည် အမေရိကန်နိုင်ငံ တစ်ဝန်းလုံးတွင်ရှိသော အပင်တိုင်း၏ အမည်နှင့် စရိုက် လက္ခဏာတို့ကို သိပုံရပေသည်" ဟု ထိုသို့ ဖိတ်ကြားသော ကလပ်အသင်း တစ်ခု၏ ဥက္ကဋ္ဌက ရေးဖူးသည်။

သူသည် အိုင်အိုဝါ တက္ကသိုလ်တွင် အလုပ်လုပ်ရသည်ကို ကျေနပ်နေ၏။ သူသည် သိပ္ပံဘွဲ့ ရရှိပြီးနောက် နှစ်နှစ်အကြာတွင် မဟာသိပ္ပံဘွဲ့ ရသည်။ ယခုသော် အိုင်အိုဝါပြည်နယ် တက္ကသိုလ်မှာပင် ပါမောက္ခလုပ်၍ အခြေချသွားရန် အသင့်ဖြစ်သွားပေပြီ။ အိုင်အိုဝါ တက္ကသိုလ်သည် အမေရိကန် အနောက်ပိုင်းတွင် ရှေ့တန်းရောက်နေသော တက္ကသိုလ်တစ်ခု ဖြစ်ပေသည်။

သို့ရာတွင် ထိုသို့ အိုင်အိုဝါ တက္ကသိုလ်တွင် အခြေချနေရတော့မည့် အခြေအနေမျိုး ရောက်လာခါမှ အယ်လ်ဘားမားက ထူးခြားသော ကမ်းလှမ်းမှုတစ်ခု ပြုလိုက်သည်။ ရာထူးက နိမ့်သော်လည်း ဂုဏ်သိက္ခာ အလွန်

မြင့်သော ရာထူးတစ်ခုကို ကမ်းလှမ်းလိုက်ခြင်း ဖြစ်သည်။ တပ်စ်ကီဂီး သိပ္ပံကျောင်း၏ ကျောင်းအုပ်ကြီး ဘွတ်ကားတီဝါရှင်တန်က သူ့ထံသို့ ၁၈၉၆ ခုနှစ် ဧပြီလ ၁ ရက် နေ့စွဲဖြင့် စာတစ်စောင် ရေးလိုက်ခြင်း ဖြစ်သည်။ တပ်စ်ကီဂီး သိပ္ပံကျောင်းမှာ နီဂရိုးများအတွက် ထူထောင်ထားသော ဆရာဖြစ်သင် နော်မန်ကျောင်း (နော်မယ်လ်ကျောင်း) တစ်ကျောင်း ဖြစ်သည်။ ရပ်တည်ရေးအတွက် ရုန်းကန်နေရသော ကျောင်းငယ် တစ်ကျောင်းပင်။ ဒေါက်တာဝါရှင်တန်၏ စာထဲ၌ တပ်စ်ကီဂီးက စိုက်ပျိုးရေးဌာန၏ တာဝန်ကို လွှဲယူရန် မေတ္တာရပ်ခံထားသည်။ "ဆရာ လာလိုတဲ့ဆန္ဒ ရှိပါက ကျွန်တော်တို့က ဆရာ့အား တစ်နှစ်လျှင် ဒေါ်လာ ၁၅၀၀ ပေးနိုင်ပါတယ်။ လစာကတော့ မများဘူးလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အစကတည်းက ငွေကြေးအတွက် မကြည့်ဘဲ ကျွန်တော်တို့ လူမျိုးရဲ့ အကျိုးစီးပွားအတွက် လုပ်မယ့်ဆရာများ ရအောင် ကြိုးစားကြမယ် ဆိုတဲ့မူ ချထားကြပါတယ်" ဟုလည်း ရေးထားသည်။

ကားဗားအဖို့ ဆုံးဖြတ်ဖို့ ခက်လှသည်။ အိုင်အိုဝါ တက္ကသိုလ်မှာ ကောင်းစွာ အခြေခိုင်နေပြီ ဖြစ်သည့် တက္ကသိုလ်ကြီး ဖြစ်သည်။ တစ်နိုင်ငံလုံး၌ ထင်ရှားကျော်စောသော တက္ကသိုလ်ကြီး ဖြစ်သည်။ သူ့လို တက်သစ်စ ဆရာငယ်တစ်ဦး အနေဖြင့် သူ ရရှိထားသော ရာထူးမှာ အားကိုးအားထား ပြုထိုက်သော ရာထူး ဖြစ်သည်။ တစ်ဖက်တွင် တပ်စ်ကီဂီးကို ကြည့်လိုက်မည် ဆိုပါက အောင်မြင်မှု မရနိုင်သလောက် အခြေအနေမျိုးသို့ ဆိုက်သွားနိုင်သည်။ ဤကျောင်းကို ၁၈၈၁ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ငွေကြေးရန်ပုံငွေပေါ်မှာထက် စိတ်ကူးအိပ်မက်အပေါ် အခြေခံ တည်ထောင်ထားသောကျောင်း ဖြစ်သည်။ ဆရာများ၏ လစာမှာလည်း နည်းလှ၏။ ဤကျောင်း လာတက်ကြသူများမှာ ဖိနပ်မစီးနိုင်ကြသူများ၊ ထမင်း နပ်မှန်အောင် မစားရသူများ ဖြစ်သည်။ ကျောင်း တည်ဆောက်ထားသည့် မြေမှာလည်း စိုက်ဖို့ပျိုးဖို့ မသင့်လျော်သော မြေမျိုး ဖြစ်သည်။

သို့ရာတွင် ဒေါက်တာဝါရှင်တန်၏ သတင်းကို ကားဗား ကြားထားသည်။ သူသည် ဤကျောင်းကို နီဂရိုးများအတွက် ဆရာဖြစ်သင်ကျောင်း အဖြစ်သို့ ရောက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းတည်ဆောက်လာသူ ဖြစ်သည်။ ဒေါက်တာဝါရှင်တန်လည်း သူ့လိုပင် မွေးကတည်းက ကျွန်အဖြစ်မွေးဖွားလာခဲ့သူ အဖြစ်မှ ယခုကဲ့သို့သော ပညာရေး အဆင့်အတန်းမျိုးသို့

တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။ သို့ရာတွင် သူသည် ကိုယ့်လူမျိုးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းအတွက် ကိုယ့်အကျိုးအမြတ် ဖြစ်ထွန်းနိုင်သည့် အသက်မွေးမှု ဘဝမျိုးကို စွန့်လွှတ်အနစ်နာခံခဲ့သူ ဖြစ်သည်။

ငါကကော သူ့လို ဘာကြောင့် မလုပ်နိုင်ရမှာလဲ .... ဟု ကားဗား စဉ်းစားသည်။ သူသည် ဒေါက်တာဝါရှင်တန် ပြောကြားခဲ့သော မိန့်ခွန်းများမှ မိန့်ခွန်းအချို့ကို ဖတ်ဖူးသည်ကို သတိရလိုက်သည်။ အတ္တလန်တာနိုင်ငံတကာ ပြပွဲ၌ သူ ပြောခဲ့သော မိန့်ခွန်းမှာ ကြားရသူတိုင်း စိတ်အားတက်ကြွလာစေသော မိန့်ခွန်း ဖြစ်သည်။ သတင်းစာများတွင် ထိုစဉ်က မြင်ကွင်းကို ဖော်ပြ မှတ်တမ်းတင်ထားသည်။ နီဂရိုးများသည် ကမ္ဘာတွင် မတွေ့ဖူးတဲ့ သည်းအခံနိုင်ဆုံး၊ သစ္စာအရှိဆုံး၊ ဥပဒေ အလိုက်နာဆုံးနှင့် မကျေမချမ်း မဖြစ်ဆုံး လူမျိုးဖြစ်သည်ဟု ဝါရှင်တန်က ပြောခဲ့သည်။ ထို့ပြင် အသွေးအရောင် မတူသော လူမျိုးများသည် လူသား ဟူသော အဖြစ်တွင် တညီတညွတ်တည်း ရှိကြသည် ဟူသော အမှတ်သင်္ကေတအဖြစ် သူ့လက်ကို မြှောက်ကာ ဤသို့ ကြေညာခဲ့သည်။ "ဓမ္မစစ်အားဖြင့် အများသဘောဆောင်တဲ့အရာ ဟူသမျှမှာ လက်ချောင်းများလို တကွဲတပြား ဖြစ်နေနိုင်သော်လည်း လူသားတို့ရဲ့ တိုးတက်မှုအတွက် အရေးကြီးတဲ့အရာ မှန်သမျှမှာတော့ ကျွန်တော်တို့ဟာ လက်ကတော့ ဒီလက်ပါပဲ ဆိုတဲ့သဘော ဆောင်ပါတယ်"

ဒေါက်တာ ဝါရှင်တန်၏ ရည်မှန်းချက် ပန်းတိုင်ကား ကိုယ့်ကိုယ်ကို အခြားသူတို့ အထက်ရောက်အောင် မြှင့်တင်ပေးဖို့ မဟုတ်။ ကိုယ့်လူမျိုးနှင့် အတူ အလုပ်လုပ်ကာ ကိုယ့်လူမျိုးကို မိမိနှင့်အတူ မြင့်တက်လာအောင် လုပ်ဖို့ ဖြစ်ပေသည်။ သူတို့သည် ဘူတာရုံမှ ကျောင်းသို့ ကျင်းချိုင့်ပေါသော လမ်းပေါ်အတိုင်း လာခဲ့ကြစဉ် အသားကျ ပြေးလာသော မြင်းကြောင့် တက်လာသော ဖုန်လုံးများ ထ‌ေ့တက်လာသည်။ ပတ်ဝန်းကျင် ရှုမျှော်ခင်းများကို ကောင်းစွာ မမြင်ကြရတော့ပေ။ ဖုန်လုံးများမှာ အနီရောင် ဖုန်လုံးများ ဖြစ်ကြ၏။ ဤတောရပ် တစ်ခွင်တစ်ပြင်လုံးသည် မြေနီစေးတို့ဖြင့် လွှမ်းနေပုံရသည်။ သစ်ပင် ဟူ၍လည်း မတွေ့ရ။ ချုံပုတ်မျှလည်း မမြင်ရ။ ပန်း ဆိုတာကတော့ ဝေလာဝေး။ ရာသီကလည်း ပူပြင်းလှသော နွေရာသီ ဖြစ်သည်။ အသီးအရွက် အပင်တို့သည် ရေမသောက်ရ၍ ညှိုးခြောက် သေကုန်ကြလေပြီ။

ကျောင်းပရိဝုဏ်ကလည်း ပတ်ဝန်းကျင် တောရပ်ဒေသကဲ့သို့ပင် ပြောင်တလင်းခါ၍ နေတော့သည်။ "ဤအရပ်ဒေသမျိုးကို ကျွန်ုပ် တစ်ခါမျှ မတွေ့ဖူးခဲ့ပေ" ဟု နောင်သောအခါတွင် ကားဗားက ရေးခဲ့သည်။ "အဆောက်အအုံ တစ်ခုနှင့် တစ်ခု အကြားတွင် တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော လျှိုမြောင်ကြီးများ ရှိနေကြရာ မြေခွေးတစ်ကောင်ပင် လမ်းပျောက်သွားဖွယ် ရှိပေ၏" ဟုလည်း ကားဗားက ရေးသားခဲ့သည်။ တပ်စ်ကီဂီး သိပ္ပံကျောင်း၏ အဆောက်အအုံများကို စာဖွဲ့ရသော် စာသင်ခန်းများ ပါရှိသည့် ခနော်နီခနော်နဲ့ အိမ်ကလေးများ၊ တစ်ဝက်တစ်ပျက်နှင့် အပြီးမသတ်သေးသော သတ္တုပုံလောင်းရုံ၊ ပန်းပဲ အလုပ်ရုံ သေးသေးတစ်ခုနှင့် လွှစက်တစ်လုံးတို့မှာ ဤသိပ္ပံကျောင်း၏ အရေးပါသော အဆောက်အအုံများပေပင်။

သူ့ကို တပ်စ်ကီဂီးသို့ ခေါ်လာသော ကောင်ကလေးကို ကားဗားက မေးကြည့်သည်။ ထိုကောင်လေး၏ ဖြေကြားချက်အရသော် တပ်စ်ကီဂီးမှာ ဥယျာဉ်လည်း မရှိ၊ ဖန်လုံအိမ်လည်း မရှိ၊ ဓာတ်ခွဲခန်းသော်မျှလည်း မရှိပါ။ ကားဗားသည် သူ လုပ်ကိုင်သွားရမည့် သူ့အသက်မွေးအလုပ်၏ အနာဂတ်ရှုခင်းကို မှန်းမျှော်ကြည့်မိသည်။ ထိုနေ့သည်ကား သူ့အဖို့ စိတ်ပျက်စရာ ကောင်းလှသော နေ့ပါပေတည်း။

သို့ရာတွင် သူသည် ဒေါက်တာ ဘွတ်ကား တီ ဝါရှင်တန်နှင့် တွေ့လိုက်သည့်အခါ စိတ်အားတွေ တက်လာပြန်သည်။ ဒေါက်တာဝါရှင်တန်သည် အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ် ဖြစ်သည်။ အသားက ညိုဝါရောင်။ ထူးထူးကဲကဲ ကြီးမားသော ဦးခေါင်း ရှိသည်။ သူ၏ ပါးစပ်က ခိုင်မာပြတ်သားသော စိတ်ဓာတ်ရှိကြောင်း ပြနေသည်။ သူ့ကို ကြည့်ရသည်မှာ အမိန့်ပေးဖို့ မွေးလာသူလားဟု ထင်ရသည်။ သူက ကားဗားအား ဂရိ ဒဏ္ဍာရီထဲက သူရဲကောင်း အက်တလပ်စ်ကို သတိရပါဟု ပြောသည်။ အက်တလပ်စ်သည် ကမ္ဘာကြီးကို သူ့ကျောပေါ်မှာ ထမ်းထားသူပေတည်း။ သို့ရာတွင် ဒေါက်တာဝါရှင်တန်က ရုပ်ခန္ဓာအားဖြင့်သာ ကြီးမားသူ မဟုတ်ပါ။ သူ၏ မျက်လုံးများတွင် ပြင်းပြတောက်လောင်နေသော အိပ်မက်တွေ ကိန်းနေသည်။ တစ်နေ့သောအခါ ယခုထက် သာလွန် ကောင်းမွန်လာရမည် ဟူသော အမြင်မျိုး သူ့မျက်လုံးများထဲတွင် ရှိနေသည်။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး လက်ဆွဲ၍ နှုတ်ဆက်လိုက်ကြသည်။ ထိုအချိန်မှစ၍ သူတို့သည် တစ်သက်တာလုံး ခိုင်မြဲသောမိတ်ဆွေများ

ဖြစ်သွားခဲ့ကြလေသည်။ ‘ခင်ဗျား ကျွန်တော်တို့နဲ့ လာပြီး လက်တွဲလို့ ဝမ်းသာလှသဗျာ။ ခင်ဗျားတို့လို တော်တဲ့ ဆရာမျိုး၊ ကိုယ်ကျိုးမကြည့်တဲ့ ဆရာမျိုးတွေ ရဖို့ ကျွန်တော် ကြိုးပမ်းလာခဲ့တာ ကြာပြီဗျ’ ဟု ဒေါက်တာ ဝါရှင်တန်က ပြောသည်။

‘ဆရာ မြောက်ပြောသလောက် ကျွန်တော် ဟုတ် မဟုတ်တော့ ကျွန်တော်လည်း မပြောတတ်ပါဘူး’ ဟု ကားဗားက ရယ်ရယ်မောမောဖြင့် ပြောသည်။ ‘ဒါပေမဲ့ တပ်စ်ကီဂီးမှာ ကျွန်တော် အကောင်းဆုံး ကြိုးစား ဆောင်ရွက်သွားပါမယ်’ ဟုလည်း ဆက်ပြောလိုက်သည်။

သို့ဖြင့် ကားဗားသည် တပ်စ်ကီဂီးကို တိုးတက် ကြီးထွားလာရေးအတွက် အချိန်မဆိုင်းဘဲ ချက်ချင်းပင် အားစိုက် ကြိုးပမ်းလေသည်။ ဤအလုပ်မှာ တောင်တက်ရသည့် အလုပ်မျိုး ဖြစ်သည်။ မလွယ်ကူလှ။ တာဝန်ရှိသူများမှာ ငွေကြေးအတွက်ကလည်း ပူရသေး၊ တောင်ပိုင်း ဒေသအတွင်း နေထိုင်ကြသည့် လူဖြူများနှင့် လူမည်းများကြားမှ ပဋိပက္ခများနှင့်လည်း ရင်ဆိုင်ရသေး၏။ လူမည်း ဆရာတစ်ယောက်သည် လူဖြူ တစ်ယောက်နှင့် စကားပြောရသည့်အခါ ထိုလူဖြူသည် ကျင်းတူးသမားပင် ဖြစ်စေ၊ လူမည်းဆရာက ဦးထုပ်ချွတ်၍ ပြောရ၏။ လူမည်းဆရာသည် လမ်းဘေးစင်္ကြံလမ်းပေါ်တွင် လမ်းလျှောက်သည့်အခါ ရေမြောင်းရှိရာဘက်မှာ နေပေးရသည်။ လူဖြူတစ်ယောက်နှင့် တွေ့လျှင် “မင်းနဲ့ တန်တဲ့နေရာကို သွား” ဟူ၍ မိမိအား အလွယ်တကူ တွန်းလိုက်နိုင်ရန် ဖြစ်သည်။

တစ်ခါတစ်ရံတွင် လူဖြူနှင့် လူမည်းများ၏ ပဋိပက္ခသည် အကြမ်းပတမ်းအဆင့် ရောက်ကာ သွေးထွက်သံယိုအထိ ဖြစ်တတ်သည်။ တစ်နေ့တွင် မြောက်ပိုင်းမှ ရောက်လာသော တပ်စ်ကီဂီး သိပ္ပံကျောင်းမှ ဆရာတစ်ဦးသည် အနီးအနားရှိ မွန်ဂိုမာရီမြို့သို့ လည်စည်းဝယ်ရန် သွားသည်။ စင်ပေါ်မှ လည်စည်းများကို ထိုဆရာက ကြည့်ပြီးနောက် သူနှင့် တော်သည့် လည်စည်းတစ်ခုမှ မတွေ့၍ ဆိုင်ထဲမှ ထွက်လာသည်။

‘အဲဒီ လည်စည်းတွေကို မင်း မကြိုက်ဘူးလား’ ဟု ဆိုင်ရှင်က မေးသည်။

‘အေး ... ကျုပ် မကြိုက်ဘူး’ ဟု ထိုဆရာက ပြန်ပြောသည်။

ဆိုင်ရှင် မျက်နှာနီလာ၏။ ‘လူမည်းတစ်ယောက်က လူဖြူတစ်ယောက်

နဲ့ စကားပြောတဲ့အခါ "အေး ... ကျုပ် မကြိုက်ဘူး" လို့ မပြောရဘူး။ "ဟုတ်ကဲ့ပါ သခင်" လို့ ပြောရတယ်' ဟု ပြောလေသည်။

လူမည်းဆရာသည် သူ့ဘက်က မှန်ကြောင်း ကာကွယ်ပြောဆိုသည့် စကားကို ပြောမည် ပြုတုန်းမှာပင် ဆိုင်ရှင်က 'လူဖြူတစ်ယောက်ကို ပြန်ပြောနိုင်တယ်လို့လည်း လူမည်းက မျှော်လင့်မထားရဘူးလေ' ဟု ပြောပြန်သည်။

'ဒါပေမဲ့ ....'

လူမည်းဆရာ၏စကား ဝါကျဆုံးအောင် ပြောရန် ဆိုင်ရှင်က ခွင့်မပြုနိုင်။ အလွန် ဒေါသထွက်ကာ ဓားကို ဆွဲ၍ လူမည်းဆရာအား ထိုးလိုက်လေသည်။

ကံကောင်းထောက်မ၍ ဓားသွားသည် နှလုံးကို တည့်တည့်မထိဘဲ လွဲသွားသည်။ ဆရာသည် ပြန်ကောင်းလာသည်။ "ကိုယ့်နေရာသည် ဘယ်နေရာ ဟူသည်ကိုလည်း" သိလိုက်လေသည်။

ကားဗားသည် ဤသို့သော တရားမမျှတမှုမျိုးကို လွန်စွာ စက်ဆုပ်မိလေသည်။ သို့ရာတွင် ဒေါက်တာဝါရှင်တန်က သတိပေးသည်။ မိမိတို့ကျောင်း၏ တည်ရှိနေနိုင်မှုသည် အနီးဝန်းကျင်ရှိ မျက်နှာဖြူများ၏ စိတ်ကောင်း စေတနာကောင်းပေါ်တွင် တည်နေသည်။ လူဖြူ အများအပြားမှာလည်း လူကောင်းသူကောင်းများ ဖြစ်ကြသည်၊ ရည်မွန်ကြသည်၊ မျှတသော စိတ်ထားရှိသူများ ဖြစ်ကြသည်ဟု ဒေါက်တာဝါရှင်တန်က သတိပေး ပြောကြားပေသည်။ ထို့ကြောင့် ကားဗားသည် သူ့ဒေါသကို ချုပ်တည်းကာ သူ့တပည့်များအား ကိုယ့်ကိုယ်ကို အားကိုးကြ၊ ကိုယ့်ကိုယ်ကို လေးစားကြ ဟူသော သင်ခန်းစာများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်း သင်ခန်းစာများ သင်ပြခြင်း အလုပ်ကိုသာ ဖောက်ချ လုပ်ကိုင်နေရလေသည်။

တပ်စ်ကီဂီးရှိ ကျောင်းသားများသည် စိုက်ပျိုးမွေးမြူရေးကို ဝါသနာမပါကြ။ အမှန်မှု သူတို့ ဤကျောင်းသို့ ရောက်လာကြခြင်းသည်ပင်လျှင် လယ်ယာလုပ်ငန်း အလုပ်များမှ လွတ်အောင် ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေး ဆိုသည်မှာလည်း သူတို့၏ တောင်ပိုင်းဒေသ နေအိမ်များ၏ ဖုန်းဆိုးမြေများတွင် ဆင်းရဲမွဲတေမှုကာ လွဲ၍ ဘာမျှ ပေးနိုင်သည် မဟုတ်ပါပေ။

သို့ရာတွင် ကားဗားသည် သူ့တပည့်များကို စိုက်နည်း၊ ပျိုးနည်း သစ်ကို သင်ပေးသည်။ ထိုမျှမက ဘဝကို ရှုမြင်သည့် စိတ်ထား၊ သဘောထား သစ်ကိုလည်း သင်ပေးသည်။ သူက စိုက်ပျိုးရသည့် သစ်ပင် ပန်းမန်များကို

ချစ်တတ်သည့်စိတ်များ သူတို့မှာ ပိုမို အားကောင်းလာအောင် သွင်းပေးသည်။ သစ်ပင်တွေ ရှင်သန်ကြီးထွားစေသည့် လျှို့ဝှက်ချက်များ ပို၍ သိလာအောင်လည်း ပြပေးသည်။ တစ်နေ့တွင်မူ သူ၏ ဟောပြောပို့ချချက် အပြီး၌ သူ့အတန်းအား ကဗျာကလေးတစ်ပုဒ် ဖတ်ပြသည်။

ရှေးယခင်က မလုပ်ခဲ့ဖူးတာတွေ
ယနေ့အခါ လုပ်ထိုက်ကြပါပေ။
နောက်လိုက်သာပဲ လုပ်မည့်သူလား
ရှေ့ဆောင်လမ်းပြမည့်သူပါလား
မယုံဒွိဟ လှောင်ပြောင်ကြတာကို
တွန့်ဆုတ် ကြောက်ရွံ့သူပါလား
သို့တည်းမဟုတ်
ရှုံးရှုံးနိုင်နိုင် ပန်းတိုင်သစ်ကို
လှမ်းကိုင်ဖြစ်အောင် သတ္တိမွေးမည့်
ဇာနည်သွေးနှင့် သူပါလား။

ကဗျာကို ဖတ်၍ ဆုံးသွားသောအခါ သူက ပြောသည်။

'တို့တစ်တွေ ကနေ့ကစလို့ အသစ်ကို လုပ်သွားကြမယ်။ စိုက်ပျိုးရေး ဓာတ်ခွဲခန်းကို ထူထောင်သွားကြမယ်'

'ဒါပေမဲ့ ဆရာ၊ ကျွန်တော်တို့မှာ ဓာတ်ခွဲခန်းလိုဟာအတွက် လိုမယ့် ပစ္စည်း ဘာမှလည်း မရှိကြဘူး' ဟု ကျောင်းသားတစ်ဦးက ပြောသည်။

'ထာဝရ ဘုရားသခင်ဟာ တို့ရဲ့ဝန်းကျင်မှာ ပစ္စည်းပစ္စယတွေ ကြဲဖြန့်ပေးထားပါတယ်။ အဲဒါတွေကို ထွက်ရှာကြတာပေါ့' ဟု ကားဗားက ပြောလိုက်သည်။

ဆရာနှင့် တပည့်များသည် ဓာတ်ခွဲခန်းအတွက် လိုအပ်မည့် ပစ္စည်းကိရိယာများကို အရှာထွက်ကြသည်။ သူတို့သည် မြို့သို့တက်၍ သံတိုသံစ ပုံများသို့ သွားကြသည်။ နောက်ဖေးတံခါးများကို ခေါက်ကြ၏။ လမ်းမတွေပေါ်၊ နောက်ဖေးလမ်းကြားတွေထဲ ပြုပြစ်ခင် အနှံ့ ပိုက်စိပ်တိုက် ရှာကြ၏။ ပိုက်လုံးတွေ၊ ရေကရားတွေ၊ လက်ဆွဲမီးအိမ်တွေ၊ ဒယ်အိုးတွေ၊ ပန်းကန်ပြားတွေ၊ ပုလင်းကွဲတွေ၊ စွန့်ပစ်သံဘူးခွံတွေ စသည့် အဟောင်းအမြင်း ပစ္စည်းတွေ အစုံရလာသည်။ တပ်စ်ကီဂီး၏ ပထမဦးဆုံးသော ဓာတ်ခွဲခန်းအတွက် ပစ္စည်းများကို ယနေ့တိုင် ကားဗားပြတိုက်တွင် ပြသထားပေးသည်။



ပထမဦးဆုံးသော တပ်စ်ကီဂီး စိုက်ပျိုးရေးခြံကို ထူထောင်ရာတွင်လည်း ကားဗားသည် ထိုနည်းကိုပင် သုံးသည်။ သုံးမရတော့၍ ပစ်ထားသော ပစ္စည်းများကိုပင် အသုံးဝင်သော၊ လှပသော၊ အဖိုးထိုက်သော ပစ္စည်းအဖြစ်သို့ ရောက်အောင်လုပ်၍ သုံးခဲ့လေသည်။ သူသည် ဝက်တွေ ထိုးဆွဖို့ ပစ်ထားသော အမှိုက်သရိုက်တွေနှင့် ပြည့်နေသည့် "ဘာမျှ သုံးမရ" မြေဧက ၂၀ ကို လယ်ကွက်တစ်ကွက်အဖြစ် ဖန်တီးလိုက်သည်။ ကျောင်းသားများ၏ အကူအညီဖြင့် အမှိုက်သရိုက်များကို ရှင်းလင်းသုတ်သင်ကာ ထိုမြေကြီးမှာ ထွန်ယက်စိုက်ပျိုးလေသည်။

သို့ရာတွင် ရလာသော ရလဒ်ကတော့ စိတ်ပျက်စရာကောင်းဆဲပင်။ အနီးအနားက တချို့ လယ်သမားများက သူတို့၏ ကြိုးပမ်းအားထုတ်မှုများကို လှောင်ပြောင်ကြသည်။ တချို့ကလည်း "အချိန်ဖြုန်းကြပလေ" ဟု ဆိုကာ သူတို့ကို သနားကြ၏။ သူ့တပည့် ကျောင်းသားများကပင် တို့ဆရာ ဘာတွေများ လုပ်နေပါလိမ့်ဟု သံသယ ဖြစ်ကြ၏။ သူသည် ဆရာကောင်းတစ်ယောက် ဆိုတာတော့ မှန်ပါပေ၏။ သို့ရာတွင် သူတို့ဆရာသည် မော်ဆရာတစ်ဦး မဟုတ်လေရာ ဝက်ကစားကွင်းကို အဘယ်မှာလျှင် နတ်ဘုံနတ်နန်းအဖြစ် ပြောင်းနိုင်ပေမည်နည်း ... ဟု သံသယ ဖြစ်ကြခြင်းပင်။

ကားဗားသည် လှောင်ကြ ပြောင်ကြသည်များကို ကြားရ၏။ သနားကြ၊ သံသယ ဖြစ်ကြသော အမူအရာများကို မြင်ရ၏။ သို့ရာတွင် နောက်မတွန့်၊ ရှေ့သို့သာ ဆက်လေသည်။ သူသည် သူ့တပည့်များအား မြေကွက်ထဲ၊ စိမ့်မြေထဲမှ ရွှံ့အညစ်အကြေးများ၊ တောထဲမှ သစ်ရွက်ဆွေးများနှင့် နွားတင်းကုပ်မှ နွားချေးများတို့ဖြင့် မြေဩဇာ ကျွေးစေသည်။ ထို့နောက် လူတိုင်းက အံ့အားသင့်သွားစေသော အလုပ်ကို လုပ်လေသည်။ မြေကွက်ထဲ၌ "အရေးပါသော" သီးနှံမျိုးကိုကား မစိုက်ပျိုး။ နွားစား ပဲပင်မျိုးစေ့တွေကို ချ လေသည်။

'အဲဒီ နွားစား ပဲပင်ကြီးနဲ့ ကျွန်တော်တို့ ဘာလုပ်မှာလဲ' ဟု ကျောင်းသားတစ်ဦးက မေးသည်။

'ရိတ်သိမ်းချိန်ကျအောင် စောင့်ပါဦး၊ အဲဒီအခါကျတော့ မင်း တွေ့ရပါလိမ့်မယ်'

နွားစား ပဲပင်တွေကို ရိတ်သိမ်းပြီးသောအခါ ကားဗားက ပြောသည်။

'အဲဒီ ပဲကို ဘယ်လို ချက်စားရတယ် ဆိုတာ ငါ ပြမယ်'

ထိုသို့ ပြောပြီးနောက် သူသည် သူ၏ တပည့်များအတွက် ထမင်းတစ်နပ် စီစဉ်ပေးလေသည်။ ကျောင်းသားများသည် တစ်ခါမှ မစားဖူးသော အရသာကို တွေ့ကြသည်။ တစ်ကြိမ်မှ နှစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ် စသည်ဖြင့် စားလာရသည့်အခါ အရသာသည် အလျင်တစ်ကြိမ်ထက် တိုး၍ တိုး၍ ရှိလာသည်။ ဤသို့ဖြင့် ကျောင်းသားများ အားလုံးသည် ဘာအသုံးကျလို့လဲဟု အထင်သေးခဲ့သော ဤပဲဖြင့် ၎င်းတို့၏ ဟင်းလျာကို စီစဉ်လာခဲ့ကြလေသည်။ ကျောင်းသားများက နှုတ်ခမ်းကို သပ်နေကြစဉ် ကားဗားက ပြောသည်။ 'ကဲ အခုဆိုရင် မင်းတို့ရဲ့အိမ်က လူတွေလည်း သူတို့ စားနေကျအာဟာရမှာ နောက်ထပ် အာဟာရဓာတ် ဖြည့်ပေးမယ့် စားဖွယ်အသစ်တစ်ခု တိုးလာတော့မယ်'

ကားဗားသည် နွားစားပဲပင် စိုက်ပျိုးပြီးနောက် သူ့မြေကွက်မှာ ကန်စွန်းဥ စိုက်ပြန်သည်။ ကန်စွန်းဥ ပြီးသောအခါ ဝါကို စိုက်သည်။ ဖြစ်ထွန်းလိုက်သည့် သီးနှံတွေ။ ယင်းတို့ကိုကြည့်ပြီး လူတိုင်းက အံ့သြကြသည်။ ကားဗား စိုက်ပျိုးသည့် မြေတစ်ဧကတည်းမှပင် ကန်စွန်း ဘူရှယ်ရှစ်ဆယ် ထွက်၏။ [တစ်ဘူရှယ်မှာ ၈ ဂါလံ ရှိသည်။] ဤအနီးတစ်ဝိုက်တွင် နေထိုင်ကြသော တောင်သူလယ်သမားများသည် သူတို့၏ မြေများတွင် ဤသို့သော သီးနှံအထွက်မျိုးကို တစ်ခါမျှ မမြင်ဖူးခဲ့ကြပေ။

'ဆရာ့ရဲ့ အောင်မြင်မှု လျှို့ဝှက်ချက်က ဘာလဲဗျာ' ဟု သူ၏ စာသင်ခန်းသို့ လာတတ်သော လယ်သမားတစ်ဦးက မေးသည်။

'လျှို့ဝှက်ချက်က ရိုးရိုးကလေးပါပဲ။ အချက်နှစ်ချက်အပေါ် အခြေခံတယ်ဗျ။ တစ်ချက်က မြေဩဇာ အများကြီး ကျွေးတယ်။ နောက်တစ်ချက်ကတော့ သီးနှံတွေကို အနားပေးပြီး အလှည့်ကျ စိုက်တယ်ပေါ့။ တစ်ခါလာလည်း ဒီသီးနှံ၊ တစ်ခါလာလည်း ဒီသီးနှံနဲ့ မြေပေါ်မှာ တစ်မျိုးတည်းကို မစိုက်ဘူးပေါ့။ ဟုတ်တယ် မဟုတ်လား' ဟု ကားဗားက ပြောပြရင်း ပြုံးကာ ဤသို့ ပြောလိုက်သည်။ 'လူတွေမှာလည်း မြေကွက် တစ်ကွက်လိုပဲဗျ။ ဘဝမျိုးစုံတော့ ဘဝမှာ ပျော်ရွှင်စိတ်ဝင်စားဖွယ် ဖြစ်တာပေါ့'

ကားဗား ကိုယ်တိုင်လည်း သူ့ဘဝမှာ စိတ်ဝင်စားမှု များအောင် ဘဝစုံကို နေထိုင်ခဲ့လေသည်။ သူသည် အားလပ်သည့် နာရီများတွင် ဂီတ၊ ပန်းချီတို့ဖြင့် အချိန်ကုန်သည်။ တောထဲသို့ လေ့လာရှာဖွေရေး ခရီးထွက်သည်။ နေ့စဉ်နေ့တိုင်း နေမထွက်မီ အိပ်ရာမှ ထ ၍ ကျေးငှက်ကလေးတွေ

နံနက်ခင်းတေးမှ သီကျူးသည်ကို နားဆင်သည်။ တောထဲသို့ သွား၍ မြေဆီသစ်နှင့် အပင်သစ်တို့၏ နမူနာများကို ရှာဖွေသည်။ သူ ထိုသို့ တောထဲ လျှောက်သွားရင်း အယ်လ်ဘားမား ပြည်နယ်တွင် သစ်ပင် ပန်းမန်တွေ အမျိုးမျိုးရှိကြောင်း တွေ့ရှိခဲ့ရသည်။ အယ်လ်ဘားမားပြည်နယ်တွင် ရှိသော သစ်ပင်ပန်းမန် အမည် (အမယ်) များမှာ ဥရောပတိုက်မှ နိုင်ငံအားလုံးတွင် ရှိသော သစ်ပင် ပန်းမန်တို့၏ အမျိုးအမည်များထက် ပို၍ များပေသေး လေသည်။

သူသည် သူ တွေ့ရှိရသည့် အပင်များ၏ ရောဂါပျောက်နိုင်သည့် သတ္တိကို လက်တွေ့စမ်းသပ်ကြည့်သည်။ ထို့ကြောင့် သူသည် "တပ်စ်ကီဂီး၏ ဆေးမြစ်ဆရာဝန်" ဟု လူသိများ ကျော်စောလာခဲ့သည်။

ထို့ပြင် သူသည် ထိုအနီးဝန်းကျင်ရှိ မြေစေး အမျိုးမျိုးတို့ဖြင့် မည်သို့သော အရောင်များ ဖြစ်အောင် လုပ်၍ ရနိုင်သည်ကို လက်တွေ့ စမ်းသပ်သည်။ သူ ထိုသို့ မြေစေးအမျိုးမျိုးကို စမ်းသပ်ကြည့်ပြီး ယင်းတို့ကို ပေါင်းစပ်ခြင်းဖြင့် ရလာသော အရောင်များကို သူ ရံဖန်ရံခါ ပန်းချီဆွဲလေ့ရှိသော ပတ္တူဖျင်စပေါ် တင်၍ ပန်းချီဆွဲရာတွင် အသုံးပြုသည်။ သူသည် အယ်လ်ဘားမား မြေစေးက ရနိုင်သော အရောင်များ၊ အရာများကို ကြည့်ပြီး ကြည်နူးဝမ်းမြောက်ရသည်။ ထိုအနီးဝန်းကျင်ရှိ မြေလွှာတစ်ခုလုံးသည် အနီ၊ ခရမ်း၊ အညိုနှင့် ဝါကြန့်ကြန့် အရောင်များဖြင့် ရေးဆွဲထားသော ပန်းချီကားချပ်သဖွယ် ဖြစ်သည်။ "တို့က မသိကြလို့သာပဲ။ ဘုရားသခင်ရဲ့ အဖိုးအနဂ္ဃ ပန်းချီကားချပ်တွေပေါ်မှာ လမ်းလျှောက်နေကြတာကိုး" ဟု ကားဗားက သူ့ကိုယ်သူ ပြောမိလေသည်။

တစ်နေ့တွင် သူသည် ချှုံ့တွင်း တစ်တွင်းထဲသို့ မတော်တဆ လိမ့်ကျသွားခဲ့သည်။ သူ ထ လိုက်သည့်အခါ သူ့လက်ကိုင်ပဝါကို ထုတ်၍ သူ့လက်ထဲမှာ ကပ်နေသည့် ချှုံ့များကို သုတ်သည်။ ထို့နောက် လက်ကိုင်ပဝါကို ကြည့်လိုက်သည်။ လက်ကိုင်ပဝါမှာ အပြာရောင် ဖြစ်နေ၏။ အပြာမှ ဘယ်လို အပြာနည်း ဆိုပါသော် သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အပြာမျိုးပါတည်း။ သူသည် အနီးအနားရှိ စမ်းချောင်းထဲ၌ လက်ကိုင်ပဝါကို လျှော်ဖွပ်သည်။ အရောင်သည် ပြေးမသွား၊ စွဲနေလေသည်။ အယ်လ်ဘားမား ပြည်နယ်မှ ချှုံ့စေးသည် ပန်းချီဆရာ၏ ဆေးစပ်သည့် အောက်ခံပြားအတွက် အလွန်ရှားပါးသော အရောင်တစ်မျိုးကို ပေးခဲ့ပေသည်။

သူ ပြုနေကျ အကျင့်အတိုင်း ကားဗားသည် သူ၏ တွေ့ရှိချက်ကို အချိန်ဆွဲမနေဘဲ ချက်ချင်းလက်ငင်း အသုံးပြုသည်။ အနီးအနားက ရွာတွင် လယ်သမားများသည် ဘုရားရှိခိုးကျောင်းသစ်တစ်ခု ဆောက်ထားသည်။ သို့ရာတွင် ဘုရားရှိခိုးကျောင်းကို ဆေးသုတ်ရန် ဆေးဖိုး မတတ်နိုင်ကြ။ ကားဗားသည် သူ့တပည့်များနှင့်အတူ အနီးအနားရှိ ရွှံ့စေးမှ ဘုရားရှိခိုးကျောင်း တစ်ခုလုံးကို သုတ်ပေးနိုင်လောက်သည့် ပမာဏမျိုး ရအောင် ဆေးကို ထုတ်ယူသည်။

ဆေးသုတ်သည့် လုပ်ငန်း ပြီးသွားသောအခါ ဘုရားရှိခိုးကျောင်း မျှော်စင်ကြီးသည် အပြာရောင်တောက်တောက်ဖြင့် မိုးသို့ ထိုးကာ ပေါ်ထွက် လာလေသည်။ လယ်သမားများသည် ကားဗား အနီးသို့ ဝိုင်းအုံလာကြပြီး 'ကျေးဇူးအနန္တပဲ ... ဒေါက်တာ ကားဗားရေ' ဟု ပြောကြလေသည်။

'ကျွန်တော့်ကို ကျေးဇူးမတင်နဲ့ဗျ။ မြေကြီးမှာ ကျွန်တော်တို့ လိုချင် ရာတွေ အားလုံးရအောင် လုပ်ပေးထားတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ကြ' ဟု ကားဗားက ပြောလေသည်။

ကားဗားသည် သူ၏ ဘဝတစ်လျှောက်လုံး၌ သူ့ကိုယ်သူ ဘုရား သခင်၏ အလုပ်ရုံထဲမှာ ရိုကျိုးသော အလုပ်သင်အဖြစ် လုပ်ကိုင်ဆောင်ရွက် နေသူ ဟူ၍သာ ယူဆထားသည်။ သူသည် တာဝန်နှစ်ရပ်မှာ သူ့ကိုယ်သူ မြှုပ်နှံထားသည်။ တာဝန်တစ်ရပ်မှာ တပည့်ကျောင်းသားများအား သင်ကြား ပြသပေးရန် ဖြစ်ပြီး၊ အခြား တာဝန်တစ်ရပ်မှာမူကား သူ့ဝန်းကျင်ရှိ လူမှု အသိုင်းအဝန်းအား ပို၍ တိုးတက်သာယာသော ဘဝမျိုး ရောက်အောင် လမ်းညွှန်ပေးရန် ဖြစ်လေသည်။ သူ ပြီးမြောက် အောင်မြင်လိုက်သည့် အလုပ်တစ်ခုခုအတွက် သူ့အား ချီးကျူးပြောဆိုလာကြသည့် အခါတိုင်း သူက ခေါင်းကို တွင်တွင်ခါ၍ ရှက်ပြုံးကလေး ပြုံးနေတတ်သည်။ 'လောက ကြီးရဲ့ ထူးဆန်းအံ့ဖွယ်တွေကို ကျွန်တော် နားလည်စတောင် မပြုသေးပါဘူး ဗျာ' ဟု ပြန်ပြောလေ့ရှိလေသည်။



## အခန်း (၁၀)

## လှည်းပေါ်က ကောလိပ်ကျောင်း

ဂျော့ကားဗားသည် သူ့ထံသို့ စစ်ဆေးပေးရန် ယူလာသည့် သစ်ပင်ကို ဖြစ်စေ၊ ပိုးမွှားကို ဖြစ်စေ ဤဟာသည် ဘာအပင်၊ ဤပိုးမွှားသည် ဘာအကောင် ဟူ၍ ခွဲခြား ပြောနိုင်သည်။ တစ်နေ့တွင် သူ့တပည့်များက သူ့ကို အပျော်သဘောဖြင့် စမ်းကြည့်ကြသည်။ သူတို့ တောထဲက ကောက်လာတာပါဟု ဆိုကာ ပိုးကောင်ကလေး တစ်ကောင်ကို သူ့တပည့်များက သူ့ကို ပြကြသည်။ ပိုးကောင်ကလေး၏ ခန္ဓာကိုယ်က ကင်းခြေများ၏ ခန္ဓာကိုယ်မျိုး ဖြစ်သည်။ အတောင်များက လိပ်ပြာ၏ အတောင်လို အတောင်များ ဖြစ်သည်။ ခြေထောက်များက နံကောင်၏ ခြေထောက်မျိုး ဖြစ်ပြီး ခေါင်းကမူ နွားချေးပိုး၏ ခေါင်းမျိုး ဖြစ်နေသည်။ တကယ်တော့ ကတ်ပြားတစ်ခုပေါ်မှာ ကော်ဖြင့် သေသေချာချာ ကပ်ထားခြင်းပါပေ။

သူတို့အထဲမှ ခေါင်းဆောင်ဖြစ်သူ ကျောင်းသားက ကားဗား၏ စားပွဲခုံပေါ်တွင်ရှိ ကတ်ပြားပေါ်တွင် ထိုအကောင်ကို ချလိုက်ပြီး 'ဆရာ၊ ဒီပိုးကောင်ဟာ ဘာပိုးကောင်လဲဆိုတာ ကျွန်တော်တို့ကို ပြောပြပါလား ခင်ဗျာ' ဟု ပြောလိုက်သည်။

ကားဗားသည် ပိုးကောင်ကို ကြည့်လိုက်ပြီးနောက် သူ့တပည့်များကို ကြည့်လိုက်ကာ တကယ်ပင် ထူးဆန်းဟန်ဖြင့် အတည်ပေါက် မေးလိုက်သည်။ 'ကဲ ... ဆရာ့ကို ပြောစမ်း၊ ဒီအကောင်က တဝီဝီသံ အော်မြည်သလား'

'အို ... မြည်တယ် ဆရာရဲ့'

'ဒါဆိုရင် ဒီအကောင်ဟာ တစီစီမြည်ကောင်ပေါ့ကွ'

သူ့တပည့် ကျောင်းသားများသည် သူ၏ ဟာသဉာဏ်ကို သဘောကျသွားကြသည်။ သူကလည်း သူ့တပည့်များ သူ၏ပညာကို စမ်းကြပုံကို သဘောကျသွားလေသည်။

သို့ရာတွင် သူသည် ပညာရှင်တစ်ဦး ဟူ၍ ဘယ်သောအခါတွင်မျှ ကြွားဝါလေ့ မရှိပါ။ 'မင်းတို့ သိတဲ့အခါ ယဉ်ကျေးသိမ်မွေ့စွာနဲ့ သိကြောင်း ပြောဆိုပါ။ ကိုယ်က မသိဘူးဆိုရင် မသိကြောင်း ဝန်ခံရဲပါစေ' ဟု ကားဗား က ပြောတတ်သည်။

သူ ပြောလေ့ရှိသော စကားတစ်ခွန်းမှာ "ငါတော့ မသိဘူးကွာ၊ သိအောင် ကြိုးစားရဦးမယ်" ဟူ၍ ဖြစ်သည်။

ဂျော့ကားဗားသည် သူ့တပည့်များအား "မသိတာ သိအောင်" လုပ်ဖို့ တိုက်တွန်းတတ်သော ဆရာတစ်ဦး ဖြစ်သည်။ ပညာမတတ်သည့် ပတ်ဝန်းကျင်မှ လာခဲ့ကြသော သူ့တပည့် အများစုမှာ ပျမ်းမျှလုတို့ခြံရှိသော ဉာဏ်မျိုးသာ ရှိသူများ ဖြစ်ကြသည်။ သို့ရာတွင် ကားဗားက သူတို့မှာ ငုပ်နေသော အရည်အချင်းများကို ဖော်ထုတ်ပေးသည်။ ကမ္ဘာလောကကြီးကို သိနားလည်သော ဉာဏ်ရည်မျိုး ပွင့်လာအောင် ပြုပေးသည်။

သို့ရာတွင် သူက သူ့တပည့်များအား အလွန်အကျူး မာန်မတက်မိဖို့ သတိပေးသည်။ ကိုယ့်ပင်ကိုအတိုင်းလေး နေတတ်ရန်နှင့် ဝ မရှိဘဲ ဝီ မလုပ်ရန် ဆုံးမသည်။ ဤအချက်ကို ထင်ရှားစေရန် သူက စာညီကလေး တစ်ကောင်၏ ပုံပြင်ကို ပြောပြသည်။ 'ဒီစာညီကလေးက ကမ္ဘာတွင် အကြီးမားဆုံး ပြပွဲကို လုပ်ပြချင်တော့ ဥဒေါင်းငှက်ရဲ့ အမွေးအတောင်၊ ရွှေရောင်သြရီယောလ်ငှက်ရဲ့ အမွေးအတောင်တွေနဲ့ အနီရောင်ရှိတဲ့ တန်နဂျာငှက်တို့ရဲ့ အမွေးအတောင်တွေကို ငှားတယ်။ အငှား အမွေးအတောင်တွေကို တ သသ လုပ်ပြီး "အဘယ်မျှ တင့်တယ်လှပတဲ့ ငါပါလဲ" ဆိုပြီး သီချင်းဆိုတယ်။

'ဒါပေမဲ့ သိကြတဲ့အတိုင်း သူ့ကိုယ်က အမွေးအတောင်တွေက အငှား အမွေးအတောင်တွေ မဟုတ်လား။ အဲဒီ အမွေးအတောင်တွေ အောက်မှာ ရှိတဲ့ သူ့ကိုယ်ကတော့ စာညီလေးဟာ စာညီလေးပေပဲပေါ့' ဟု ဒေါက်တာ ကားဗားက ဆက်ပြောသည်။

'ဒါပေမဲ့ ဆရာ၊ စာကလေး ဆိုတာ သီချင်းဆိုတတ်တာပဲ' ဟု ကျောင်းသားတစ်ဦးက ပြောသည်။

'အေး၊ ဆရာ ပြောချင်တာ အဲဒီ အချက်ပဲ။ ဘုရားသခင်က စာကလေးကို အမွေးအတောင်ကိုတော့ သာမန် ရိုးရိုး အမွေးအတောင်ကိုပဲ ဖန်ဆင်းပေးထားတယ်။ ဒါပေမဲ့ ရှင်တော်မြတ်က စာကလေးကို သီချင်းလက်ဆောင်နဲ့ ပြည့်စုံအောင် ဖန်ဆင်းပေးပြီး ဖြစ်တယ်လေ။ ဒါကြောင့် မင်းတို့ဟာ ကိုယ့်မှာရှိတဲ့ အစွမ်းအစကိုပဲ ထက်လာအောင် ပျိုးထောင်ယူကြပါ။ တခြားသူ တစ်ဦးဦးကို တုပြီး မလုပ်ချင်ကြနဲ့လို့ ဆရာ ပြောချင်တယ်'

ကားဗားက သူ့တပည့်များအနေဖြင့် သူတို့မှာရှိသော အရည်အသွေးများ ထွန်းပြောင်လာအောင်လုပ်ဖို့သာ အစွမ်းကုန် အားထုတ်ကြိုးပမ်းကြဟူ၍ အမြဲပြောလေ့ရှိသည်။ သူက သူ့တပည့်များထံမှ သူ လိုချင်သည်မှာ **အကောင်းဆုံး အားထုတ်မှု** ဖြစ်သည်။ **အကောင်းဆုံးနီးပါး** ကို လိုချင်သည် မဟုတ်။ **နီးပါး** ဟူသော စကားသည် ကားဗားအဖို့ အသုံးကျလှသော စကား မဟုတ်။ 'အကြောင်းအရာတစ်ခုဟာ မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်။ မှန်လုနီးပါးပါပဲ ဆိုရင်တော့ ဒါဟာ မှားတာပါပဲ' ဟု သူက ပြောလေ့ရှိ၏။

ဤအချက်နှင့် ပတ်သက်၍ သူက ဤသို့ ရှင်းပြသည်။ 'မင်းတို့ ငါးပေ အကျယ်ရှိတဲ့ ချောင်းတစ်ခုကို သည်ဘက်ကမ်းကနေပြီး ဟိုဘက်ကမ်းကို ခုန်တယ် ဆိုပါတော့။ မင်းက လေးပေခွဲပဲ ခုန်နိုင်တယ် ဆိုရင် မင်း ချောင်းထဲမှာ ကျပြီး ရေထဲနစ်မှာပဲ။ ဟိုဘက်ကမ်းကို မင်း မရောက်နိုင်မီ မင်း တလိမ့်ခေါက်ကွေး လဲကျသွားဖို့ပဲ ရှိပါတယ်။ အဲဒီလိုပါပဲ၊ မင်းတို့ အားစိုက် မခုန်မိမှာမျိုး ဖြစ်သွားတတ်တယ်'

ထိုသင်ကြားဆုံးမမှုမျိုးတို့ထက် ဒေါက်တာကားဗား သင်ကြားဆုံးမတတ်သေးသည်မှာ ဘဝနေနည်း ဖြစ်သည်။ သူက သူ့တပည့်များအား ဘဝကို စိတ်ရွှင်ရွှင်ပျပျဖြင့် နေတတ်ခြင်း၏ တန်ဖိုးကို သင်ကြားပေး၏။ 'ခုက္ခ ပြဿနာတွေနဲ့ တွေ့တဲ့အခါ ရှုရှုအောင့်အောင့် မလုပ်ကြနဲ့ကွ။ ပြဿနာကို ရွှင်ရွှင်ပြုံးပြုံးနဲ့ ကျော်လွှားသွားနိုင်ဖို့ ကြိုးစားပါ။ ပြဿနာတွေကို မကျော်လွှားနိုင်လောက်ဘူး ဆိုရင် အဲဒါတွေကို မေ့ထားပစ်လိုက်' သူက သူ့တပည့်များအား သူတို့ နဖူးပေါ်မှ အရေတွန့်တွေကို လေ့ကျင့်ယူနည်းကိုလည်း သင်ပေးသည်။ 'အမြဲတမ်း ဘယ်ဘက်ကနေပြီး ညာဘက်ကို ပြုံးပြုံး

ပြုံးပြုံးနဲ့ သပ်ပေး။ ဘယ်တော့မှ အပေါ်ကနေပြီး အောက်ကို မျက်မှောင်ကြုတ်ပြီး သပ်မချနဲ့'

သို့ရာတွင် ကားဗားသည် သူ့အလုပ်များကို တပ်စ်ကီဂီးတွင်သာ ကုပ်ပြီး လုပ်နေသည် မဟုတ်။ သူသည် လယ်သမားများထံသို့ သွား၏။ လူဖြူ လယ်သမားများထံသို့ရော၊ လူမည်း လယ်သမားများထံသို့ပါ သွားခြင်း ဖြစ်သည်။ ၎င်းတို့အား တွေးပုံခေါ်ပုံ၊ လုပ်ပုံကိုင်ပုံများနှင့် ပြုံးပုံကိုပါ သင်ပြပေးသည်။ တစ်နှစ်တွင် သူသည် ဂီတဖျော်ဖြေပွဲနှင့် ခရီးထွက်သည်။ (သူသည် စန္ဒရားတီးသည့် အလေ့အကျင့်ကို နှစ်နှင့်ချီ၍ တစ်လျှောက်လုံး ဆက်လက် လုပ်လာခဲ့သည်။) ဤဂီတဖျော်ဖြေပွဲ ခရီးမှာ ပြည်နယ် အတော်များများသို့ ရောက်သောခရီး ဖြစ်သည်။ ဤခရီး၏ ရည်ရွယ်ချက်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သည်။ လူများအား ဖျော်ဖြေမှုလည်း ပြုပေး၊ တပ်စ်ကီဂီး အတွက် ရန်ပုံငွေလည်း ကောက်ခံပေးရန် ဖြစ်သည်။

တစ်ခါတစ်ရံ သူ၏ ဖျော်ဖြေပွဲတွင် လူဖြူများရော လူမည်းများပါ တက်ရောက် နားထောင်တတ်ရာ၊ သူသည် အဖြူအမည်း ရောနေသော ပရိသတ်အား စန္ဒရား ခလုတ်များကဲ့သို့ စုပေါင်း လုပ်ဆောင်သင့်ကြောင်း ပြောပြတတ်သည်။ 'စန္ဒရားမှာ ဂီတ သံစဉ်များကို ခလုတ်အဖြူများကို နှိပ်ပြီးလည်း တီးလို့ရတယ်။ ခလုတ် အနက်များကို နှိပ်ပြီးလည်း တီးလို့ရတယ်။ ဒါပေမဲ့ တကယ့် ဟာမိုနီဖြစ်တဲ့ သံစဉ်ကောင်းရဖို့ ဆိုရင်တော့ ခလုတ်အဖြူတွေကိုရော ခလုတ်အနက်တွေကိုပါ နှိပ်မှသာ သံစဉ်ကောင်း ရပါတယ်' ဟု သူက ပြောပြတတ်သည်။

ကားဗားသည် သွားလေရာ၊ ရောက်လေရာ၌ သူနှင့် သူ့ဂီတကို စိတ်ပါလက်ပါ ကြိုဆိုကြသည်ကိုကား တွေ့ရပါ၏။ သို့ပင်ဖြစ်သော်လည်း သူသည် စိတ်ပျက်လက်ပျက်နှင့် အိမ်ပြန်ရောက်လာရသည်။ အဘယ်ကြောင့်ဆိုသော် တောင်ပိုင်းဒေသမှ လယ်သမားများ၏ အတိဒုက္ခများကို မြင်တွေ့ခဲ့ရသောကြောင့် ဖြစ်သည်။ သူတို့ နေကြရသည်မှာ နံချာလွန်းလှသည်။ နေရသည့် သစ်သား အိမ်ငယ်ကလေးများမှာ ကုန်ပစ္စည်းထည့်သည့် သေတ္တာ အကြီးစားမျှလောက်သာ ရှိ၏။ ပိန်ချုံးနေသော နွားရိုးများသည် လယ်ကွင်းများနှင့် ရွှံ့နွံတောထဲမှာ နွားကျွဲတို့ပမာ ရုန်းကန်နေကြရသည်။ ကလေးလူကြီး တစ်ဒါဇင် သို့မဟုတ် တစ်ဒါဇင်ကျော် ရှိသော မိသားစုများသည် မြေကြီးပေါ်မှ အခန်းတစ်ခုထဲမှာ စုပြုံ၍ အိပ်ကြရသည်။ တဲစုတ်၏ တံခါးဝ

တွင် ဝက်တဲများ ရှိနေကာ၊ ရေတွင်းက ဝက်တဲနှင့် ကပ်နေ၏။ တိရစ္ဆာန်တို့၏ အညစ်အကြေးများက သောက်ရေထဲသို့ စိမ့်ဝင်နေတော့ရာ ဖျားနာခြင်း၊ စိတ်မကျေချမ်းခြင်း၊ စိတ်ပျက်ခြင်းတို့သည် အမြဲမပြတ် ကြုံနေရသော အနိဋ္ဌာရုံများ ဖြစ်နေလေတော့သည်။

ဤသို့ဖြင့် ကားဗား ရင်ထဲမှာ စိတ်ကူးတစ်ခု ပေါ်လာခဲ့လေသည်။ ဤလူတွေ တပ်စ်ကီဂီးသို့ မလာရောက်နိုင်ဟု ဆိုလျှင် အဘယ်ကြောင့် တပ်စ်ကီဂီးကို သူတို့ထံသို့ ယူဆောင်မသွားနိုင်ဘဲ ရှိရမည်နည်း။

ထို့ကြောင့် သူသည် ဒေါက်တာ ဝါရှင်တန်အား သူ၏ အစီအစဉ်ကို ပြောပြသည်။ တောင်ပိုင်းဒေသမှ ဆင်းရဲ နုံချာလှသော တောင်သူလယ်သမားများထံသို့ ပိုမိုကောင်းမွန်သည့် အိမ်များ ဆောက်လုပ်နိုင်မည့် ပစ္စည်းပစ္စယများကို ယူသွားမည်။ ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေးသုံး ကိရိယာတန်ဆာပလာများ သယ်သွားမည်။ သူတို့၏ ပျော်ရွှင်သောဘဝ ဖန်တီးနိုင်ရေးအတွက် စိတ်ကူးများကို ဆောင်ယူသွားမည်။

ဒေါက်တာ ဝါရှင်တန်သည် ကားဗား၏ အစီအစဉ်ကို ကြားရသည့်အခါ လိုက်လိုက်လှဲလှဲ သဘောတူသည်။ ဤသို့ဖြင့် ဂျော့ကားဗားသည် အမေရိကန် ပြည်ထောင်စုတွင် ပထမဦးဆုံးသော နယ်လှည့် စိုက်ပျိုးရေးကျောင်းကို တည်ထောင် ဖန်တီးလိုက်လေသည်။ သူသည် သရုပ်ပြ လှည်းတစ်စီးကို တပ်ဆင်သည်။ ထိုလှည်းမှာ ပစ္စည်းကိရိယာ အစုံပါသည်။ နို့နှင့် မလိုင် ခွဲသော ကိရိယာ၊ ဒိန်ခဲ စမ်းသပ်ကိရိယာ၊ ထောပတ်ချက်ရာတွင် မွှေသည့် ဒလက်၊ ခွန်း၊ သံမဏိထယ်၊ ဥယျာဉ်သုံး ပစ္စည်းကိရိယာများစသည်တို့ ဖြစ်သည်။ တောင်သူလယ်သမားများအား နို့ညှစ်နည်း သင်ပေးနိုင်ရန်အတွက် နွားမတစ်ကောင်ပင် ပါသေးပေသည်။

"လှည်းပေါ်က ကောလိပ်ကျောင်း" ၏ ရည်ရွယ်ချက်ကား ဒေါက်တာ ကားဗား၏ လက်ထောက်တစ်ဦး၏ စကားနှင့် ပြောရသော် "အကျည်းတန်ခြင်းကို လှပလာအောင်၊ အသုံးမဝင်သည်ကို အသုံးဝင်လာအောင်၊ ဘုရားသခင် ဖန်ဆင်းထားသော သတ္တဝါများထဲမှ အဆင်းရဲဆုံးကိုပင်လျှင် ကျန်းမာကြံ့ခိုင်လာအောင်၊ သူ၏အိမ်ကို ပို၍ သက်သာ ဖိမ်ရှိလာအောင်၊ သူ၏ ပတ်ဝန်းကျင်ကို ပို၍ လှပလာအောင်၊ သူ၏ဘဝ ပို၍ အရေးပါလာအောင်" ပြုပေးရန် ဖြစ်ပါပေသည်။

ဒေါက်တာ ကားဗားသည် တောင်သူလယ်သမားများနှင့် စကား

ပြောသည့်အခါ ဤစိတ်ကူးကို ရိုးရိုး စကားလုံးများဖြင့်ပင် ပြောပြသည်။ 'ခင်ဗျားတို့က လူပျင်းတွေ အိပ်နေချိန်မှာ ထယ်ကို နက်နက်ထိုးတတ်ရမယ်။ သီးနှံအမျိုးမျိုး စိုက်တတ်ရမယ်။ ခင်ဗျားတို့ရဲ့ ခန္ဓာကိုယ်ကိုရော ခင်ဗျားတို့ရဲ့ မြင်းများကိုပါ သန့်သန့်ရှင်းရှင်း ထားတတ်ရမယ်။ ညှော်ခန်းထဲက အမှိုက်သရိုက်တွေကို လယ်ကွင်းထဲကို တံမြက်စည်းနဲ့ လှည်းထုတ်ကြပါ'

ဒေါက်တာကားဗားသည် အပြောနှင့် အလုပ် ညီအောင် လုပ်သူဖြစ်သည်။ သူ သရုပ်ပြမည့် နေရာသို့ ရောက်သောအခါ သူ၏ အင်္ကျီလက်ကို လိပ်တင်လိုက်သည်။ လယ်သမားများအား ထယ်ထိုးပုံ၊ စိုက်ပျိုးပုံ၊ ချက်ပြုတ်ပုံ၊ နေအိမ်များကို ပြုပြင် ပြင်ဆင်ပုံ၊ အဝတ်အထည်များ ချုပ်ပုံ၊ ဂျုံအိတ်ခွံများမှ ခန်းဆီးလိုက်ကာများ ချုပ်လုပ်ပုံ၊ ပြောင်းဖူးခွံ၊ မြက်နှင့် ပေါင်းပင်တို့မှ စောင် ရက်လုပ်ပုံတို့ကို လက်တွေ့ လုပ်ပြသည်။

'ပါမက္ခကြီးက ကန်းကင်ဘုံက နတ်သားတစ်ပါးလိုပါကလားနော်။ သူဟာ ကျွန်တော်တို့အတွက် ဘာမှ သုံးမရတာတွေက ကမ္ဘာလောကသစ်တစ်ခုကို ဖန်ဆင်းလိုက်တယ်ဗျား' ဟု လယ်သမား တစ်ဦးက မပီကလာ ပီကလာနှင့် ပြောလေသည်။

တောင်ပိုင်းက လယ်သမားများသည် စိတ်ပျက်လက်ပျက် အခြေအနေမှ နိုးထလာကြပေပြီ။ ဒေါက်တာကားဗား လုပ်ကိုင်ဆောင်ရွက်နေပုံသတင်းသည် နိုင်ငံရပ်ခြားသို့တိုင် ပျံ့နှံ့သွားပြီး ဥရောပ၊ အာဖရိကနှင့် အာရှတိုက်တို့မှ နိုင်ငံအတော်များများမှာပင် "လှည်းပေါ်က ကျောင်းများ" ကို တည်ထောင်လာကြသည်။ ဒေါက်တာ ဝါရှင်တန်သည် ကားဗား၏ ဆောင်ရွက်ချက်ဖြင့် တပ်စ်ကီဂီး သိပ္ပံကျောင်း လူသိများ ထင်ရှားလာသောကြောင့် နှစ်ထောင်းအားရဖြစ်ကာ ကားဗားအား လစာ တိုးပေးသည်။

သို့ရာတွင် ကားဗားက လက်မခံ။ ခေါင်းယမ်း၍ 'ကျွန်တော်က လစာ ပိုများလာလို့ အဲဒါနဲ့ ဘာလုပ်ရမှာလဲ။ ကျွန်တော် တစ်နေ့ ထမင်း သုံးနပ် စားပြီး တစ်ကြိမ်မှာ အဝတ်အစား တစ်စုံတည်း ဝတ်ပြီး နေလို့ရပါတယ်။ ကျွန်တော့်အတွက် ဓိမ်ခံဖို့အနေနဲ့ ဆိုရင်လည်း ကျွန်တော့်အင်္ကျီရင်ဘတ်မှာ ပန်းလှလှလေးတစ်ပွင့် ထိုးထားရုံနဲ့ ပြီးပါတယ်' ဟု ပြောလေသည်။



## အခန်း (၁၁)

## ရှုံးနိမ့်ခြင်းသည် အောင်မြင်ခြင်းအတွက် ခြေလှမ်း

ယခုအခါ ကားဗားဂျ်၏ ကျော်စောသတင်းသည် ဝေးနီးအနှံ့ ပျံ့လျက်ရှိပေပြီ။ အနယ်နယ် အရပ်ရပ်မှ ထင်ရှားသော ပုဂ္ဂိုလ်များသည် သူ လုပ်ကိုင်ဆောင်ရွက်ပုံကို လာကြည့်ကြ၏။ ထိုသို့ လာရောက် ကြည့်ရှုကြသော ဧည့်သည်များတွင် အမေရိကန် သမ္မတနှစ်ဦးပါ ပါသည်။ ဝီလျံ မကင်းလီနှင့် သီအိုဒိုရုစဗဲ့တို့ ဖြစ်ကြသည်။ သူ၏ ဆရာဟောင်း ပါမောက္ခ ဂျိမ်းဂျီဝီလ်ဆင်လည်း လာရောက် ကြည့်ရှုသည်။ ဝီလ်ဆင်သည် ယခုအခါ အမေရိကန်နိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး ဖြစ်နေလေပြီ။

တပ်စ်ကီဂီးမှ ကျောင်းသားများအဖို့ကား ဤသို့သော ဧည့်သည်တော်များ လာရောက် လည်ပတ်ကြခြင်းမှာ လေမှုတ် ကြေးတူရိယာဝိုင်းများနှင့် မီးတိုင်ကိုင် ချီတက်ပြခြင်းတို့ ပြသနိုင်စရာ အခါသမယများ ဖြစ်ကြသလို ဂုဏ်ယူ အားတက်ဖွယ်လည်း ကောင်းလှပါ၏။ သို့ရာတွင် ဒေါက်တာ

ကားဗား အဖို့မှာမူ ထိုသို့သော ပုဂ္ဂိုလ်ကြီးများ လာရောက်ကြသဖြင့် နောက်ထပ် နောက်ထပ် အောင်မြင်မှုတို့ ရရှိရေးအတွက် စေ့ဆော်ပေးမှု တစ်ခုမျှလောက်သာ ဖြစ်ပါ၏။

ကားဗား၏ အဓိကကျသော အောင်မြင်မှု တစ်ခုမှာ အမေရိကန် တောင်ပိုင်းမှ ဝါသီးနှံ၏ တိုးတက် အောင်မြင်မှု ဖြစ်သည်။ သူ၏ စိုက်ပျိုးရေး နည်းနာများဖြင့် သူသည် "ရှေးယခင်က တစ်သီးတည်း စိုက်နိုင်ခဲ့ခြင်းကို နှစ်သီး စိုက်၍ရအောင် ပြုနိုင်" ခဲ့သည်။ သူသည် လယ်သမားများအား သီးနှံများကို အလှည့်ကျ စိုက်ခြင်း၏ လိုအပ်ပုံကို သဘောကျလာအောင် အကြိမ်ကြိမ် အဖန်ဖန် ပြပေးခဲ့သည်။ 'သစ်ပင် နှစ်ပင်ဟာ မြေဆီလွှာက ဩဇာဓာတ် လိုအပ်ချက်မှာ တစ်ပင်နဲ့ တစ်ပင် တူတာ မဟုတ်ဘူး။ ဩဇာဓာတ် တစ်မျိုးတည်းကိုပဲ အပင်နှစ်မျိုးက အတူတူ စားသုံးကြတာ မဟုတ်ဘူး။ တချို့ အပင်တွေက မြေဆီလွှာရဲ့အောက် နက်ရှိုင်းတဲ့အပိုင်းက ဩဇာဓာတ်ကို စားသုံးတယ်။ တချို့ အပင်တွေက မြေဆီလွှာရဲ့ အပေါ်ယံလွှာက ဩဇာဓာတ်ကိုပဲ စားသုံးတယ်။ တချို့ အပင်တွေက စားသုံးတာ များတယ်၊ အစားကြီးတယ်။ တချို့ အပင်တွေက စားသုံးတာ နည်းတယ်။ အစားကြီး အပင်နဲ့ အစားနည်း အပင်တို့ဟာ တစ်ပင်နောက်ကို တစ်ပင်က ဘယ်တော့မျှ မလိုက်ဘူး။ သူတို့ဟာ မြေဆီကို ကုန်ခန်းစေလိမ့်မယ်' ဟု ကားဗားက ပြောပါသည်။

ထို့ကြောင့် သူက ဝါကို နွားစာပဲပင်၊ ကန်စွန်းနှင့် အခြား သီးနှံများတို့နှင့် အလှည့်ကျ အစားထိုး၍ စိုက်ပျိုးသည်။ ထိုအခါ စိုက်လိုက်တိုင်း အထွက်ကလည်း ကောင်းလေသည်။ သို့ရာတွင် ဝါကိုကား ပင်မ သီးနှံအဖြစ် ထားသည်။ ဝါက ဘုရင်ပင်။ ထို့ကြောင့် တစ်မျှော်တစ်ခေါ် လယ်ကွင်းများနှင့် ဘုရင်မင်းမြတ်၏ ကျက်သရေသည် အဖြူရောင် ပန်းဖွားတွေ လေဝယ် ဝေ့ကစားလျက် ခုံညားလျက် ရှိပေတော့သည်။

သို့ရာတွင် ၁၉၁၀ ပြည့်နှစ် နွေဦးတွင် တောင်ပိုင်းမှ ဝါခင်းများ၌ ပိုး အကြီးအကျယ် ကျသည်။ ခြေတံရှည်ရှည်၊ နှုတ်သီး ညိုမြည်းမည်းနှင့် ဝါသီးဖျက်ပိုးများ ကျရောက်ခြင်း ဖြစ်သည်။ ဝါဖျက်ပိုးများ စ ကျသည်မှာ မက္ကဆီကို ပြည်နယ်တွင် ဖြစ်သည်။ ထို့နောက် တဖြည်းဖြည်းနှင့် တောင်ပိုင်း ပြည်နယ်များသို့ ပြန့်ကုန်သည်။ ပိုးများကျရာ လမ်းတစ်လျှောက်မှ ဝါများအားလုံး ပျက်စီးကုန်ကြသည်။

ဝါရပ်ဝန်းကြီးမှ တောင်သူလယ်သမားများသည် စိတ်အပျက်ကြီး ပျက်ကြသည်။ သူတို့၏ စိုက်ကွင်းများ၊ သူတို့၏ ဝါများ၊ သူတို့၏ မျှော်လင့်ချက်များ အားလုံး ပျက်စီးသွားကြလေသည်။ ဖျက်အားကောင်းလှသည့် ဝါဖျက်ပိုး၏ တိုက်ခိုက်မှုကို မည်သို့မျှ တားဆီး၍မရကြ။ ပိုးတစ်အုပ် ထွက်ခွာသွားသည့်အခါ နောက်တစ်အုပ် ပေါက်ဖွားလာရန်အတွက် ပိုးမျိုးဥတွေကို ကုန်မြေနေရာ ချန်ထားရစ်ခဲ့ကြသည်။ ပိုးဥတွေကို သတ်ပစ်နိုင်မည့် တစ်ခုတည်းသောနည်းမှာ ပြင်းလှသော အဆိပ်ကို သုံးဖို့သာ ရှိတော့သည်။ ထိုအဆိပ်ကို သုံးပြန်တော့လည်း ဝါစေ့ကလေးတွေပါ အဆိပ်သင့်၍ မအောင်နိုင်ပြန်တော့ပေ။

ဝါစိုက် တောင်သူတို့၏ ဒိုကြွေးသံသည် ညံနေတော့ရာ ထိုအသံတို့ ဒေါက်တာကားဗားထံသို့ ရောက်လာသည်။ ကားဗားသည် ယခုအခါ တပ်စ်ကီဂီးသို့ ပြန်ရောက်နေပြီ ဖြစ်သည်။ ထိုအချိန်၌ ကားဗားသည် သူ့မြေကွက်ပေါ်တွင် ဝါကို စိုက်မထား။ မြေပဲကိုသာ စိုက်ထား၍ တော်တော့သည်။ သူသည် သူ၏ မြေပဲပင်ကလေးများကို ကြည့်သည်။ နံနက် နေခြည်အောက်တွင် စိမ်းမြမြနှင့် ကြံ့ခိုင်သန်စွမ်းစွာ လန်းဆန်းလျက် ရှိကြသည်။ သူ့မြေကွက်များတွင် ဝါပိုး ပြဿနာ ဟူ၍ မရှိခဲ့။ အလို ... မြေပဲက ဝါဖျက်ပိုး "ပြီး" ပေသည် တကား။

ဝါဖျက်ပိုးဒဏ်ကို ခံနိုင်သော ဤ ပိုး "ပြီး" မှုကို တွေ့ရသဖြင့် ကားဗား စိတ်ကူးတစ်ခု ရလာသည်။ "ဝါ အစား မြေပဲကို စိုက်ကြစို့" ဟူသော စိတ်ကူး ဖြစ်ပေသည်။ သူသည် ဖြန့်ဝေစာတစ်စောင်ကို ရေးသား၍ တောင်ပိုင်းဒေသရှိ လယ်သမားများ အားလုံးထံသို့ ပို့သည်။ "သင်တို့၏ ဝါများကို ထယ်ထိုး၍ မြေကြီးထဲ မြှုပ်ပစ်ပါ။ ဝါဖျက်ပိုးဥများ သေစေနိုင်သော အဆိပ်ရည်များကို ပက်ဖျန်းပါ။ အဆိပ်အာနိသင် ပြယ်သွားလောက်သည့် တစ်လကြာသောအခါ ထိုမြေပေါ်မှာ မြေပဲကို စိုက်ပျိုးကြပါ"

နေရာဒေသ များစွာတို့တွင် သူ၏ ကြေညာချက်သည် ရယ်စရာ ပြက်လုံး ဖြစ်သွားကြသည်။ 'ဝါအစား မြေပဲ စိုက်ရမတဲ့။ ကျုပ်တို့ကို ပျက်စီးအောင် လုပ်တာလားဗျာ'

'မဟုတ်ရပေါင်ဗျာ။ ကျွန်တော် ခင်ဗျားတို့ကို တစ်ဖန် စည်ပင်ဝပြောဖြစ်စေချင်တာပါ။ မြေပဲ ဆိုတာက တိရစ္ဆာန်များလည်း စားသုံးလို့ရ၊ လူများလည်း စားသုံးလို့ရတဲ့ တကယ့် စံပြ အစာအာဟာရပါ။ မြေပဲကို စိုက်ရတာ

လွယ်လည်း လွယ်တယ်။ မြေဆီဩဇာကိုလည်း တိုးပွားစေတယ်။ မြေပဲနဲ့ အရသာရှိတဲ့ ဟင်းလျာ အမျိုးမျိုးကို ချက်ပြုတ် ကြော်လှော်လို့ ရပါတယ်။ မြေပဲမှာ ကြွက်သား သန်မာစေတဲ့ ပရိုတိန်းဓာတ် အများကြီး ပါတယ်။ မြေပဲ တစ်ပေါင်သည် အမဲခါးဆစ်သား တစ်ပေါင်က ပေးနိုင်တဲ့ အာဟာရထက် ပိုပြီး တန်ဖိုးရှိတဲ့ အာဟာရကို ပေးပါလိမ့်မယ်'

ကားဗားၡ၏ ဖြန့်ဝေစာထဲတွင် မြေပဲ စိုက်ပျိုးရန် အကြံပေးသည့် အရေးပေါ် အကြံပေးချက်အပြင် မြေပဲမှနေ၍ အာဟာရ ပြည့်ဝသော အစားအစာလုပ်နည်း တစ်ရာကျော်၏ စာရင်းကိုလည်း ထည့်သွင်းပေးထားသည်။

ကားဗားသည် ဤအသီးအနှံ၏ တန်ဖိုးကို တပ်စ်ကီဂီးရှိ အခြားဆရာများကို သက်သေ သာဓက ထုတ်ပြရန်အတွက် ငါးမျိုး စားရသောနေ့လယ်စာကို စီမံသည်။ ထိုငါးမျိုးမှာ ဟင်းအချိုရည်၊ ကြက်သားတု၊ အသုပ်၊ ရေခဲမုန့်နှင့် ကော်ဖီတို့ ဖြစ်၏။ ယင်းတို့အပြင် အမျိုးမျိုးသော ကွတ်ကီးမုန့်များနှင့် သကြားလုံးများလည်း ပါသည်။ ထိုစားစရာ အားလုံးမှာ မြေပဲမှ လုပ်ထားသော စားစရာများချည်း ဖြစ်သည်။ ဧည့်သည်များ အားလုံးက စားလို့ ကောင်းလိုက်တာ၊ အရသာ ရှိလိုက်တာ၊ တစ်မျိုးပြီး တစ်မျိုး စားသွားရပေမဲ့ တစ်မျိုးနှင့်တစ်မျိုး အနံ့ အရသာချင်းကလည်း မတူပါ ဟူ၍ ပြောကြလေသည်။

သို့ရာတွင် တောင်သူလယ်သမားများသည် ဒေါက်တာ ကားဗား၏ အစီအစဉ်ကို လက်ခံဖို့ ချီတုံချတုံ ဖြစ်နေဆဲပင်။ ကားဗား၏ အစီအစဉ်မှာ ယခင်က မရှိခဲ့ဖူးသေးသော တော်လှန်ပြောင်းလဲသည့် အစီအစဉ် ဖြစ်သည်။ ဤအစီအစဉ်ကြောင့် သူတို့၏ ဘဝကိုပါ လုံးလုံးလျားလျား အပြောင်းအလဲ ဖြစ်သွားလေမလားဟု လယ်သမားများက စိုးရိမ်ကြသည်။ အမေရိကန် တောင်ပိုင်း တစ်ခုလုံး၏ စီးပွားရေးမှာ ဝါအပေါ်မှာ အခြေစိုက်ထားခြင်း ဖြစ်သည်။ ဝါ စိုက်ပျိုး၍ ဖြစ်ထွန်း ထွက်ပေါ်လာလျှင် ဝါကို ဝယ်ယူမည့် ဈေးကွက်သည် တစ်ကမ္ဘာလုံး အနှံ့အပြား၌ အသင့်ရှိနေသည်။ သို့ရာတွင် မြေပဲစိုက်ပျိုး၍ ဖြစ်ထွန်း ထွက်ပေါ်လာပြီ ဆိုပါစို့။ မြေပဲ ဝယ်ယူမည့် ဈေးကွက်က ဘယ်မှာလဲ။ အမေရိကန် ပြည်ထောင်စုတွင် ဆပ်ကပ်ပွဲတိုင်းနှင့် အားကစားပွဲတိုင်းမှ အိတ်တိုင်းအတွက် ပြည့်လာနိုင်လောက်သော မြေပဲများကို အရှေ့တိုင်းမှ လုံလောက်စွာ တင်သွင်းထားခဲ့ပြီး ဖြစ်သည်။

ကားဗား၏ အကြံပေးချက်ကို လိုက်နာကြသူများတွင် ဝါစိုက်ခင်း အကျယ်ကြီး ပိုင်ဆိုင်သည့် မုဆိုးမတစ်ဦး ပါဝင်သည်။ ထိုအမျိုးသမီးကြီးက သူ့အလုပ်သမားများအား ဝါများကို ထယ်ထိုး မြှုပ်ပစ်ပြီး မြေပဲ သီးနှံကို စိုက်ပျိုးခိုင်းလိုက်သည်။ ရိတ်သိမ်းချိန်ရောက်သော် ကားဗားထံ သွား၍ မုဆိုးမကြီးက မေးသည်။ 'ကဲ ... ဘယ့်နှယ်ရှိစ' ဟု ပြောသည်။ သူ့မှာ မြေပဲတွေ ဘူရှယ်ပေါင်း အမြောက်အမြား ရှိနေသည်။ ဝယ်သူ မရှိ။ 'ဒီမြေပဲ တွေ ကျွန်မ ဘာလုပ်ရမလဲ' ဟု မေးလေသည်။

ဒေါက်တာကားဗားမှာ ပေးစရာအဖြေ မရှိ။ အမှားကြီး မှားခဲ့လေပြီ။ သူ့အကြံဉာဏ်အတိုင်း လိုက်နာလုပ်ကိုင်သည့် အခြားအခြား တောင်သူ လယ်သမားများမှာလည်း မုဆိုးမကြီး ကြုံရသော ပြဿနာမျိုး ဆိုက်နေကြသူချည်း ဖြစ်သည်။ မြေပဲများမှာ ဈေးကွက် မရှိသဖြင့် မြေကြီးပေါ်မှာပင် ပုပ်ဆွေးကုန်ကြလေသည်။

ကားဗားသည် ဤတောင်သူလယ်သမားများအပေါ် ငါ မတရား ပြုမိခဲ့လေပြီဟု စိတ်မှာ ခံစားမိသည်။ သူသည် ပြဿနာကို ရေဆုံးရေဖျား အထိ ရောက်အောင် မစဉ်းစားမိခဲ့။ ဤတောင်သူများကို ဝယ်လိုအား မရှိဘဲ ရောင်းလိုအား ကောင်းအောင် လုပ်ခိုင်းသလို ဖြစ်ခဲ့လေပြီ တကား။

သို့နှင့် သူသည် သူ၏ ဓာတ်ခွဲခန်းထဲသို့ ဝင်သည်။ ရိုကျိုးနှိမ့်ချစွာ ဖြင့် ထာဝရဘုရားသခင်ထံ ဆုတောင်းသည်။ ပြဿနာ၏ အဖြေကို ဘုရား တပည့်တော်အား ပေးတော်မူပါ ဘုရား။ "ဘုရားသခင်က ကျွန်ုပ်အား မိန့်ကြား သည်။ 'သားတော်၊ မြေပဲအား ထက်ခြမ်းခွဲပုံ၊ ထိုနှစ်ခြမ်းအား ပြန်၍ ဆေ့ထားပုံ တို့ကို သင့်အား ငါ ပြမည်။' "

သူသည် ရက်ပေါင်းအတော်ကြာ၊ ညပေါင်း အတော်ကြာသည့်တိုင် အောင် ဓာတ်ခွဲခန်း တံခါးကို ပိတ်ကာ ထိုအထဲမှ မထွက်ဘဲ နေသည်။ ထို့နောက်တွင်မှ တစ်နေ့သ၌ သူ့မိတ်ဆွေ အတော်များများကို သူ၏ ဓာတ်ခွဲ ခန်းသို့ ဖိတ်ကြားလိုက်သည်။ 'ကဲ ကဲ လာကြ၊ ခင်ဗျားတို့ကို ကျွန်တော် ပြမယ်'

သူ့မိတ်ဆွေများသည် သူ ပြသသည့်အရာကို မြင်လိုက်ကြရသည့် အခါ သူတို့ ဦးခေါင်းမှ မျက်လုံးများ ကျွတ်ကျလုမတတ် ဖြစ်သွားသည်။ စင်များပေါ်တွင် ဒါဇင်ပေါင်း များစွာသော ပုလင်းတွေ၊ ဗူးနှင့်တွေ အမျိုးမျိုးကို တင်၍ထားသည်။ ဓာတမ်းလည်း ကပ်ထားသည်။ "မြေပဲများ" ဟူ၏။

ထို့ပြင် ခေါင်းစဉ်တစ်ခု တစ်ခု၏ အောက်တွင် ရေးထားသည်တို့ကား မြေပဲမှ ထုတ်ယူရရှိသည့် အစားအစာတို့ ဖြစ်ပါ၏။ အဖျော်ယမကာများ၊ သနပ်များ၊ ဆေးဆိုးဆေးစိမ်းများ၊ အမှုန့်ပြုထားသော ကော်ဖီ၊ သတ္တုအရောင်တင်ဆီ၊ လိမ်းသည့်ဆီ၊ မုတ်ဆိတ်ရိတ် ကရင်မ်၊ ပလတ်စတစ်၊ စက္ကူ၊ မင်၊ ကြမ်းခင်းဖယောင်း ပုဆိုး၊ ခေါင်းလျှော်ရည်၊ ရော်ဘာတု စသည်ဖြင့် များလှစွာ၏။ ယင်းတို့မှာ မြေပဲမှနေ၍ သူ အသွင်ပြောင်းယူထားသော ထုတ်ကုန်ပစ္စည်း အနည်းငယ်မျှသာ ရှိပါသေးသည်။

ဤသည်မှာ အစမျှသာ ရှိသေးသည်။ သူသည် အကုန်အစင် မလုပ်နိုင်သေးမီတွင် မြေပဲကို အချဉ်မပေါက်သော နို့အဖြစ် ပြောင်း၏။ ချဉ်မသွားသော မလိုင်အဖြစ် ပြောင်း၏။ အောက်မသွား၊ သိုးမသွားသော ထောပတ်အဖြစ် ပြောင်းလေသည်။

မြေပဲကို စမ်းသပ်ကြည့်သော သူ၏ လက်တွေ့စမ်းသပ်မှုများ၏ အကျိုးသက်ရောက်မှုများ အကြောင်းမှာ တစ်ကမ္ဘာလုံး ပြန့်သွားသည်။ သူ၏ ပဲနို့သည် ဘဲလ်ဂျီယန်ကွန်ဂိုမှ နို့စို့ကလေးငယ်များ၏ အသက်ကယ်နို့ ဖြစ်လာသည်။ ထိုနိုင်ငံတွင် နွားကို မွေး၍မရ။ ယင်မမဲရိုင်းတွေကပေါ၊ ကျားသစ်တွေက များလှလေရာ နွားများ မွေးတိုင်း ပျက်စီးကြသည်။ ထို့ကြောင့် သားသည်အမေ သေဆုံးသော် ကျန်ရစ်သည့် ကလေးမှာ အာဟာရဖြစ်သော အစားအစာ မရသည်နှင့် သေဆုံးဖို့သာ ရှိတော့၏။ သို့ရာတွင် ဒေါက်တာကားဗား၏ ကျေးဇူးကြောင့် ထိုအခြေအနေသည် ပြောင်းလဲသွားသည်။ ကလေးငယ်များသည် ပဲနို့ကို မှီဝဲ၍ ရနိုင်သောအားဖြင့် အသက်မသေ ရှင်ကျန်နိုင်ခဲ့ကြလေသည်။

ဤသည်မှာ ကားဗား၏ ပဲမှ ထုတ်ယူရရှိသော ပစ္စည်းသည် ကမ္ဘာ့ဈေးကွက်ကို တွေ့ရှိသွားနိုင်ခဲ့သော နည်းလမ်းများထဲမှ တစ်ခုမျှသာ ဖြစ်ပေသည်။ သူ၏ ပါရမီဉာဏ်ထူးကြောင့် သောကပင်လယ် ဝေနေခြင်းကို အောင်ပန်းတွေ တဝေဝေ အဖြစ်သို့ ရောက်စေခဲ့လေသည်။ သူသည် မြေပဲကို ဓာတုဗေဒ သဘောအားဖြင့် အမျိုးမျိုး ခွဲခြမ်း၍၊ ယင်းအစိတ်အပိုင်းများကို ပြန်စု၍ အပူချိန် အမျိုးမျိုးနှင့် ဖိအား အမျိုးမျိုးတို့ အောက်မှာ ထားလိုက်သောအားဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းသစ် တစ်ခုကို ပေါ်ပေါက်လာစေခဲ့လေသည်။ ဤသို့ဖြင့် တောင်ပိုင်းမှ လယ်သမားများ၏ အိတ်ထောင်များ

ထဲသို့ ဒေါလာ သန်းပေါင်းများစွာတို့ ဝင်လာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့လေသည်။

ဤသို့ဖြင့် အမေရိကန် တောင်ပိုင်းမှ လယ်သမားများသည် "အမှိုက်ထဲမှ ရွှေ ရ" သည့် အဖြစ်သို့ ရောက်ခဲ့ကြလေရာ အယ်လ်ဘားမားပြည်နယ်၊ ကော်ဖီစရိုင်၊ အင်တာပရိုက်စ်မြို့မှ မြို့သူမြို့သားများသည် အမှတ်တရ ကျောက်တိုင် စိုက်ထားခဲ့ကြလေသည်။ ထိုကျောက်တိုင်ကား ဒေါက်တာကားဗားဏ်၏ ပါရမီဉာဏ်ထူးကို ဂုဏ်ပြုသော ကျောက်တိုင်ကား မဟုတ်။ သူတို့ဒေသတွင် ကျရောက်ခဲ့သော ဝါဖျက်ပိုးကို အမှတ်ရသည့် အနေဖြင့် စိုက်ထူခဲ့သော ကျောက်တိုက် ဖြစ်ပေသည်။ ထိုကျောက်တိုင်၌ ဤကမ္ပည်းစာကို ရေးထိုးထားလေသည်။

**ဝါဖျက်ပိုးနှင့် ဝါဖျက်ပိုးက ပြုခဲ့သည်များကို**
**အထူးတလည် ဂုဏ်ပြုသောအားဖြင့် ........**

ဤကျောက်တိုင်ကား ကြီးကျယ်မြင့်မြတ်သော လူပုဂ္ဂိုလ်တစ်ဦးအား ချီးမြှင့်အပ်နှင်းထိုက်သော ဂုဏ်ပြုမှုကို သီးနှံဖျက်ပိုး တစ်မျိုးအား အပ်နှင်းချီးမြှင့်လိုက်သည့် တစ်ခုတည်းသော ကျောက်တိုင် ဖြစ်ဖွယ် ရှိပေသည်တကား။



## အခန်း (၁၂)

## ဖုံးကွယ်နေသော ရတနာများ

၁၉၁၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် ဘွတ်ကား တီ ဝါရှင်တန် ကွယ်လွန်သွားသည်။ ကားဗားအဖို့ ချစ်လှစွာသော အစ်ကိုတစ်ယောက် ဆုံးရှုံးသွားသည်နှင့်မခြား ခံစားရသည်။ ကျွန်များအဖြစ် မွေးလာခဲ့ကြသော ၎င်းတို့နှစ်ဦးသည် မိမိတို့ လူမျိုးအား လွတ်လပ်မှု အသစ်တစ်မျိုး ရအောင် အတူလက်တွဲ ဆောင်ရွက်ပေးခဲ့ကြသည်။ လွတ်လပ်မှုအသစ် ဆိုသည်မှာ လူမည်းများသည် စာလည်း မတတ်ကြ၊ နေထိုင်ရသည့် ဘဝမှာလည်း စိတ်ပျက်ဖွယ်ရာအတိနှင့် ဖြစ်ကြရာ ထို စာမတတ်ခြင်းနှင့် စိတ်ပျက်ဖွယ်ဘဝ ဟူသော အနှောင်အဖွဲ့ အတွင်းမှ လွတ်ကင်းစေခြင်းပင် ဖြစ်သည်။ တပ်စ်ကီဂီး ဆိုသည် မူလက တောခေါင်ခေါင် ဖြစ်သည်။ ထိုတောကြီးခေါင်ခေါင် တပ်စ်ကီဂီးကိုလည်း အမေရိကန်နိုင်ငံ၌ ပြစရာ နေရာတစ်ခု အဖြစ်မျိုးသို့ ရောက်အောင် အတူလက်တွဲ၍ တည်ဆောက်ခဲ့ကြသည်။ ဝါရှင်တန်သည် ကွယ်လွန်သွားပြီ ဖြစ်သော်လည်း သူ၏ ဝိညာဉ်သည် တပ်စ်ကီဂီး ကောလိပ်ကျောင်းမှ မခွာ။ သူ သံယောဇဉ် ရှိလှသော ကျောင်းမှာပင် ဆက်လက် နေထိုင်နေ

သေး၏။ အနီးအပါး၌ လူတစ်စုံတစ်ယောက်လည်း မရှိပါဘဲလျက် တံခါးက ဝုန်းဒိုင်းအသံမျိုး မြည်လိုက်ပါလျှင် ဝါရှင်တန်သည် သူ့လုပ်ဖော်ကိုင်ဖက် ဒေါက်တာကားဗားနှင့် ဆွေးနွေးတိုင်ပင်ဖို့ ရောက်လာပြီဟု ကျောင်းသား များက ပြောလေ့ရှိကြသည်။

ဒေါက်တာကားဗားသည် ဝါရှင်တန်ကို သတိရလိုက်တိုင်း ထို သတိရမှုက သူ့အား နှိုးဆွပေးနေသလို ရှိသည်။ ထို့ကြောင့် သူသည် ဘုရား သခင်၏ လမ်းညွှန်ချက်ကို ခံယူကာ သူ၏ ဓာတုဗေဒ လက်တွေ့စမ်းသပ်မှု များကို ဆက်လုပ်သည်။ သူသည် ပဲပိစပ်ကို ဂျုံမှုန့်၊ ကော်မှုန့်၊ ဆီ၊ ကော်ဖီ နှင့် နံနက်စာစာတွင် စားရသည့် အစားအစာများ အဖြစ်သို့ ပြောင်းသည်။ သူသည် လျှော်မှုန့်၊ တောင်ပုံရာပုံကို ယူ၍ လုပသော မာဘယ်ကျောက်ပြား များ ဖြစ်အောင် လုပ်သည်။ သူသည် မြေပဲခွံကို စက္ကူ ဖြစ်အောင် လုပ်သည်။ သူ့စက္ကူသည် ပိတ်သားလို ချောနေသည်။ သူသည် မြေစေးတွေကို ကြွေထည် ဖြစ်အောင်၊ ပန်းချီဆွဲသည့် ဆေးဖြစ်အောင် လုပ်သည်။ ဘုရားရှိခိုးကျောင်း ကို ဆေးသုတ်ရာတွင် အသုံးပြုခဲ့သော အပြာရောင် မြေစေးကို သူက ရေနှင့် ဆေးချသည်။ ရှေးဟောင်း အီဂျစ်လူမျိုးများ သုံးစွဲခဲ့ကြပြီး လူ့ယဉ်ကျေးမှု တွင် နှစ်ပေါင်း ထောင်ချီ၍ ပျောက်ကွယ်သွားခဲ့သည့် အလွန် ရှားပါးသော မဲနယ်တစ်မျိုးကို ရလာလေသည်။

သူ၏ တွေ့ရှိချက်များကို စီးပွားဖြစ် အဖြစ် ထုတ်လုပ်သွားနိုင်ရန် ငွေကြေးပေးပါမည် ဟူသော ကမ်းလှမ်းချက်များကို ကားဗား မကြာခဏ ရသည်။ သို့ရာတွင် ထိုသို့သော ကမ်းလှမ်းချက်များကို ကားဗားက လက်မခံ ပေ။ 'ကျွန်တော်က သိပ္ပံပညာရှင်ပါ၊ စီးပွားရေးလုပ်ငန်းရှင် မဟုတ်ပါဘူး' ဟု သူက ပြန်ပြောလေ့ရှိသည်။ သူသည် သူ့ဘဝ နောက်ဆုံးနေ့များတိုင် အောင်ပင် သူ့ကိုယ်သူ "သိပ္ပံကျောင်းသားကြီး၊ ပညာကို ရှာဖွေသူ" ဟူ၍ ခေါ်ဝေါ်သွားလေသည်။

သူသည် ရိုးရိုးကလေးနေပြီး ကြိုးကြိုးစားစား အလုပ်လုပ်သည်။ သူ့အိမ်မှာ အခန်းနှစ်ခန်းသာ ရှိသည်။ "တစ်ခန်းမှာ စာကြည့်ရန် ဖြစ်၍၊ ကျန်တစ်ခန်းမှာ အိပ်ရန်" ဖြစ်လေသည်။ သူ၏ စာကြည့်ခန်းမှာ ခြေချစရာ နေရာမရှိ ပြည့်နေသည်။ ဘယ်နေရာက ဘယ်လို သွားရမည်မှန်းပင် မသိ။ နံရံပေါ်မှာ ပန်းချီကားချပ်တွေ၊ နံရံ လေးဖက်လေးတန်မှာ စာအုပ်စင်တွေ ရှိသည်။ စားပွဲကြီးကတစ်လုံးရှိရာ ထိုစားပွဲကြီးပေါ်မှာ ကျောက်စက်မိုးမျှော်၊

ကျောက်စက်ပန်းဆွဲနှင့် သတ္တုမျိုးစုံ၊ ကျောက်ခဲမျိုးစုံ ပုံနေသည်။ ထောင့်တစ်နေရာတွင် သစ်သားမီးဖိုကလေးတစ်လုံး ရှိသည်။ ဤမီးဖိုကလေးမှာ သူ ဆေးဖက်ဝင် အပင်တွေကို ကျိုချက်သည်။ ကြမ်းပြင်ပေါ်မှာကား သစ်ပင်မျိုးစုံတို့၏ နမူနာများ ပြန့်ကျဲနေလေသည်။

သူ့အိပ်ခန်းတွင် ခုတင်တစ်လုံး၊ တစ်ချိန်တုန်းက သူ့မိခင် ပိုင်သည့် ချည်ရစ်သော ချားဘီးတစ်လုံးနှင့် အိပ်ရာဘေးတွင် စားပွဲတစ်လုံးတို့ ရှိသည်။ ထိုစားပွဲပေါ်၌ သူ အိပ်မပျော်ခင် ဖတ်ဖို့ သူ ဖတ်ချင်သော စာအုပ်များကို ထားသည်။ ကမ္ဘာ့အကောင်းဆုံး ဘာသာရေး ကဗျာကျမ်းကြီးလည်း ဖြစ်၊ သမိုင်းတွင် အကြီးမြတ်ဆုံး ပုဂ္ဂိုလ်များ၏ ဘဝများလည်း ဖြစ်သော သမ္မာကျမ်းစာကိုလည်း ထိုစားပွဲပေါ်တွင် ထားသည်။

သူ၏ အဝတ်အစားများကား အရိုးတကာ့ အရိုးဆုံး အဝတ်အစားများ ဖြစ်သည်။ သူ တပ်စ်ကီဂီးသို့ ရောက်သည့် ၁၈၉၆ ခုနှစ်ကတည်းက ဝတ်လာခဲ့သော ဝတ်စုံကို ၁၉၁၆ ခုနှစ်တွင်တောင် ဝတ်နေသေးသည် ဟူသော ကောလာဟလ စကားများပင် ရှိခဲ့၏။ သူသည် သူ့ကုတ်အင်္ကျီနှင့် သူ့ဘောင်းဘီများကို ကိုယ်တိုင် ဖာထေး၏။ သူ့ရှပ်အင်္ကျီများကို သူ့ဘာသာသူ ချုပ်သည်။ ခြေအိတ်ကို သူ့ဘာသာသူ ရက်သည်။ ဖိနပ်ကိုလည်း သူ့ဘာသာသူပင် ချုပ်လုပ် ဖာထေးခြင်း ပြုလေသည်။

သူသည် လူမှုရေးပွဲများကို တက်ရောက်ခဲသည်။ သို့ရာတွင် တစ်ခါတွင်တော့ "လူထဲ သူထဲ မတိုး၊ ကိုယ့်တစ်ယောက်တည်း ကုပ်နေသည်" ဟူသော စွပ်စွဲချက်များကြောင့် သူသည် နည်းဗျူဟာတော့ ပြောင်းဦးမှဟု တွေးကာ ပြောင်းလိုက်သည်။ မစ္စက်ဘွတ်ကား တီ. ဝါရှင်တန်က ဆရာများကို ညှို့ခံကျွေးမွေးသော ညစာခံပွဲသို့ သူ့အား ဖိတ်လိုက်သည်။ ထိုအခါ သူသည် ဝတ်စုံပြည့် ကုတ်အင်္ကျီနှင့် အစင်းပါသော ဘောင်းဘီတို့ကို ငှားရမ်းကာ သူ့အင်္ကျီရင်ဘတ်တွင် နှင်းဆီတစ်ပွင့် ထိုးသွား၏။ ကောလိပ်ကျောင်းပရိဝုဏ်ထဲမှ ဖြတ်၍ ဝါရှင်တန်၏အိမ်သို့ သွားရသည်ဖြစ်ရာ သူ့ကို မြင်သည့် ကျောင်းသားများက "သူတို့၏ သစ်ပင်ပါမောက္ခကြီး" ကို အဝတ်သစ်၊ အစားသစ်တွေနှင့် တွေ့ရ၍ ခိုက်ကြည့်ကြသည်။

ဝါရှင်တန်၏ အိမ်သို့ရောက်၍ ခေါင်းလောင်းကို တီးလိုက်သည့်အခါ တာပည့် အစေခံမတစ်ဦးက တံခါးဖွင့်ပေးသည်။ အသက်ရှူမှားသွား၍ မနည်း ထိန်းယူရင်း 'ဒေါက်တာကားဗား၊ ဒီအထဲ ကြွပါရှင့်' ဟု ပြောလေသည်။

'ကျေးဇူးပါပဲ၊ ဒါပေမဲ့ ဆရာမှာ အချိန်အား မရှိဘူး။ ဓာတ်ခွဲခန်းထဲမှာ အရေးကြီးတဲ့ အလုပ်ကလေးတွေ လုပ်စရာရှိနေတယ်' ဟု ပြန်ပြောကာ သူ့အိတ်ကပ်ထဲမှ ကတ်ပြားတစ်ခုကို ဆွဲထုတ်ပေးပြီး 'ကျေးဇူးပြုပြီး ဒီကတ်ပြားကို မစ္စက်ဝါရှင်တန်ကို ပေးလိုက်ပါ။ လေးစားတဲ့အနေနဲ့ ဆရာလာသွားတယ်လို့လည်း ပြောပေးပါ' ဟု ပြောလိုက်လေသည်။

ထိုနောက် သူသည် အိမ်သို့ ပြန်လာသည်။ အဝတ်သစ်၊ အစားသစ်တွေကို ချွတ်ပြီး သူ၏ ဖန်တစ်ရာတော အဖာတစ်ရာ အဝတ်အစားများကို ဝတ်၍ အလုပ်ခွင်သို့ ပြန်သွားခဲ့လေသည်။

ကားဗားသည် လူထဲသူထဲ ဝင်ရန်၊ လူတွေနှင့် ရောယှက်နေထိုင်ရန် အလွန် ရှက်တတ်သူ ဖြစ်သည်။ သို့ရာတွင် လူ့လောကကြီးက သူ့ကို ဂုဏ်ပြုမှုတွေ တသီကြီး လုပ်ကြသည်။ ၁၉၁၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ တော်ဝင်အသင်း၏ အသင်းဝင်အဖြစ် ရွေးချယ်ခံရသည်။ တော်ဝင်အသင်း၏ အသင်းဝင် ဟူ၍ အစိမ့်ပွယ်ရသော **အက်ဖ်အာရ်အက်စ်**ကို သူ၏ အမည်နောက်တွင် ရေးသားခွင့်ရသည်။ ထိုဘွဲ့မှာ အမေရိကန်လူမျိုး တစ်ယောက်အဖို့ ရတောင့်ရခဲ ဘွဲ့တစ်ခု ဖြစ်သည်။ သူ့အား ဤပညာရှင် အသိုင်းအဝိုင်း၏ အသင်းဝင်အဖြစ် တာဝန်ယူ ရွေးချယ်ခဲ့သူမှာ ဗြိတိသျှ သဘာဝ သိပ္ပံပညာရှင် ဆာဟင်နရီ အိပ်ချ်ဂျွန်ဆင် ဖြစ်သည်။ "ကျွန်ုပ်ဘဝ ဓာတ်လမ်းစုံ" ဟူသော သူ၏စာအုပ်တွင် ဆာဟင်နရီက ဤသို့ ရေးသားခဲ့သည်။ "တပ်စ်ကီဂီးမှ စိတ်ဝင်စားစရာ အကောင်းဆုံး ပုဂ္ဂိုလ်တစ်ဦးမှာ ပါမောက္ခ ကားဗား ဖြစ်သည်။ ကားဗားသည် နီဂရိုးသွေး အပြည့်ပါသူ ဖြစ်ပြီး အင်္ဂလိပ်စကားပြောရာတွင်မူ အောက်စဖို့ဒ်မှာ ကြီးပြင်းလာသူကဲ့သို့ ပြောသူ ဖြစ်သည်။ ကမ္ဘာသစ်တွင် ကျွန်ုပ် တွေ့ဖူးသမျှ ပုဂ္ဂိုလ်များတွင် ကျွန်ုပ်အား မြောက်အမေရိကရှိ သစ်ပင်များ အကြောင်းကို သူ့လောက် သင်ပြပေးနိုင်သူ မည်သူမျှ မရှိပေ။"

ကားဗားသည် တော်ဝင်အသင်းကြီးမှ သူ ရရှိသော ကြီးမားသော ဂုဏ်ပြုမှုကိုလည်း ထုံးစံအတိုင်း နှိမ့်ချစွာပင် တုံ့ပြန်ခဲ့လေသည်။ 'ကျွန်တော် ဒီဘွဲ့နှင့် မထိုက်တန်ပါ' ဟု သူက ပြောခဲ့လေသည်။

*

၁၉၁၇ ခုနှစ်သို့ ရောက်လာသည်။ အမေရိကန်လည်း ပထမကမ္ဘာစစ်ကြီး

ထဲသို့ ဝင်လိုက်လေပြီ။ ကားဗားသည် လူအချင်းချင်း သတ်ဖြတ်ခြင်းကို စက်ဆုပ် ရွံမုန်းသော်လည်း သူ၏ တပည့်များကိုမူ ကိုယ့်နိုင်ငံကို စိတ်ရော ကိုယ်ပါ ကာကွယ်ကြဟု ပြောသည်။ 'ကမ္ဘာကြီး အကျပ်အတည်း ပြဿနာ ကြုံနေစဉ်မှာ ပါဝင်ကူညီလိုခြင်း မရှိတဲ့ လူမျိုးဟာ ကမ္ဘာကြီး ငြိမ်းချမ်းနေတဲ့ အခါ အကူအညီ မခံယူထိုက်ဘူး'

ထို့ကြောင့် တပ်စ်ကီဂီးမှ ကျောင်းသားကလေးများသည် စစ်ထဲသို့ ဝင်ကြသည်။ ၎င်းတို့၏ တပ်ခွဲတစ်ခုသည် "အပြေးမြန်သော လူမည်းသည် ထွက်မပြေးကြောင်း ကျွန်ုပ်တို့ ကမ္ဘာကြီးကို ပြကြအံ့" ဟူသော စာတန်းကို ကိုင်ဆောင်လေသည်။

ဤစကားလုံးများမှာ အမေရိကန်နိုင်ငံ အကျပ်အတည်း ပြဿနာ ကြုံတိုင်း လူမည်း စစ်သားတွေ ကိုင်စွဲခဲ့ကြသည့် အစဉ်အလာ ဖြစ်သွား သည်။ ပြည်တွင်းစစ်ကာလအတွင်း၌ နီဂရိုး တပ်ကြပ်ကြီးတစ်ဦး ဖြစ်သူ ဝိလျံကာနီသည် သူ၏တပ်များအား ဤသို့ ကတိပေးသည်။ 'ဘုရားသခင်၏ ကူညီစောင်မမှုဖြင့် ကျွန်တော် တပ်အလံကို ပြန်သယ်လာပါမည်။ သို့မဟုတ် လျှင်လည်း ကျွန်တော် သယ်မလာနိုင်သော အကြောင်းကို ဘုရားသခင်အား ပြန်လည် လျှောက်ထားပါမည်' စစ်ထွက်သွားသောအခါ သူ့မှာ ဦးခေါင်း မှာရော ခြေထောက်မှာပါ ဒဏ်ရာတွေ ရသည်။ သို့ရာတွင် သူသည် တပ်၏ အလံကို ပြန်လည် သယ်ဆောင်လာခဲ့၏။ 'ဒီအလံဟောင်းဟာ ဘယ်အခါ တွင်မှ မြေသို့ မထိခဲ့ပါ' ဟု သူ၏ တပ်မှူးအား သတင်းပို့ခဲ့လေသည်။ အမေရိကန် တော်လှန်ရေးတွင် ပထမဦးဆုံး သူ၏ဦးခေါင်း မြေသို့ ကျခဲ့သူ မှာ "ဘာရီပတ်စ် အက်တပ်" ဟု အမည်ရှိသော နီဂရိုးစစ်သား ဖြစ်သည်။ ပထမကမ္ဘာစစ်တွင် Croix de Guerre ဟူသော သူရဲကောင်းတံဆိပ်ကို ပထမဦးဆုံး ရရှိခဲ့သော အမေရိကန် နိုင်ငံသားမှာ "ဟင်နရီဂျွန်ဆင်" ဟု အမည်ရှိသော နီဂရိုးတစ်ဦး ဖြစ်လေသည်။

ပထမကမ္ဘာစစ်အတွင်းက ဝတ်မှုတ်ခေါင်းပါးနေကြသော နိုင်ငံများကို ကျွေးမွေးနိုင်အောင် ကူညီခဲ့သူမှာလည်း နီဂရိုးလူမျိုး ဂျော့ကားဗား ဖြစ်ပေ သည်။ ဂျာမနီက စတင်လိုက်သဖြင့် ၁၉၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၂၉ နိုင်ငံတို့ စစ်ထဲ ပါဝင်လာခဲ့ရသည်။ ထိုအချိန်၌ လူအများတို့ စစ်ထဲ ဝင်ကုန် ကြသဖြင့် လယ်ယာလုပ်ငန်းများကို လုပ်မည့်၊ ကိုင်မည့်သူ မရှိတော့ပေ။ သန်းနှင့်ချီသော လူများ အငတ်ဘေးကြီး ကြုံကြရ၏။ ဂျော့ကားဗားသည်



အခြားလုပ်ငန်းများအပြင် အငတ်ဘေးနှင့် ရင်ဆိုင်နေရသူများအား မိမိတို့အိမ်နောက်ဖေးမှာ၊ အများပြည်သူသုံး ပန်းခြံများမှာ ရနိုင်သလောက် စိုက်ပျိုးကြပါဟု ဆော်ဩသော အလုပ်ကိုလည်း လုပ်ခဲ့သည်။ "ငတ်ပြတ်နေသော နိုင်ငံ မှန်သမျှ ဘယ်နိုင်ငံမှ မိမိတို့၏ အလံကို ကာကွယ်နိုင်မည် မဟုတ်" ဟု ကြွေးကြော်ခဲ့သည်။ သူသည် တပ်စ်ကီဂီး၌ မုန်လာဥနီ၊ တရုတ်မုန်လာတို့ဖြင့် အမေရိကန်နိုင်ငံ အလံ၏ အစင်းများသဏ္ဌာန်၊ အာလူးကလေးများဖြင့် ကြယ်များ၏ သဏ္ဌာန်ကို ဖန်တီးကာ နိုင်ငံ၏သင်္ကေတ အစားအစာ အလံကို တပ်စ်ကီဂီးမှာ ပြသခဲ့သည်။

ဤသို့သော ဆောင်ရွက်ချက်များအပြင် တောနယ်၏ ဖုံးကွယ်နေသော ရတနာများကို ထောက်ပြခဲ့သည်။ ပေါင်းပင်ဟု လူတွေက ခေါ်နေကြသော တောရိုင်းပင် များစွာတို့က အသက်ဆက်ပေးနိုင်သော အစားအစာ မျိုးတွေ ရနိုင်ကြောင်းကို ထောက်ပြခဲ့ခြင်း ဖြစ်သည်။ 'ပေါင်းပင်အရိုင်းဟာ စိုက်ပျိုးထားတဲ့ အပင်ထက်တောင် အရသာ ပိုရှိသေး၊ အာဟာရဓာတ် ပိုပေးနိုင်သေးတယ်။ ဘာပြုလို့လဲ ဆိုတော့ သူက သူ့ရဲ့ အသက်ရှင် ရပ်တည်မှုအတွက် ရုန်းကန်လာရရင်း သူ့မှာ အားကောင်းတဲ့ လက္ခဏာ ပေါ်လာလို့ပဲ။ ယုယုယယနဲ့ စိုက်ပျိုးမွေးမြူတဲ့ အပင်ကျတော့ ယုယလွန်းတဲ့ ကလေး ပျော့ဖပ်ဖပ် ဖြစ်သလိုပဲ ပျော့ဖပ်ဖပ်နဲ့ ကြီးလာရတယ်။ ခင်ဗျားတို့ သတိထားကြည့်မယ်ဆိုရင် အမွှေးဆုံး ရနံ့တစ်ခုဟာ တောရိုင်းနှင်းဆီက လာတယ် ဆိုတာကို တွေ့နိုင်ကြမယ်' ဟု ကားဗားက ပြောပါသည်။

ဒေါက်တာကားဗားသည် သူ၏ အစားအစာများတွင် တောရိုင်း ဟင်းသီးဟင်းရွက်တွေကို ထည့်၍ နှစ်ပေါင်းများစွာ စားလာသူ ဖြစ်သည်။ သုံးပွင့်ဆိုင် ပဲရိုင်းဖူး၊ စကော့တလန် ဆူးပင်၊ ဒုစလီ၊ ဆလတ်ရိုင်း၊ ချစ်ကိုရီ၊ အယ်လ်ဖာလ်ဖာနှင့် ပက်ပါဂရပ်စ် စသော တောရိုင်း ဟင်းသီးဟင်းရွက်များ ဖြစ်သည်။ 'ကျွန်တော်က ချစ်ဝိဒ်က နေပြီး အသုပ်ဖြစ်အောင် လုပ်စားတာ။ အပင်လေးက ချစ်စရာ ကောင်းသလို အရသာကလည်း သိပ်ကောင်းတာပဲ။ အရသာအရှိဆုံး ပိုင်မုန့်တွေထဲမှာ ကျွန်တော်က ကားလ်ဒေါ့(ခ်)တို့၊ ဆာဝါဂရပ်စ်တို့ကို သွတ်တာလေ' ဟုလည်း ကားဗားက ပြောတတ်သည်။

ယခု ဖော်ပြခဲ့သည်တို့မှာ အစားအစာ ပြတ်လပ်မှု ပြဿနာကို ကျော်လွှားနိုင်ရန်အတွက် စားကြပါဟု သူ တိုက်တွန်းသော ပေါင်းပင်များထဲမှ အနည်းငယ်မျှသာ ရှိသေးသည်။ သူ ပြောသလို စမ်း၍ စားကြည့်ကြသူ

များမှာ စားရတာ အရသာရှိရုံမျှမက အာဟာရ ဖြစ်ကြောင်းကိုလည်း တွေ့ကြရလေသည်။

ဂျာမန်တို့က ရေငုပ်သင်္ဘော စစ်ဆင်ရေး စတင်လိုက်ချိန်၌ အမေရိကန်တွင် စားနပ်ရိက္ခာ ပြတ်လပ်မှု အန္တရာယ်မှာ အတော်ကြီးကို ဆိုးသည့် အခြေအနေ ရောက်နေလေပြီ။ ဂျုံတွေ တင်ဆောင်လာသော သင်္ဘော အများအပြားတို့သည် အတ္တလန်တိတ် သမုဒ္ဒရာထဲ၌ နစ်မြုပ်ခံနေရသည်။ အစိုးရသည် ဘာလီ၊ ပြောင်း၊ ဆန်၊ ချက်စ်နတ်နှင့် အိုင်ယာလန် အာလူးတို့မှ ဂျုံမှုန့် အမျိုးမျိုး ထုတ်ယူနိုင်အောင် ကြိုးစားပါ၏။ သို့ရာတွင် အများစုမှာ ကျေနပ်လောက်ဖွယ် မဖြစ်ခဲ့ပေ။ စားနိုင်သောက်နိုင်သည့် အစားသန်သော လူငယ်များရှိရာ ဂျုံလိုအပ်ချက် များသော စစ်တပ်တွင်း၌ ပေါင်မုန့် ပြတ်လပ်မှုမှာ အဆိုးဆုံး အခြေအနေ ရောက်နေသည်။ "ပေါင်မုန့် လုပ်နိုင်သည့် ပစ္စည်းသစ် တစ်ခုကို လုပ်ပြရန်" အတွက် ဂျော့ကားဗားကို ဝါရှင်တန်သို့ ခေါ်လိုက်သည်။

ကားဗားသည် ပေါင်မုန့်လုပ်၍ရသည့် ပစ္စည်းသစ်ဟု ဆိုရမည့် ကန်စွန်းဥဖြင့် လက်တွေ့ စမ်းသပ်မှုများ လုပ်ကြည့်နေခဲ့သည်မှာ အတော်ကြာခဲ့ပြီ ဖြစ်သည်။ ကန်စွန်းဥမှ အချောအချော အလွန်ကောင်းသော ဂျုံမှုန့် ထုတ်၍ ရနိုင်ကြောင်းကို တွေ့ရှိထားပြီး ဖြစ်သည်။ ကန်စွန်းဥသည် ဂျုံအတွက် အစားထိုး၍ ရနိုင်သော ပထမတန်းစား အစားထိုးပစ္စည်း ဖြစ်သည်။ သူက စစ်တပ်တွင် အမှုထမ်းလျက်ရှိသော ဓာတုဗေဒပညာရှင်များနှင့် မုန့်ဖုတ်သူများ ပါဝင်သည့် ကော်မတီအား ကန်စွန်းဥ၏ အသုံးဝင်ပုံကို ရှင်းပြသည်။ ပထမတော့ ထိုသူများက မယုံချင်ကြ။ သို့ရာတွင် သူက ပေါင်မုန့်ကို ဖုတ်ပြပြီး မုန့်ဖိုကို ဖွင့်ပြလိုက်သည့်အခါ သူတို့ တစ်စိတ်တစ်ပိုင်း ယုံသွားကြသည်။ 'အနံ့ကတော့ တကယ်ကောင်းမျို့' ဟု ကော်မတီ၏ ဥက္ကဋ္ဌက ပြောသည်။ သူတို့ စားကြည့်လိုက်ကြသည့်အခါ အပြည့်အဝ ယုံကြည်သွားကြသည်။ 'အရသာက ပိုတောင် ကောင်းသေးမျို့'

ကားဗား၏ ကန်စွန်းဥမှ လုပ်သော ပေါင်မုန့်ကို စစ်တပ်ထဲတွင် အချိန်အတော်ကြာ အသုံးပြုခဲ့ကြသည်။ ရေငုပ်သင်္ဘော အန္တရာယ် လျော့ပါးသွားသော အခါမှသာလျှင် ဂျုံရောင်းကို အပြည့်အဝ ပြန်၍ပေးနိုင်ခဲ့ကြသည်။

စစ်ကြီး ဖြစ်နေသော ကာလတစ်လျှောက်လုံးတွင် ကားဗားသည် သူ့ဆီမှ အကြံဉာဏ် လှမ်းတောင်းကြသော စာတွေကို တစ်ပွေ့တစ်ပိုက်ကြီး

ရရှိနေခဲ့သည်။ အချို့ကလည်း သူ၏ ဆောင်ရွက်ချက်အတွက် စာတွေထဲမှာ ချက်လက်မှတ်တွေ ထည့်ပေးကြ၏။ သို့ရာတွင် သူက ထိုချက်လက်မှတ်များကို မယူ။ "ကျွန်တော် ဒီလို လုပ်ပေးတာဟာ တပ်စ်ကီဂီးမှာ ကျွန်တော် လုပ်ရတဲ့ အလုပ်ရဲ့ အစိတ်အပိုင်း တစ်ရပ်ပါ။ အဲဒီ အလုပ်အတွက် ကျွန်တော့်ကို ပုံမှန် လစာပေးထားပြီး ဖြစ်ပါတယ်" ဟု ဆိုကာ ထိုချက်လက်မှတ်များကို ပြန်ပို့သည်။

သူ၏လစာမှာ တပ်စ်ကီဂီးသို့ သူ ရောက်စအချိန်က အတိုင်းပင်။ တစ်နှစ် ဒေါ်လာ ၁၅၀၀ သာ ဖြစ်သည်။ သူ့ကို လစာတိုးယူပါဟု အကြိမ်တော်တော်များများ ပြောခဲ့သော်လည်း သူက လက်မခံခဲ့။ "ကျွန်တော် အခုရနေတာဟာ လိုတာထက်တောင် ပိုနေပါသေးတယ်" ဟုဆိုကာ ငြင်းခဲ့ခြင်းဖြစ်သည်။ သူသည် သူ၏ လစဉ် ချက်လက်မှတ်များကို ဘဏ်မှာပင် သွင်း၍ စုထားသည်။ သို့ရာတွင် ယင်းတို့ကို ထုတ်ပေးရန် ထောက်ခံလက်မှတ် ရေးထိုးခြင်းသော် လည်းကောင်း၊ ငွေသား ထုတ်ယူခြင်းသော် လည်းကောင်း မပြုခဲ့ပေ။ နှစ်တွေ ကြာလာသောအခါ ချက်လက်မှတ် တစ်ထပ်ကြီးမှာ ဖုန်အလိမ်းလိမ်း ကပ်နေတော့သည်။ ယင်းချက်လက်မှတ်များကလည်း ကားဗားအဖို့ ဘာမျှ တန်ဖိုးရှိသည် မဟုတ်ပေတကား။ "ပိုက်ဆံအပေါ်မှာ လိုသည်ထက် ပိုပြီး တန်ဖိုးထားနေခြင်းကား လောကကြီး၏ အကြီးမားဆုံး မကောင်းမှုကြီး တစ်ခုပေတည်း" ဟု ကားဗားက သုံးသပ်ခဲ့သည်။

သူသည် အခြား တက္ကသိုလ် တစ်ခုခုတွင် ဖြစ်စေ၊ ပုဂ္ဂလိက လုပ်ငန်း တစ်ခုတွင် ဖြစ်စေ ယခုထက် လစာပိုကောင်းသော အလုပ်မျိုးတွေ ရနိုင်သည့် အခွင့်အလမ်းများကို လက်မခံဘဲ တွင်တွင်သာ ပယ်ချခဲ့လေသည်။ သောမတ် အေ အက်ဒီဆင်သည် သူ၏ အင်ဂျင်နီယာ မီလာ ဟတ်ချီဆန်ကို စေလွှတ်၍ ကားဗားနှင့် လူချင်း တွေ့မေးလိုကြောင်း ပြောစေသည်။ 'ပါမောက္ခ ကားဗား ခင်ဗျား၊ မစ္စတာ အက်ဒီဆင်က နယူးဂျာစီမှာ ရှိတဲ့ သူ့ရဲ့ ဝန်ထမ်းများထဲမှာ ပါမောက္ခကြီးကိုလည်း ဝင်လုပ်စေချင်ပါတယ်'

'စဉ်းစားပါဦးမယ် မစ္စတာ ဟတ်ချီဆန်'

'ဟုတ်ကဲ့ပါ ပါမောက္ခကြီး ခင်ဗျား၊ သေသေချာချာ စဉ်းစားပါဦး'

ထို့နောက် ဟတ်ချီဆန်က အက်ဒီဆင် ပေးမည့် လစာကိုလည်း ကားဗားအား ပြောလိုက်သည်။


နောက်နေ့တွင် ဒေါက်တာ ကားဗားသည် သူ၏ ဆုံးဖြတ်ချက်ကို

ပြောလိုက်သည်။ 'ဒီကမ်းလှမ်းချက်အတွက်လည်း ကျွန်တော် ကျေးဇူး အလွန်တင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် လေးစားစွာနဲ့ပဲ ငြင်းရပါလိမ့်မယ်။ ကျွန်တော့် လူမျိုးတွေက ဒီမှာ ကျွန်တော့်ကို လိုကြပါတယ်'

ကားဗား၏ မိတ်ဆွေများက 'အက်ဒီဆင်က လစာ ဘယ်လောက် ပေးလို့တုံး' ဟု ထပ်တလဲလဲ မေးကြသည်။

ပထမတွင် ကားဗားသည် မဖြေပါရစေနှင့်ဟု ပြောသည်။ နောက်ဆုံး တော့ မေးလှမက မေးနေကြသည်ကို စိတ်မရှည်တော့သဖြင့် ဖြေလိုက် ရတော့သည်။ 'ဂဏန်း ခြောက်လုံး ပေါ့ဗျာ'

သူသည် တစ်နှစ် ဒေါ်လာ တစ်သိန်းထက် မလျော့သော ကမ်းလှမ်း ချက်မျိုးကို လက်မခံဘဲ ပယ်ချခဲ့သူ ဖြစ်ပေသည် တကား။




## အခန်း (၁၃)

## ‘၁၀ မိနစ်ပဲ အချိန်ပေးမယ်’

ကမ္ဘာစစ်ကြီး ပြီးသွားသောအခါ အမေရိကန်တောင်ပိုင်းမှ မြေပဲစိုက်ပျိုးသူများသည် မိမိတို့ထုတ်ကုန် တိုးတက်ရေးအတွက် အသင်းတစ်သင်းကို ဖွဲ့စည်းကြသည်။ ၎င်းတို့၏ ပထမဦးဆုံး ရည်မှန်းချက်မှာ ပြည်သူလူထုအား မြေပဲ၏ သဘာဝနှင့် မြေပဲ၏တန်ဖိုးကို သိလာအောင် ပညာပေးရန် ဖြစ်သည်။ လူများစွာတို့က ယနေ့အချိန်အထိ မြေပဲသည် သစ်ပင်ကြီးတွေပေါ်မှာ ပေါက်သည်ဟု ထင်နေခဲ့ကြသည်။ တကယ်တော့ မြေပဲသည် မြေမှာပေါက်သည့် အပင်တစ်မျိုး ဖြစ်သည်။ မြေလွှာ၏အထက် တစ်ပေ အမြင့်လောက်အထိ ကြီးထွားသည်။ မြေပဲပင်၏ ထိပ်ပိုင်းတွင် ပိုပိုပြီး လေးလာသည့်အခါ မြေသို့ညွတ်ကျလာပြီး မြေထဲအထိ ဝင်သွားတတ်သည်။ ထို့ကြောင့် တိတိကျကျ ပြောရသော် မြေပဲသည် အသီးပင် ဆိုတာထက် ဟင်းသီးဟင်းရွက်ပင်ဟု ဆိုရပေမည်။

ကားဗားတို့ ခေတ်ကာလတုန်းက ယေဘုယျ လူများသည် မြေပဲစိုက်ပျိုးပုံကိုလည်း မသိကြသည်သာမက မြေပဲ၏ အဖိုးတန်ပုံကိုလည်း မသိကြပါ။ အချို့သောသူများက မြေပဲသည် အရှေ့တိုင်းက အပင်တစ်မျိုး

ဖြစ်သည်၊ ပလိပ်ရောဂါပိုး မျိုးစေ့ကို သယ်ဆောင်လာသော အပင်မျိုး ဖြစ်သည်ဟူ၍ မြေပဲပင်ကို ကြောက်ကြသည်။ အချို့ကလည်း မြေပဲမှာ ဝက်သစ်ချသီးလို ဝက်ကျွေးဖို့သာ ကောင်းသည့်အပင် ဟူ၍ ယူဆကြသည်။ မြေပဲကို စားကောင်းသည်ဟူ၍ သိသူက မရှိသလောက်နီးပါး ဖြစ်သည်။ ထို့ကြောင့် မြေပဲအသင်းက လူထုအား မြေပဲ၏ဂုဏ်ရည်တွေကို သိလာအောင် ပြုမည် ဟူသော ရည်ရွယ်ချက်မှာ တကယ်ပင် ကောင်းသော ရည်ရွယ်ချက် တစ်ခု ဖြစ်ပေသည်။ ဤရည်ရွယ်ချက်အတွက် ပထမတန်းစား ကြော်ငြာ ကျွမ်းကျင်သူပညာရှင် လိုအပ်ပေသည်။

အသင်းဝင်များသည် ၎င်းတို့၏ ပထမဦးဆုံးအကြိမ် အစည်းအဝေးကို ကျင်းပကြသည့်အခါ သူတို့၏ ကြော်ငြာလုပ်ငန်းအတွက် တကယ် အသုံးကျမည့် လူတစ်ဦးကို ရှာဖွေဖို့ ကြိုးစားကြသည်။ အစည်းအဝေးတွင် အပြန်အလှန် ဆွေးနွေးကြသည် အဖွဲ့ဝင်တစ်ဦးက ထိုသို့သော လူတစ်ဦးကို သူ သိထားကြောင်း၊ 'အဲဒီလူကတော့ ကားဗားဆိုတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်' ဟု ပြောသည်။

'အဲဒီလူက ကြော်ငြာဝိဇ္ဇာ၊ ကြော်ငြာ "အိတ်စ်ပတ်" လား'

'မဟုတ်ပါဘူး၊ သူက ကျောင်းဆရာပါ'

'ဒါပေမဲ့ ကျောင်းဆရာက စီးပွားရေးလုပ်ငန်းအကြောင်း ဘာသိလို့ တုံး'

'သူက စီးပွားရေးလုပ်ငန်းအကြောင်းတော့ မသိပါဘူး။ သို့သော် လည်း သူက မြေပဲအကြောင်းတော့ အကုန်သိတယ်'

'သူက ဘယ်မှာ စာပြတာလဲ'

'တပ်စ်ကီဂီး မှာပါ'

'ဒါပေမဲ့ တပ်စ်ကီဂီးကောလိပ် ဆိုတာက လူမည်းကျောင်းပဲ'

'ဟုတ်ပါတယ်၊ ဒေါက်တာကားဗားက နီဂရိုး တစ်ယောက်ပါ'

မြေပဲအသင်း၏ အဖွဲ့ဝင် အများစုသည် နီဂရိုးတစ်ဦး၏ အကူအညီ ယူမည် ဟူသော စိတ်ကူးကို အပြင်းအထန် ကန့်ကွက်ကြသည်။ သို့ရာတွင် ကားဗားကိုခေါ်ရန် ဦးစွာ အကြံပေးခဲ့သူက အလျှော့မပေးပေ။ 'ကျွန်တော် သူ့ရဲ့ ဓာတ်ခွဲခန်းကို သွားဖူးတယ်။ ကျွန်တော့်ဘဝမှာ စိတ်ဝင်စားစရာ အကောင်းဆုံး နာရီ အတော်ကြာကြာကို အဲဒီမှာ ကုန်ခဲ့ဖူးတယ်။ သူက ကျွန်တော့်ကို ရတနာသိုက်ကြီးသဖွယ်ဖြစ်တဲ့ မြေပဲမှ ထုတ်ယူရရှိတဲ့ ထုတ်

ကုန်ပစ္စည်းတွေကို ပြဖူးတယ်။ ဒေါက်တာကားဗားဟာ အရောင်းရျေးသည် မဟုတ်ပါဘူး။ ဒါပေမဲ့ သူက ပြည်သူလူထုကို သူ ထုတ်လုပ်ထားတဲ့ သူ့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သရုပ်ပြပေးရုံသက်သက်ပါပဲ' ဟု ပြောလေသည်။

'ဒါပေမဲ့ နီဂရိုးတစ်ယောက် ဖြစ်နေတယ်'

'သည်ပုဂ္ဂိုလ်က သူ့ရဲ့ အမည်းရောင် အရေပြားအောက်မှာ ထူးခြား ပြောင်မြောက်တဲ့ ဉာဏ်ပညာမျိုး ရှိတဲ့သူပါ။ အားလုံးရဲ့ကောင်းကျိုးအတွက် သူရဲ့ဉာဏ်ပညာကို ကျွန်တော်တို့က ဘာကြောင့် သူ့ကို သုံးခွင့်မပြုနိုင်ရ မလဲဗျာ'

ဤသို့ ပြောလိုက်သဖြင့် ငြင်းကြခုံကြနှင့် ပွက်လောညံသွားသည်။ သို့ရာတွင် နောက်ဆုံး၌ အစည်းအဝေး သဘာပတိက တိတ်ကြရန် သူ့တူကို အသုံးချလိုက်သည်။ 'ခင်ဗျားတို့အထဲက တစ်ဦးဦးက အဆိုတင်သွင်းဖို့ ကျွန်တော် အကြံပေးချင်တယ်'

ဒေါက်တာ ကားဗားကို ခေါ်ရန် တိုက်တွန်းလာခဲ့သူ အဖွဲ့ဝင်က ဝုန်းခနဲ ထလိုက်ကာ 'တပ်စ်ကီဂီးမှ ပါမောက္ခကို ဖိတ်ကြားပြီး မြေပဲ အကြောင်း သူ သိထားသမျှကို ပြောပြစေရန် ကျွန်တော် အဆိုတင်သွင်း ပါတယ်' ဟု ပြောလိုက်သည်။

ကိုယ်စားလှယ်တစ်ဦးက ထ ၍ 'အဲဒီအဆိုကို ကျွန်တော် ထောက်ခံ ပါတယ်' ဟု အော်ပြောလိုက်သည်။

ဤသို့ဖြင့် ၁၉၂၀ ပြည့်နှစ် စက်တင်ဘာ ၁၄ ရက်နေ့တွင် ပါမောက္ခ ဒေါက်တာကားဗားသည် အမေရိကန်နိုင်ငံ မြေပဲအသင်း အဖွဲ့ချုပ်၏ ကိုယ်စားလှယ်များအား မိန့်ခွန်းပြောရန် ရောက်ရှိလာသည်။

ထိုညီလာခံကို အယ်လ်ဘားမားပြည်နယ် မောင်ဂိုမာရီမြို့တွင် ကျင်းပခြင်းဖြစ်သည်။ ကိုယ်စားလှယ်များသည် အိပ်ချိန်းဟိုတယ်တွင် စုဝေး ကြသည်။ ထိုနေရာမှာ သမိုင်းတွင် ထူးခြားသောနေရာ ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ဤနေရာမှာပင် တောင်ပိုင်းခွဲထွက်ရေး ကွန်ဖက်ဒရိတ် ကွန်ဂရက်လွှတ်တော်က ဖိုဆမ်တာကို အမြောက်ကြီးများနှင့် တိုက်ခိုက်ရန် အမိန့်ပေးခဲ့၍ ပြည်တွင်းစစ်ကြီး ပေါ်ပေါက်စေခဲ့သော တိုက်ခိုက်မှု စတင်ခဲ့ သောကြောင့် ဖြစ်သည်။ ယခု နှစ်ပေါင်း ၅၉ နှစ် အကြာတွင်ကား ထိုပြည် တွင်း စစ်ကြီးအတွင်း၌ ကျေးကျွန်အဖြစ်မှ လွတ်မြောက်ခဲ့သူ ကျေးကျွန်

တစ်ဦးက တစ်ချိန်တုန်းက သူ၏ပိုင်ရှင် သခင်များကို မိန့်ခွန်းပြောရန် ရောက်လာခဲ့လေပြီ။

ထိုနေ့မှာ မခံရပ်နိုင်လောက်အောင် ပူပြင်းလှသည့်နေ့ ဖြစ်သည်။ ကိုယ်စားလှယ်များသည် ရုပ်အင်္ကျီများဖြင့်သာ နေကြရသည်။ ဒေါက်တာ ကားဗားသည် မြေပဲမှ ထုတ်ယူထားသည့် ပစ္စည်းနမူနာ ဖန်ဘူးတွေ ထည့်လာသည့် လေးလံလှသော သေတ္တာကြီးကို သယ်၍ လာ၏။ သူ့နဖူးမှာ ချွေးတပြိုက်ပြိုက် ကျနေသော်လည်း သူ့လက်နှစ်ဖက်လုံးက သူ့သေတ္တာကြီးနှင့် မအား၍ ချွေးမသုတ်နိုင်။

ဟိုတယ်တံခါးဝသို့ ရောက်လာသည့်အခါ တံခါးစောင့်က သူ့ကို တားသည်။ 'ဘာလိုချင်လို့လဲ'

'ကျွန်တော် မြေပဲအသင်း ဥက္ကဋ္ဌကြီးနဲ့တွေ့ဖို့ လာတာပါ'

'လူမည်းတွေကို အဝင်မခံဘူးဗျ' ဟု အော်ကာ တံခါးစောင့်က သူ့ကို ဘေးသို့ တွန်းလွှတ်လိုက်သည်။

'ဒါပေမဲ့ ကျွန်တော်က သူတို့ ဖိတ်ကြားလို့ လာတာပါ'

တံခါးစောင့်သည် အကျောက်အကန် ငြင်းဆဲပင်။

ဒေါက်တာ ကားဗားသည် သူ့သေတ္တာကို အောက်သို့ချ၍ စက္ကူ တစ်ရွက်ပေါ်တွင် စာတစ်လုံးနှစ်လုံး ရေးသည်။ 'ဒီစာကို ဥက္ကဋ္ဌကြီးထံ ယူသွားပေးပါလား ခင်ဗျာ' ဟု ဘာဖြစ်တာတုံး ... ဟူ၍ ကြည့်ရန် ထွက်လာသည့် ဟိုတယ်အလုပ်သမား တစ်ဦးကို ပြောလိုက်သည်။

ဟိုတယ်အလုပ်သမားသည် စာရွက်ကိုကိုင်၍ ဧည့်ခန်းဆောင်ထဲသို့ ဝင်သွားသည်။ ပါမောက္ခ ကားဗားမှာ အပြင်က စောင့်နေသည်။ မိနစ် အတော်အတန် ကြာသောအခါ ထိုသူ ပြန်ရောက်လာပြီး 'ကျွန်တော့်နောက်က လိုက်ခဲ့ပါ' ဟု ပြောသည်။

ထိုသူသည် ပါမောက္ခကားဗားအား နောက်ဖေးလမ်းဘက်မှ နေ၍ ကုန်ပစ္စည်းများ မ တင်သည့် ဓာတ်လှေကားသို့ ခေါ်သွားသည်။ ဓာတ် လှေကားနှင့် တက်သွားကြရာ ညီလာခံကျင်းပသော အစည်းအဝေးခန်းမသို့ ရောက်သွားကြသည်။ မောပန်းလှပြီ ဖြစ်သော်လည်း သိပ္ပံပညာရှင်အိုကြီး ကားဗားမှာ မနားနိုင်။ သူ့သေတ္တာကို ဖွင့်၍ ကိုယ်စားလှယ်များအား မိန့်ခွန်း ပြောလေသည်။

သူသည် ပြောလည်းပြော၊ လက်တွေ့ သရုပ်ပြခြင်းကိုလည်းပြုနှင့်

ပြောသွားပြီးသည့်အခါ 'လူကြီးမင်းများက ကျွန်တော် တတ်ထားရာနှင့် အုတ်တစ်ချပ် သဲတစ်ပွင့် မျှဝေပေးခွင့် ပြုကြတဲ့အတွက် ကျွန်တော် ကျေးဇူး တင်ပါတယ်။ လူကြီးမင်းများ ကံကောင်းကြပါစေ၊ အောင်မြင်ကြပါစေလို့လည်း ဆုတောင်းပါတယ်' ဟု ပြောလိုက်သည်။

နောက်လတွင် "ပီးနပ်ပရိုမိုတာ" ထဲ၌ ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ပါမောက္ခ ကားဗား၏ စိတ်ဝင်စားဖွယ် မိန့်ခွန်းအကြောင်း ရေးထားသော ဆောင်းပါး ဖြစ်သည်။ "ညီလာခံ မတိုင်မီ လာခဲ့စဉ်တုန်းကတော့ ပရိသတ်၏ စိတ်ထဲတွင် သံသယတွေနှင့် ဖြစ်သည်။ သူတို့ရှေ့ ရောက်လာမည့်သူမှာ နီဂရိုး လူမျိုးတစ်မျိုး ဆိုပါလား၊ သည်လို လူမည်းတစ်ဦးကို သူတို့ရှေ့မှာ စကားပြောခွင့် ပြုတာကရော ပြုထိုက်ပါရဲ့လား ဟူသော သံသယများ ဖြစ်သည်။ မကြာမီမှာပင် သူက ထိုသူတို့၏ စိတ်ထဲမှာ ဖြစ်နေသော အတွေးကို ဖယ်ရှားပေးလိုက်သည်။ မြေပဲနှင့် သူ လက်တွေ့ စမ်းသပ်လာခဲ့သော အံ့လောက်ဖွယ် လက်တွေ့စမ်းသပ်မှုများ အကြောင်းကို ရှင်းပြရင်း ရှင်းပြချက်တိုင်းအပေါ် ပရိသတ်က အာရုံစိုက်နေအောင် ပြုပေးလိုက်ပေသည်။

"သူက သူ့မိန့်ခွန်းကို နိဂုံးချုပ်လိုက်သောအခါ ပရိသတ်မှာ သူသည် လူမည်းတစ်ဦး ဖြစ်သည်ကို မေ့လျော့သွားကြကာ သူ့မိန့်ခွန်းကို ကျယ်လောင်စွာ လက်ခုပ်ဩဘာ ပေးကြလေသည်။ ဒေါက်တာ ကားဗားသည် သူ့မိန့်ခွန်းကို နားထောင်နေခဲ့ကြသည့် ပရိသတ်၏ နှလုံးသားများကို ယူကျုံး ဆွဲကိုင်သွားနိုင်ခဲ့လေသတည်း" ဟု ထိုဆောင်းပါးတွင် ရေးသားထားသည်။

သို့ရာတွင် သူ၏ ဤအောင်မြင်မှုမှာ နောက်ထပ် ကြုံရမည့် အောင်မြင်မှုကြီး၏ ရှေးပြေး အောင်ပွဲကလေးများသာ ဖြစ်ပေသည်။ ထို မွန်ဂိုမာရီမြို့ ညီလာခံ ပြီးသွားပြီးနောက် လေးလအကြာတွင် ကားဗားသည် မြေပဲအသင်းမှ ပေးပို့လိုက်သော ကြေးနန်းတစ်စောင်ကို ရရှိခဲ့သည်။

"ကွန်ဂရက်လွှတ်တော် နည်းလမ်း ကော်မတီအား မြေပဲကနေ၍ ဘာတွေ ထုတ်လုပ်ရရှိနိုင်သည်ကို ပြသနိုင်ရန်အတွက် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဝါရှင်တန်သို့ အရောက်လာစေချင်သည်" ဟု ကြေးနန်းတွင် ဖော်ပြထားသည်။

ကွန်ဂရက်လွှတ်တော် ကော်မတီသည် သွင်းကုန်များ အပေါ်တွင်

ကောက်ခံသည့် အကောက်ခွန်ကိစ္စကို ဆွေးနွေးရန် အစည်းအဝေးထိုင်ခဲ့သည်။ အမေရိကန် မြေပဲစိုက်ပျိုးသူများကလည်း ဤကိစ္စနှင့် ပတ်သက်၍ အလွန်တရာ စိတ်ဝင်စားနေသည်။ မြို့ပြောရသော် အကောက်ခွန် ဆိုသည်မှာ အမေရိကန် ကုန်ထုတ်လုပ်ငန်းကို နိုင်ငံခြား ယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးရန် ရည်ရွယ်သော အခွန်တစ်မျိုး ဖြစ်ပါသည်။ ဥပမာအားဖြင့် ဖိနပ်တစ်ရန်ကို ထုတ်လုပ်မည်ဆိုလျှင် အမေရိကန်နိုင်ငံမှာ ထုတ်လုပ်သည်ထက် ဥရောပမှာ ထုတ်လုပ်သည်က ပို၍ စရိတ်စက သက်သာသည် ဆိုပါစို့။ ထိုသို့ဖြစ်ခြင်းမှာ ဥရောပ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များသည် ကုန်ကြမ်းပစ္စည်းနှင့် လုပ်ခငွေတို့အတွက် ဈေးနှုန်းပို၍ သက်သာခြင်းကြောင့် ဖြစ်သည်။ ထိုသို့ ကုန်ကျစရိတ် ပိုမိုသက်သာစွာဖြင့် ထုတ်လုပ်နိုင်ခြင်းကြောင့် အမေရိကန်တွင် ဥရောပ၏ ဖိနပ်တွေ အလွန်များလာမည်။ ထိုအခါ အမေရိကန် လူမျိုးများ၏ ဖိနပ်လုပ်ငန်းများ အလုပ်လုပ်၍ မရနိုင်ဘဲ ဖြစ်သွားပေမည်။ ထိုသို့ မဖြစ်အောင် အမေရိကန် ဖိနပ်လုပ်ငန်းများအား ကာကွယ်ပေးနိုင်ရန် ဥရောပမှ တင်သွင်းလာသော ဖိနပ်တစ်ရန်အပေါ် ဆင့် တော်တော်များများ အကောက်ခွန် ကောက်လိုက်နိုင်မှ ဖြစ်နိုင်ပါမည်။

ဤပြဿနာကား အမေရိကန် တောင်ပိုင်းမှ မြေပဲ စိုက်ပျိုးသူများ ရင်ဆိုင်နေခဲ့ရသော ပြဿနာပင် ဖြစ်သည်။ အမေရိကန်တွင် စားသုံးသည့် မြေပဲ ထက်ဝက်ခန့်ကို အရှေ့တိုင်းမှ တင်သွင်းခြင်း ဖြစ်သည်။ ဤသွင်းကုန် မြေပဲများကို ကုန်ကျစရိတ် အလွန်နည်းပါးစွာဖြင့် ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ တရုတ်နိုင်ငံတွင် အလုပ်သမားများကို ပေးရသော လုပ်ခငွေကြေးမှာ အလွန် နည်းသောကြောင့် ထိုသို့ ထုတ်လုပ်နိုင်ခြင်းပင်။ အရှေ့တိုင်းမှ တင်သွင်းလာသော မြေပဲများအပေါ် ကောက်ခံသည့် အကောက်ခွန်မှာ တစ်ပေါင်လျှင် ဆင့်ဝက်မျှသာ ဖြစ်သည်။ ထို့ကြောင့် အရှေ့တိုင်းမှ မြေပဲကို တင်သွင်းမည်ဆိုလျှင် အမေရိကန်များ စိုက်ပျိုးထုတ်လုပ်သည်ထက် များစွာ ပို၍ သက်သာသည်။ ဤအခြေအနေများက အမေရိကန် မြေပဲလုပ်ငန်းကို အသေသတ်ရန် ခြိမ်းခြောက်နေပေသည်။ ထို့ကြောင့် မြေပဲစိုက်ပျိုးထုတ်လုပ်သူများက-သူတို့၏လုပ်ငန်းကို ကာကွယ် စောင့်ရှောက်ပေးနိုင်ရန် အရှေ့တိုင်းမှ တင်သွင်းလာသော မြေပဲ တစ်ပေါင်လျှင် လေးဆင့်နှုန်း အကောက်ခွန် ကောက်ခံရန် တောင်းဆိုကြသည်။ ထိုသို့သော အကောက်ခွန်မျိုး စည်းကြပ်ပေးနိုင်မည်ဆိုလျှင် အရှေ့တိုင်းမှ မြေပဲ ထုတ်

လုပ်သူများနှင့် ရည်တူမျှတူ အနေအထားဖြင့် ယှဉ်ပြိုင်နိုင်လာလိမ့်မည်ဟု ၎င်းတို့က ဆိုကြသည်။

သို့ရာတွင် တောင်ပိုင်းက မြေပဲစိုက်ပျိုးသူများသည် အစိုးရက သူတို့စကားကို မနားယူမှာကို စိုးရိမ်ကြသည်။ ကွန်ဂရက်လွှတ်တော် အမတ်များကလည်း မြေပဲက ဘာတွေ ထုတ်လုပ်ရရှိနိုင်သည်ကို သာမန်ပြည်သူတို့နည်းတူပင် သိပ်သိကြသည် မဟုတ်ပေ။ လွှတ်တော်အမတ်များကို အသိအမြင်သစ်ရအောင် လုပ်ပေးနိုင်မည့် သူသည် တစ်ဦးတည်းသာ ရှိသည်။ ထိုသူကား အခြားမဟုတ်။ ပါမောက္ခကားဗား ဖြစ်သည်။

ပါမောက္ခ ကားဗား ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရရှိသည့် ကြေးနန်းစာမှာ ထိုကိစ္စအတွက် ရိုက်လိုက်သောကြေးနန်း ဖြစ်ပေသည်။

ဒေါက်တာ ကားဗား ဝါရှင်တန်သို့ ရောက်ရှိလာသည်။ သို့ရာတွင် တကယ်တမ်းအားဖြင့် အကောက်ခွန်ကိစ္စကို စိတ်ဝင်စား၍ ရောက်ရှိလာသည် မဟုတ်။ တောင်ပိုင်းက လယ်သမားများ၏ သက်သာ ချောင်ချိရေးအတွက် အလွန် စိုးရိမ်ကြောင့်ကြမိ၍ ရောက်လာခြင်းသာ ဖြစ်သည်။ မြေပဲစိုက်ပျိုးချင်လာအောင် သူတို့အား ဖျောင်းဖျ စည်းရုံးခဲ့သူမှာ သူပင် ဖြစ်ရာ၊ သူတို့ရဲ့ လုပ်ငန်းသစ် ရပ်တည်နိုင်အောင် သူတို့ကို ကာကွယ်ပေးရမည်မှာ သူ၏တာဝန်ပင် မဟုတ်ပါလော။

သူသည် ကွန်ဂရက်လွှတ်တော်၏ နည်းလမ်းကော်မတီနှင့် စနေနေ့ မွန်းလွဲပိုင်းတွင် တွေ့သည်။ အချိန်မှာ ညနေ ၄ နာရီ ဖြစ်၏။ ကော်မတီဝင်များသည် အကောက်ခွန်ကိစ္စကို ဆွေးနွေးနေခဲ့ကြသည်မှာ သုံးရက် ကြာခဲ့ပေပြီ။ သူတို့သည် ပင်ပန်းလှပြီလည်း ဖြစ်၍ အစည်းအဝေးကို ရပ်ဆိုင်းလိုက်ချင်ပြီ ဖြစ်သည်။ သို့ရာတွင် သူတို့၏ ရှေ့မှောက်သို့ တက်ရောက်လာမည့် သူတစ်ဦးက ရှိနေသေးသည်။ ထိုသူကား အခြားမဟုတ်၊ "မြေပဲဆရာကြီး" ကားဗား ဖြစ်သည်။ ကော်မတီဝင်များသည် ၎င်းအား သိပ်ကြာကြာအတွေ့ခံမနေဘဲ ချက်ချင်း နှင်ထုတ်လိုက်နိုင်မည်ဟု မျှော်လင့်ထားသည်။ ထိုသို့ ပြုလိုက်နိုင်လျှင် သူတို့လည်း အိမ်ပြန်အနားယူနိုင်တော့မည် ဖြစ်သည်။

ကော်မတီ ဥက္ကဋ္ဌသည် ဘေးဘီကို ကြည့်လိုက်ပြီး 'မစ္စတာ ကားဗား၊ မစ္စတာ ကားဗား ရှိသလား' ဟု မေးလိုက်သည်။ လေးလံသော သေတ္တာကြီးကို မ လျက် စင်မြင့်ဆီသို့ ဖြည်းညင်းစွာ လျှောက်လာသည့် ခပ်ကိုင်းကိုင်း

နီဂရိုးအိုကြီးကို သူက ကြည့်နေစဉ် အခန်းထဲ၌ ကျိတ်ရယ်သည့် အသံများ ထွက်လာသည်။ အမတ်တစ်ဦးက ပြောသည်။ 'လူကြီးမင်းက သေတ္တာထဲမှာ ဖရဲသီးနဲ့ ကြက်ကြော်တွေ ထည့်လာမယ်ထင်တယ်။ ညလယ်စာ အတွက် ပေါ့နော်'

ဒေါက်တာ ကားဗားက ဘာမှ ပြန်မပြောပေ။ "ရိုင်းတဲ့ အမူအရာတွေ ပေါ့လေ" ဟု သူ့စိတ်ထဲမှာသာ တွေးလိုက်သည်။

နောက်ထပ် အမတ် တစ်ဦးက ပြက်ရယ်စကား ဆိုပြန်သည်။ 'အကောက်အခွန် အကြောင်း ဦးက သိလို့လား။ ဦး နာမည် ဘယ်လို ခေါ်သလဲ'

ဤတစ်ကြိမ်တွင်တော့ ဒေါက်တာ ကားဗားက ပြန်ပြောဖြစ်လိုက် သည်။ 'လုံးဝ မသိပါဘူးခင်ဗျာ' ဟု ပြုံး၍ ပြောရင်း 'လူကြီးမင်းကော သိပါသလား' ဟု မေးလိုက်သည်။

ရယ်သံ တိတ်သွားသောအခါ ဒေါက်တာ ကားဗားက ပြောသည်။ 'ကျွန်တော် ဒီကိုလာတာ အကောက်ခွန်အကြောင်း ပြောဖို့ မဟုတ်ပါဘူး။ ကျွန်တော် လာတာက မြေပဲအကြောင်း ပြောဖို့ပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ နားလည်ပါတယ်' ဟု ကော်မတီ ဥက္ကဋ္ဌ မစ္စတာ ဂျိုးဇက် ဒဗ္ဗလျူ ဖော့ဒနီက ပြောလိုက်သည်။ ဖော့ဒနီသည် ယဉ်ကျေးသူ ဖြစ်သော်လည်း စိတ်ရှည်တတ်သူကား မဟုတ်။ 'ခင်ဗျား ကိစ္စကို တင်ပြဖို့ ကျွန်တော်တို့ ၁၀ မိနစ်ပဲ အချိန်ပေးနိုင်မယ်' ဟုလည်း ဆက်ပြောလိုက်၏။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ လူကြီးမင်းရဲ့ ကြင်နာမှုကို အထူးပဲ လေးစားပါတယ်' ဟု ဒေါက်တာကားဗားက ပြန်ပြောသည်။

သူသည် အပြင်ပန်းအားဖြင့်သာ သတ္တိရှိနေသော်လည်း သူ့အတွင်း စိတ်ခံစားမှု အတော်ကြီး စိတ်အားငယ်လျက်ရှိသည်။ သူ့သေတ္တာကိုဖွင့်၊ သူ ပြလိုသော ပစ္စည်းတွေ ပြသနိုင်အောင် စီစဉ်ရသည်နှင့်ပင် ၁၀ မိနစ် နီးပါး အချိန်ကုန်သွားနိုင်သည်။ သို့ရာတွင် သူ့ကို ခွင့်ပြုထားသော အချိန် အတွင်းမှာပင် ကော်မတီဝင်များအား သူ ပြော၍ရနိုင်သမျှ ပြောပြရပေတော့ မည်။ သူသည် သူ့စကားကို ရိုးရိုးကလေးနှင့် ဘာသာရပ်တစ်ခုကို ကျောင်း ဆရာ တစ်ယောက်က အတန်းတစ်တန်းအား ရှင်းလင်း ပြောပြသကဲ့သို့ အသေးစိတ် ရှင်းပြသော ပုံစံမျိုးဖြင့် စ လိုက်သည်။

'ကျွန်တော်က အယ်လ်ဘားမားပြည်နယ် တပ်စ်ကီဂီးမြို့က လာတာ



ပါ။ တပ်စ်ကီဂီး ဆိုတာ ကျွန်တော် စိုက်ပျိုးရေး သုတေသန လုပ်ခဲ့တဲ့ နေရာပါ။ ကျွန်တော် မြေပဲနဲ့ ပတ်သက်လို့ လက်တွေ့စမ်းသပ်မှုလေးတွေ လုပ်ထားတာ ရှိပါတယ်။ ကျွန်တော် လုပ်ထားတဲ့ အဲဒီ လက်တွေ့စမ်းသပ်မှု များက ထွက်ပေါ်လာတဲ့ ရလဒ်များကို ပြသလိုပါတယ်'

သူသည် သူ့သေတ္တာကို ဖွင့်လိုက်ရာ ကော်မတီဝင် အတော်များများက ကုန်းကြည့်ကြသည်။ 'လူကြီးမင်းများခင်ဗျား' ဟု သူက ပြောရင်း ခပ်ပျစ်ပျစ် အရည်များ ပါသည့် ပုလင်းတစ်လုံးကို မြှောက်ကိုင်ကာ 'ဒီဟာကတော့ နို့ပါ ခင်ဗျ'

'မြေပဲက ထုတ်တဲ့ ပဲနို့လား' ဟု မစ္စတာ ဖော့ဒနီက မေးလိုက်၏။

'ဟုတ်ပါတယ် ခင်ဗျာ၊ ပြီးတော့ ဒါကတော့' ဟု ဆိုကာ နောက်ထပ် ပုလင်းတစ်လုံးကို ထုတ်ပြလိုက်ရင်း 'ဒါကတော့ မြေပဲက ထုတ်ထားတဲ့ မလိုင် ပါတဲ့ အမှုန့်ပါ' ဟု ပြောလိုက်သည်။

'အိုက်စကရင်းဆိုဒါ အစား သုံးလို့ ကောင်းမှာပေါ့နော်'

'စားကြည့်ရင် လူကြီးမင်းတို့ စားဖူးတဲ့ အရသာတွေထဲမှာ အရသာ အရှိဆုံး ဖြစ်ပါလိမ့်မယ်။ ကျွန်တော် လူကြီးမင်းများ စားသုံးနိုင်အောင် အခု ပြင်ဆင်ပေးလိုက်ရမလား'

'နေပါစေ၊ နေပါစေ၊ အချိန်က နည်းနေလို့ပါ'

'ပြီးတော့ ... လူကြီးမင်းများ ခင်ဗျာ၊ ဒါကတော့ မြေပဲနဲ့ ကန်စွန်းဥ တို့နဲ့ စီမံထားတဲ့ နံနက် အိပ်ရာထ စားတဲ့ အစားအစာပါ'

'ခင်ဗျားက ကန်စွန်းဥကိုလည်း လက်တွေ့ စမ်းသပ်ကြည့်ပြီးသား လား' ဟု ကော်မတီဝင် တစ်ဦးဖြစ်သူ မစ္စတာ ဂျွန်အယ်န်ဂါနာက မေး သည်။ ဂါနာမှာ နောင်သောအခါတွင် အမေရိကန်ပြည်ထောင်စု၏ ဒုတိယ သမ္မတ ဖြစ်ခဲ့သူပင်။

'ဟုတ်ကဲ့ခင်ဗျာ၊ အခုအချိန်အထိတော့ ကျွန်တော် ကန်စွန်းဥက နေပြီး ထုတ်ယူရရှိတဲ့ ထုတ်ကုန်ပစ္စည်း ၁၀၇ မျိုး ရှိနေပါပြီ'

'ကျွန်တော် နားကြားများ လွဲနေသလားဗျာ' ဟု မစ္စတာ ဂါနာက ပြောသည်။

'မလွဲပါဘူး ခင်ဗျ၊ ၁၀၇ မျိုးပါ'

ယခုသော် ဒေါက်တာ ကားဗားက သူ့သေတ္တာထဲမှ နမူနာပစ္စည်း

တစ်ခု ထုတ်ပြလိုက်၊ ကော်မတီဝင်များက မေးခွန်းတွေ တသီကြီး မေးလိုက်နှင့် ဖြစ်နေကြပေပြီ။

'ခင်ဗျား ရတဲ့ အချိန် ၁၀ မိနစ်မှာ သုံးမိနစ်တော့ ကုန်သွားပြီနော်' ဟု မစ္စတာ ဖော့ဒနီက သတိပေးလိုက်သည်။

ပါမောက္ခ ကားဗားသည် ကော်မတီဝင်များအား ခပ်ပြုံးပြုံးနှင့် ကြည့်လိုက်ပြီး 'ကဲ ... လူကြီးမင်းများတို့၊ ခင်ဗျားတို့လုပ်တာနဲ့ ကျွန်တော့်အချိန် သုံးမိနစ် ကုန်သွားပြီ။ အဲဒီအချိန် ကျွန်တော့်ကို ပြန်ပေးကြမှ ကောင်းမယ် ထင်တယ်' ဟု ပြောလိုက်သည်။

'ကဲပါဗျာ၊ ခင်ဗျား အနိုင်ရသွားပါပြီ၊ ဆက်သာ ပြောပါတော့' ဟု ဖော့ဒနီက ပြောလိုက်သည်။

'လူကြီးမင်းတို့ခင်ဗျာ၊ ကျွန်တော် ဆက်ရှင်းပြရမယ်ဆိုရင် မြေပဲနဲ့ ကန်စွန်းဥ နှစ်မျိုးပေါင်းကနေပြီး အာဟာရ အပြည့်ဝဆုံး နံနက်စာစား အစားအစာကို လုပ်ယူနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ တခြား စားစရာ အစား အစာသာ မရှိခဲ့ဘူးဆိုရင် ဒီပစ္စည်းနှစ်မျိုးကနေပြီး ကျွန်တော်တို့ လိုအပ်တဲ့ အာဟာရဓာတ်ကို တကယ် ပေးနိုင်မှာ ဖြစ်ပါတယ်'

ဤတွင် မစ္စတာ ဂါနာက ထ ပြောသည်။ 'လူကြီးမင်းတို့၊ အခုလို ပြောဆို ဆွေးနွေးရတာ အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူ့ကို အချိန်တိုးပေးသင့်တယ်လို့ အကြံပေးပါတယ်'

ကော်မတီဝင်များအားလုံးက သဘောတူသဖြင့် ဒေါက်တာ ကားဗား ဆက်လက် ရှင်းလင်းပြသသည်။ သူသည် ဝေါဆက်စတာရှိုင်းယား ဆော့ ပုလင်း၊ ဟင်းသီးဟင်းရွက် ဆားစိမ် ရှာလကာရည်ပုလင်း၊ ကော့စမတစ် တောင့် တော်တော်များများ၊ ကွီနိုင် ဂုဏ်သတ္တိအချို့ပါသော ဖန်ဘူးကလေး စသည်ဖြင့် တစ်ခုပြီးတစ်ခု ထုတ်ပြလေသည်။

'အခုပြတဲ့ ဟာတွေကတော့ မြေပဲကနေပြီး ထုတ်လို့ရတဲ့ ဟာတွေ ထဲက အနည်းအကျဉ်းသာ ရှိပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်ပေးထားတဲ့ အချိန် ကုန်တော့မယ် ထင်တယ်'

'ဆက်ပြောသာပြော၊ ပြသာပြပါ' ဟု သူ့အား တိုက်တွန်းကြသည်။

'လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော် ဆက်မပြောမီ ကျွန်တော်တို့ရဲ့ အမေရိကန် မြေပဲစိုက်ပျိုးသူများကို အကာအကွယ်ပေးဖို့ လိုတယ်ဆိုတာကို အရင်ပြောမှ ဖြစ်ပါမယ်'

'ခင်ဗျား အခုဟာက အကောက်ခွန်အကြောင်း ပြောနေတာပဲ' ဟု ဥက္ကဋ္ဌက မှတ်ချက်ချသည်။ 'ခင်ဗျား ပြောတော့ အကောက်ခွန်အကြောင်း ခင်ဗျား ဘာမှ မသိဘူးဆို ...'

'အိုး ... ဟုတ်ပါရဲ့၊ အကောက်ခွန် အကြောင်း ရောက်သွားတယ်' ဟု ပါမောက္ခ ကားဗား က မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်ဖြင့် ပြောလိုက်သည်။ 'ကောင်းပါပြီ လူကြီးမင်းတို့ခင်ဗျာ၊ ကျွန်တော် သိထားတဲ့ အကောက်ခွန်အကြောင်းကတော့ ဒီလိုပါ။ ဒီဟာကြောင့် တခြား လူတစ်ယောက်ကို စီးပွားရေးလုပ်ငန်းက မောင်းထုတ်ပစ်လိုက်သလို ဖြစ်သွားနိုင်ပါတယ်'

ဤသို့ ပြန်ပြောလိုက်သဖြင့် ရယ်သံများ ထွက်ပေါ်လာစဉ် မစ္စတာ ဖော့ဒနီက သူ ထိုင်နေသည့် ကုလားထိုင်မှ ထ ကာ ဒေါက်တာ ကားဗား၏ ပခုံးပေါ် လက်နှင့်ပုတ် ပြောလိုက်၏။ 'ကဲ ... နောင်ကြီး၊ ခင်ဗျား ပြောစရာရှိတာ ပြောပါတော့။ အချိန်အကန့်အသတ် မထားတော့ပါဘူး'

ဒေါက်တာ ကားဗားသည် ပြုံးလျက် ဆက်ပြောသည်။ သူ၏ သေတ္တာထဲမှ ပစ္စည်းတွေ တစ်ခုပြီးတစ်ခုကို မျက်လှည့်ဆရာ သူ့ဦးထုပ်ထဲမှ ပစ္စည်းတွေ ထုတ်ထုတ်ပြသလို ထုတ်ပြသည်။ ကမာကောင် အတုတွေ၊ အသားတုတွေ၊ ဟင်းသီးဟင်းရွက် အသုပ်တွေ၊ ရုလကာရည်တွေ၊ လှည်းဝင်ရိုးသုတ်ဆီတွေ၊ ပုံနှိပ်မင်တွေ၊ ဆပ်ပြာခဲတွေ၊ ခေါင်းလျှော်ရည်တွေ စသည်ဖြင့် ပစ္စည်းအမယ် (အမည်) ပေါင်း သုံးရာခန့် ထွက်လာသည်။ ထိုပစ္စည်းများ အားလုံးမှာ မြေပဲမှ ထုတ်ယူရရှိသော ပစ္စည်းများချည်း ဖြစ်သည်။ ဒေါက်တာ ကားဗားသည် နှစ်နာရီ နီးပါးမျှ စကားပြောသွားသည်။ သူပြော၍ ပြီးဆုံးသွားသောအခါ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် သြဘာပေးကြသည်။

ပြန်တော့မည် ဟူ၍ လှည့်ထွက်လိုက်စဉ် မစ္စတာ ဖော့ဒနီက သူ့ကို တားလိုက်သည်။ 'ပါမောက္ခကြီး ကားဗား ခင်ဗျာ၊ ကျွန်တော်တို့ကော်မတီကိုယ်စား ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ပါမောက္ခကြီးဟာ အံ့သြချီးမွမ်းဖွယ် အကောင်းဆုံး ပြသပွဲကို လုပ်သွားတဲ့အတွက် ကျွန်တော်တို့ မြင်ခွင့်ရခဲ့ကြပါတယ်'

ဤပြသပွဲ၏ ရလဒ်အနေဖြင့် ထိုကွန်ဂရက်လွှတ်တော် နည်းလမ်း

ဂေါ်မတီသည် အကာအကွယ်ပေးသည့် ၁၉၂၁ ခုနှစ် အကောက်ခွန် ဥပဒေမူကြမ်းထဲတွင် မြေပဲကိုပါ ထည့်သွင်းပေးရန် မဲပေးဆုံးဖြတ်ခဲ့ကြသည်။

မြေပဲလုပ်ငန်းတွင် ဦးဆောင်နေကြသော သူများထဲမှ တစ်ဦးဖြစ်သူ မစ္စတာ တွမ်ဟူစတန်က လက်ဆောင်ပေးမည်ဆိုလျှင် မည်သို့သော လက်ဆောင်ကို လက်ခံလိုပါသလဲဟု ပါမောက္ခ ကားဗားကို မေးသည်။

'စိန်' ဟု ပါမောက္ခကားဗားက ပြောသည်။

မစ္စတာ ဟူစတန်သည် ပလက်တီနမ် လက်စွပ်ကွင်းတွင် စိန်ကို ထည့်၍ စီစေပြီး ကားဗားထံသို့ ထိုလက်စွပ်ကို ပို့လိုက်သည်။ သီတင်းပတ်အနည်းငယ်ကြာပြီးနောက် ဟူစတန်သည် ကားဗားထံသို့ အလည်ရောက်လာသောအခါ ကားဗားအား သူ ပို့ပေးလိုက်သော လက်ဆောင်ကို ကြိုက် မကြိုက်မေးသည်။

'ဟုတ်ကဲ့၊ ကျွန်တော် အဲဒါကို အများကြီး ကြိုက်ပါတယ်'

'ဒါပေမဲ့ ခင်ဗျား လက်ချောင်းပေါ်မှာ ဝတ်ထားတာလည်း မမြင်ပါလား'

'ကျွန်တော့်မှာ အဲဒီလက်စွပ်ကို ထားဖို့ ပိုပြီး အရေးကြီးတဲ့နေရာ ရှိတယ် ခင်ဗျ။ ခင်ဗျားကို ကျွန်တော် ပြပါရစေ'

ကားဗားသည် သူ၏ ဧည့်သည်အား ဓာတ်ခွဲခန်းထဲသို့ ခေါ်သွားသည်။ ဘူမိဗေဒဆိုင်ရာ ပစ္စည်းနမူနာများ ထည့်ထားသော သေတ္တာကို လှပ်ပြလိုက်၏။ အမေရိကန်နိုင်ငံ၏ မြေပဲစိုက်ပျိုးသူများအတွက် ကားဗားဆောင်ရွက်ပေးခဲ့သည်များအနက် ဟူစတန် ပေးထားသော စိန်လက်စွပ်သည် ထိုသေတ္တာထဲ၌ အခြားသော တွင်းထွက်ပစ္စည်း အမျိုးမျိုးတို့နှင့်အတူ တည်ရှိနေလေသတည်း။



## အခန်း (၁၄)

# ကျွန်တော် ရောင်းတာက လူသားအချင်းချင်း ချစ်ကြည်နူးလည်းမှုပါ ခင်ဗျာ

ပါမောက္ခ ကာဗားသည် အောင်မြင်မှုများစွာ ရရှိနေသော ပုဂ္ဂိုလ်ကြီးပင် ဖြစ်သော်လည်း ဝါရှင်တန်နှင့် အသွားအပြန် ခရီးကို ဂျင်မ်ခရိုးကားဖြင့်သာ သွားရသည်။ ဂျင်မ်ခရိုးကား ဆိုသည်မှာ လူမည်းများအတွက် သီးသန့်ထားသော ရထားလုံးကို ဆိုလိုသည်။ သူသည် အမေရိကန် တောင်ပိုင်းအနှံ့ သွားရောက် ဟောပြောရာတွင် ဤခရီးသွားလာနည်းကိုပင် အသုံးပြုရသည်။ တစ်ခါတစ်ရံ နီဂရိုးများကို မလိုလားသော မြို့တစ်မြို့သို့ ဟောပြောရန်အတွက် လာရသည့်အခါမျိုးတွင် သူ့ကို ခဲနှင့် ပိုင်းပေါက် နှင်ထုတ်တာမျိုး ခံရသေးသည်။ တောင်ပိုင်းတစ်ခွင်သို့ သွားလာရာတွင် သူ့မှာ စားရမည့်နေရာ၊ အိပ်ရမည့် နေရာအတွက် ပြဿနာ အတော်တက်သည်။ ရေဆာ၍မှလည်း အများပြည်သူသုံး ရေပန်းမှ ရေသောက်၍ မရ။ "လူမည်းများအတွက်" ဟူ၍ သတ်မှတ်ထားသော မြေအောက်ခန်းများသို့ ဆင်းရသည်။

တစ်ခါက သူသည် မောင်ဂိုမာရီမြို့အနီးရှိ မြို့ကလေးတစ်မြို့မှ ကျောင်းကလေး တစ်ကျောင်းမှာ ဟောပြောပို့ချဖို့ လာခဲ့သည်။ သူ မီးရထား

ပေါ်က ဆင်းလိုက်သည့်အခါ မျက်နှာဖြူ အမျိုးသမီး ဓာတ်ပုံဆရာ တစ်ဦးကို တွေ့သည်။ ထိုအမျိုးသမီးမှာ တောင်ပိုင်းက လူတွေ၏ နေထိုင်မှုဘဝကို ဓာတ်ပုံရိုက်ရန် လာခဲ့သောသူ ဖြစ်သည်။ မီးရထားဘူတာရုံ၌ ပါမောက္ခ ကားဗား လာရောက် ဟောပြောဖို့ ဖိတ်ကြားထားသော ကျောင်းမှ ဆရာက မြင်းတစ်ကောင်နှင့် လူနှစ်ယောက်စီး ရထားလုံး (ဘာဂီ) နှင့်အတူ စောင့်နေသည်။ အမျိုးသမီး ဓာတ်ပုံဆရာက သူ့ကိုလည်း တင်ခေါ်ပါဦးဟု ပြောသည်။ ရထားလုံးပေါ် တက်မိကြသည့်အခါ ကားဗားက ထိုအမျိုးသမီးနှင့် တောင်ပိုင်းတွင် ကြုံတွေ့နေရသော ပညာရေး ပြဿနာများအကြောင်းကို ပြောသည်။ ထိုမြို့ရှိ ဟိုတယ်ကလေးတစ်ခုသို့ ရောက်သည့်အခါ ထိုအမျိုးသမီး ရထားပေါ်မှ ဆင်းသည်။ သူတို့ ရထားကို စီးလာရ၍ ကျေးဇူးတင်ကြောင်း ပြောသည်။ ထို့နောက် ပါမောက္ခ ကားဗားနှင့် အိမ်ရှင် ကျောင်းဆရာတို့သည် သူတို့၏ ကျောင်းကလေးသို့ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။

ညဥ့်သန်းခေါင်လောက် ရောက်သောအခါ ပါမောက္ခ ကားဗားသည် သံပုံးတီးသံလို ဆူဆူညံညံ အသံများကြောင့် အိပ်ရာမှ လန့်နိုးသည်။ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ အမှောင်ထဲ၌ ဦးထုပ် အကြီးကြီးများ ဆောင်းထားကြသော မြင်းစီးသမား လူအုပ်ကြီးနှင့် ရိုင်ဖယ်သေနတ်များမှ ထွက်ပေါ်လာသော ပြိုးပြိုးပြောင်ပြောင် အရောင်များကို မြင်ရသည်။ ပထမ သော် ထိုလူဆိုးများ လိုက်ရှာနေသည်မှာ မိမိ ဖြစ်နေမှန်း ကားဗား မသိသေး။ 'မျက်နှာဖြူ အမျိုးသမီးနဲ့ အတူတူ စီးလာတဲ့ လူမည်း ဘယ်မှာလဲဟေ့' ဟု အော်ဟစ်သံများကို ကြားရသည့် အခါမှသာလျှင် လူဆိုးများ သူ့ကို လိုက်ရှာနေမှန်း သိရတော့သည်။

ယခုတော့ ကောင်းကောင်းကြီး သိလိုက်ပြီဖြစ်ရာ သူသည် အဝတ် အစား မြန်မြန်လဲ၍ နောက်ဖေးတံခါးမှ အသာကလေး လစ်ထွက်ခဲ့ရလေ သည်။ အေးစက်လှသော မိုးက တဖွဲဖွဲ ရွာနေသည်။ ဤမြို့သည် ကားဗား အတွက် သူစိမ်းပြင်ပြင်မြို့ဖြစ်၍ မီးရထားလမ်း ဘယ်မှာ ရှိမည်ကိုလည်း ကားဗား မတွေးတတ်။ သူသည် အမှောင်ထဲမှာ တိုး၍ လျှောက်လာရသည်။ လူအုပ်ကြီးက သူ့နောက်မှာ သူနှင့် သိပ်မဝေးတော့ပေ။ လူအုပ်ကြီး အတော် နီးကပ်လာသောအခါ သူသည် မြောင်းတွေထဲ ပုန်းနေရသည်။ သူ့ကို ဝိုင်း၍ ရိုက်နှက်အပြစ်ပေးကြမည့် လူအုပ်ကြီးဘေးမှ လွတ်ရန် သူသည် လမ်းမှ နေ၍ လယ်ကွင်းတွေထဲသို့ ပြေးခဲ့ရလေသည်။ သူသည် သူ သွားရမည့်



လမ်းကို တိုးဖယ်၍ လာခဲ့ရရာ ဆူးချုံ ပိတ်ပေါင်းများက ရိုက်မိသည်နှင့် သူ့မျက်နှာမှာ စုတ်ပြတ်ကုန်သည်။ ရွှံ့ဗွက်အိုင်များထဲသို့ လဲကျသဖြင့် တစ်ကိုယ်လုံး ရွှံ့ရွှံ့စိုစို နစ်လေသည်။ သူ့နလုံးသည် တဒုန်းဒုန်း ခုန်နေ၍ အသက်ကို မနည်းရှူရသည်။ သို့ရာတွင် သူ နားနေ၍မဖြစ်၊ ဆက်၍ ပြေးရသည်။ တစ်သက်နှင့်တစ်ကိုယ် အမဲလိုက်ခံရသော တိရစ္ဆာန်တစ်ကောင်၏ ထိတ်လန့်ကြောက်ရွံ့မှုမျိုးကို ကိုယ်တွေ့ ကြုံလိုက်ရခြင်းပါပေ။

သူသည် တစ်ညလုံး တဖွဲဖွဲနှင့် ကျနေသော နှင်းခဲမိုးထဲ၌ ပြေးလွှားခဲ့ရသည်။ မိုးသောက်ရောင်နီပေါ်စ အချိန်တွင် နောက်တစ်မြို့ရှိ မီးရထားဘူတာရုံသို့ ရောက်လာခဲ့သည်။ သူသည် ရထားစောင့်ရင်း နားနေသည့်အခန်းထဲ၌ အားအင်ကုန်ခန်း နွမ်းလျနေသည်။ ကံအားလျော်စွာ ရထားသည် အချိန်မှန်မှန် ဆိုက်လာ၍ သူလည်း အသက်ဘေးမှ လွတ်မြောက်သွားခဲ့လေသည်။

သို့ပင်ဖြစ်သော်လည်း သူသည် သူ၏လူမျိုးအပေါ် နှိပ်စက်ကလူပြုကြသည့် သူများအကြောင်း မကောင်းစကား၊ မကျေနပ်သည့်စကားကို တစ်ခွန်းမှ မဟာခဲ့ပေ။ သူသည် ထိုသူများအား တန်ပြန် ပြစ်ဒဏ်ခတ်ဖို့ထက် ထိုသူတို့အား ပညာပေးရန်သာ စိတ်သန်ပေသည်။ "ကျွန်ုပ်သည် မည်သူကပင် ကျွန်ုပ်အား မည်မျှ နှိမ့်ချ ဆက်ဆံ ဆက်ဆံ၊ ထိုသူအား ကျွန်ုပ်က မုန်းလိမ့်မည် မဟုတ်ပေ" ဟု သူက ဆိုခဲ့သည်။

အခြားသူတို့၏ ရက်စက်မှုများကို လှလှပပကြီး ခံလာရသောကြောင့်ပင်လျှင် ပါမောက္ခ ကားဗားသည် ဒုက္ခ သုက္ခ ရောက်နေကြသော သတ္တဝါအားလုံးအပေါ် သနားကရုဏာစိတ်များ တဖွားဖွား ဖြစ်လာလေသည်။ တစ်နေ့သ၌ အသက် ၁၀ နှစ်လောက်အရွယ် ကောင်ကလေး တစ်ယောက်သည် လက်ဆောင်ပစ္စည်းတစ်ခု ယူလာကာ သူ့ကို ပေးသည်။ ထိုကလေးပေးသည့် လက်ဆောင်မှာ အသိုက်တစ်ခုအတွင်း၌ တွေ့ရသော မြေလူးငှက်ပေါက်ကလေး ဖြစ်သည်။ ကားဗားသည် ထိုငှက်ပေါက်စကလေးကို လက်ထဲ၌ထားကာ သူ၏ အမွေးနုကလေးများအား သူ့လက်ချောင်းများနှင့် ပွတ်သပ်ပေးသည်။ မြေလူးငှက်သီချင်းသံမျိုးကို လေချွန်ပြကာ ငှက်ကလေး ကြောက်စိတ်ပြယ်အောင် သူက လုပ်ပေးသည်။ 'ငှက်ကလေးက ငါ ဆိုပြတာ နားလည်တယ်ကွ။ ဒါကြောင့် သူ မကြောက်တော့တာပေါ့' ဟု သူက ထိုကလေးငယ်ကို ပြောပြလေသည်။

ထို့နောက် သူက ထိုကောင်ကလေးအား မြေလူးငှက်အကြောင်းကို ပြောပြသည်။ သူတို့ နေပုံ ထိုင်ပုံ၊ ဘာ အစားအစာမျိုးကို စားသည်၊ အသံဘာသာစကားဖြင့် သူတို့ ခံစားချက်ကို ဘယ်လို ဖော်ပြတတ်သည် စသည်ဖြင့် ရှင်းပြခြင်း ဖြစ်သည်။ 'အခု မင်းက သူတို့အကြောင်းကို သိနားလည်သွားပြီဆိုတော့ မင်း ငှက်ကလေးကို သူ့အသိုက်ကို ပြန်ရောက်အောင် ပို့ပေးနော်။ ကလေးငယ်တစ်ယောက်ကို သူ့မိခင်ဆီက ယူလာတယ် ဆိုတာ မလုပ်ကောင်းဘူးနော်' ဟူ၍လည်း ပြောပြလိုက်လေသည်။

လူတွေနားလည်အောင် ပြပေးရန်မှာ ကားဗား၏အလုပ် ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် သူသည် ကိုယ်ရေးကိုယ်တာ ထိခိုက်နစ်နာမှုများ၊ အဆင်မပြေမှုများနှင့် အန္တရာယ်များပင် ရှိသော်လည်း နိုင်ငံအနှံ့အပြားသို့ သွား၍ ဟောပြောမှုများ ပြုသည်။ ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်ပြသည့်အချိန် ကြာကြာပို၍ရအောင် သူသည် ဂုဏ်ထူးဆောင် ပါမောက္ခ လုပ်လိုက်ရသည်။ ဂုဏ်ထူးဆောင် ပါမောက္ခ ဟူသည် အငြိမ်းစားယူထားသော ပါမောက္ခတစ်ဦးပင်။ သူသည် အငြိမ်းစား ယူလိုက်သည် ဆိုရသော်လည်း စာသင်ခန်းပြင်ပ၌ သင်ပြပေးခြင်း အလုပ်မှကား အနားယူခြင်း မရှိပါ။ ထို့အတူ လေ့လာ ဆည်းပူးခြင်းမှလည်း အနားမယူပါ။ သူသည် ယနေ့တိုင်အောင်ပင် သူ့ကိုယ်သူ ကျောင်းသား ဟူ၍ ခေါ်ဆဲပင်။ "ဘဝ ဆိုတာ စေ့စပ်သေချာတဲ့ ပြင်ဆင်မှု လိုအပ်တယ်။ စေ့စပ်သေချာတဲ့ ပြင်ဆင်မှုဟာလည်း တစ်သက်ပန်လုံး လေ့လာဆည်းပူးမှု လိုအပ်တယ်" ဟု သူက ပြောခဲ့သည်။

သူ၏ ဟောပြောချက်များမှာ ပညာရှင်ဆန်ဆန် ဟောပြောခြင်းမျိုးထက် စကားစမြည် ပြောဆိုခြင်းလို ဟောပြောခြင်းများ ဖြစ်သည်။ သူသည် ကိုယ့်ကို နားထောင်နေသော ပရိသတ်ထက် ခေါင်းတစ်လုံး ပိုမြင့်သည့်အနေမှ ရပ်၍ ဘယ်တော့မှ မပြော။ သူ ပြောလိုသည့် အချက်များကို နားပေါက်စေရန်အတွက် သဘာဝမှ သို့မဟုတ် နေ့စဉ်ဘဝမှ သရုပ်များကို ယူ၍ ပြတတ်သည်။ သူ၏ ပရိသတ်များသည် ပျင်းပုံရသည် ဟု သတိပြုမိသောအခါ သူသည် သမ္မာကျမ်းစာမှ အဆိုအမိန့် တစ်ခုဖြင့် လှန့်နှိုးပေးတတ်သည်။ 'အို အမောင်လူပျင်း၊ ပုရွက်ဆိတ်ထံ သွားလော့။ ပုရွက်ဆိတ်၏ နည်းကိုယူ၍ ပညာရှိစေလော့' သူ၏ ပရိသတ်များအား မိမိတို့ လုပ်ငန်းကို မည်သို့မည်ပုံ စီစဉ် ဆောင်ရွက်သင့်ကြောင်း ပြောလိုသည့်အခါ သူ သဘော

အကျဆုံး နည်းကား ပင့်ကူသည် သူ၏ ပင့်ကူအိမ်ကို မည်သို့ ရက်ကြောင်း ရှင်းပြခြင်းပေတည်း။

'ကျွန်တော်တို့မှာ လက်ချောင်းတွေ တော်တော်များများ ရှိကြသလို ပင့်ကူမှာလည်း ရက်တဲ့ဟာတွေ တော်တော်များများ ရှိကြတယ်။ ပင့်ကူ ပင့်ကူအိမ် ရက်ပုံကို ကြည့်ကြည့်ပါ။ ပထမဦးစွာ သူက ပင့်ကူမျှင်လုံး ငါးလုံး ခြောက်လုံးကို လုပ်တယ်။ ပြီးတော့ အမျှင်တစ်မျှင်ကို ဒီဘက်၊ နောက် အမျှင်တစ်မျှင်ကို ဟိုဘက်ကို ရက်သွားတယ်။ အဲဒီ ချည်မျှင်လုံး ကုန်သွားတဲ့အထိ အဲဒီအတိုင်း ရက်သွားတာပဲ။ ဒီအလုံးတွေနဲ့ ဆက်ထားတဲ့ ချည်မျှင်တွေဟာ သူ့ခန္ဓာကိုယ်ကနေပြီး ထွက်လာတယ်။ အဲဒီ ချည်မျှင် တွေဟာ ဆိုင်းထားတဲ့ ကြိုးတွေရဲ့ တာဝန်မျိုး ထမ်းဆောင်တယ်။ ထက် အောက် ဒေါင်လိုက် ကျနေတဲ့ အဲဒီ ဆိုင်းကြိုးတွေပေါ်မှာ ဘေးတိုက်ပြေးတဲ့ အပ်ချည်တွေနဲ့ တစ်မျှင်ပြီး တစ်မျှင် ရက်ရက်သွားလိုက်တာ ပင့်ကူအိမ် ပြီးလာတဲ့အထိပဲ။ အဲဒီလို ပထမကိစ္စ ပထမလုပ်၊ နောက်ဆုံးမှ ကိစ္စကို နောက်ဆုံးမှ လုပ်ခြင်းဖြင့် ပင့်ကူဟာ သူ့အလုပ်ကို တိတိကျကျ၊ မြန်မြန် ဆန်ဆန်နဲ့ အချိုးညီညီ ပြီးအောင် လုပ်သွားတယ်။

'အခု ခင်ဗျားတို့ကို ဘုရားသခင်က ပင့်ကူရဲ့ အသိဉာဏ်မျိုးလောက် အသိဉာဏ်တွေ အများကြီး ကောင်းချီးပေးထားပြီး ဖြစ်တယ်။ ပင့်ကူဟာ သူ့အသိဉာဏ်ကို သူ သုံးသွားသလို ခင်ဗျားတို့လည်း ကိုယ့်အသိဉာဏ်ကို သုံးကြပါ' ဟု ဒေါက်တာကားဗားက ပြောတတ်သည်။

သူသည် လူတွေကို အလုပ်လုပ်ပုံ လုပ်နည်း သင်ပေးသည်။ ဆာ လောင် မွတ်သိပ်သောအခါ အစာရေစာ ပေးသည်။ နာမကျန်း ဖြစ်သည့် အခါ ကူညီ စောင့်ရှောက်ပေးသည်။ တောင်သူလယ်သမားများသည် သူတို့ ၏ နာမကျန်း ဖြစ်နေသော တိရစ္ဆာန်များကို "ပါမောက္ခ ကားဗား" ထံသို့ ယူဆောင်လာကြသည်။ သူတို့က ပါမောက္ခ ကားဗားတွင် "ထိတိုင်းပျောက်" သိဒ္ဓိမျိုး ရနေသည်ဟု ထင်ကြပုံရသည်။ လူဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ သူ့ လက်ချောင်းများနှင့် ပွတ်လိုက်လျှင် အနာရောဂါတွေ ကင်းစင်သွားနိုင်သည် ဟု ယူဆကြသည်။ မွေးကင်းစကတည်းက သွက်ချာပါဒ လိုက်လာခဲ့သဖြင့် ထိုရောဂါဝေဒနာ၏ဒဏ်ကို ခံလာခဲ့ကြရသော လူမမာများကို သူ့ထံသို့ ခေါ်ယူလာကြကာ သူ့လက်နှင့် ပွတ်သပ်ပေးခိုင်းသည်။

တကယ်တော့ သူ၏ အထူး ကျွမ်းကျင်မှုမှာ သစ်ပင်ရောဂါများကို

ပျောက်ကင်းအောင် ကုသပေးနိုင်ခြင်းသာ ဖြစ်သည်။ သူသည် နိုင်ငံအတွင်း၌ "ရှေ့ဆောင်သစ်ပင်ဆရာဝန်" ဟူ၍ အသိအမှတ်ပြု ခံလာရသည်။ သူ တွေ့ရှိသော သစ်ပင်ဆေး အတော်များများကို သူ့ကို ဂုဏ်ပြုသည့်အနေနှင့် သူ့အမည်ဖြင့် "ကားဗား ဆေးများ" ဟု အမည်ပေးထားသည်။ အလေ့အကျင့်ရနေသော သူ့မျက်လုံးသည် သာမန်လူတို့ မျက်စိဖြင့် မမြင်နိုင်သော၊ အလွန်သေးငယ်၍ အရေးပါသော ရောဂါလက္ခဏာများကို မြင်နိုင်စွမ်း၏။ တစ်နေ့သ၌ သူသည် သူ့ထံသို့ စစ်ဆေးကြည့်ရန် ပို့ပေးလိုက်သော အပင်အထုပ်ကလေးကို ဖြေလျက်ရှိသည်။ ထိုသို့ အထုပ်ကို ဖြေနေစဉ် သူသည် ရုတ်တရက် သူ့အလုပ်ကို ရပ်လိုက်သည်။ 'ဒီအထုပ်ကို ချည်ထားတဲ့ ကြိုးကို ကြည့်စမ်း။ အဲဒီကြိုး ထူးဆန်းနေတာကို မြင်သလား' ဟု သူက မေးသည်။

'အထုပ်ထဲမှာ အစိုဓာတ်ကြောင့် ရွှတ်စိုနေတာက လွဲလို့ ဘာမျှ မမြင်မိပါဘူး ဆရာ' ဟု သူ၏လက်ထောက်က ပြောသည်။

'ဒါပေမဲ့ အဲဒီ စိုနေတဲ့ နေရာထဲက တစ်နေရာမှာ မှိုကလေးကို ကြည့်စမ်း၊ တွေ့လား၊ မင်း မြင်သလား'

'မြင်ပြီ ဆရာ၊ ဆရာ ပြမှပဲ မြင်တော့တယ်'

'အဲဒီမှိုဟာ မှိုအမျိုးအစားသစ် တစ်ခုလို့ ငါ့စိတ်မှာ ထင်နေတယ်။ ငါ အရင်က ဒါမျိုး မမြင်ခဲ့ဖူးဘူး မှတ်တာပဲ။ ကြည့်လို့ သိပ်ကောင်းတယ်ကွ'

သူသည် ဓာတ်ခွဲခန်း စမ်းသပ်မှုဖြင့် ကြိုးကလေး တစ်ချောင်းကို ထည့်ကြည့်ရာ ထိုမှိုမှာ အလွန် ရှားပါးသော သစ်ပင်ရောဂါ တစ်မျိုး ဖြစ်နေကြောင်း တွေ့ရသည်။ ထိုမှိုမျိုးကို အင်္ဂလန်တွင်သာ တစ်ကြိမ် တွေ့ဖူးသည်။ အမေရိကန်နိုင်ငံတွင် ယခင်က တစ်ခါမျှ မတွေ့ခဲ့ဖူးပေ။

ဤတွေ့ရှိချက်ကြောင့် သူသည် အမေရိကန် တောင်ပိုင်း လယ်ယာစိုက်ခင်းများသို့ ခရီးတွေ့ အကြိမ်ကြိမ် ထွက်ခဲ့ရသည်။ ရောဂါပိုးအသစ်သည် ဝါကွင်းများကို ဖျက်ဆီးစပြုနေပြီ ဖြစ်ကြောင်း တွေ့ရသည်။ ဤရောဂါပိုးက အားမကောင်းသေးမီ သူ့ကို စစ်ဆေးကြည့်နိုင်မိခဲ့၍ ကံကောင်းသည်ဟု ဆိုရမည်။ ထို့ကြောင့် သူသည် တောင်ပိုင်းမှ ဝါများ ပျက်စီးဆုံးရှုံးမည့် ဘေးမှ ကာကွယ်လိုက်နိုင်သည်။

ယခုအခါ လူတွေက သူ့အား "တန်ခိုးရှင် အလုပ်သမား" ဟု ခေါ်ဝေါ်လာခဲ့ကြလေပြီ။ သို့ရာတွင် သူသည် ထိုသို့သော အလွန်အကျူး ချီးကျူးခေါ်ဝေါ်ကြသော ဘွဲ့နာမများကို လက်မခံပါ။ 'တန်ခိုးပြာဋိဟာ ပြနိုင်တာ

ထာဝရ ဘုရားသခင် တစ်ဦးတည်းသာ ရှိပါတယ်' ဟု သူက ပြောသည်။ 'ကျွန်တော်က ဘုရားသခင်ရဲ့ စပျစ်ခြံထဲက သာမန် အလုပ်သမားတစ်ဦး မျှသာပါ' ထို့ပြင် သူသည် သူတို့၏ အပင်များကို ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်သည့်အတွက်ဟု ဆိုကာ ငွေကြေးများ ပေးကြပါသည်။ ပေးသမျှတို့ကို ပြန်ပို့လေသည်။ 'ဘုရားသခင်က သစ်ပင်တွေ ပေါက်အောင် လုပ်ပေးခြင်းအတွက် ဘာအခကြေးငွေမျှ မယူပါဘူး။ ဒါကြောင့် ကျွန်တော် ကလည်း ကုသပေးခြင်း အတွက် ဘာလို့ အခကြေးငွေ ယူရမှာလဲ' ဟု ပြောကာ ငြင်းလေသည်။

ကားဗားသည် အားလပ်သည့် အချိန်တွင် သမ္မာကျမ်းစာ သင်တန်း ဖွင့်၍ သင်ပေးသည်။ သူ့ရည်ရွယ်ချက်မှာ ဘာသာရေးနှင့် သိပ္ပံပညာ အကြားမှာ ဘာပဋိပက္ခမျှ မရှိကြောင်း ပြသရန် ဖြစ်သည်ဟု သူက ပြောသည်။ သူသည် သူ၏ ဘာသာရေး ဟောပြောချက်များကို ပြောက်ကျားပြောက်ကျား ပြုသည်။ သိပ္ပံပညာ ဟောပြောချက်များကိုလည်း ထိုသို့ပင် ပြောက်ကျား ပြောက်ကျား ပြုသည်။ ထိုသို့ ပြုသည့်အခါတွင် သရုပ်ဖော် ပုံများနှင့် ရှင်းလင်းစွာ ဟောပြောသည်။ တစ်ခါက ဆိုဒမ်နှင့် ဂိုမော်ရာ မြို့ကြီးများ ပျက်စီးပုံ အကြောင်းကို ဆွေးနွေးစဉ် သူက သူ့စားပွဲပေါ်မှာ ဓာတုပစ္စည်း အချို့နှင့် ကစားပြလိုက်သည်။ 'ကဲ ... အဲဒီ မြို့နှစ်မြို့ ဘာဖြစ်သွားသလဲ' ဟု မေးသည်။ အမေးနှင့်အတူ မီးလျှံတစ်ခု ဟုန်းခနဲ ပေါက်ကွဲထွက်လာသည်။ သူသည် ဆိုဒမ်မြို့နှင့် ဂိုမော်ရာမြို့တို့၏ ဒုစရိုက် ပြစ်မှုများ အတွက် ကောင်းကင်ဘုံမှ မီးကျရောက်လာပုံကို ဓာတုပစ္စည်းများကို အသုံးပြုလျက် သရုပ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

သူသည် သူ့အား ပေးထားသော လခမှလွဲ၍ အပြင်မှ ပေးကြ ကမ်းကြသော ပေးကမ်းမှုများကို ငြင်းပယ်သော်လည်း သူ့ကို လူတွေက ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ပေးသော လက်ဆောင်ပစ္စည်း အသေးအမွှားများကိုမူ လက်ခံသည်။ ထိုသို့သော လက်ဆောင်ပစ္စည်းများထဲမှ လက်ဆောင်တစ်ခု မှာ ကြွေထည် ဆေးလိပ်ပြာခံခွက်ကလေး ဖြစ်သည်။ မြေပဲစေ့အခွံသဏ္ဍာန် ဆေးခြယ်ထားသော ခွက်ကလေး ဖြစ်၏။ သူသည် ထိုခွက်ကလေးကို သူ၏ ဓာတုပစ္စည်းများ ထည့်စရာ ပစ္စည်းအဖြစ် အသုံးပြုသည်။ သူသည် ဆေးလိပ်သောက်သူ မဟုတ်၍ ဆေးလိပ်ပြာခံခွက်ကို သူ မလိုအပ်သော

ကြောင့်ပင်။ 'ဆေးရွက်ကြီးဟာ စားစရာ မဟုတ်သလို သောက်စရာလည်း မဟုတ်ဘူး။ ဒါကြောင့် ဆေးလိပ်သောက်ဖို့ အသင့်ဆုံး နေရာကတော့ မီးခိုးခေါင်းတိုင်ပဲ ဖြစ်တယ်ဗျ။ ထာဝရ ဘုရားသခင်က ကျွန်တော်တို့ကို မနှာသ မီးခိုးခေါင်းတိုင်တွေ ဖြစ်စေချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ နှာခေါင်းပေါက်တွေကို အပေါ်လှည့်ထားပြီး နှာခေါင်းရဲ့ ထိပ်ဖျားမှာ ထားမှာပေါ့ဗျာ' ဟု သူက ပြောလေ့ရှိသည်။

သို့ရာတွင် ပါမောက္ခ ကားဗားသည် လက်ဖွာမှုတွင် မွေ့လျော်ပြန်သည်။ လက်ဖွာမှု ဆိုသည်မှာ ပေးချင် ကမ်းချင်ခြင်းကို ဆိုလိုပါသည်။ အိမ်ထောင်လည်း မပြု၊ ကျွေးမွေး စောင့်ရှောက်ပေးစရာ မိသားစု ဟူ၍လည်း မရှိသူ ဖြစ်ပေရာ သူသည် တပ်စ်ကီဂီးတွင် ရှိသော ကျောင်းသားအားလုံးကို သူ့သားသမီးများအဖြစ်သာ မှတ်ယူသည်။ သူ့ပတ္တာအိတ် ပိန်ပိန်ကလေးမှာ အမြဲတမ်း ပွင့်နေသည်။ ထိုကျောင်းသားများ အဝတ်အစားတစ်စုံ ဝယ်ဖို့ လိုအပ်သည်ဆိုလျှင် ထုတ်ထုတ်ပေးနေသောကြောင့်ပင်။ ကျောင်းသားများက တူရိယာပစ္စည်း တစ်ခုခုမှာ သူတို့၏ ပင်ကိုပါရမီ အစွမ်းအစကလေးများ ပြလိုက်သည် ဆိုလျှင်လည်း ထိုအတွက် သူ့အိတ်ထဲမှ ထုတ်ပေးလိုက်သည်သာ။ ကျောင်းသားများ၏ အိပ်ဆောင်နှစ်ခု (ယောကျ်ားကလေးဆောင်နှင့် မိန်းကလေးဆောင်) အတွက် စန္ဒရားများလည်း နှစ်ကြိမ် ဝယ်ပေးဖူးပေသည်။ ဖြစ်နိုင်လျှင် သူ လှူဒါန်းသမျှကို မည်သူ လှူမှန်းမသိ နည်းမျိုးဖြင့် လှူသည်။ သူသည် ရက်ရောသော သဒ္ဓါတရားရှိသူကြီးအဖြစ် ပြရမှာကို မုန်းတီးသောကြောင့် ထိုသို့ အမည်မဖော်လိုသူ အဖြစ်နှင့်သာ လှူဒါန်းခြင်းဖြစ်ပေသည်။

သူ ဤသို့ ပေးကမ်းစွန့်ကြဲလိုစိတ် ဖြစ်ပေါ်ခြင်းမှာ အားလုံးသော သတ္တဝါများအပေါ် ကြင်နာသနားလိုသော စိတ်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ တစ်နေ့တွင် သူသည် နာမကျန်း ဖြစ်နေသော တိရစ္ဆာန်တစ်ကောင်ကို ကြည့်ရှုစစ်ဆေးရန် လက်တဲတစ်ခုသို့ ရောက်လာသည်။ လယ်သမား၏ ဇနီးက သူ့ကို မှုးယစ်ဆေး ရောင်းသူနှင့် လူမှားသည်။ 'ရှင် ဘာရောင်းမလို့ လာတာတုံး' မေးပြီး တံခါးဆောင့်ပိတ်လိုက်မည် ပြုလေသည်။

'ကျွန်တော် ရောင်းမလို့ လာတာက လူသားအချင်းချင်း ချစ်ကြည်နားလည်မှုပါ ခင်ဗျာ' ဟု ရက်ပြုံးပြုံး၍ ဖြေလိုက်လေသည်။



## အခန်း (၁၅)

## စော်ကားခံရမှုများနှင့် ဂုဏ်ပြုမှုများ

ဂျော့ကားဗားသည် စော်ကားခံရမှုများ ကြုံနေရသေးသလို ချီးကျူး ဂုဏ်ပြုမှုများကိုလည်း ဆက်လက် ရရှိနေပေသည်။ စော်ကားကြခြင်းကတော့ သူ့အသားအရောင်က မည်းသောကြောင့် ဖြစ်ပါ၏။ ဂုဏ်ပြုကြသည်ကတော့ သူက တော်၍ ဖြစ်ပါသည်။ သူသည် ယခုလည်း အားလပ်သည့်အခါ ဂီတနှင့် ပန်းချီတို့ဖြင့်သာ အချိန်ကုန်ပါသည်။ သို့ပင်ဖြစ်သော်လည်း စန္ဒရားဆရာ အကျော်အမော် "ပေဒါရူးစကီး" မောင်ဂိုမာရီမြို့သို့ လာသောအခါ ကားဗားသည် သွားရောက်နားထောင်နိုင်ခြင်း မရှိခဲ့။ အဘယ်ကြောင့် ဆိုသော် လူမည်းများအား ဓာတ်ရုံထဲသို့ အဝင်မခံ၍ ဖြစ်ပါ၏။ မောင်ဂိုမာရီမြို့မှ ပန်းချီခန်းမတွင် ကျော်ကြားထင်ရှားသော အီတလီ ပန်းချီကားများကို စုဆောင်းပြသပွဲ လုပ်တော့လည်း ကားဗားကို ကြည့်ရှုခွင့် မပေးခဲ့ကြပါ။

လူမည်းတစ်ဦးအဖို့ အချို့သော လူဖြူတို့၏ ဘုရားရှိခိုးကျောင်းများတွင် ဘုရားရှိခိုး ဝတ်ပြုရန်ပင် မဖြစ်နိုင်သောအရာ ဖြစ်နေပေသည်။ ဤအခြေအနေများသည် လူဖြူ အများအပြားတို့အတွက် ရှက်စရာ ဖြစ်နေပေသည်။ တစ်နေ့သ၌ ခရစ်ယာန် ဘုန်းတော်ကြီး တစ်စုသည် လူမျိုးအချင်းချင်း ဆက်ဆံရေးမကောင်း ဖြစ်နေခြင်းအတွက် ကောင်းမွန် ပြေလည်စေမည့် ဆေးနည်းကို ပြောပြဖို့ သူ့အား တောင်းပန်ကြသည်။ 'ကျွန်တော့် ဆေးနည်း

ကတော့ အလွယ်ပါပဲ ခင်ဗျာ၊ ဘုရားသခင်ကို ချစ်လာတတ်အောင် သင်ယူပါ။ ဘုရားသခင်ကို ချစ်တတ်သူဟာ သူနဲ့ ဘဝတူ လူသားချင်းကို မမုန်းတော့ပါဘူး' ဟု ကားဗားက ပြန်ပြောလေသည်။

ပါမောက္ခ ကားဗားသည် လူတစ်ဦးက အခြားသူတစ်ဦးကို စော်ကားသည့်အခါတိုင်း ထိုသို့ စော်ကားခြင်းမှာ လူမျိုးကြောင့် ဖြစ်စေ၊ အသားအရောင်ကြောင့် ဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုကြောင့် ဖြစ်စေ ထိုအကြောင်းများထဲက တစ်ခုခုကြောင့် ဖြစ်နေတတ်ကြောင်း တွေးမိသည်။ အစော်ကားခံရသူကိုထက် စော်ကားသူကို ပို၍ သနားသင့်သည်ဟု သူက ယူဆ၏။ 'နှိပ်စက်ကလူပြုခြင်း ဆိုတာ ရောဂါတစ်ခုပဲ။ နှိပ်စက်ကလူ ပြုချင်တဲ့လူတိုင်းဟာ ကိုယ်ကျင့်တရား ဆိုင်ရာ သမားတော်ရဲ့ အကူအညီကို လိုအပ်တယ်' ဟု ကားဗားက ပြောဖူးသည်။

ထို့ကြောင့် သူသည် သူ့ဘဝကို အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် ဖြင့်ပင် ဖြတ်သန်းလာခဲ့သည်။ သူ့ကို ပစ်ပစ်ခါခါ ငြင်းပယ်ခံရသည့် အခါတွင်လည်း ငါ့ကို စော်ကားလေသည်ဟု မဖြစ်။ ချီးကျူး ဂုဏ်ပြုခံရသည့် အခါတွင်လည်း သွေးလေမြောက်၍ ဝမ်းသာအူမြူး မဖြစ်ခဲ့ပေ။

အသက်အရွယ် ရလာသည်နှင့်အမျှ ချီးကျူး ဂုဏ်ပြုမှုတွေကလည်း ခပ်စိပ်စိပ်ပင် ဝင်လာမစဲ ဖြစ်လာသည်။ သူသည် ၁၉၂၃ ခုနှစ်တွင် "စပင်းဂါးန်ဆု" ကို ရသည်။ လူမည်းသိပ္ပံပညာရှင်တစ်ဦး အနေဖြင့် ထူးချွန်ပြောင်မြောက်မှုကို ရရှိခြင်းအတွက် ပေးသော ဆုတံဆိပ် ဖြစ်ပါသည်။ ထိုဆု ရပြီး မကြာမီ ဆင်မ်ပဆန် တက္ကသိုလ် ဥက္ကဋ္ဌ ဒေါက်တာဂျွန်အယ်လ် ဟီးလ်မန်ထံမှ စာတစ်စောင် ရရှိသည်။ "သင် ရင်ဆိုင်ခဲ့ရသော အခက်အခဲများကို စဉ်းစားကြည့်လိုက်မိသည့်အခါ ကျွန်ုပ်သည် သင်၏ အောင်မြင်မှုများကို ကြည့်၍ အံ့ဩမိသည်။ သင်၏ အမိ တက္ကသိုလ်က သင့်အား ဂုဏ်ထူးဆောင် သိပ္ပံ ပါရဂူဘွဲ့ကို အပ်နှင်း၍ ဂုဏ်ပြုလိုက်ပေသည်" ဟု ထိုစာတွင် ရေးထားပေသည်။

သူ့နာမည် သတင်းစာထဲတွင် မကြာခဏ ပါလာသည်။ အမေရိကန်နိုင်ငံ အတွင်းမှာရော ပြည်ပနိုင်ငံများတွင်ပါ ဖြစ်သည်။ လန်ဒန်မြို့ Efficiency Magazine က သူ့အကြောင်းကို အယ်ဒီတာ့အာဘော် အထူးဆောင်းပါးအဖြစ် ရေးသားဖော်ပြသည်။ "လူ့ဘဝမှာ အဆိုးဝါးဆုံး တာထွက်ခဲ့ပြီး အကောင်းဆုံး ပန်းဝင်နိုင်ခဲ့သူသည် ဘယ်သူပါနည်းဟု ကျွန်ုပ်အား မေးငြား

အံ့။ ဒေါက်တာ ကားဗား ဖြစ်သည်ဟု ဖြေရပေမည်။ အင်္ဂလန်နိုင်ငံတွင် သူ့လိုလူမျိုး မရှိခြင်းသည်ကား ကျွန်ုပ်တို့အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးပင်" ဟု ရေးသားဖော်ပြလေသည်။

သတင်းထောက်များက သူနှင့် တွေ့ဆုံမေးမြန်းလို၍ လာသောအခါ သူသည် ယဉ်ကျေးပျူငှာစွာ လက်ခံ တွေ့ဆုံသည်။ သို့ရာတွင် များများစားစားကား မပြောပေ။ အဘယ်ကြောင့်ဆိုသော် ကိုယ့်အကြောင်းကိုယ် ပြောရမှာအတွက် အလွန် ဝန်လေး နိမ့်ချတတ်သောကြောင့်ပင်။ သူက ဟောပြောရန်အတွက် စင်မြင့်ပေါ် တက်လိုက်စဉ် သူ့အား လွန်လွန်ကဲကဲ ချီးကျူးသော စကားလုံးများနှင့် မိတ်ဆက်ပေးသည်ကို ကြားရသည့်အခါ သူသည် ပြုံးလျက်နှင့် ခေါင်းခါနေတတ်သည်။ သူသည် ဟောပြောသည့်အခါ သူ့ဟောပြောချက်ကို ဤသို့သော စကားများဖြင့် စ တတ်သည်။ 'ကျွန်တော့်ကို မြှောက်ပင့် ချီးကျူးတဲ့ စကားများကို ကြားရတဲ့အခါ ကျွန်တော် အတော်ပဲ အံ့အားသင့်မိပါတယ်။ ဘာဲကြောင့်တုံးဆိုတော့ ကျွန်တော်က ကျွန်တော် အရင်တုန်းက ငါ မသိတာတွေ အများကြီး ရှိခဲ့ပါကလားလို့ ကိုယ့်ဘာသာကိုယ် သိထားလို့ပါပဲ'

ယခုအခါတွင်မူ ကားဗားသည် ထင်ရှားကျော်စောသော ပုဂ္ဂိုလ် တစ်ဦးဦးထံမှ လာရောက်ဟောပြောဖို့ ဖိတ်ကြားသည့် ဖိတ်ကြားချက် မရရှိသော သီတင်းပတ် ဟူ၍ မရှိသလောက် ဖြစ်လာခဲ့သည်။ ဆွီဒင်က အိမ်ရှေ့မင်းသားသည် တပ်စ်ကီဂီးတွင် သူနှင့်အတူ နှစ်ညအိပ် နေသွားသည်။ ဝေလမင်းသားသည် သစ်ပင် ပန်းမန် စိုက်ပျိုးရေးအကြောင်းကို သူ့ထံ လာရောက်၍ ဆွေးနွေးတိုင်ပင်သည်။ ဒုတိယသမ္မတ ကူးလစ်ဂျ်သည် လူမည်း စစ်ပြန်များအား ဂုဏ်ပြု တည်ဆောက်သည့် ဆေးရုံကို ဖွင့်လှစ်ပေးဖို့ ဝါရှင်တန်မှ ဆင်းလာသောအခါ ကားဗားအား တပ်စ်ကီဂီးတွင် ဝင်တွေ့သွားသည်။

ကားဗားနှင့် ကူးလစ်ဂျ် ဆွေးနွေးပွဲသည် အလွန် ထူးခြားသည်။ အများအားဖြင့် ပေါင်းသင်းဆက်ဆံရေးတွင် ဟက်ဟက်ပက်ပက် ရှိခဲ့လှသော လူနှစ်ယောက်တို့သည် တစ်ဦးနှင့် တစ်ဦး တွေ့လိုက်သောအခါ အချင်းချင်း သဘောကျသွားကြပြီး အချိန်ကြာညောင်းစွာ ရင်းရင်းနှီးနှီး ပြောဆိုခဲ့ကြလေသည်။

ဖြစ်ပုံမှာ ဤသို့ ဖြစ်သည်။

မစ္စတာ ကူးလစ်ဂျ် တပ်စ်ကီဂီးသို့ ရောက်လာသောအခါ လူတိုင်းက

သူ၏ အဖက်မလုပ်ချင်သော ဟန်ပန်ကို သဘောမကျကြပါ။ "မင်္ဂလာ ညပါ" "မင်္ဂလာ နံနက်ခင်းပါ" ဟူသော စကားထက်လည်း ဘာမျှ ပိုမပြော သဖြင့် လူများသည် သူ့ရှေ့မှာ နေကြရခြင်းအတွင် စိတ်မသက်သာကြပါ။ တစ်ဦးကမူ သူ့ကို တောင်ပိုင်းက အရသာရှိသော ငုံးသားနှင့် ညစာ ထမင်းပွဲ တည်ခင်း ဧည့်ခံလျှင် သည့်ထက် နည်းနည်းပိုပြီး စကားပြောချင် ပြောလာ နိုင်ဖွယ် ရှိသည်ဟု အကြံပေးသည်။

ထမင်းချက်သည် ရှင်ဘုရင်မင်းမြတ်တို့နှင့်သာ သင့်လျော်မည့် ငုံးသား ဟင်းကို စီစဉ် ချက်ပြုတ်သည်။ ဒုတိယ သမ္မတကြီးသည် အရသာတွေ့ပုံ ကား ရ၏။ သို့ရာတွင် ညစာ စားသုံးနေစဉ်အတွင်း သူ့နှုတ်က ထွက်လာ သော တစ်ခွန်းတည်းသော စကားမှာ 'ဆားကလေး လှမ်းစမ်းပါ' ဟူ၍သာ ဖြစ်သည်။

ထိုအခါ ထမင်းချက်သည် အကြံတစ်ခု ရသည်။ 'ဧည့်ခံပွဲတစ်ခုမှာ မစ္စတာ ကူးလ်ရစ်ဂျ်နဲ့ မစ္စတာ ကားဗားတို့ကို တွေ့ပေးရရင် မကောင်းလား။ သံမဏိကို ကျောက်ခဲနဲ့ ပွတ်ရင် မီးထွက်လာမယ် မဟုတ်လား'

ထမင်းချက်၏ အကြံအတိုင်း လိုက်နာလိုက်ကြရာ အလုပ်ဖြစ်သွား သည်။ ပါမောက္ခကြီးနှင့် နိုင်ငံရေး ခေါင်းဆောင်ကြီးတို့ နှစ်ဦးစလုံးမှာ တူနေသော ဝါသနာချင်း တွေ့သွားသည်။ သစ်ပင်များကို ချစ်မြတ်နိုးသော ဝါသနာပင်။ သူတို့နှစ်ဦးသည် အကြာကြီး စကားပြောကြ၏။ အသက်ပါကာ တက်ကြွ လှုပ်ရှားလာကြ၏။ နှစ်ယောက်သားသည် တကယ်ရင်းနှီးသော မိတ်ဆွေများအဖြစ် ခွဲခွာကြလေသည်။

တဖြည်းဖြည်းနှင့် ကားဗားနှင့် တစ်ကမ္ဘာလုံးမှ ထင်ရှားသော ခေါင်း ဆောင်ကြီးများတို့ အတွင်း ခင်မင်ရင်းနှီးမှုတို့သည် ကွန်ရက်တစ်ခုပမာ ကြီးထွားလာခဲ့သည်။ ထိုခေါင်းဆောင်ကြီးများ အများအပြားက သူတို့ထံ လာရောက် လည်ပတ်ရန် ဖိတ်ကြားကြသည်။ အချို့သော ဖိတ်ကြားချက် များကို စိုက်ပျိုးရေး ပြဿနာများနှင့် ပတ်သက်၍ သူ့ထံမှ အကြံဉာဏ် လိုချင်ကြသည့် နိုင်ငံရပ်ခြားမှ နိုင်ငံ့ခေါင်းဆောင်များထံမှ ရရှိခြင်း ဖြစ်သည်။ သို့ရာတွင် ထိုသို့သော ဖိတ်ကြားချက် အားလုံးကို သူ ငြင်းလေသည်။ 'ကျွန်တော့်နေရာကတော့ ကျွန်တော့်လူမျိုးနဲ့ အတူရှိနေရမယ့် တပ်စ်ကီဂီး ပါပဲ' ဟု သူက ပြောသည်။

တပ်စ်ကီဂီးတွင် သူ့မျက်နှာကို ကြေးနီဖြင့် နံရံမှာ သတ္တုပြား ထွင်း



ဂျော့ ဝါရှင်တန် ကားဗား၏ ကြေးရုပ်တု

ထားသော အရုပ်ဖြင့် ဂုဏ်ပြုထားသည်။ သဏ္ဍာန်ပြားပေါ်မှ ဒီဇိုင်းကို "အစ်ဆာ ဘဲလ်ရှုလ်ဖ်" က ဖော်ပေးထားခြင်း ဖြစ်သည်။ အင်ဆာဘဲလ် ရှုလ်ဖ်သည် ကားဗားက ငြိမ်ငြိမ်ထိုင်ဖို့ ငြင်းဆန်နေသကြောင့် ခက်ခက်ခဲခဲ လုပ်ယူခဲ့ရသည်။ ကားဗား၏လက်တွင် သူ့ပစ္စည်းကိုရှိသမျှစုနှင့်သာ အလုပ်ရှုပ်နေပြီး သူ့နှခေါင်းက ဓာတုပစ္စည်း အမျိုးမျိုးထဲကိုပဲ ထိုးခိုက်နေခဲ့သည်။ မစ္စက် ရှုလ်ဖ်သည် သူ ဆွဲထားသော ဒီဇိုင်းကို ပြ၍ 'ဘယ့်နှယ်နေလဲဟင်' ဟု မေးလိုက်တိုင်း 'ကျွန်တော် ဘယ်လို နေမယ်ဆိုတာ ကျွန်တော်က ဘယ်လို လုပ် သိမှာလဲ' ဟု ပြန်ပြောတတ်သည်။

နောက်ဆုံးတော့ သူ့ကို ပြန်လည် နေရာယူ ထိုင်ခိုင်းကာ သူ့ပုံကို ဖမ်းမိနိုင်ရန်အတွက် သူ့လက်ထဲမှာ စာအုပ်တစ်အုပ် ထည့်ပေးထားခဲ့ရလေသည်။ သူသည် စာအုပ်ကို ယူလျက် မျက်မှန်တပ်လိုက်သည်။ မျက်မှန်ကိုင်းက ရွှေကိုင်းမျက်မှန်မျိုးပါပဲ။ သို့ရာတွင် နားကို ကုပ်တွယ်ရသည့် ကိုင်းများကို တိပ်ကြိုးအနက်နှင့် ကြေးဝါယာကြိုးတို့ဖြင့် ချည်နှောင်၍ ဆိုင်းထားလေသည်။

သို့သော်လည်း မစ္စက် ရှုလ်ဖ်သည် သူ့မျက်နှာပုံတူကို ရအောင်ကားနည်းဗျူဟာဆင်၍ လုပ်ယူနိုင်ခဲ့ပေသည်။ ထိုကြေးရုပ် မျက်နှာမှာ လှပ၍ တည်ငြိမ်သည်။ နဖူးခံကြောများ ရှုံ့နေပုံမှာ သူ၏ ပြည့်ဝသော စိတ်ကို ဖော်ပြနေသလို ရှိသည်။ ချိုင့်ဝင်နေသော မျက်လုံးများက သူ၏ တည်ငြိမ်သော သမာဓိကို ဖော်ပြနေ၏။ မဟာဆန်သော နှခေါင်း၊ နူးညံ့သော ပါးစပ်၊ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲ ရှိနေသော အထက်နှုတ်ခမ်း၊ တိုက်ခိုက်မှုတစ်ခု ပြုရမည်ဆိုလျှင် အပြင်မထွက်စေရ ဟူ၍ တင်းခံထားသည့်ပမာ နောက်သို့ ပြန်ဆွဲထားသော မေးစေ့တို့မှာ သူ၏ ကြင်နာသော အပြုံးကြောင့် ကျက်သရေ ဖျန်းထားသော သူ၏ရုပ်သွင်ကို ပေါ်လွင်အောင် ဖော်ပြပေးလျက် ရှိကြသည်။

သူ၏ ကြင်နာမှုအပြုံးမှာ မြင်မြင်သူတိုင်းအား ဆွဲဆောင်ထားနိုင်သော သံလိုက်ပမာ ရှိပါပေသည်။ သူ့ကို ရန်လိုစိတ်ဖြင့် ပြစ်တင်ဝေဖန်သူတို့အား ချစ်ခင်ပျူငှာရှိသော မိတ်ဆွေများအဖြစ်သို့ အကြိမ်ကြိမ် အဖန်ဖန် ပြောင်းလဲပေးနိုင်ခဲ့သည်မှာ ဤ အပြုံးထဲက ကြင်နာမှုပင် ဖြစ်သည်။ သူ့အတွက် အားရဖွယ် အကောင်းဆုံး အတွေ့အကြုံထဲမှ တစ်ခုမှာ ဂုဏ်ပြု ထမင်းစားပွဲ တစ်ခုမှ အတွေ့အကြုံ ဖြစ်သည်။ တစ်ညသ၌ ဘာလင်ထီမိုး

မြို့ရှိ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ သူ့အား ဖိတ်ကြား၍ ဂုဏ်ပြု ညစာစားပွဲ တည်ခင်း ဧည့်ခံသည်။ ထိုနေ့ နံနက်က သူသည် ထိုမြို့တွင်ပင် ရှိသော မော်ဂန်ကောလိပ်တွင် ဟောပြောခဲ့၏။ မော်ဂန် ကောလိပ်မှာ နီဂရိုးကျောင်း တစ်ခု ဖြစ်သည်။ ထိုပွဲသို့ ဖိတ်ကြားခံရသည့် တစ်ဦးတည်းသော အခြား လူမည်းမှာ ထိုကောလိပ်၏ မော်ကွန်းထိန်း ဒေါက်တာ အက်ဒွပ် ဝီလ်ဆင် သာ ဖြစ်သည်။

ဂုဏ်ပြု ထမင်းစားပွဲ ဖွင့်လှစ်လိုက်စဉ် ဒေါက်တာ ဝီလ်ဆင်သည် ညစာ စားပွဲခန်းထဲသို့ ဝင်လာသည်။ သူသည် လူတွေကြားထဲတွင် သူ၏ ကြော့ရှင်းသော ကိုယ်နေဟန်ပန်ကို ပြ၍ ဂုဏ်ယူနေ၏။ အဘယ်ကြောင့် ဆိုသော် သူလည်း အခြားသော ဧည့်သည်တော်များနည်းတူ ပြစ်မျိုးမထင် သော ညချမ်း ပွဲလမ်းဝတ်စုံကို ဝတ်စားဆင်ယင်လာနိုင်သောကြောင့် ဖြစ် သည်။ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ ပါမောက္ခ တော်တော်များများသည် သူ့ကို နှုတ်ဆက်ဖို့ ရှေ့သို့ တက်လှမ်းလာကြသည်။ 'ဒေါက်တာ ကားဗား မဟုတ်ပါလား ခင်ဗျာ' ဟု ပါမောက္ခတစ်ဦးက ပြောသည်။

'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်က သူ့မိတ်ဆွေပါ'

ဒေါက်တာ ဝီလ်ဆင်သည် သူ့နောက်က ခြေသံများ ကြား၍ လှည့် ကြည့်လိုက်သည်။ အခန်းထဲ ဝင်လာသူကား ဒေါက်တာ ကားဗား ဖြစ် သည်။ လူတိုင်း ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ကျော်ကြားလှ သော သိပ္ပံပညာရှင်ကြီးသည် အယ်ပါကား ကုတ်အင်္ကျီ အနွမ်းကလေးကို ဝတ်ထားသည်။ သူ ဝတ်ထားသည့် ဘောင်းဘီနှင့်လည်း ဘယ်လိုမှ မလိုက် ဖက်သည့်အင်္ကျီ ဖြစ်ပါ၏။ လည်စည်းကလည်း လက်နှင့် ရက်ထားသော လည်စည်း၊ ဖိနပ်ကလည်း နေ့ပေါင်းများစွာ မြင်တွေ့လာခဲ့ရသော ဖိနပ်။ သူ့ရုပ်အင်္ကျီကတော့ မီးပူထိုးပြီးစပါပဲ။ ဖိနပ်များကလည်း ကောင်းစွာတော့ တိုက်ထားပါပေသည်။ သို့ရာတွင် သူ ဝတ်လာသော ဤဝတ်စုံကား ဤသို့ စည်းကြီးကမ်းကြီးနှင့် ကျင်းပသော ညစာစားပွဲများနှင့်ကား မည်သို့မျှ မလျော် သော ဝတ်စုံပါပေတကား။

ဤသို့လျှင် အရှက်ရသွားသူ ဒေါက်တာ ဝီလ်ဆင်ကလည်း ယူဆ ၏။ ထို့အတူ ထင်ရှားသော ပုဂ္ဂိုလ်၏ အမှတ်လက္ခဏာမှာ ဟန်ရပန်ရ ဝတ်ကောင်းစားလှ ဝတ်ဆင်ခြင်း ဖြစ်သည်ဟု အယူရှိကြသည့် ညစာစားပွဲ တက် အခြားသော ဧည့်သည်များကလည်း ယူဆကြလေသည်။

ညှို့သည်များသည် မိမိတို့ နေရာများတွင် တိတ်ဆိတ်စွာ နေရာယူကြပြီး ဒေါက်တာ ကားဗား ရှိရာဘက်သို့ အထင်သေးသော မျက်လုံးများဖြင့် ကြည့်ကြသည်။ သို့ရာတွင် မကြာလိုက်ပါချေ၊ သူတို့၏ စိတ်မကျေနပ်မှုများသည် ဒေါက်တာ ကားဗား၏ ထူးခြားစွာ ဆွဲဆောင်နိုင်သော ဥပဓိ လက္ခဏာအောက်တွင် ပျောက်ပြယ်သွားကြသည်။ သူတို့ မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးကြသည်။ သူကလည်း မေးသမျှကို အေးဆေးသော အမူအရာဖြင့် ဟာသကလေးများ နှောကာ ဖြေသည်။ သူသည် မည်သို့သော အကြောင်းအရာပင် ဖြစ်ဖြစ် မသိ ဟူ၍ မရှိသလောက် သိထားသူ ဖြစ်ပေရာ၊ အိုလီဗာ ဂိုးလ်စမစ်၏ **လူသူမရှိသောရွာ** ဟူသော ဝတ္ထုထဲက ကျောင်းဆရာ၏ စကားကို နားထောင်ကြရသည့် လူများကဲ့သို့ ဖြစ်သွားကြလေသည်။

ထိုဝတ္ထုထဲ၌ ပါသော–

*သူတို့က စိုက်ကြည့်မိလေ သူတို့မှာ ပို၍ အံ့သြလာရလေ၊*

*သည်ခေါင်းသေးသေးလေးနှင့် သည်လောက် သိထားသည့်*

*အရာတွေ ဘယ်လို သယ်လာပါလိမ့်။*

စာသားအတိုင်းပင် ဖြစ်ပါ၏။

ညှို့သည်တစ်ဦးက ပြောသည်။ 'လူကြီးမင်းဟာ မဟတ္တမဂန္ဓီ စားရမယ့် အထူး ဓာတ်စာတွေကို ထောက်ခံပေးလိုက်တယ်လို့ ကျွန်တော် နားလည်ထားပါတယ်'

ဒေါက်တာ ကားဗားက ဖြေသည်။ 'ဟုတ်ပါတယ် ခင်ဗျ၊ ဒီ ဟိန္ဒူသူတော်စင်ကြီးဟာ အားနည်းနေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ကျွန်တော်က မြေမှ ပေါက်လာတဲ့ အရာတွေဟာ သူ့မှာ လိုအပ်တဲ့ အားအင်ကို ဖြည့်ပေးနိုင်တယ်လို့ သူ့ကို ပြောခဲ့ပါတယ်'

'ဒါပေမဲ့ သူ အသားကိုတော့ မစားပါဘူး' ဟု နောက်တစ်ဦးက စောဒကတက်သည့် အနေဖြင့် ပြောသည်။

'အသီးအရွက်ကို မျှတအောင် စားနိုင်ရင် အသားကို မလိုတော့ပါဘူး'

နောက်တစ်ဦးက ပြောပြန်၏။ 'လူတွေက ပြောကြတယ်၊ ခင်ဗျားဟာ ခင်ဗျားရဲ့ ကျောင်းသားတွေကို အိပ်မွေ့ချသလို ညှို့ယူဖမ်းစားနိုင်သတဲ့'

'ဟုတ်ပါတယ်၊ ကျွန်တော်က ကျွန်တော့် လက်ချာနဲ့ သူတို့ကို အိပ်အောင် လုပ်တတ်ပါတယ်'

ထိုစကားကို ကြားကြရသည့်အခါ တခစ်ခစ်ရယ်သံများ ဖြစ်ပေါ်လာသည်။

တစ်ဦးကမူ 'ဒေါက်တာ ကားဗား ခင်ဗျာ၊ ကျွန်တော်တို့ကို တကယ် အတည်ပြောစမ်းပါ။ ဆရာတစ်ဦး အဖြစ်နဲ့ ဒေါက်တာ အောင်မြင်မှုရတဲ့ လျှို့ဝှက်ချက်က ဘာပါလဲ ခင်ဗျာ'

'အဲဒီအတွက်တော့ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး။ ကျွန်တော်က သူတို့ကို ပြောစရာရှိတဲ့အခါ စကားပြောပါတယ်။ ပြောစရာ မရှိတဲ့အခါ ကျွန်တော် ဘာမျှမပြောဘဲ ငြိမ်နေပါတယ်။ ကျွန်တော်က ကျွန်တော့်တပည့် ကျောင်းသားများကိုလည်း အဲဒီအတိုင်းလုပ်ဖို့ အကြံပေးပါတယ်'

ညှို့သည်အတော်များများသည် သဘောတူ ခေါင်းညိတ်ကြသည်။ ဒေါက်တာ ကားဗားက ဆက်ပြောသည်။ 'ကျွန်တော်တို့ရဲ့ အကောင်းဆုံး အကြံဉာဏ် စိတ်ကူးတွေဟာ ကျွန်တော်တို့ရဲ့ တိတ်ဆိတ်စွာ ကမ္မဋ္ဌာန်း ထိုင်ခြင်း ပြုနေတဲ့အခါမှာ အမြဲတမ်း ပေါ်လာတတ်ပါတယ်။ ကျွန်တော် တွေ့ထားတာကတော့ ပါးစပ်ပိတ်ထားစဉ်မှာ စိတ်က အပွင့်ဆုံး ဖြစ်နေတယ် ဆိုတဲ့ အချက်ပါပဲ'

ညှို့သည်များ သဘောကျ၍ ခေါင်းညိတ်လိုက်ကြပြန်သည်။ ထိုအခါ ဒေါက်တာ ကားဗားက ပြောသည်။ 'ကျွန်တော်က ဘာသာရေးသမား ပါ။ တိတ်ဆိတ်နေတဲ့အခါ ကျွန်တော်တို့ဟာ အကောင်းဆုံး ဆုတောင်းနိုင် သလို အကောင်းဆုံး စဉ်းစားနိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်'

'ခင်ဗျားရဲ့ ဘာသာရေးက ဘာပါလဲ' ဟု ညှို့သည်တစ်ဦးက မေးသည်။

'ကျွန်တော်တို့ရဲ့ အသိဉာဏ်တွေ အားလုံးဟာ ထာဝရ ဘုရားသခင် ထံက လာတယ် ဆိုတဲ့ ယုံကြည်ချက် ရိုးရိုးကလေးပါပဲ။ နေ့တိုင်း ထာဝရ ဘုရားသခင်ထံမှာ ကျွန်တော် ဆုတောင်းပါတယ်။ ကျွန်တော့်အား စကြဝဠာ ကြီးရဲ့ စာသင်ခန်းထဲမှာ ရှင်တော်မြတ် ဟောကြားတဲ့ သင်ခန်းစာများကို သိနားလည်နိုင်တဲ့ ပညာကို ပေးသနားပါ၊ ဆက်သွယ်နိုင်တဲ့ ခွန်အားကို ပေးသနားပါလို့ ဆုတောင်းခြင်း ဖြစ်ပါတယ်'

ပါမောက္ခ ဒေါက်တာ ကားဗားသည်ကား အများတကာ ဆရာတို့ ထက် သာလွန်သော ဆရာ ဖြစ်ခဲ့သည်မှာ ထာဝရ ဘုရားသခင်၏ အများ တကာတို့ထက် သာလွန်သော ကျောင်းသားတစ်ဦး ဖြစ်သောကြောင့်ပါ တည်း။



## အခန်း (၁၆)

## နှစ်၏ အထူးခြားဆုံး လူ

ဒေါက်တာ ကားဗားသည် အသက် ၇၀ ကျော် ရှိလာသောအခါ လက်ထောက် အသစ်တစ်ယောက်ကို လက်ခံ၍ ထိုသူအား သူ ကွယ်လွန်သွားသော် သူ၏ စာတ်ခွဲခန်းကို ဆက်လက် တာဝန်ယူသွားနိုင်အောင် လေ့ကျင့်သင်ပေးသည်။ ထိုလက်ထောက်အသစ်ကား "ဩစတင် ကားတစ် ဂျူနီယာ" ဆိုသူ ဖြစ်သည်။ ကားတစ်ကား ကားဗား၏ ကိုယ်ပွားဟု ဆိုနိုင်လောက်သူပါပေတည်း။ သူတို့နှစ်ဦးစလုံးသည် ကြေဝင္ဂာကြီးတည်း ဟူသော ဆရာမြတ်၏ ခြေအစုံဝယ် နဖူးမြေကျ နိဝါတဖြင့် ဆည်းပူးသင်ယူကြသည့် တပည့်ကောင်းကြီးများ ဖြစ်ကြပါပေသည်။

ဒေါက်တာ ကားဗား၏ ရှေ့ဆောင်လမ်းပြမှုဖြင့် ကားတစ်သည် ဓာတ်ခွဲခန်း၏ လျှို့ဝှက်ချက်များနှင့် သင်ကြားနည်း အတတ်တို့ကို သင်ယူတတ်မြောက်ခဲ့သည်။ ကားတစ် သူ၏ ပထမဦးဆုံးသော ဟောပြော ပို့ချချက်ကို ပြုစဉ်က ကားဗားက ဤသို့ ပြောခဲ့၏။ 'မင့် ဟောပြောချက်က ရှင်းရှင်းလင်းလင်း ရှိတယ်။ မင်း ပြောတာ သိပ်ကောင်းတယ်။ ဒါပေမဲ့ မင်း သုံးတဲ့ စကားလုံးတွေက နည်းနည်း ခက်လွန်းနေတယ်။ အလွယ်တကူ

နားမလည်နိုင်ဘူး။ ပြောတဲ့အခါ အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး ပြောပါ' ထိုနောက် သူ့တပည့်၏ ပခုံးကို ပုတ်လျက် 'အစာကျွေးချင်ရင် အစာကို လူတွေ မမီနိုင်တဲ့နေရာ မထားရဘူးကွ' ဟုလည်း ပြောလိုက်လေသည်။

ဆရာတပည့် နှစ်ယောက်တို့သည် သားနှင့်အဖကဲ့သို့ တစ်ဦးအပေါ် တစ်ဦး အလွန် အရေးပေး ဆက်ဆံကြသည်။ ရာသီဥတု အလွန်အေးသော နေ့များတွင် ဒေါက်တာ ကားဗားသည် ရှပ်အင်္ကျီကလေးနှင့် အပြင်ထွက်သွားမည်ပြုသောအခါ တပည့်ဖြစ်သူက ဆရာ့ပခုံးပေါ်မှာ သူ၏ အပေါ်ဝတ် ကုတ်အင်္ကျီကို လွှားပေးကာ နမော်နမဲ့ လုပ်ရလေသလောဟု မြည်တွန်တောက်တတ်သည်။ ထိုအခါ ဆရာဖြစ်သူက ပြန်အော်၏။ 'ငါ မင့်အကူအညီ မပါဘဲနဲ့ နေလာခဲ့တာ အနှစ်စုနှစ်ဆယ် ရှိပါပြီကွ'

တပည့်ဖြစ်သူက ဓာတ်ခွဲခန်းထဲမှ မထွက်နိုင်ဘဲ အကြာကြီး အလုပ်လုပ်နေသည့်အခါ ဆရာဖြစ်သူက 'ဟေ့ ... ဟေ့၊ ထွက်စမ်း၊ ထွက်စမ်း။ ငါ့လက်ထဲမှာ လူမမာလက်ထောက်မျိုး ရနေပါဦးမယ်' ဟု ပြောတတ်သည်။

ဒေါက်တာ ကားဗားက သူ့တပည့် မစ္စတာ ကားတစ်ကို သူ့ထက် လခ ပိုပေးရန် တောင်းဆိုသည်။ 'သူက လူငယ်တစ်ယောက်၊ သူ့မှာ ကျွေးမွေးထောက်ပံ့ရမယ့် မိသားစု ရှိတယ်' ဟု ပြောသည်။ ဒေါက်တာ ကားဗားက သူ့လခကိုမှ တိုးမယူ။ ယခင်အတိုင်းပင်။ သူ့ဆန္ဒအတိုင်း တစ်နှစ် ဒေါ်လာ ၁၅၀၀ ပေးထားသည်။ ထိုလခအတွက်ရသော ချက်လက်မှတ် အများစုကိုလည်း ဘဏ်မှာ သည်အတိုင်းပင် မထုတ်ယူဘဲ ထားသည်။

၁၉၂၉-၃၀ စီးပွားပျက်ကပ်ကြီး ဆိုက်စဉ်က သူ့ကို မိတ်ဆွေတစ်ဦးက မေးသည်။ တပ်စ်ကီဂီးက ဘဏ်တွေ အဲဒီအချိန်တုန်းက ငွေထုတ်မပေးနိုင်ဘဲ ဖြစ်ကုန်သည်ကို သိပါသလောဟု မေးခြင်းပင်။ "သိသားပဲ၊ ကျွန်တော့်ငွေတွေ အများအပြား ဆုံးကုန်တာပေါ့။ ဒါပေမဲ့ ..." ဟု ဆိုကာ သူက ပခုံးကို တွန့်လျက် ဆက်ပြောသည်။ "ကျွန်တော်က အဲဒီငွေတွေ မဆုံးရှုံးခဲ့ရင်ကော ဒီငွေတွေနဲ့ ဘာလုပ်ရမလဲဗျာ"

သူ့မှာ အကြီးအကျယ် ဆုံးရှုံးခဲ့သော်လည်း ဆင်းရဲသွားပြီဟု တစ်စက်ကလေးမှ မအောက်မေ့ဘဲ သူ့အလုပ်ကိုသာ သူ ပျော်ရွှင်စွာ ဆက်လုပ်ခဲ့သည်။ ဩစတင် ကားတစ်နှင့် အတူတွဲ၍ ကတ္တရာ၊ ကျောက်၊ ဝါဂွမ်းမျှင်တို့နှင့် ပေါင်းစပ်သော လမ်းလုပ်သည့် ပစ္စည်းတစ်မျိုးကို တီထွင် ထုတ်လုပ်သည်။ ပြောင်းဖူးရိုးနှင့် လွှစာမှုန့်တို့မှနေ၍ နံရံချပ်ပြားတွေကို တည်

ဆောက်သည်။ ကမ္ဘာ့စီးပွားပျက်ကပ် ကာလကြီးအတွင်း၌ လူအများအပြား၏ လယ်ယာလုပ်ငန်းများကို ပြန်လည် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်နှင့် အိုးအိမ်များ အသစ်ပြန်လည် တည်ဆောက်နိုင်ရန်တို့အတွက် ကူညီဆောင်ရွက်ပေးသည်။

ဤအရာတွေအားလုံးမှာ ပိုမိုကောင်းမွန်စွာ နေထိုင်နိုင်သည့် ခေတ်သစ်၏ အစသာ ဖြစ်ပါသည်ဟု ဒေါက်တာ ကားဗားက ဆိုသည်။ ဤခေတ်သစ်သည် လူချမ်းသာတွေ အတွက်သာ မဟုတ်။ လူသားတစ်ရပ်လုံးအတွက် ဖြစ်သည်။ သူ၏ ဓာတုဗေဒနှင့် စိုက်ပျိုးရေး လက်တွေ့စမ်းသပ်မှုများတွင် သူသည် **ခယ်မာဂီ** (Chemurgy) ဟူသော သိပ္ပံပညာရပ်အသစ်ကို စတင် တည်ထောင်ပေးခဲ့သည်။ ထိုစကားသည် **မည်းနက်သော မြေကြီး** ဟု အဓိပ္ပာယ်ရသော Chemi နှင့် **အလုပ်** ဟု အဓိပ္ပာယ်ရသော ဂရိစကား ergon တို့မှ ဆင်းသက်လာသည်။ မြေဆီလွှာနှင့် ပတ်သက်၍ **အလုပ်လုပ်သော ဓာတုဗေဒ** ဟူ၍ အဓိပ္ပာယ်ဖွင့်နိုင်သည်။

တပ်စ်ကီဂီးမှ မြေဆီ ဓာတုပညာရှင်ကြီး ဒေါက်တာ ကားဗား၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို ၁၉၃၇ ခုနှစ်တွင် ဟင်နရီဖို့ဒ်က အာရုံစိုက်လာမိသည်။ "တီထွင်မှုများနှင့် ခြေသလုံးအိမ်တိုင် သွားနေခဲ့သော တစ်ခါက လယ်ယာအလုပ်သမားသည် ယခု တစ်ဖန် လယ်ယာလုပ်ငန်းများနှင့် ခြေသလုံးအိမ်တိုင် သွားနေသော တီထွင်သူကြီး ဖြစ်နေပြန်ပါကော" ဟူ၍ အာရုံစိုက်သွားမိခြင်း ဖြစ်သည်။ ထို့ကြောင့် ဖို့ဒ်က ဒေါက်တာ ကားဗားအား မီရှီဂန်ပြည်နယ်၊ ဒီယားဘွန်းတွင် ကျင်းပလျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူများ၏ ညီလာခံသို့ တက်ရောက် မိန့်ခွန်းပြောကြားပေးရန် ဖိတ်ကြားလိုက်သည်။ ပြောရမည့် မိန့်ခွန်း အကြောင်းအရာမှာ "လယ်ယာလုပ်ငန်း သက်သာချောင်ချိရေးအတွက် နည်းသစ်များနှင့် အခြေခံမှုသစ်များ" ဟူ၍ ဖြစ်သည်။

၎င်းတို့နှစ်ဦး ပထမဦးဆုံး အကြိမ်အဖြစ် တွေ့ကြရာ ချက်ချင်းပင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင် သွားကြသည်။ အသားအရောင်ချင်းပင် မတူသော်လည်း သူတို့၏ အဖြူ၊ အမည်း အရေပြားများအောက်တွင် အဟောင်းထဲမှ တန်ဖိုးသစ်များ ရှာလိုခြင်း ဟူသော တူညီသော စိတ်ကရှိနေကြသည်။ သူတို့နှစ်ဦးမှာ အခြားတူတာတွေလည်း ရှိနေကြ၏။ အရပ်ရှည်တာ၊ ပိန်တာ၊ အနားမနေတာ၊ မျက်နှာသိပ်မပြည့်တာ၊ နဖူးကျယ်တာ၊

မျက်တွင်းချိုင့်တာ စသည်တို့ ဖြစ်သည်။ ကားဗား သုံးသပ်မိသလိုအရ ဆိုသော် သူတို့နှစ်ဦး၏ အတွေးများသည် သီချင်းတစ်ပုဒ်၏ တေးသွားကို အတူတူထွက်လာအောင် တီးခတ်လိုက်သော တူရိယာပစ္စည်း နှစ်ခုပမာ ရှိသည်။ တစ်ခါက ၎င်းတို့နှစ်ဦးသည် အတူတကွ တွေ့ဆုံမေးမြန်းခံကြသည်။ သတင်းသမားတစ်ယောက်က မစ္စတာဖို့ဒ်အား မေးခွန်းတစ်ခု မေးသည်။ ထိုအခါ ဖို့ဒ်က ဖြေသည်။ 'ကျွန်တော့် အဖြေကို ဒေါက်တာ ကားဗားဆီက ခင်ဗျား ရပါလိမ့်မယ်။ ကျွန်တော်က သူ့အတွေးတွေကို သိသလို သူကလည်း ကျွန်တော့် အတွေးတွေကို သိတယ်ဗျ။ တကယ်ပါ၊ ဘယ်ဟာကို မဆိုပေါ့'

မစ္စတာ ဖို့ဒ်နှင့် ဒေါက်တာ ကားဗားတို့သည် တစ်နှစ်တွင် တစ်ကြိမ် တစ်ဦးထံတစ်ဦး သွားလည်ရန် စီစဉ်ကြသည်။ ဒေါက်တာ ကားဗားသည် အသက်အရွယ် ထောက်လာသဖြင့် ခရီးဝေးကို သိပ်မသွားနိုင်တော့၊ ပင်လည်း ပင်ပန်းလာပြီ ဖြစ်သည်။ ထို့ကြောင့် မစ္စတာ ဖို့ဒ်သည် ဂျော်ဂျာ ပြည်နယ်၊ ဆာဗားနားအနီးရှိ သူပိုင် စိုက်ခင်းထဲ၌ ညှော်ရိပ်သာတစ်ခု တည်ဆောက်သည်။ မီရှီဂန်ရှိ သူ့အလုပ်မှ သူ ထွက်လာလို့ ရသည့်အခါတိုင်း ထိုညှော်ရိပ်သာ၌ ဒေါက်တာကားဗားနှင့် ဖို့ဒ် တွေ့သည်။

တပ်စ်ကီဂီးမှ သူ၏မိတ်ဆွေကို ကြည်ညိုလေးစားသဖြင့် ဟင်နရီဖို့ဒ်သည် လူမည်းကလေးများအတွက် ကျောင်းတစ်ကျောင်း တည်ထောင်ကာ "ဂျော့ဝါရှင်တန် ကားဗားကျောင်း" ဟု အမည်ပေးသည်။ သို့ရာတွင် သူသည် ဒေါက်တာ ကားဗားနှင့် သူ မိတ်ဆွေဖြစ်မှုသည် အဘယ်မျှ ရင်းနှီးကြောင်း ပြသည့်အနေဖြင့် ဒေါက်တာ ကားဗားအား သူပိုင်ပစ္စည်းတစ်ခုကို ပေး၏။ သူ့မိခင် ငယ်ရွယ်စဉ် သတို့သမီး ဘဝကတည်းက အမေရိကန်နိုင်ငံသို့ ယူဆောင်လာခဲ့သော လက်ဖက်ရည် ပန်းကန်နှင့် အောက်ခံပန်းကန်ပြားကလေး ဖြစ်သည်။

မစ္စတာ ဖို့ဒ် အကြံပေးချက်နှင့် ဒေါက်တာ ကားဗားကို ကြည်ညိုလေးစားကြသော အခြားပုဂ္ဂိုလ်များ၏ အကြံပေးချက်များကြောင့် တပ်စ်ကီဂီးမှ အာဏာပိုင်များသည် ကားဗားပြတိုက်ကို တည်ထောင်ကြသည်။ ဤပြတိုက်၌ သူ လုပ်ခဲ့သော လက်တွေ့စမ်းသပ်မှု အားလုံးနီးပါးမှ နမူနာ ပစ္စည်းများကို ပြသထား၏။ မြေပဲ၊ ကန်စွန်းဥနှင့် အခြားသော ဥယျာဉ်ခြံ စိုက် အပင်များနှင့် ဟင်းသီးဟင်းရွက်ပင် အရိုင်းများတို့မှ ထုတ်လုပ်ယူသော တစ်ထောင်နီးပါးသော ထွက်ကုန်ပစ္စည်းများကိုလည်း ပြသထားသည်။



ပန်းချီဆေးအဖြစ် ထုတ်ယူသော မြေစေး၊ ဝါဂွမ်းမှ ထုတ်ယူသော အုတ်ခဲ၊ လွှစာမှုန့်နှင့် မြေဆီတို့မှ ထုတ်ယူသော မာဘယ်ကျောက်ပြား အစရှိသည့် များစွာသော ပစ္စည်းများ၏ နမူနာများကိုလည်း ပြသထားသည်။ ထိုပစ္စည်းတွေကို စုဆောင်း ပြသထားခြင်းမှာ အတိတ်ကို ပြသရုံသက်သက် မဟုတ်၊ အနာဂတ်ကို နှီးနှောပေးသည့် အနေနှင့်လည်း ဖြစ်သည်။ 'ကျွန်တော့်ရဲ့ ပြတိုက်ကို သိပ္ပံပညာ စွယ်စုံကျမ်း တစ်မျိုးကို တစ်တွဲတည်းနဲ့ ဖတ်လိုက်ရသလိုမျိုး ဖြစ်စေချင်တာ' ဟု ကားဗားက ပြောသည်။

ကားဗားပြတိုက် တည်ဆောက်မှုအားလုံး ပြီးစီး၊ ထည့်ပြစရာတွေအားလုံး ထည့်ထားပြီးသောအခါ တစ်ခုက လိုနေသည်။ သိပ္ပံပညာရှင်တစ်ဦး အနေဖြင့် အလုပ်တွေ များလှသည့်ကြားမှ အချိန်လု ရေးဆွဲခဲ့သော ကားဗား၏ ပန်းချီကားများ မပါဘဲ လိုနေခြင်း ဖြစ်၏။ ထိုလစ်ဟာချက်ကို ပြင်ဆင်ပေးလိုက်သည့်အနေဖြင့် ပြတိုက်ထဲတွင် သီးသန့် အခန်းတစ်ခန်းကို ယှဉ်ထားလိုက်ပြီး သူ၏ အကောင်းဆုံးလက်ရာ ပန်းချီကား ၃၆ ကားကို ချိတ်ဆွဲထားလိုက်သည်။ ထို ၃၆ ကားထဲမှ Four Peaches (မက်မွန်သီးလေးလုံး) ဟူသော ပန်းချီကားကို ပါရီမြို့ရှိ လူဗင်ဘာ့လ် ပန်းချီပြခန်းသို့ ရောင်းလိုက်သည်။ ကားဗားက သူ၏ကားများကို အစွန်းအထင်းမရှိသော သစ်သားဖြင့် ဘောင်ခတ် ထားစေလိုသည်။ ဆေးလည်း မသုတ်နှင့်။ ရွှေရောင်လည်း မချနှင့်။ 'ကျွန်တော့်လိုပဲ၊ ဖြောင့်အတိုင်း' ဟု ပြောလေသည်။

သူ၏ပန်းချီကားများ ပြပွဲကို အများပြည်သူ ကြည့်နိုင်ရန် ဖွင့်လှစ်လိုက်သောအခါ ရှေ့ဆောင် မဂ္ဂဇင်းကြီးတစ်စောင်တွင် "လူမည်း လီယိုနာဒို ဒါဗင်ချီ" ဟူသော ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ဆောင်းပါးရှင်က ဒေါက်တာ ကားဗားကို "သွားမရှိသော အဘိုးအို" ဟူ၍ ရည်ညွှန်း ရေးသားသည်။ ထိုသို့ သုံးနှုန်းရေးသားလိုက်၍ ဒေါက်တာ ကားဗားက ရယ်သည်။ 'ကျွန်တော်က အိုတော့ အိုပါပြီ။ ဒါပေမဲ့ သွားမရှိတာတော့ မဟုတ်ပါဘူး။ ဆောင်းပါးရှင် လူကြီးမင်း အပန်းမကြီးလို့ စုံစမ်းမယ်ဆိုရင် ကျွန်တော့် သွားတွေကို ပြလို့ရပါတယ်ဗျာ။ ကျွန်တော်က သွားတွေကို အမြဲတမ်း အိတ်ကပ်ထဲမှာ သိမ်းထားတာဗျ' ဟု ပြောသည်။


၁၉၄၀ ပြည့်နှစ်တွင် သက်ရှိလူသား အနည်းငယ်မျှကိုသာ ဂုဏ်ပြုသော ဂုဏ်ပြုမှုမျိုးကို သူ ခံယူရရှိသည်။ နိုင်ငံတကာ အင်ဂျင်နီယာများ၊ ဓာတုဗေဒပညာရှင်များနှင့် ကျွမ်းကျင်သူ ပညာရှင်များ အဖွဲ့ချုပ်ဟုခေါ်သော

ကျော်ကြားသော သိပ္ပံပညာရှင်တစ်စုက သူ့အား "နှစ်၏ အထူးခြားဆုံး ပုဂ္ဂိုလ်" ဟူ၍ ရွေးချယ်ကြခြင်း ဖြစ်သည်။ တစ်ချိန်တည်းလောက်မှာပင် သူ့ကို နယူးယောက်မြို့သို့ ဖိတ်ကြားပြီး ခေည့်သည်တော် နှစ်ရာ၏ ရှေ့မှောက်တွင် သိပ္ပံပညာတွင် ထူးခြားစွာ ဆောင်ရွက်နိုင်မှုအတွက် **ရှစ်ဗဲ့ဆုတံဆိပ်** ချီးမြှင့်ခြင်းကို ခံယူရရှိခဲ့လေသည်။

သို့ရာတွင် ယခုအချိန်အထိလည်း သူကတော့ ငါသည် အရေးပါသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်ဟူသော သွေးနားထင် ရောက်ခြင်းမျိုး မရှိခဲ့ပေ။ သူ တည်းခိုသည့် ဟိုတယ်ပိုင်ရှင်က သူ့အခန်းထဲသို့ ရောက်လာကာ မည်သို့ သော ညစာပွဲမျိုးနှင့် စားသုံးလိုပါသနည်းဟု မေးသည်။ 'ပါမောက္ခကြီး စိတ်ကြိုက် ပြုစုဆောင်ရွက်ပေးဖို့မှာ ကျွန်တော်တို့ တာဝန်ပါခင်ဗျာ' ဟု ပြောသည်။ 'လောင်းအိုင်လန်းက ဘဲကလေးသား၊ အရိုးထွင်ပြီး မစ်ဂန်စွန် ရစ်မသား၊ မိန်းပြည်နယ် ပုစွန်တုပ်ကြီး လတ်လတ်ဆတ်ဆတ် အစုံရပါ တယ်။ ပါမောက္ခကြီး ခံတွင်းတွေ့မယ့် ဟင်းလျာမှန်သမျှ စီစဉ်ပေးပါမယ်' ဟု ပြောလေသည်။

ဒေါက်တာ ကားဗားသည် ဟင်းလျာစာရင်းမှ ဈေးနှုန်းစာရင်းများကို ဖြည်းဖြည်းချင်း ဖတ်၍ တစ်ခုပြီးတစ်ခု သေသေချာချာ ကြည့်လေသည်။ ဘယ်ဟာကို မှာရမှန်းမသိ။ စကားကို ခပ်ထိန်းထိန်းနှင့် ပြောလိုက်သည်။

'တရုတ် မုန့်လာအစိမ်းနဲ့ ဝက်သားနည်းနည်းပဲ ပေးပါတော့ဗျာ'




## အခန်း (၁၇)

## နေဝင်ချိန်နှင့် ညချမ်းကြယ်

ဒုတိယ ကမ္ဘာစစ်တွင်လည်း ပထမ ကမ္ဘာစစ်တုန်းကကဲ့သို့ပင် အစိုးရက ဒေါက်တာ ကားဗား၏ ဆောင်ရွက်ချက်များကို တောင်းခံခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့အား ကပ်ဆိုးကြီးအတွင်းသို့ ပို့ဆောင်ပေးလိုက်သော စစ်ရှုးများကြောင့် ကြက်ပေါင်စေး၊ အဝတ်အထည်၊ ဆေးဝါးနှင့် အစားအစာ စသော ပစ္စည်းများ ရှားပါးလာခဲ့ရာတွင် ဒေါက်တာ ကားဗားသည် ထိုသို့သော ပစ္စည်းများ၏ အစားထိုးအဖြစ် ရာဘာတု၊ ချည်မျှင်တု စသော ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သော ထိပ်တန်း အမေရိကန် လူမျိုးတစ်ဦး ဖြစ်နေသောကြောင့်ပင်။

ထိုအချိန်က ဒေါက်တာ ကားဗား၏ အမေရိကန်နိုင်ငံအတွက် အကျိုးအပြုနိုင်ဆုံးသော ဆောင်ရွက်ချက်တစ်ခုမှာ ယခုအခါတွင် အရည်ဓာတ် ခန်းခြောက်စေခြင်း (dehydration) ဟု ခေါ်နေကြသော အစားအစာများကို နောင်အခါတွင်ပါ သုံးစွဲနိုင်စေမည့် "အစားအစာ အခြောက်ပြုခြင်း" ဖြစ်သည်။ 'ဘာကိုမျှ လွှင့်မပစ်နဲ့' ဟု သူက သတိပေးလေ့ရှိသည်။ 'မနက်ဖြန်အတွက်ပါ စုဆောင်းထား' ဟု ပြောသည်။ "အခြောက်ခံခြင်းသည် များစွာသော သစ်သီးနှင့် ဟင်းသီးဟင်းရွက်တို့ကို မသိုးမပုပ်အောင် ပြုသည့်

အလွယ်ဆုံးနှင့် အကောင်းဆုံးနည်း" ဖြစ်ပုံကို သူက လက်တွေ့လုပ်ပြသည်။ ဤကုန်ထုတ်နည်းစဉ်တွင် အကုန်အကျများသော ပစ္စည်းပစ္စယ ဘာမျှမလို။ ဝိုင်ယာကြိုးနှင့်လုပ်သော ထည့်စရာပစ္စည်း၊ ရိုးရိုးထမင်းချက် မီးဖိုနှင့် ထာဝရဘုရားသခင်က အလျှံပယ်ပေးထားသော နေရောင်ခြည်တို့သာ လိုသည်ဟု ကားဗားက ပြောသည်။

ဒုတိယ ကမ္ဘာစစ်အတွင်းက အစိုးရအတွက် သူ လုပ်ပေးခဲ့သည့် အလုပ်သည် လူအားလုံး၏ လိုအင်ကို ဖြည့်ဆည်းပေးနိုင်ခဲ့၏။ သူ၏ တစ်သက်လုံး ကြိုးပမ်းလာခဲ့သော ကြိုးပမ်းမှု၏ အကျိုးကျေးဇူးပင်။

ယခုသော် ကားဗား၏ တစ်သက်တာ လုပ်ငန်းသည် ကုန်ဆုံးလုနီး အချိန်သို့ ရောက်ခဲ့ပေပြီ။ နောက်ထပ် လုပ်စရာ တစ်ခုသာ ကျန်တော့၏။ သူ၏သေတမ်းစာကို ရေးသားဖို့ ဖြစ်သည်။ တနင်္ဂနွေနေ့ တစ်နံနက်တွင် တပ်စ်ကီဂီး ဘုရားရှိခိုးကျောင်း၌ ဆရာများနှင့် ကျောင်းသားများအား ထို သေတမ်းစာကို ဖတ်ပြသည်။

'ကျွန်ုပ် ဂျော့ဝါရှင်တန် ကားဗားသည် ကျွန်ုပ် တစ်သက်လုံး စုဆောင်းထားခဲ့သော ကျွန်ုပ် ပိုင်ဆိုင်သမျှ ငွေကြေးဒေါ်လာ သုံးသောင်း သုံးထောင်ဖြင့် ဂျော့ဝါရှင်တန် ကားဗား ဖောင်ဒေးရှင်းကို တည်ထောင် လိုက်သည်'

ဤလုပ်ဆောင်ချက်မှာလည်း သူ၏ အခြားသော လုပ်ဆောင်ချက်များကဲ့သို့ပင် ဘဝတူ လူအများ၏ အကျိုးငှာ ထားခဲ့သော ပေးကမ်းစွန့်ကြဲမှု တစ်ရပ်ပင် ဖြစ်သည်။ တစ်နည်းများဖြင့် ဘဝတူ လူအများအတွက် လက်ဆောင်တစ်ရပ်ပင် ဖြစ်သည်။

ဒေါက်တာ ကားဗားသည် ယခု ရောဖိ၍ ဗျာဓိဒဏ်လည်း ခံနေရပြီ ဖြစ်ပါသည်။ ခန္ဓာကိုယ်ကို ထောက်ပံ့ပေးနေသော သူ၏သွေးထဲမှ သွေး နီဥတို့ တဖြည်းဖြည်း ပျက်စီးလိုက်လာသည့် သွေးအားနည်းရောဂါကို ခံစား နေရခြင်း ဖြစ်သည်။ ဆေးရုံကို ခေတ္တမျှ သွားတက်လိုက်သေးသည်။ သို့ရာ တွင် သူက တစ်ခုခု လိုချင်လို့လည်း သူနာပြုဆရာမကို ခေါ်ချင်သူ မဟုတ်။ ကိုယ့်ဘာသာကိုယ် အိပ်ရာထဲမှ ကုန်းရုန်း ထ သည်။

ဆေးရုံမှ သူ ဆင်းလာသောအခါ တပ်စ်ကီဂီး ညွှန်ရိပ်သာထဲမှ သီးသန့် အခန်းတစ်ခန်းတွင် ပြောင်းနေသည်။ ထိုအထူးခန်းမှာ ဒုတိယ ထပ်တွင် ရှိ၏။ လှေကား အတက်အဆင်း မလုပ်ရအောင် ဟင်နရီဖို့ဒ်က



သိပ္ပံ ဓာတ်ခွဲခန်းထဲမှာ

ညွှဲ့ရိပ်သာတွင် လျှပ်စစ်နှင့် မောင်းနှင်ရသော ဓာတ်လှေကား တစ်ခု တပ်ဆင်ပေးခိုင်းသည်။

ဒေါက်တာ ကားဗားသည် သူ နေသည့် အခန်းများနှင့် ဓာတ်ခွဲခန်းတို့အကြား ကူးချည်သန်းချည်နှင့် ကာလအတန်ကြာ လုပ်နေနိုင်ခဲ့သေးသည်။ အေးမြသော ဒီဇင်ဘာ တစ်နံနက်တွင် သူသည် သူ၏ ဓာတ်ခွဲခန်းဘက်ဆီသို့ ထွက်လာခဲ့သည်။ ဤသို့ လျှောက်လာစဉ် ဆီးနှင်းခဲပြင်ပေါ်တွင် သူ ချော်လဲသည်။ သူ လဲသွားသည်ကို မြင်သော ကျောင်းသားနှစ်ဦးက ပြေးပြီး ထူသည်။ သူ့ကို အပေါ်ထပ်မှ သူ့အခန်းများဆီသို့ လိုက်ပို့ပေးမည်ဟု ပြောကြသော်လည်း သူက ဓာတ်ခွဲခန်းသို့သာ သွားမည်ဟု ပြောသည်။

သူသည် ဓာတ်ခွဲခန်းထဲ၌ မွန်းတည့်ချိန်တိုင်အောင် အလုပ်လုပ်ပြီး သူ့အခန်းများသို့ ထော့နဲ့ ထော့နဲ့နှင့် လျှောက်ကာ ပြန်လာခဲ့သည်။ နာကျင်သော ဝေဒနာဖြင့် အိပ်ရာထဲသို့ ရောက်သွားသည်။ ထို့နောက်တွင်ကား အခန်းထဲမှ မထွက်တော့ပေ။

သူသည် အားရက် ရာသီကို အိပ်ရာပေါ်မှာ ငုတ်တုတ် ထိုင်လျက်ပင် ကုန်စေသည်။ မိတ်ဆွေများအတွက် ခရစ္စမတ်လက်ဆောင် ကတ်ပြား ပန်းချီများ ရေးဆွဲပေးသည်။ ထိုခရစ္စမတ်ကတ်ပြား ပန်းချီလက်ဆောင်များကား သူ၏ နောက်ဆုံး ဆောင်ရွက်သွားချက် ဖြစ်ပါ၏။ "အားလုံးအပေါ် ငြိမ်းချမ်းခြင်းနှင့် စိတ်စေတနာကောင်း ထားကြပါ" ဟူသော သတင်းစကားပင် ဖြစ်ပါပေသည်။

သူသည် နှစ်သစ်ကူးပြီး မကြာမီ ၁၉၄၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် ကွယ်လွန်သည်။ သူ့အသုဘ ချသည့်နေ့က မိုးတွေ ရွာသွန်းနေသည်။ သို့ရာတွင် ဆိုးရွားသော ရာသီဥတုသည် သူတို့၏ ချစ်လှစွာသော မိတ်ဆွေကြီးကို နောက်ဆုံး ကြည့်ခြင်းဖြင့် ကြည့်ဖို့ လာရောက်ကြသည့် ထောင်ပေါင်း များစွာသော လူများကို မလာနိုင်အောင် မတားဆီးနိုင်ခဲ့။ ထိုလူထောင်သောင်းသည် ဆီးနှင်းတွေ ပျော်နေသော လမ်းများပေါ်တွင် ထိခိုက်ဒဏ်ရာတွေ ရသည့်ကြားကပင် အရောက်လာ၍ နောက်ဆုံး ကြည့်ရှုခြင်းဖြင့် ကြည့်ရှုကြသည်။

ဈာပနပွဲ ကျင်းပပုံကား သူ့ဘဝကဲ့သို့ပင် ရိုးရိုးကလေးသာ ဖြစ်သည်။ မွေးတေးသံစုံကျူးအဖွဲ့သည် သူ အကြိုက်ဆုံး တေးဂီတကို သီကျူး

ကြသည်။ ခရစ်ယာန် ဖားသားကြီးက ကမ္ဘာအရပ်ရပ်မှ ပေးပို့ကြသော ကြေးနန်းစာ သုံးလေးရာကို ဖတ်ကြားပြသည်။

အလောင်းမြေချ မြှုပ်နှံပြီး၍ ကျောင်းသို့ ပြန်လာကြစဉ် သူ့တပည့် ကျောင်းသားများသည် သူတို့ ချစ်လှစွာသော သူတို့၏ဆရာ ဒေါက်တာ ကားဗားအပေါ် သူတို့ ချစ်ကြပုံများကို ပြောရင်း ပြန်လာကြသည်။

'သူ့ရဲ့ချီးကျူးစရာများကို တစ်ကမ္ဘာလုံး ကြားအောင် ငါ အော်လိုက်ချင်တယ်။ ငါ့နှလုံးအိမ်ထဲမှာ ပြည့်နေတာပဲ' ဟု တစ်ဦးက ပြောသည်။

သူ့အဖော် နောက်တစ်ဦးကမူ 'အေးကွာ၊ အဲဒါမျိုးကျတော့လည်း သူက ကြိုက်မှာ မဟုတ်ဘူး။ ဒေါက်တာ ကားဗားလို ပုဂ္ဂိုလ်တစ်ဦး အကြောင်း မင်းစိတ်ထဲမှာ ပေါ်လာရင် မင်းအော်လို့ မဖြစ်ဘူးကွ။ တေးသီချင်းသာ သီကျူးလိုက်ပါ' ဟု ပြန်ပြောလေသတည်း။ ။